www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မှုခင်း အမြင် မဂ္ဂဇင်း

၂၀၁၃ ခုနှစ်၊ ဧပြီလ၊ အမှတ်စဉ် (၉၇)

ဆောင်းပါး

ကိုညွန့်အောင် (ရွှေပန်းထိမ်) - - ၁၃
(နောင်တကိုရင်မှာပိုက်မိသူ)

နိုင်ငံတကာသတင်း

ဆောင်းဟောမန် - - ၁၀၀

ပေဒင်

သစ္စာမေတ္တာ ဆရာထွန်းလင်းကျော် - - ၁၅၈
နက္ခတ်ဗေဒင်လက္ခဏာပညာရှင်

ပြည်တွင်းသတင်း ကလောင်စုံ

ကွန်မျူတာစာစီ နေမျိုးအောင်

☆ အယ်ဒီတာချုပ်
အောင်ကျော်ဇော

☆ အယ်ဒီတာအဖွဲ့
ထက်ထက်ဦးဝေ(B.Sc.Physics)
သဏ်း(သတ္တဗေဒ)၊ အေးအေးခိုင်
ညိုမိအောင်(B.A.Myanmar)

☆ အုပ်ချုပ်ရေးမှူး
ဦးရဲလွင်(ရဲကိုင်အို)

☆ ထုတ်ဝေသူ
ဦးအောင်လွင်(၀၄၁၄၉)

☆ ပုံနှိပ်သူ
ဦးမြင့်ဦး(၀၁၅၈၃)
သိန်းသန်းဦးပုံနှိပ်တိုက်
၁၁၉/၁၂၁-၃၄လမ်း၊ ရန်ကုန်။

☆ မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော်
ရဲသူ (ရန်ကုန်တက္ကသိုလ်)၊ မင်းထက်နိုင်

☆ စာပြင်- ဦးဝင်းတင်

တန်ဖိုး - ၃၀၀
အုပ်ရေ - ၁၀၀၀




မှုခင်းအမြင်မဂ္ဂဇင်း
အမှတ်(၁၁၆)၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၂၀၅၀၈၉၊ ၀၉-၅၉၂၉၄၂၁၈

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## မှခင်းစဉ်


– ထက်ထက်ဦးဝေ – – ၁၈
(သကြၤန်ပိညာဉ်)

– အောင်ကျော်ပြုံး – – ၃၄
(ပိတောက်မျက်နှာအိုးမဲသုတ်သူများ)

– နွေအလွန် – – ၄၀
(သောကခရီးသည်)

– ကိုရွှေသိမ်းအေး (ငါးသိုင်းချောင်း) – – ၅၂
(စုံစမ်းမေးမြန်းခြင်း သည်းခံပါ)

– ရေနဂါး – – ၆၂
(အလျော်ပေးတဲ့ ယောက္ခမ)

– မောင်ထွန်းညွန့် (ကွမ်းခြံကုန်း) – – ၇၄
(လမ်းခွဲလေးက နှုတ်ဆက်မယ်)

– မောင်သာမန် (ဇီးကုန်း) – – ၈၀
(မပီပြင်ခြင်း၏ ပို၍လေးနက်သော)

– အေးမိစံ – – ၉၄
(သရဲကြောက်တဲ့ ချစ်တင်)

– ဆုမွန်ဦး (ဟသ်ာတ) – –၁၀၆
(မာယာမိုးညှ)

– ခင်ဦး (ပုတီးကုန်း) – –၁၁၄
(အကုသိုလ်အရိပ်)

– ချောယဉ်ချစ် – –၁၂၂
(ဘဝသစ်က စောင့်နေမယ်)

– အောင်ကျော်ဇော – –၁၃၆
(ပြောဖို့လိုလို့လား)


## ကာတွန်း


မောင်တင်ယု၊ ဟန်၊ လူမင်းအောင် (သာစည်)၊ သူရိန်၊ မြေရိုင်း။


## ကဗျာ


သွေးစက်သစ်၊ မင်းကြွယ်စင်သွန်း၊ အေးခင်ခင်လှိုင် (အညာမြေ)၊
မောင်ထည်ဂံ (ပျော်ဘွယ်)၊ မသုံးလုံး–အစိုး၊ ကျော်လွင်ဦး (ပျဉ်းမနား)၊
လမင်းသစ္စာ၊ သရက်တန်းစိုးရွှေ (မြစ်ငယ်)။




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# လူကုန်ကူးမှုပပျောက်ဖို့ အတူတကွ ပူးပေါင်းတိုက်ဖျက်ကြပါစို့

## အောက်ပါ ဖုန်းနံပါတ်များကို ဆက်သွယ်အကူညီတောင်းပါ။

| | |
|---|---|
| ➢ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ (နေပြည်တော်) | ၀၆၇-၄၁၂၂၀၁ |
| ➢ အထူးအဖွဲ့(မြစ်ကြီးနား) | ၀၇၄-၂၂၃၃၆ |
| ➢ အထူးအဖွဲ့(ဗန်းမော်) | ၀၇၄-၅၀၁၉၉ |
| ➢ အထူးအဖွဲ့(လွယ်ဂျယ်) | ၀၈၂-၅၂၈၉၀ (မူဆယ်မှတစ်ဆင့်) |
| ➢ အထူးအဖွဲ့(မူဆယ်) | ၀၈၂-၅၂၈၉၀ |
| ➢ အထူးအဖွဲ့(လောက်ကိုင်) | ၀၈၂-၇၂၀၀၃/၇၂၀၃၆ |
| ➢ အထူးအဖွဲ့(လားရှိုး) | ၀၈၂-၂၃၀၁၇/၀၉၅၂၇၅၉၆၂ |
| ➢ အထူးအဖွဲ့(တောင်ကြီး) | ၀၈၁-၂၀၀၇၆၄/၀၉၅၂၁၄၉၁၇ |
| ➢ အထူးအဖွဲ့(ကျိုင်းတုံ) | ၀၈၄-၂၁၆၃၇/၀၉၅၂၄၂၅၁၄ |
| ➢ အထူးအဖွဲ့(တာချီလိတ်) | ၀၈၄-၅၃၀၂၂ |
| ➢ အထူးအဖွဲ့(မြဝတီ) | ၀၅၈-၅၀၂၆၈ |
| ➢ အထူးအဖွဲ့(မော်လမြိုင်) | ၀၅၇-၂၆၉၈၃ |
| ➢ အထူးအဖွဲ့(ကော့သောင်း) | ၀၅၉-၅၁၉၈၁ |
| ➢ အထူးအဖွဲ့(မြိတ်) | ၀၅၉-၄၁၀၄၁/၄၁၀၀၄ |
| ➢ အထူးအဖွဲ့(ပုသိမ်) | ၀၉၈၅၄၈၀၈၇/၀၉၅၀၁၂၈၁၉ |
| ➢ အထူးအဖွဲ့(ရန်ကုန်) | ၀၁-၂၁၇၅၁၆/၀၉၅၁၂၈၈၂၆ |
| ➢ အထူးအဖွဲ့(ပဲခူး) | ၀၅၂-၂၁၀၃၀/၂၁၂၅၉ |
| ➢ အထူးအဖွဲ့(စစ်တွေ) | ၀၄၃-၂၃၆၂၅ |
| ➢ အထူးအဖွဲ့(မောင်တော) | ၀၄၃-၅၅၀၈၉ |
| ➢ အထူးအဖွဲ့(ကလေး) | ၀၉၄၇၀၇၂၂၀၂ |
| ➢ အထူးအဖွဲ့(မကွေး) | ၀၆၃-၂၃၃၇၄/၂၅၀၁၆ |
| ➢ အထူးအဖွဲ့(မိတ္ထီလာ) | ၀၆၄-၂၄၇၁၄/၂၃၀၅၄ |
| ➢ အထူးအဖွဲ့(မန္တလေး) | ၀၂-၇၃၈၃၀ |
| ➢ UNIAP | ၀၁-၂၅၄၈၅၂/၂၅၄၈၅၃ |

အထူးအဖွဲ့ - လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

31 MAR 2013

# သံသရာတစ်ချပ်မှောက်

**ကမ္မံ သတ္တေ ဝိဘဇတိ**

ကမ္မံ- ကံသည်
သတ္တေ- အလုံးစုံသော သတ္တဝါတို့ကို
ဝိဘဇတိ- အထူးပြုပြင်၏တဲ့။
တွမ်တီဝမ်းတို့ ကိုးမီးတို့လို
ငွေကိုကြိုတင်ရင်းနှီးရတာ မဟုတ်ဘဲ
ရောင်းသူဝယ်သူ အသံတူပြီး
ရှမ်းကြိုက်မှ နွားချောခွင့်ရှိနိုင်တာလည်းအမှန်။
ငွေမျှော်တိုင်း ငွေလိုက်စရာမလိုဘဲ
အခေါ်အပြောကို ကိုယ့်သဘောကျ စီမံခွင့်ရပြီး
ငွေကို ကိုယ့်အကြိုက်
ကိုယ်လိုက်ချင်မှ လိုက်လို့ရတာလည်းအမှန်။
သူ့အောက် ကိုယ့်အောက်မှာ
ကံကြမ္မာက မှောက်ထားပေးတဲ့
ဖဲတစ်ချပ်ကို သိခွင့်ရဖို့
ရောင်းသူဝယ်သူ အသံတူတဲ့အခိုက်
အခေါ်အပြောကို ကိုယ့်သဘောကျ စီမံကာ
ကိုယ်လိုက်ချင်လို့ လိုက်ခဲ့တာမှန်ပေမယ့်
ကိုယ်ခံအားနည်းပြီဆိုရင်
သူတစ်ပါးက ငွေနဲ့ဖိပြီး ပေါက်လည်းကြောက်ရ
ပျောက်နေတဲ့ဖဲနဲ့ ခြောက်လည်းပြေးရ
ကိုယ့်ဘက်ကျပြန်တော့လည်း
အစ ကောင်းပေမယ့်
အနှောင်းမသေချာတဲ့ ဘဝတွေအတွက်-
အေ၊ ကော၊ ကြူ၊ ဂျက်ကို ကိုးတက်မှာကြောက်ရင်း
တစ်၊ ကိုးကို ကင်းတက်မှာစိုးရင်း
မိုးလင်းခဲ့ရတဲ့ ညတွေ
တစ်သံသရာလုံး ရှည်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



# စွန့်ခွာလေဦး

မင်းကြယ်စင်သွန်း

❁ ရှင်မဟာရဋ္ဌသာရရဲ့
'နှမလာက်လျှော့နေလေတော့' ဆိုတဲ့အချိန်တန်ပြီ။

❁ သည်မိုး
သည်လေ
သည်ကြယ်
သည်နေ
သည်နက္ခတ်တာရာ
သည်စိတ်ကူးတွေနဲ့ ပျော်နေဆဲလား။

❁ သွားတော့
သွားပါတော့
သွားပါတော့လေ။

❁ နွေပြင်းပြင်းမှာ နှင်းပွင့်မရှာနဲ့တော့
အလင်းမတောက်တော့တဲ့ အိပ်မက်တွေကို ရှပ်သိမ်း
ယိမ်းအသစ်နဲ့
ပွဲအသစ်ကို စထွက်ပါတော့ မိန်းကလေး။ ။



BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com




# နှလုံးလှတဲ့အမေအို

* ဒါးကိုင်းတဲ့ အမေ့မှာ
ရွှေ၊ အသပြာနတ္ထိ၊
မေတ္တာတွေ ဝေဖြာကဲ
ရင်ထဲအပြည့်။

* နားထိုင်းတဲ့ အမေ့မှာ
တိုက်,အိမ်ရာ နတ္ထိ၊
ကရုဏာ ဝေဖြာကဲ
ရင်ထဲအပြည့်။

* မျက်စိမှုန်တဲ့ အမေ့မှာ
ဥစ္စာဆို နတ္ထိ၊
မုဒိတာ ဝေဖြာကဲ
ရင်ထဲအပြည့်။

* ဘဝကံအကျိုး ဆိုးလွန်းတဲ့ အမေ့မှာ
နေစရာအိမ်မရှိ
ငွေသပြာလည်း နတ္ထိ
သဒ္ဓါတွေ ဝေဖြာကဲ
စေတနာတွေ ဇွေရှာသည်း
ရင်ထဲပီတိ။ ။



ဇေားခင်ခင်လှိုင် (ဘုဉာဏ်မြေ



www.burmeseclassic.com

www.burmeseclassic.com



# မွေးရပ်မြေသို့



* ထနောင်းပင်ပျို၊ အေးရိပ်ညို့နှင့်
လေချိုသုတ်ဖျန်း၊ တမာတန်းနှင့်
ရှာလမ်းအဝင်၊ ရေချမ်းစင်နှင့်
ခိုဝင်နားလေ၊ ချစ်မိတ်ဆွေ.....။

* ငြိမ်းချမ်းသာပေ၊ မွေးရပ်မြေ။
ကြာပန်းလှလှ၊ ဖူးပွင့်ကြသည့်
ဝါလကာင်းလွတ်၊ သီတင်းကျွတ်ပွဲ
မီးထွန်းပွဲကို၊ နွဲလိုက်ချင်သေး
စိတ်မှာတွေးလည်း
ဝေးခဲ့ရပြီ အကြိမ်ကြိမ်.....။

* ရွှေစင်ရည်လူး၊ ပိတောက်ဖူးသည့်
နှစ်ကူးခါပွဲ၊ သင်္ကြန်ပွဲကို
ဆင်နွှဲပါဝင်၊ တူပျော်ချင်လည်း
နှစ်စဉ်အမြဲ၊ ကံခေမွဲ၍
လွဲခဲ့ရပြီ အလီလီ.....။

* ဆောင်းနှင်းကွယ်ပျောက်၊ နွေဦးပေါက်
အရောက်ပြန်မည်၊ စိတ်ကရည်လည်း
ပြည်ဓါဝန်တာ၊ မလွှန်သာ၍
ကျိတ်ကာဖြေရ၊ အခါခါ.....။

* ခြော်.....ရွှေမုဋ္ဌောဦး၊ စေတီထူး၏
ကြည်နူးလွင့်ပျံ၊ ဆည်းလည်းသံကို
နားခံမှတ်သား၊ ပြန်လည်ကြား၍
ဘိုးဘွားမိဘ၊ ဆရာစသား
ဆွေမျိုးများကို၊ ညွှတ်တွားမှန်းဆ
ဦးနှိမ့်ချရင်း
တမ်းတဝေ့လည် မြမျက်ရည်.....။
လွမ်းမိပါသည် မွေးမြေဆီ။

မောင်ထည်ဝါ (ပျော်ဘွယ်)



www.burmeseclassic.com

www.burmeseclassic.com



# တကယ့်ဖြစ်ရပ် အသိကပ်

မသုံးလုံး–အနိုး

- ဘဝကိုပင်၊ လှစေချင်၍
  ဆွတ်ငင်ပန်းအား၊ အလှပွားသည့်
  လူသားဆန္ဒ ဖြည့်ဆည်းကြ။
- ဘဝကိုပင်
  ရယူချင်၍၊ ဆွတ်ငင်ခြွေဖျက်
  လက်နက်စုံစွာ၊ သေမင်းမှာလည်း
  လိုရာဆန္ဒ ဖြည့်ဆည်းရ။
- လိုရာဆန္ဒ
  ဖြည့်ဆည်းကြရင်း၊ ဘဝသံသရာ
  ရှည်ကြာဖြစ်ပျက်၊ ဝဲဂယက်မှ
  လွဲထွက်ခက်ခဲ၊ နစ်မွန်းဆဲတည့်။
- လူပဲ နတ်ပဲ၊ ဗြဟ္မာပဲဟု
  ငါစွဲမဖြုတ်၊ ဝဲခလုတ်မှာ
  ငုပ်ချည်တစ်ခါ၊ ပေါ်လာတစ်လှည့်
  တကယ့်ဖြစ်ရပ်၊ အသိကပ်မှ
  သည်ဇာတ်ကိုသိမ်း၊ နိဗ္ဗာန်ကိန်းမည့်
  ခပ်သိမ်းလူတို့ မြင်ပါစေ။ ။






www.burmeseclassic.com

www.burmeseclassic.com

# သောကနဲ့လူ

* နွေနံနက်ခင်း အလင်းနိုးထ
ရောင်နီကြွတော့
တစ်စတစ်စ ပူလာတယ်
ပူခြင်း မအေးခြင်း
အလင်း အမှောင်
ရှောင်ကွင်းမရ
လောကလူတွေ။

* နွေအပူနဲ့ လူအပူ
အပူချင်းတော့မတူ
နွေအပူသဘာဝ
နွေကာလအပူက
နွေလေးလမျှသာပူတယ်
လူအပူ လူ့သဘာဝ
ထာဝရရင်မှာ နေ့စဉ်နဲ့အမျှ
စားဝတ်နေဘဝကိုမှ
လူတွေမှာ ပူနေရ ရှာဖွေရနဲ့
သောကတွေက တစ်ပုံတစ်ပင်
[illegible]င်ကြောင့်ကြ ဗျာပါရတွေက
[illegible]နှိုင်းယှဉ် ခံစားချက် ရင်ထဲမှာ
နွေထက်ပင်ပူပင်သူကတော့
သောကလူပင် ဖြစ်ပါတယ်။



**ကျော်လွင်ဦး** (မျဉ်းမနှား)




www.burmeseclassic.com

www.burmeseclassic.com



# အတွေးသစ်အောက်မှာ



* တစ်နေ့ရွှေ
တစ်နေ့ငွေတဲ့.....။
* အဆင်ပြေရင် ရွှေဝယ်လိုက်
အဆင်မပြေရင် ရွှေရောင်းလိုက်
အကောင်းတစ်လှည့်
အရှုံ့တစ်ခါ။
* စရိုက်အလွဲနဲ့
မိုက်မဲမှုကြောင့်
ရောက်လာမယ့် အရှုံ့တွေမများဖို့
နည်းများအညီတွေက
စီးပွားဒီရေကိုတားလို့.....။
* တစ်နေ့ "ရွှေ"
တစ်နေ့ "ငွေ"ကနေ
တစ်နေ့ "ကြေး"မဖြစ်ဖို့
အတွေးသစ်ဖို့တော့ လိုမယ်ကွယ်။ ။

**လမင်းသစ္စာ**



www.burmeseclassic.com

www.burmeseclassic.com



# ပန်းတိုင်မယိမ်းစေနဲ့

သရက်တန်းစိုးရွှေ (မြစ်ငယ်

✔ ဂျာနယ်ခေတ်မှာ
ကဗျာချစ်တာမှန်လို့
မဂ္ဂဇင်းတို့ကို ဖတ်ကာရေး
အတွေး.....ဖိမ်းဆတ်ဆတ်။

✔ ကဗျာ.....
တစ်ခါဖတ်
စိတ်ခေတ်တို့တက်ကြွ
အချက်ကျကျသုံး
အုန်းဆို လက်ရုံးဆန့်
ဆန္ဒတော့ သန့်ရမယ်။

✔ ကဲ.....ကဗျာချစ်သူ
အသက်ရှူ
တူရှုကိုကြည့်
အသိကို စုထား
သတိများထိန်း
ကဲ ပန်းတိုင်မယိမ်းစေနဲ့ဟော့။

။





www.burmeseclassic.com

www.burmeseclassic.com





# ကိုညွန့်အောင် (ရွှေပန်းထိမ်)

# နှောင်တကို ရင်မှာပိုက်မိလို့

ကျေးလက်တောရွာမှာ လူငယ်၊ လူရွယ်၊ လူလတ်၊ လူကြီး အရွယ်စုံ အရက်သောက်တာကို မြင်တွေ့နေရတယ်။ သူတို့ရဲ့အကြောင်းပြချက်က အဆင်မပြေလို့ သောက်တာတဲ့။ အရက်သောက်တော့ အဆင်ပြေသွားလားလို့မေးတော့ ပိုဆိုးတယ်လို့ဖြေတယ်။

ဒါဆို ဘာလို့ဆက်သောက်နေရတာလဲလို့မေးတော့ အဖြေက တစ်မျိုးပြောင်းသွားတယ်။ စိတ်ညစ်လို့တဲ့။ အရက်သောက်ရင် စိတ်ညစ်တာ ပျောက်သွားရောလားလို့မေးတော့ စိတ်ညစ်တာမပျောက်တဲ့အပြင် ဆပ်တိုးတယ်လို့ ပြောပြန်ရော။ အရက်သောက်၊ အရက်စွဲနေတဲ့လူအားလုံးရဲ့အဖြေကတော့ အဆင်မပြေလို့ သောက်တယ်လို့ ဖြေတာများပါတယ်။ အဆင် မပြေလို့ပဲသောက်သောက်၊ စိတ်ညစ်လို့ပဲ သောက် သောက် သောက်လိုက်တဲ့ခဏအတွင်းမှာ မူးတယ်။ မူးတော့ ကိုယ့်မှာရှိတဲ့ပြဿနာတွေကို မေ့ကုန်တယ်။ မူးတဲ့ခဏအတွင်းမှာ စိတ်ချမ်းသာတယ်လို့ ထင်မိတယ်။ အမူးပြေတော့ ပြဿနာက အဆပေါင်းများစွာ တိုးတယ်လို့ ဆိုတယ်။

ကျေးလက်တောရွာမှာ နေထိုင်ကြတဲ့ လူ့အလွှာ အသီးသီးက အရက်သောက်တာကို အဆင်မပြေလို့၊ စိတ်ညစ်လို့ဆိုတဲ့ အကြောင်းပြချက်လေးတွေနဲ့ သောက်ကြတာများတယ်။ မြို့ပြမှာ ဒအခြေပြုနေထိုင် နေကြတဲ့ လူတန်းစားအသီးသီးကတော့ အရက်



www.burmeseclassic.com

www.burmeseclassic.com

သောက်တာကို အဆင်ပြေလို့၊ စိတ်ချမ်းသာလို့ သောက်တာလို့ ဖြေကြတယ်။ အရက်သောက်ရင် ပို ပြီးအဆင်ပြေလားလို့မေးတော့ အဲဒီလိုတော့ ဘယ် ဟုတ်မလဲတဲ့။ အရက်သောက်တယ်၊ အရက်မူးရင် အမြဲတမ်း စိတ်ချမ်းသာလားလို့ ထပ်မေးတော့ သောက် တိုင်းတော့ ဘယ်စိတ်ချမ်းသာမှာလဲလို့ ဖြေတယ်။ အရက်သောက်တဲ့လူ တော်တော်များများ အဆင်ပြေ လို့၊ စိတ်ချမ်းသာလို့၊ ပျော်ချင်လို့ သောက်တယ်။ မူးတော့ ပျော်တယ်လို့ထင်ရတယ်။ အမူးပြေတော့မှ မူးတုန်းကလုပ်ခဲ့တဲ့ ပြဿနာတွေပေါ်လာလို့ စိတ်ညစ်ရ တာကများတယ်လို့ဆိုတယ်။

အဆင်မပြေလို့၊ စိတ်ညစ်လို့၊ အဆင်ပြေလို့၊ စိတ်ချမ်းသာလို့၊ ပျော်ချင်လို့ စသဖြင့် ဆင်ခြေ အမျိုးမျိုးဖြင့် အရက်သောက်ကြတယ်။ သောက်တဲ့ လူတွေအားလုံး ဘယ်လိုအကြောင်းမျိုးနဲ့ပဲ သောက် သောက် သောက်ရင်တော့ မူးကြတာ အမှန်ပဲ။

မူးတော့ ဆင်ခြင်တွေးတောဉာဏ်မရှိဘူး။ ဘာ လုပ်လုပ် အမှားမှားအလွဲလွဲဖြစ်တယ်။ အရက်သောက် သုံးသူ တော်တော်များများ ပြဿနာတစ်ခုခုဖြစ်ခဲ့ရင် အရက်မူးအောင်သောက်ပြီး အဖြေရှာလေ့ရှိတတ်ကြ တယ်။ အဲဒီလို အဖြေရှာတတ်တဲ့လူတွေအား...နဲ့ အရက်မူးလို့ ခေါင်းသာစိုက်သွားတယ်၊ ဘာအဖြေ... မရခဲ့ဘူး။ တကယ်လို့ အဖြေရခဲ့ရင်လည်း ကောင်းတဲ့ အဖြေတော့ မရနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ စိတ် တည်ငြိမ်မှုမရှိတဲ့အချိန် ဖြစ်နေလို့ပဲ။

အရက်ရဲ့ဖျက်ဆီးခြင်းခံနေရတဲ့
လူအများအပြားတွေ့ဖူးတယ်။
အဲဒီလူတွေထဲက နေပြည်တော် ပျဉ်းမနားမြို့
အရှေ့ဘက်ချောင်းကမ်းရွာက လူတစ်ယောက် အကြောင်းကို
အခုအထိ မှတ်မိနေသေးတယ်။
သူ့နာမည်က ကိုဆန်းလို့ ခေါ်တယ်။
ကျောင်းပညာရှစ်တန်းအထိနေဖူးတယ်။
မိဘမျိုးရိုးက.....

အရက်ကို ဆင်ခြေအမျိုးမျိုးနဲ့ သောက်နေကြတာ တောရော၊မြို့ပါ ရှိနေကြတယ်။ အရက်သောက်သုံး တဲ့လူတွေ ဘယ်လိုအကြောင်းမျိုးနဲ့သောက်သောက် သောက်ရင်တော့ စွဲတာကများတယ်။ အရက်စွဲပြီဆိုရင် လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး၊ မိသားစုတာဝန် စသဖြင့် လစ်ဟင်းကုန်တယ်။ တာဝန်ယူလိုစိတ်လည်း သူ့မှာမရှိတော့ဘူး။ အရက်စိတ်ပဲရှိတော့ အရက် သောက်ရဖို့ပဲစဉ်းစားတယ်။ သူတို့ရဲ့စိတ်ထဲမှာ မိသားစု ဆိုတာတောင် မရှိတော့ဘူး။ တစ်နည်းပြောရရင် အရက်ရဲ့ဖျက်ဆီးခြင်းကို သူတို့ခံနေရပြီ။

အရက်ရဲ့ဖျက်ဆီးခြင်းခံနေရတဲ့ လူအများအပြား တွေ့ဖူးတယ်။ အဲဒီလူတွေထဲက နေပြည်တော် ပျဉ်း မနားမြို့ အရှေ့ဘက်ချောင်းကမ်းရွာက လူတစ်ယောက် အကြောင်းကို အခုအထိ မှတ်မိနေသေးတယ်။ သူ့ နာမည်က ကိုဆန်းလို့ ခေါ်တယ်။ ကျောင်းပညာ ရှစ် တန်းအထိ နေဖူးတယ်။ မိဘမျိုးရိုးက လက်သမား မျိုးရိုးမို့ သူလည်း လက်သမားလုပ်တယ်။ သူ့ရဲ့ဆရာ က သူ့အဖေပဲ။ လက်ပွန်းတတီး သင်တာတော့ မရှိ ဘူး။ နေ့စဉ်မြင်တွေ့နေရတော့ အမြင်နဲ့တတ်နေတာ။ တစ်ခါတလေ သူ့အဖေ လုပ်နေတဲ့အချိန်မှာ ဝင်ကူ လုပ်တာလည်း ရှိတာပေါ့။ ဒီလိုဝင်ကူလုပ်ရင်းနဲ့ သင် သလိုဖြစ်ပြီး လက်သမားဆရာဖြစ်သွားတာ။

၁၉၈၁ ခုနှစ်မှာ သူတို့နေတဲ့ရွာရဲ့ အရှေ့ဘက် ဆယ်မိုင်ခန့်ဝေးကွာတဲ့ ဖလောင်းတောင်ပေါ်က ဖလောင်းရွာ(ကရင်ရွာ)က ကရင်တိုင်းရင်းသူ မိန်း ကလေးနဲ့ မေတ္တာမျှပြီး အိမ်ထောင်ပြုတယ်။ ကိုဆန်း



www.burmeseclassic.com

www.burmeseclassic.com



သူတို့ထောင်တဲ့လှစင်က
သူတို့ရွာရဲ့ အရှေ့ဘက် မှာရှိတဲ့ ကျောက်လောင်းတောင်မှာ။
တောင်ကမြင့်တယ်။
ကျွဲ၊ နွား မတက်နိုင်ဘူး။
ဒီတော့ သစ်လုံးကြီးတွေ မသယ်နိုင်ဘူး။
သူတို့ထောင်ထားတဲ့ လှစင် ကနေ ခွဲစိတ်ပြီးမှ
လူနဲ့ထမ်းသယ်ရတာ။ ဒီအလုပ်က ပင်ပန်းပေမယ့်
ဝင်ငွေတော့.....

အိမ်ဖေ...ပြုတော့ အသက်က နှစ်ဆယ်ဝန်းကျင်ပဲ ရှိ...ယ်။ မြန်မာ့ရိုးရာအစဉ်အလာ သျှောင်နောက် ...ပါဆိုတဲ့ အစဉ်အလာကိုဖျက်ပြီး ဆံထုံးနောက် ...ျှာင်လိုက်ပါသွားတယ်။

ဖလောင်းရွာက ကရင်တိုင်းရင်းသူလေးရဲ့ မိခင် အိမ်မှာပဲ သူတို့ဇနီးမောင်နှံ အတူနေထိုင်ကြတယ်။ ကိုဆန်းက သူတတ်တဲ့ လက်သမားအလုပ်ပဲ ဆက်လုပ်တယ်။ သူ့ဇနီးကတော့ မိဘလက်ငုတ်လက်ရင်း ဖြစ်တဲ့ ကွမ်းခြံမှာပဲ ကူညီလုပ်ကိုင်တယ်။ ဇနီးမောင်နှံ တက်ညီလက်ညီ အလုပ်လုပ်ကြလို့ အဆင်ပြေကြတယ်။

၁၉၉၀ ပြည့်နှစ် ကလေးနှစ်ယောက် ရတဲ့အချိန်မှာ မြေကွက်ဝယ်တယ်။ ကိုယ်ပိုင်အိမ်လေးဆောက်ပြီး မိသားစု ပျော်ပျော်ရွှင်ရွှင် နေထိုင်ကြတယ်။ ကိုဆန်းက အသန့်ကြိုက်တယ်။ သူကိုယ်တိုင် အသန့်ကြိုက်သလို ကလေးနှစ်ယောက်ကိုလည်း သူကိုယ်တိုင် ရေချိုးပေးတယ်။

သူတို့ရွာက အိမ်ခြေငါးဆယ်သာသာရှိတယ်။ ရွာပတ်လည်မှာ တောင်တွေရှိတယ်။ အဲဒီတောင်တွေက စိမ့်ထွက်တဲ့ရေတွေစုပေါင်းပြီး စမ်းချောင်းဖြစ်သွားတာ။ ဒီစမ်းချောင်းက ရွာလယ်ကနေ စီးဆင်းသွားတာ။ ရွာသူရွာသားတွေအားလုံး ဒီစမ်းချောင်းရေကိုပဲ သောက်သုံးကြတယ်။ စမ်းချောင်း ဟိုဘက်ဒီဘက်ကူးဖို့ တံတားထိုးထားတယ်။ အသန့်ကြိုက်တဲ့ ကိုဆန်းရဲ့အိမ်က စမ်းချောင်းနံဘေးမှာ ဆောက်ထားတာ။ ရေချိုးချိန်ရောက်ရင် တံတားအောက်နားမှာ သူတို့မိသားစု ရေချိုးကြတာပဲ။

ကလေးနှစ်ယောက်ဖခင်ဖြစ်လို့ ကိုဆန်း အလုပ်ပိုပြီး ကြိုးစားရပြီ။ လက်သမားအလုပ် မရှိတဲ့အချိန်မှာ အပိုဝင်ငွေရအောင်ဆိုပြီး ရွာကလူလေးယောက်နဲ့ သူနဲ့ပေါင်းပြီး ငါးယောက်တစ်ဖွဲ့ လှစင်ထောင်တယ်။ လှစင်ကရတဲ့ အကျိုးအမြတ်ကို ဝေပုံကျ ခွဲဝေယူကြတယ်။

သူတို့ထောင်တဲ့လှစင်က သူတို့ရွာရဲ့ အရှေ့ဘက်မှာရှိတဲ့ ကျောက်လောင်းတောင်မှာ။ တောင်ကမြင့်တယ်။ ကျွဲ၊ နွား မတက်နိုင်ဘူး။ ဒီတော့ သစ်လုံးကြီးတွေ မသယ်နိုင်ဘူး။ သူတို့ထောင်ထားတဲ့ လှစင်ကနေ ခွဲစိတ်ပြီးမှ လူနဲ့ထမ်းသယ်ရတာ။ ဒီအလုပ်က ပင်ပန်းပေမယ့် ဝင်ငွေတော့ ကောင်းတယ်။ ဝင်ငွေကောင်းတော့ အသောက်အစားက ပါလာတယ်။ အကြောင်းပြချက်ကတော့ ပင်ပန်းလို့၊ အေးလို့ ဆိုတဲ့ အချက်ပဲ။

ကိုဆန်း အရက်သောက်နေတာကို သူ့ဇနီးကသိလို့ မသောက်ဖို့ပြောတော့ သစ်လုံးကြီးတွေခွဲရတာ အရမ်းပင်ပန်းတယ်၊ ပြီးတော့ တောင်ပေါ်မှာက အရမ်းအေးတယ်၊ အရက်သောက်ပြီးလုပ်မှ အလုပ်တွင်တယ်၊ ပိုပြီးလည်းလုပ်နိုင်တယ်၊ အေးတဲ့ဒဏ်လည်း ခံနိုင်အောင်လို့သောက်တာ၊ ရွာပြန်ရောက်ရင်တော့ မသောက်တော့ဘူးလို့ ပြောခဲ့တယ်။

ကိုဆန်းတို့ ငါးယောက်အဖွဲ့ တောင်ပေါ်တစ်ခါတက်ရင် တစ်လလောက်ကြာတယ်။ တောင်ပေါ်မှာ ချက်ပြုတ်စားသောက်ဖို့၊ တစ်လစာစားဖို့ ဆန်၊ ဆီ၊



www.burmeseclassic.com

www.burmeseclassic.com

ဆား အကုန်သယ်ရတယ်။ ရေကတော့ သယ်စရာမလိုဘူး။ တောင်ကျစမ်းရေက အမြဲရှိတယ်။ သူတို့ငါးယောက်လုံး အရက်သောက်ကြလို့ အရက်ကိုတော့ အဓိကထားပြီးသယ်ကြတယ်။ သူတို့ရွာမှာက မြို့နဲ့ အလှမ်းဝေးတော့ အရက်ထည့်ဖို့ ပုလင်း၊ ကော်ဘူးက ရှားတယ်။ ဒါ့ကြောင့် အရက်ကို ဘူးသီးခြောက် ရေဘူးလေးတွေနဲ့ ထည့်သောက်ကြတယ်။ သူတို့ဆီမှာ ဘူးသီးခြောက် တစ်ယောက်တစ်လုံးစီရှိတယ်။

တောမလေ့၊ တောသဘာဝ ဘူးသီးခြောက်ကိုပဲ ရေဘူးအဖြစ် အသုံးချကြတယ်။ ဘူးသီးခြောက်ဆိုတာက ဝယ်စရာမလိုဘူး။ ဘူးသီး မနုမရင့်ကို အညာရှေ့နားကနေ နီးနဲ့ ညီညီညာညာလေး လက်ကိုင်လို့ကောင်းတဲ့ အနေအထားလောက် စည်းထားရတယ်။ ဘူးသီးကို ရင့်ပြီးခြောက်တဲ့အထိ ထားရတယ်။ ဘူးသီးခြောက်သွားတော့မှ အညာထိပ်ပိုင်းကို ကျောက်ပြားနဲ့ ပွတ်ပေးရတယ်။ အဲဒီလို ပွတ်ပေးလိုက်တော့ ပွတ်ထားတဲ့နေရာကပါးပြီး ကျပ်စိဝိုင်းလောက် အပေါက်လေးပွင့်လာတယ်။

အဲဒီအပေါက်ကနေ အထဲက အစေ့ခြောက်တွေကို ထုတ်လိုက်ပြီး ရေနွေးနဲ့ သုံးလေးကြိမ်လောက် ဆေးပေးလိုက်ရင် သုံးလို့ရတဲ့ သဘာဝရေဘူး၊ သို့မဟုတ် တောရေဘူးလေး ဖြစ်သွားရော။

အလုပ်ပင်ပန်းလို့၊ အေးလို့ဆိုတဲ့ ...ကြောင်းပြချက်နဲ့ အရက်သောက်တဲ့ ကိုဆန်း အရက်...းအွဲ့ကို ခံယူလိုက်ရပြီ။ ရွာပြန်ရောက်ရင် မသောက်ဝေ...းလို့ သူ့ဇနီးကို ကတိပေးထားတယ်။ အရက်တက...ဲ့ သွားပြီဆိုတော့ ကတိလည်း မတည်နိုင်တော့...၊ အရက်မှ အရက်ဖြစ်နေပြီ။ အရက်ကလည်း ဈေးပေါ၊ သလို အလွယ်တကူလည်း ဝယ်လို့ရတယ်။ တောင်ပေါ်မှာရှိတဲ့ ရွာအကုန်လုံး အရက်ချက်တော့ အချိန်မရွေး ဝယ်လို့ရတယ်။ တောင်ပေါ်အရက်က ပိုက်ဆံမရှိလည်း ဆန်၊ ဆီ၊ ဆား ကြိုက်တာနဲ့ လဲသောက်လို့လည်းရတယ်။

ဘာမှမရှိရင်တောင် လူခင်ရင် အကြွေးဝယ်လို့ရတော့ ပေါပေါများများ သောက်နိုင်တယ်။ ဒီတော့ အရက်သောက်မိပြီဆိုရင် ဖြတ်ဖို့က ခက်တယ်။ ကိုဆန်းတို့အဖွဲ့ သစ်ခွဲရင်းနဲ့ အရက်ပြတ်လပ်သွားရင် ဆယ်မိုင်လောက်ဝေးတဲ့ မရမ်းတောင်ရွာကို သွားဝယ်ရတယ်။ မနက်စောစောထသွားရင် မိုးချုပ်ဆိုရင် သူတို့နေတဲ့ သစ်ခွဲစခန်းကို ပြန်ရောက်တာပဲ။ သူတို့ရှာတဲ့ပိုက်ဆံက အရက်ဖိုးထဲရောက်တာက ပိုများနေတယ်။ အရက်က သူတို့ရွာမှာလည်း ရတာပဲ။ ဒါပေမဲ့ မရမ်းတောင်အရက်မှ သူတို့ကကြိုက်တာ။

ကိုဆန်းအရက်သမားဖြစ်ပြီးနောက်ပိုင်းမှာ စီးပွား

တောမလေ့၊ တောသဘာဝ ဘူးသီးခြောက်ကိုပဲ ရေဘူးအဖြစ် အသုံးချကြတယ်။
ဘူးသီးခြောက်ဆိုတာ က ဝယ်စရာမလိုဘူး။
ဘူးသီး မနုမရင့်ကို အညာရှေ့နားကနေ နီးနဲ့ ညီညီညာညာလေး လက်ကိုင်လို့ ကောင်းတဲ့ အနေအထားလောက်
စည်းထားရတယ်။ ဘူးသီးကို ရင့်ပြီးခြောက်တဲ့အထိ .......



www.burmeseclassic.com

www.burmeseclassic.com



**သူ့သားနှစ်ယောက် ရှင်ပြုအလှူပွဲမှာ ငွေအား လည်း မပါ၊ လူအားလည်း မပါလိုက်ရဘူးဆိုပြီး နောင်တရလို့ အရက်မသောက်တော့ဘူးဆိုပြီး ဖြတ် လိုက်တယ်။ အလုပ်ကတော့ ဘာမှမလုပ်နိုင်တော့လို့ ဇနီးသည်ရဲ့ အကြော်ရောင်းရငွေလေးနဲ့ စားနေရတယ်။ မိသားစုတစ်စုမှာ ချမ်းသာခြင်း၊ ဆင်းရဲခြင်းဆိုတာ အိမ်ထောင်ဦးစီးအပေါ်မှာ မူတည်တယ်။ အိမ်ရဲ့ စီးပွား ရေး၊ လူမှုရေး၊ ကျန်းမာရေး....**

ရေး ကျဆင်းလာတယ်။ သူ့ဇနီးလည်း ကလေးနှစ်ယောက်နဲ့မို့ ကွမ်းရွက်မခူးတော့ဘဲ ရွာထိပ်မှာ အကြော် ကြော်ရောင်းနေတယ်။ ဒီတော့ ဝင်ငွေက နည်းပြီး ထွက်ငွေကများလို့ အဆင်မပြေဘူး။ အသန့်ကြိုက်တဲ့ကို ဆန်းလည်း ရေပုံမှန် မချိုးတော့ဘူး။ ကလေးနှစ်ယောက်ကိုလည်း ရေချိုးပေးမယ့်သူ မရှိတော့ ညစ်ပတ်နေပြီ။ အကြော်ရောင်းလို့ရတဲ့ အမြတ်ငွေနဲ့ ဖြစ်သလိုစားနေရတော့ ကလေးနှစ်ယောက်လည်း ကျောင်းထုတ်လိုက်ရတယ်။ လက်သမားအလုပ်ရှိပေမယ့်လည်း ကိုဆန်း မလုပ်နိုင်တော့ဘူး။ အရက်သောက်တာများလို့ အသားတွေ ရောင်ကိုင်းပြီး ခြေ၊ လက်တွေက မခိုင်တော့ဘူး။ ကတုန်ကယင်ဖြစ်နေပြီ။

၁၉၉၅ ခုနှစ်မှာ ကိုဆန်းရဲ့သားနှစ်ယောက်ကို နှစ်ဖက်အဘိုးအဘွားတွေက အလှူငွေထည့်ဝင်ပြီး ရွာက စုပေါင်းရှင်ပြုပွဲမှာ ထည့်ဝင်ပေးတယ်။ အလှူရေစက်ချ တရားတော်နာချိန်မှာ ကိုဆန်း ရေစက်မချလိုက်ရဘူး။ အဲဒီနေ့က သူ့တစ်ကိုယ်လုံး ချွေးနံ့နဲ့ အရက်နံ့ပေါင်းပြီး ချဉ်စုတ်စုတ်အနံ့တွေထွက်နေလို့ဆိုပြီး အရက်မသောက်ခင်က သူ့သားနှစ်ယောက်နဲ့ ရေချိုးနေကျ ရွာလယ်စမ်းချောင်းက တံတားအောက်မှာ ခေါင်းလျှော်ပြီး ရေချိုးလိုက်တာ လေဖြန်းပြီး ခြေ၊ လက်တွေ မလှုပ်နိုင်လို့ တရားမနာ၊ ရေစက်မချလိုက်ရဘူး။

သူ့သားနှစ်ယောက် ရှင်ပြုအလှူပွဲမှာ ငွေအား လည်း မပါ၊ လူအားလည်း မပါလိုက်ရဘူးဆိုပြီး နောင်တရလို့ အရက်မသောက်တော့ဘူးဆိုပြီး ဖြတ်လိုက်တယ်။ အလုပ်ကတော့ ဘာမှမလုပ်နိုင်တော့လို့ ဇနီးသည်ရဲ့ အကြော်ရောင်းရငွေလေးနဲ့ စားနေရတယ်။

မိသားစုတစ်စုမှာ ချမ်းသာခြင်း၊ ဆင်းရဲခြင်းဆိုတာ အိမ်ထောင်ဦးစီးအပေါ်မှာ မူတည်တယ်။ အိမ်ရဲ့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး အားလုံးက အိမ်ထောင်ဦးစီးအပေါ်မှာပဲ သက်ရောက်တယ်။ သူသာ ကောင်းရင် အားလုံးကောင်းတယ်။ သူ မကောင်းရင်တော့ အားလုံး ဒုက္ခရောက်တာပဲ။


အဲဒီတော့ အိမ်ထောင်ဦးစီးဖြစ်မယ့် ယောကျ်ားသားများ အရက်သောက်မယ်ကြံတိုင်း မိသားစုမျက်နှာကို ပြန်ကြည့်ပါ။ လွန်သွားမှ နောင်တဆိုတာကြီးကို ပိုက်မထားပါနဲ့။ လူရဲ့ဆင်ခြင်ဉာဏ်ကို ပျက်စီးစေတာ အရက်ပဲ။ ဒါကြောင့် အဲဒီအရက်ကို သောက်သုံးသင့်သလားဆိုတာကိုတော့.....

**ကိုညွန့်အောင် (ရွှေပန်းထိမ်)**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# သင်္ကြန်ဝိညာဉ်



ထက်ထက်ဦးဝေ

"အို.....ကျွန်မရဲ့တိုက်ခန်းထဲမှာ လူတွေများလှပါလား၊ သူတို့ဘာ လာလုပ်ကြပါလိမ့်"

ကျွန်မက တိုက်ခန်းအဝမှာ ရပ်ပြီး ကြည့်လိုက်တယ်။ အိမ်နီးချင်းများ၊ အနီးပတ်ဝန်းကျင်ရှိ ခင်မင်သူများ၊ မိတ်ဆွေအပေါင်းအသင်းများကို တွေ့ရပြန်တယ်။ သူတို့က ကျွန်မ ယောက်ျားကို ဝိုင်းဝန်းနှစ်သိမ့်နေကြတယ်လေ။ ကျွန်မကို သူတို့က မမြင်ကြဘူး၊ ကျွန်မရဲ့စကားသံကိုလည်း သူတို့မကြားကြဘူး။ ပြီးတော့ ကျွန်မက သူတို့ကို ထိလို့ကိုင်လို့လည်း မရပြန်ဘူး။ ဒီတော့ ကျွန်မ စိတ်ညစ်မိပြီပေါ့။

"ဟင်..ယောက်ျားငိုနေပါလား"

ကျွန်မလေ စိုးရိမ်တကြီးနဲ့ ယောက်ျားရှေ့ကို ရောက်သွားတော့တယ်။ အဲဒီမှာ ပိုပြီးဝမ်းနည်းရပြန်ရော။ ယောက်ျားကို ဘယ်လိုပဲခေါ်ခေါ် ယောက်ျားက ကျွန်မကို အရေးမလုပ်ဘူး။ မျက်ရည်တွေကျပြီး ကျွန်မ မေးတာကို ပြန်မဖြေဘူးလေ။

"ယောက်ျား ရှင့်ရှေ့မှာ ကျွန်မ ရောက်နေတယ်လေ"

သူ မဖြေတော့ ကျွန်မက သူ့လက်မောင်းကို ကိုင်လှုပ်ပြီး အတင်း အကျပ်မေးဖို့ပြင်လိုက်တယ်။ ဒါပေမဲ့ ယောက်ျားကို ကျွန်မက ကိုင်ခွင့်မရပြန်ဘူး။ အဲဒီမှာပဲ ကျွန်မကိုယ်ကျွန်မ ဘာဖြစ်မှန်းမသိလို့ ထိုင်ငိုနေမိတယ်။ အငိုရပ်ချိန်မှာ ကြည့်လိုက်တော့ ယောက်ျားက ကျွန်မရဲ့ ဘွဲ့ဝတ်စုံနဲ့ရိုက်ထားတဲ့ ဓာတ်ပုံကြီးကိုပိုက်ပြီး အပြင်ကို ထွက်သွားကြတယ်။ ကျွန်မက သူတို့နောက်ကို ပြေးလိုက်လာတဲ့ အခါမှာ ယောက်ျားကို တင်ဆောင်သွားတဲ့ကားကိုပဲ ကျွန်မက တွေ့ရတော့တယ်။ ကားပေါ် ကျွန်မ တက်ခွင့်မရခဲ့ဘူး။ ဒီတော့ တိုက်အဝင်ဝမှာပဲ ရပ်ကြည့်ကျန်ခဲ့ရတာပါ။

"ဟင်..အိမ်တံခါးကြီးလည်း ဖွင့်ထားခဲ့ပါလား"

ကျွန်မက အမြဲတမ်းတံခါးကိုပိတ်ထားတတ်တဲ့သူပါ။ အဲဒါကြောင့်မို့ ယောက်ျားများ မေ့လျော့ထွက်သွားသလားဆိုတဲ့ အတွေးနဲ့ ကိုယ့်တိုက်ခန်းဆီ ပြန်လှည့်လာခဲ့တယ်။

"သူတို့က ဘယ်သူတွေလဲ၊ ကြည့်စမ်း.....အိမ်ရှင်တွေ မရှိဘူးဆိုပြီး ဗီရိုတွေဖွင့်နေကြပါ လား၊ ဟော့.....ဟော့ မဖွင့်နဲ့၊ ဒီ ထဲမှာ ငွေပစ္စည်းတွေရှိတယ်"

ကျွန်မ သူတို့အနားကို ရောက်သွားတယ်။ သူတို့ဆိုတာ အမျိုးသမီးကြီးတစ်ယောက်နဲ့ မိန်းကလေးနှစ်ယောက်ပါ။ ကျွန်မ မမြင်ဘူးတဲ့သူတွေပါပဲ။ အဲဒီမှာပဲ ဗီရိုထဲမှာ ကျွန်မရဲ့ လက်ဝတ်လက်စားတွေကို သူတို့က ကြက်ကြည့်နေကြတယ်။ ပြီးတော့ သူ



www.burmeseclassic.com

www.burmeseclassic.com

တို့ကြိုက်ရာ ပစ္စည်းတွေကို တစ်ခုစီ ယူဝတ်နေကြပြန်တယ်။

"ပြန်ပေး၊ အဲဒါငါ့ပစ္စည်းတွေ၊ နင်တို့ဥစ္စာမဟုတ်ဘူး"

ကျွန်မမှာ ငယ်သံပါနဲ့ ကုန်းအော်နေသလောက် သူတို့က အေးအေးဆေးဆေးပါပဲ။ တစ်ခုပြီးတစ်ခု ဝတ်ကြည့်နေကြတယ်။ ယောကျ်ားက ဗီရိုသော့ကို ဘာကြောင့်များ ယူမသွားပါလိမ့်။ လောဘမရှိတဲ့ ယောကျ်ားကို အတ္တကြီးတဲ့ ကျွန်မက ဒီလိုပဲ ဘဝင်မကျဖြစ်နေရတာ မကြာခဏပါပဲ။ ဒါပေမဲ့လည်း ကျွန်မရဲ့အတ္တကြောင့် ကျွန်မတို့ အနာဂတ်အတွက် ပစ္စည်းဥစ္စာတွေ ပိုင်ဆိုင်နိုင်ခဲ့တယ်။

ဒီပစ္စည်းတွေကို မက်မောခဲ့လို့လည်း ကျွန်မကို အတ္တကြီးသူလို့ ကဲ့ရဲ့ခံရတယ်။ သေရင်ကိုယ့်နောက်မပါဘူးဆိုတဲ့စကားကို ကျွန်မက လှောင်ပြုံး ပြုံးမိပြန်တယ်။ လောကမှာ ငွေရှိမှ ဂုဏ်တင့်တာမဟုတ်လား။

"အောင်မာ...ဟိုအဘွားကြီးက ငါ့စိန်လက်စွပ်တစ်ကွင်း ခိုးသွားပါလား၊ ပြန်ချစမ်း၊ ပြန်ပေးစမ်း"



ကျွန်မ အနှစ်သက်ဆုံး လက်စွပ်လေးဖြစ်လို့ အတင်းပင် ပြန် တောင်းပေမယ့်လည်းအဘွားကြီးက ကျွန်မကို ဂရုမစိုက်ဘဲပြောလိုက်ပြန်တယ်။

"အခုကတည်းက ယူစရာရှိတာကို ယူထားနော်၊ ကြည်ပြာလုပ်သမျှကို ခြိမ့်သာဦးက သိတာမဟုတ်ဘူး၊ သူက ငွေရှာမယ်၊ မိန်းမကို ငွေအပ်မယ်၊ ဒါပဲသိတာအေ့"

"အင်း.....သနားစရာတော့ ကောင်းသားနော်၊ ကြည်ပြာ..... ကြည်ပြာ၊ အခုတော့ မင်းမက်မောတွယ်တာတဲ့ ပစ္စည်းတွေက မင်းနောက်ကို ပါမလာပါလားနော်၊ သခါရ.....သခါရပါလားကွာ"

"မမိုး စိုးစိုး ဒါလေးယူမယ်နော်"

"တစ်ခုပဲယူနော်၊ တော်ကြာကိုခြိမ့်ပြန်လာလို့ သူ့မိန်းမပစ္စည်းတွေ မှတ်ထားရင် ဒုက္ခ၊ အချောင်ထောင်ထဲဝင်နေရလိမ့်မယ်"

"ကဲ.....ကဲ၊ တံခါးပိတ်ပြီးသော့ကို တွေ့တဲ့နေရာမှာ ပြန်ထားလိုက်အေ၊ မြန်မြန်လုပ်"

ကြည့်ပါဦး။ ကျွန်မ မရှိဘူးအထင်နဲ့ ပြောနေလိုက်ကြတာလေ။ ထိုင်ကြည့်နေတဲ့ကျွန်မကို သူတို့က မမြင်ကြပါလား။ လောဘဇောတိုက်ပြီး စိတ်ကြိုက်ယူနေလိုက်ကြတာ။ အခုမှ သူတို့ကို ကျွန်မ သတိထားကြည့်မိတယ်။ ဩော်.....သူတို့က ယောကျ်ားရဲ့ အဒေါ်ဝမ်းကွဲ ဒေါ်အေးညွန့်ဖြစ်နေသလို ကောင်မလေးနှစ်ယောက်က ဒေါ်အေးညွန့်နဲ့ ပတ်သက်သူတွေသာ ဖြစ်ပါလိမ့်မယ်။ သူတို့ဟာ တစ်အိမ်လုံးကို မွှေနေကြပြီး မောတော့မှ ရေခဲ



www.burmeseclassic.com

www.burmeseclassic.com



သေတ္တာထဲက အအေးတွေကို ထုတ်သောက်နေကြပြန်တယ်လေ။ 'ယောက်ျားမောရင် သောက်ဖို့ ထားကြပါဦးရှင်'လို့ ကျွန်မက သူတို့ကို အခါခါ တားဆီးနေပေမယ့် သူတို့က လုံးဝကို ဂရုမစိုက်ကြပါလား။ သူတို့ကို ထိမရ၊ ခေါ်မရနဲ့ ဖြစ်နေလို့ ကျွန်မမှာ မောနေရပြီလေ။

♛♛♛♛♛

"ဟယ်.....ယောက်ျားတို့ ပြန်လာကြပြီ"

တစ်နာရီကျော်လောက်အကြာမှာ ယောက်ျားက တိုက်ခန်းထဲပြန်ရောက်လာတော့တယ်။

"ဒေါ်လေးတို့ ဗိုက်ဆာနေကြသလားဗျာ၊ စားချင်တာကို ယူစားကြနော်၊ ညှော်သည်လို မနေကြနဲ့"

"ကောင်းပါပြီကွယ်၊ မင်းနှမတွေက စိတ်မကောင်းဖြစ်လို့ ဘာမှမစားနိုင်ကြဘူး၊ မင်းကိုသနားနေကြတယ်လေ"

ယောက်ျား မယုံနဲ့နော်၊ သူတို့ဟန်ဆောင်နေကြတာပါ။ ကြည့်ပါဦး၊ ကောင်မတွေရုပ်က စောစောကလို မဟုတ်တော့ဘူး။ အခုမှ မျက်နှာငယ်တွေနဲ့။ တောက်....သူတို့တွေ မိန်းမပစ္စည်းတွေ ခိုးထားကြတယ် ယောက်ျားရယ်၊ ပြန်ယူဦးလေ။

"ညီမလေးတို့ကို ကျေးဇူးတင်ပါတယ်ကွာ၊ ဘဝဆိုတာ ဒီလိုပါပဲ၊ သူကထားမသွားရင် ကိုယ်ကထားသွားရမှာ မဟုတ်လား၊ အစ်ကို့မှာ တရားရှိပါတယ်ကွယ်"

ညှော်သည်တွေက ယောက်ျားကို လာနှုတ်ဆက်ကြပြီး အလျို အလျို ပြန်သွားကြတယ်။ ကျွန်မက အိမ်ထဲဝင်လိုက်၊ အပြင်ထွက်ကြည့်လိုက်နဲ့ ယောက်ယက်ခတ်နေမိတယ်။ နောက်တော့ အိမ်ထဲမှာ လူတွေရှင်းသွားပြီး ယောက်ျားနဲ့ သူ့အဒေါ်သားအမိတွေပဲ ကျန်ရစ်ခဲ့ကြတော့တယ်။

"ငါ့တူ ထမင်းစားလိုက်ဦးလေ၊ ကိုယ့်ကျန်းမာရေးလည်း ဂရုစိုက်ရဦးမယ်ကွယ်၊ သေတဲ့သူလည်း သေခဲ့ပြီပဲ၊ မင်းရဲ့ခံစားမှုကို ဒေါ်လေး နားလည်ပါတယ် ငါ့တူရယ်"

"ဟုတ်ကဲ့၊ ကျွန်တော် ဆာမှပဲ စားပါ့မယ်ဗျာ"

"လာပါ ကိုကြီးရဲ့၊ ညီမလေးတို့ ချက်ပြုတ်ထားပါတယ်၊ ပူပူလေးစားရအောင်နော်"

အကြီးမက ငါ့ယောက်ျားလက်ကို ပိုင်စိုးပိုင်နင်း ဆွဲကိုင်နေပါလား။ ရဲတင်းလိုက်တာနော်။ ဖယ်...ဖယ်၊ ဘယ်သူမှ ငါ့ယောက်ျားကို လာမထိနဲ့။ ဟင်...ငါဘာကြောင့်များ ထိမရ၊

ညှော်သည်တွေက ယောက်ျားကို လာနှုတ်ဆက်ကြပြီး အလျို အလျို ပြန်သွားကြတယ်။ ကျွန်မက အိမ်ထဲဝင်လိုက်၊ အပြင်ထွက်ကြည့်လိုက်နဲ့ ယောက်ယက်ခတ်နေမိတယ်။ နောက်တော့ အိမ်ထဲမှာ လူတွေရှင်းသွားပြီး ယောက်ျားနဲ့ သူ့အဒေါ်သားအမိတွေပဲ....

ကိုင်မရပါလိမ့်။ ယောက်ျား ကျွန်မဘာဖြစ်နေလို့လဲဟင်။ ကျွန်မရှင့်ရဲ့ဘေးမှာ ရှိနေပါတယ်ကွယ်။

ထမင်းစားပွဲဝိုင်းမှာ ကျွန်မက အရင်လိုပဲ ယောက်ျားအတွက် ထမင်းဟင်းကို ခပ်ထည့်ပေးလိုက်တယ်။ ဒါပေမဲ့ ကိုင်လို့မရတဲ့နောက် ကျွန်မလည်း စိတ်ခါတ်ကျသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



နံရံမှာ ကပ်ရပ်ပြီး စောင့်ကြည့်နေလိုက်တော့တယ်။ ယောက်ျားက ထမင်းစားချိန် ကျော်နေပြီလေ။

"ကိုကြီးကြိုက်တဲ့ဟင်းနော်၊ မေမေကပြောလို့ ညီမလေးတို့ ချက်ထားတာရှင့်၊ အားရပါးရ စားလိုက်ပါဦးနော်"

**ဟင်း.....သေတဲ့သူဆိုတာ ဘယ်သူပါလိမ့်။ ဘယ်သူသေလို့ ယောကျ်ားက ပူဆွေးနေရပါလိမ့်နော်။ ကျွန်မလည်း သိချင်လိုက် တာရှင်။ ကျွန်မက ယောကျ်ားနားကို ရောက်သွားတော့ ယောကျ်ား ဟာ ရေတစ်ခွက်ကို.....**

"အေး၊ ဗိုက်ဆာ၊ နတာနဲ့ အတော်ပဲကွာ"

ယောက်ျားဟာ မြိန်ရေရှက်ရေနဲ့ ထမင်းစားနေတာ တွေ့ရတော့ ကျွန်မလေ သိပ်ကိုစိတ်မကောင်းဖြစ်သွားရတယ်။ မစားပါနဲ့၊ ကျွန်မကို သနားပါ ယောက်ျားရယ်။ ကျွန်မရင်ထဲမှာ ခံစားရလို့ပါလို့ အကြိမ်ကြိမ်တောင်းပန်နေပေမယ့် ယောက်ျားက ကျွန်မကို လှည့်လို့တောင် မကြည့်ဘူးလေ။ ဒီတော့ ကျွန်မမှာ ကြေကွဲဝမ်းနည်းနေရတယ်။

"ကောင်းလိုက်တာကွာ၊ ဗိုက်ဆာနေလို့လားမသိဘူး၊ နှစ်ပန်းကန် တောင်ကုန်တယ်"

"ကိုယ့်ဗိုက်ကိုလည်းအာဟာရဖြည့်ဦးမှပေါ့ ငါ့တူရယ်၊ ဝမ်းနည်းနေရုံနဲ့ မပြီးဘူးလေ၊ သေတဲ့သူက သေခဲ့ပြီပဲ၊ ကျန်တဲ့သူတွေက တရားအသိနဲ့ ငါတို့လည်း တစ်နေ့ကျရင် ဒီလမ်းကို လိုက်ရမှာပဲလို့ နှလုံးသွင်းပြီး လက်ရှိဘဝမှာပျော်အောင် နေထိုင်ရတော့မှာပေါ့ကွယ်"

ဟင်.....သေတဲ့သူဆိုတာ ဘယ်သူပါလိမ့်။ ဘယ်သူသေလို့ ယောကျ်ားက ပူဆွေးနေရပါလိမ့်နော်။ ကျွန်မလည်း သိချင်လိုက်တာရှင်။ ကျွန်မက ယောကျ်ားနားကိုရောက်သွားတော့ ယောကျ်ားဟာ ရေတစ်ခွက်ကို အားပါးတရသောက်ပြီး အဘွားကြီးကိုပြောလိုက်ပြန်တယ်။

"ကျွန်တော့်ဘဝမှာ ကြည်ပြာက အစားထိုးမရနိုင်တော့တဲ့သူပါ ဒေါ်လေးရာ၊ ဒါကြောင့်မို့ စိတ်မကောင်းဖြစ်နေရတာပါ"

"သေသောသူ ကြာရင်မေ့တဲ့ ငါ့တူရဲ့၊ မင်းမှာ နောက်ထပ် ချစ်ရသူပေါ်လာရင် ဩော်.....အချိန်ကုန်ခံပြီး ဆွေးနေခဲ့တာ မှားပါလားလို့ နောင်တရသွားလိမ့်မယ်"

အဘွားကြီးနဲ့ သူ့သမီးတွေက တခစ်ခစ်နဲ့ ရယ်မောနေတာကို တွေ့ရတော့ ကျွန်မလေ စိတ်တိုဒေါသထွက်လိုက်တာ မပြောပါနဲ့တော့။ ဘာကြောင့်များ ယောက်ျားက သူတို့ကို လက်ခံထားရတာလဲကွယ်။ ဒီသားအမိက သူခိုးတွေ။ ကျွန်မပစ္စည်းတွေ ခိုးထားတယ်။ ပြန်တောင်းပေး.....ပြန်တောင်းပေးလို့ ကျွန်မက တကြော်ကြော်ပြောနေပေမယ့် ယောက်ျားက လှည့်တောင်မကြည့်ခဲ့ပါလား။ နောက်ဆုံးတော့ မောမောနဲ့ ကျွန်မလည်း ထိုင်ငိုနေမိတော့တယ်လေ။

"ကဲ.....အဒေါ်နဲ့ညီမလေးတို့လည်း စားကြတော့လေ၊ ရက်[illegible] မလည့်ခင်အချိန်တော့ နေပေးပါဦးနော်၊ ဦးလေးကို ဖုန်းဆက်တောင်[illegible] ပန် ပြောပေးပါ့မယ်ဗျာ"

"မင်းရဲ့ဦးလေးကလည်း မင်[illegible]

www.burmeseclassic.com

www.burmeseclassic.com

ကိုစိတ်ချရမှ ပြန်လာဖို့ မှာလိုက်ပါတယ်ကွယ်၊ အင်း....အရေးကြုံလာရင် ဒီဆွေမျိုးတွေပဲ မင်းရဲ့အနားမှာ ရှိတာပါလား၊ ကြည်ပြာ့ဘက်က နေစိမ့်လိုက်ကြတာနော်"

ဒေါ်အေးညွန့်က အရင်ကတည်းက ကျွန်မနဲ့ အိမ်ထောင်ပြုလိုက်တာကို နှစ်သက်ပုံ မရပါဘူး။ သူက သူ့တူကို သူ့စိတ်ကြိုက် မိန်းကလေးနဲ့ ပေးစားဖို့ စီစဉ်ထားတာပါ။ ကျွန်မတို့ မင်္ဂလာဆောင်ကို ဒေါ်အေးညွန့်က ရောက်မလာခဲ့ဘူး။ သူ့ကို မမြင်တွေ့ရခင်အချိန်ကတည်းက ကျွန်မက အဲဒီမိန်းမကြီးကို မုန်းတီးနေခဲ့တယ်လေ။

"ကြည်ပြာ့မှာ အစ်ကိုတစ်ယောက်ပဲရှိတာပါ ဒေါ်လေးရာ၊ အခု သူက ချင်းပြည်နယ်မှာ တာဝန်ကျနေလို့ ရောက်မလာနိုင်တာပါ၊ ကြည်ပြာ့မိဘတွေက မရှိကြတော့ပါဘူး"

"အမယ်လေး.....လာချင်ရင် အနီးလေးပါတော်၊ ကိုယ့်နှမတစ်ယောက်လုံး ဆုံးသွားတာပဲဥစ္စာ၊ ဒေါ်လေးတို့တော့ မနေနိုင်ပေါင်"

"ဖုန်းဆက်ပြောလိုက်ပါတယ်ဗျာ၊ ယောက်ဖ မလာနိုင်ရင် မလာပါနဲ့လို့၊ သူက အလုပ်များတဲ့သူပါ ဒေါ်လေးရာ"

"အေးလေ၊ မင်းကျေနပ်ရင်ပြီးတာပါပဲ၊ နာရေးတောင် ရောက်မလာနိုင်တဲ့ယောက်ဖ၊ သံယောဇဉ်ပြတ်ပြီပေါ့"



ဟင့်အင်း.....ကျွန်မတို့မောင်နှမက သိပ်ချစ်ကြတာပါရှင်။ ဒီလိုမတရားမပြောပါနဲ့။ ကျွန်မရဲ့အစ်ကိုဟာ ရှင့်လိုလောဘ မရှိဘူး၊ တရားသမားဖြစ်နေလို့ ဖြေသိမ့်နေတာပါ။ ရှင်တို့သာလောဘကြောင့် သူများပစ္စည်းကို ပိုင်ဆိုင်ဖို့ ကြိုးစားနေ တာမဟုတ်လား။ ကျွန်မက အဲဒီ အဘွားကြီးကို ရန်တွေ့ပစ်လိုက်တယ်လေ။

♛♛♛♛♛

နောက်နေ့တွေမှာလည်း သူတို့က ယောက်ျားကို ချော့မော့ကျွေးပြန်တယ်။ ပြီးတော့ ယောက်ျားသောက်မယ့် နွားနို့ထဲကို ဘာမှုန့်တွေ ထည့်လိုက်သလဲ မသိဘူး။ ကျွန်မက သူတို့လုပ်သမျှ အနားမှာ ရပ်ကြည့်နေလိုက်တယ်။

"မြန်မြန်ထည့်ပြီး ဖွန်းနဲ့မွှေလိုက်၊ ဒီကောင် ရူးကြောင်ကြောင်ဖြစ်သွားရင် သူပိုင်ဆိုင်သမျှတွေ အမေတို့ရပြီကွဲ့"

"သနားပါတယ် အမေရယ်၊ မလုပ်ချင်ပါနဲ့"

အငယ်မလေးက သနားတတ်ပုံရပါတယ်။ အဘွားကြီးနဲ့ အကြီးမက လောဘစိတ် ရှိနေကြတယ်လေ။

"အပြင်မှာသွားထိုင်နေ စိုးစိုး၊ ကိုခြိမ့်လာရင်ပြော"

"ညက အိပ်မက်ထဲမှာ ကိုခြိမ့်မိန်းမ ရောက်လာတယ်၊ သူ့



www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းတွေ ပြန်ထားလို့ ပြောသွားတယ် အမေ၊ အဲဒါ စိုးစိုးကြောက်တယ်''

ကျွန်မက အငယ်မလေးကို ပြောပြခဲ့တယ်။ ဒီတော့ သူက ကြောက်လန့်သွားတာပေါ့။ ဒါပေမဲ့ အဘွားကြီးနဲ့ အကြီးမက ကျန်နေသေးတယ်လေ။

"အဲဒါ ကိုယ့်စိတ်က ဖြစ်တာပါအေ၊ သေတဲ့လူက ဘယ်လာရဲပါ့မလဲ၊ သူတို့တောင် ဘယ်ဆီနေရမှန်း မသိဘဲနဲ့ကွယ်''

အငယ်မက ခေါင်းလေးကို ကုတ်ပြီး အပြင်ဘက်ထွက်သွားချိန်မှာ ဟိုသားအမိနှစ်ယောက်က အကြံအစည်တွေနဲ့ ကျန်ခဲ့ကြတာပေါ့။ ကျွန်မရင်ထဲမှာ ပူလောင်နေရပြီယောက်ျားရယ်။ သူတို့က ယောက်ျားကိုစိတ်ကြွရူးသွပ်ဆေးတွေ ထည့်တိုက်နေကြတယ်လေ။ ကျွန်မ ဘာလုပ်ရမလဲ။ ခြေမကိုင်မိ၊ လက်မကိုင်မိနဲ့ ကျွန်မလေ ယောက်ယက်ခတ်နေမိတယ်။



"ဟင်း...ပစ္စည်းတွေယူထားတာ မြန်လို့ပေါ့အေ၊ ခုမှ ဗီရိုသော့ကို သိမ်းလိုက်တယ်၊ ဒီကောင်က သတိတော့ကောင်းသား၊ ကျုပ်က မယားတရှုးဖြစ်မယ်ထင်နေတာလေ''

"ဩော်.....သမီးတို့ကို ခေါ်ထားတာ သူ့ကိုပြုစုဖို့၊ သူ့အတွက် အဖော်ရဖို့ ဖြစ်နေပြီပေါ့၊ မေမေ့တူက လည်သားပဲနော်''

"အေးပေါ့၊ ဒါကြောင့်လည်း မေမေပေးစားတဲ့သူကို မယူဘဲ သူ့စိတ်ကြိုက် ရှာသွားတာပေါ့၊ အခုလို ဒုက္ခရောက်မှ နောင်တရနေပြီလေ''

"ဟင်း.....ရပါလိမ့်မယ် အား ကြီးကြီး၊ ဟော.....နိုးလာပြီနဲ့တူတယ်၊ နို့ခွက်သွားချထားလိုက်မယ်၊ မေမေသောက်ဖို့က မေမေထိုင်နေကျ ခုံမှာပဲ ထားမယ်နော်''

"အေး.....အေး၊ ပိပိရိရိလုပ်နော်''

ကျွန်မလေ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း အကြံထုတ်နေတယ်။ နို့ခွက်ကို မထိနိုင်၊ မကိုင်နိုင်ပေမယ့် ထမင်းစားစားပွဲပေါ်က ဆုံလည်စားပွဲလေးပေါ်မှာ တင်ထားတဲ့ ယောက်ျားအတွက် နို့ခွက်ကို ထိုင်ကြည့်နေမိတယ်။ သူတို့က အလုပ်ရှုပ်နေကြတယ်လေ။ ဒီတော့ ကြိုးစားကြည့်တဲ့အနေနဲ့ ဆုံလည်စားပွဲ သေးသေးလေး လည်သွားအောင်



www.burmeseclassic.com

www.burmeseclassic.com



သနဲ့အားကုန်မှုတ်လိုက်တယ်။

လည်ပါတော့ကွယ်..... ယောကျ်ားကိုကယ်ဖို့ ဒီတစ်လမ်းပဲ ရှိပါတယ်ရှင်။ ဘာမှနားမလည်သေးတဲ့ ယောကျ်ားကို ကျွန်မက အသက်ပေးပြီး ကယ်ပါရစေတော့။ နောက်ဆုံးအနေနဲ့ မျက်စိကိုမှိတ်ပြီး လေကိုရှိုက်သွင်းပြီး မှုတ်ထုတ်လိုက်တယ်။ ဟာ...လည်သွားပြီ။ဟုတ်ပြီ၊ ဟိုအဘွားကြီးနေရာမှာ ရပ်လိုက်.....ရပ်လိုက်။

လည်ပါတော့ကွယ်.....
ယောကျ်ားကိုကယ်ဖို့
ဒီတစ်လမ်းပဲ ရှိပါတယ်ရှင်။
ဘာမှနားမလည်သေးတဲ့
ယောကျ်ားကို
ကျွန်မက အသက်ပေးပြီး
ကယ်ပါရစေတော့။
နောက်ဆုံးအနေနဲ့
မျက်စိကိုမှိတ်ပြီး

ကံကောင်းချင်တော့ အဘွားကြီးနေရာနဲ့ ယောကျ်ားထိုင်တဲ့နေရာမှာရှိတဲ့ခွက်တွေ ပြောင်းလဲသွားကြတာပေါ့။ ကျွန်မလေ ပျော်လိုက်တာ မပြောပါနဲ့တော့။ အားလုံးပြီးတော့မှ ယောကျ်ားက ထမင်းစားခန်းထဲကို ဝင်လာပါတော့တယ်။

"ဩော်.....မိုးမိုးက ကိုကြီးအကြိုက်ကို သိနေတာပေါ့နော်"

"ဟိုမှာလေ ကိုကြီးမိန်းမရေးသားတဲ့ ကိုကြီးအကြိုက် အစားအစာစာရင်းတွေကိုကြည့်ထားတာလေ"

ယောကျ်ားက ကျွန်မ ရေးသားတဲ့ စာလေးကိုတွေ့သွားပြီး စိတ်မကောင်းဖြစ်သွားရှာတယ်။

"ကိုကြီးမိန်းမက ကိုကြီးကို သိပ်ချစ်တာပဲနော်၊ ဇယားဆွဲပြီးတောင် မနက်ပိုင်း၊ ညပိုင်း အစားအသောက်တွေကို အစီအစဉ်ဆွဲထားတယ်၊ မထပ်စေရဘူးပေါ့"

"ကြည်ပြာက သိပ်ကိုသနားစရာကောင်းပါတယ်ကွာ၊ ညီမလေးပြောသလို ကိုကြီးအပေါ် သိပ်ဂရုစိုက်ရှာတယ်၊ ချစ်လည်းချစ်တယ်"

"ရော့.....ငါ့တူ၊ မင်းအတွက် ကြက်ဥပေါင်မုန့်၊ အဒေါ်ကိုယ်တိုင်ကြော်လိုက်တာပဲ၊ နွားနို့နဲ့သောက်ရင်းစားလိုက်ပေါ့"

အဘွားကြီးက တမင်ကို စကား ဖြတ်လိုက်တာပါ။ ယောကျ်ား သောက်နေတဲ့ နွားနို့ကိုကြည့်ပြီး ကျွန်မမှာ ကျေနပ်သွားရတယ်။ အဘွားကြီးက သူဆေးခတ်ထားတဲ့ နွားနို့ခွက်ကို ဟန်ပါပါ သောက်နေတော့ ကျွန်မလေရယ်ချင်လိုက်တာ မပြောပါနဲ့တော့ရှင်။ မကြာခင်မှာ သူ့ရဲ့ ဆေးတန်ခိုးကို သူ ကိုယ်တိုင် ခံစားရတော့ မှာပေါ့နော်။

"နွားနို့စစ်တယ်နော် ငါ့တူ"

"ဟုတ်ကဲ့၊ စစ်ပါတယ် ဒေါ်လေး၊ သောက်လို့ကောင်းပါတယ်"

"အေး...ကုန်အောင်သောက်၊ မုန့်လည်းစားဦး"

ကျွန်မက အဘွားကြီးဘေးမှာ ဟားတိုက်ပြီး ရယ်မောနေလိုက်တယ်လေ။

♛♛♛♛♛

ဒီည တစ်ညလုံး ယောကျ်ားက မအိပ်နိုင်ပါလား။ ကျွန်မက ယောကျ်ားအနားကို ကပ်လို့မရတော့ စိတ်ပျက်လက်ပျက်နဲ့ ခုတင်အောက်မှာ ထိုင်ကြည့်နေလိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျွန်မအတွက် သိပ်ခံစားနေရလား ယောက်ျားရယ်။ ကျွန်မကိုယ်ကျွန်မ သေဆုံးသွားတယ်ဆိုတာ သိရပေမယ့် ဘယ်လိုနည်းနဲ့ ဆုံးပါးခဲ့မှန်း ကျွန်မက တကယ်မသိခဲ့ဘူး။ ဒီတော့ စဉ်းစားနေမိတယ်။ တွေးမရခဲ့တဲ့အတွက် ယောက်ျားကို မေးကြည့်လိုက်မိတယ်။ ဒါပေမဲ့ ကျွန်မရဲ့အသံတွေ ကျယ်ပြီး ဘယ်လိုပဲနာနာ ယောက်ျားက ကျွန်မကို လှည့်တောင်မကြည့်ပါလား။ ဒါကြောင့် စိတ်ဓာတ်ကျသွားရတယ်။

အခန်းကို ကျောမှီထိုင်နေစဉ်မှာပဲ တံခါးဝက တဒုန်းဒုန်းထုသံတွေ ပေါ်ထွက်လာတယ်။ အဲဒါကြောင့်မို့ ယောက်ျားက အပြေးအလွှား တံခါးဖွင့်ပေးလိုက်ချိန်မှာတော့

"အီး...ဟီး...ဟီး။ ကိုကြီးလုပ်ပါဦး၊ မေမေလေ ဘာတွေပြောနေမှန်းမသိဘူး၊ မိုးမိုးကြောက်တယ်"

"ဟုတ်တယ် ကိုကြီး၊ ထကလိုက်၊ ရယ်လိုက်၊ ငိုလိုက်နဲ့ ညီမလေးတို့ကို ကခိုင်းနေတယ်၊ လာကြည့်ပါဦး ကိုကြီးရယ်"

ကောင်မလေးနှစ်ယောက်က အပြေးရောက်လာပြီး ပြောပြတယ်။ ကျွန်မက ကျေကျေနပ်နပ်နဲ့ ရယ်လိုက်ပြီး သူ့မကောင်းမှုဒဏ် သူခံနေတာပေါ့လို့ ပြောပစ်လိုက်တယ်။ ယောက်ျားက သူ့အဒေါ်ရှိရာကို အပြေးအလွှားသွားကြည့်တော့ သကြၤန်သီချင်းတစ်ပုဒ်ကို ဖွင့်ပြီး ကနေတာကို တွေ့ရတယ်။

"ဒေါ်လေး.....သတိထားပါဦး ဒေါ်လေးရယ်"

"ဟီး...ဟီး...ဟီး၊ မင်းက ငါနဲ့တွဲကချင်လို့လာတာလား၊ ဟေး.. သကြၤန်မယ်များ တူးပို့...တူးပို့"

ကျွန်မက ဒီသီချင်းကိုကြားရတဲ့နောက် ဖျတ်ခနဲ အသိတစ်ခုရသွားတော့တယ်။ ဟုတ်ပါတယ်။ သကြၤန်...သကြၤန်။ ကျွန်မ ပျော်ခဲ့တဲ့ သကြၤန်။ ဒီသကြၤန်မှာ ကျွန်မ ကျွန်မ ဒေါ်အေးညွန့်နဲ့ ဝေးတဲ့နေရာကို ရောက်သွားတယ်။ အဲဒီနေရာကတော့ ကျွန်မ မက်မောတမ်းတတတ်တဲ့ ပိတောက်ပင်ကြီး အောက်ကိုပါပဲ။

လွန်ခဲ့တဲ့အချိန်တွေက ဒီပိတောက်ပင်ကြီးမှာ ပိတောက်ပန်းတွေနဲ့ ဝါထိန်နေတာပေါ့ရှင်။ ကျွန်မကိုယ်တိုင်လည်း ဒီပိတောက်ပင်ကြီးအောက်ကို ဖြတ်သွားတိုင်း ပိတောက်ဖူးလေးတွေကိုကြည့်ပြီး သကြၤန်ကျမယ့်ရက်ကို ရေတွက်နေမိတယ်။ သကြၤန်ဟာ ကျွန်မအတွက် အမှတ်တရများစွာကိုပေးတတ်ပါတယ်။ သကြၤန်မှာ ကိုခြိမ့်နဲ့ကျွန်မ ဆုံစည်းခဲ့ကြပါတယ်၊ လျှောက်လည်ခဲ့ကြတယ်၊ လက်ထပ်ခဲ့ကြတယ်။ သကြၤန်ချစ်သူဆိုရင်လည်း မမှားပါဘူးရှင်။ ကျွန်မဟာ ပိတောက်ပင်အောက်မှာထိုင်ရင်း အတိတ်ကို သတိတရနဲ့ ပြန်တွေးကြည့်မိပါတော့တယ်။

♛♛♛♛♛

ခြိမ့်သာဦးနှင့် ကြည်ပြာတို့သည် မင်္ဂလာသက် ငါးနှစ်ပြည့်မြောက်သည်အထိ သကြၤန်ရက်တိုင်းတွင် ကုသိုလ်ကောင်းမှု ပြုလုပ်ကြမြဲဖြစ်သည်။ လမ်းထဲရှိ စတုဒိသာအလှူတွင် ပါဝင်ကုသိုလ်ယူခြင်း၊ မုန့်များဝေငှလှူဒါန်းခြင်းနှင့် ဘုရားတွင် ကုသိုလ်ပြုခြင်းများပြုကြ၏။ နောက်ဆုံး အတက်နေ့မှသာ တစ်မြို့လုံးလည်ရင်း သကြၤန်ရေပက်ခံထွက်ခဲ့ကြသည်။

"မိန်းမရေ.....ဒီနှစ်တော့ ယောက်ျား ရဟန်းခံချင်တယ်ကွာ"

"ဒါဆို ကြည်ပြာလည်း သီလ ရှင်ဝတ်ချင်တယ်ရှင်"

"ကတုံးကြီးနဲ့ မကောင်းပါဘူး ကွာ၊ မဝတ်ပါနဲ့၊ ကိုယ်ဝတ်လိုက် တော့ ကြည်ပြာက ရဟန်းအမဖြ တာပေါ့ကွယ်"

"ဟင်း.....သူ့ကျတော့ ပြီး သူများကျတော့ ကုသိုလ်မလ ရဘူး၊ ဒါနဲ့များ ငှက်ဖြစ်ရင်တော



www.burmeseclassic.com

www.burmeseclassic.com



ချစ်ကိုင်းတည်းနားမယ်တဲ့"

"ကိုယ့်မိန်းမ မလှမှာစိုးလို့ပါကွာ၊ မိန်းမက အလှကြိုက်တယ်မဟုတ်လား၊ တော်ကြာ ကတုံးကြီးနဲ့ မလှဘဲနေမှာပေါ့၊ နော်..... နောက်တော့ဝတ်လို့ရတာပဲကွာ"

ကြည်ပြာ့အကြောင်းကိုသိ၍ ခြိမ့်သာဦးက တားလိုက်၏။ သူ ပဥ္စင်းခံခြင်းက အကြောင်းမဟုတ်။ မိန်းမ သီလရှင်ဝတ်လျှင် ဘာသာရေးနားလည်သူအဖို့ အားကျစိတ်ဖြင့် သာဓုခေါ်ကြသော်လည်း ဘာသာရေးအားနည်းသူအတွက် 'ကတုံးမ'ဆိုသော အခေါ်အဝေါ်ဖြင့် ပြောင်လှောင်တတ်ကြ၏။ ဤသို့ဆိုလျှင် ကြည်ပြာ့စိတ်နှင့် မဖြစ်ပါ။ ကိုယ့်မိန်းမအကြောင်း ကိုယ်သိ၏။

"ဒါဆို ကြည်ပြာတစ်ယောက်တည်း နေခဲ့ရမှာပေါ့နော်"

"သင်္ကြန်ငါးရက်လောက်ပါပဲကွာ၊ ဝတ်ရင် ကိုယ့်မိတ်ဆွေကြီး ဦးကွန်းရဲ့ တောရကျောင်းလေးမှာ ဝတ်မှာပါ၊ ကြည်ပြာလည်း လိုက်လာလို့ရတယ်လေ"

"သြော်.....ကြည်ပြာက အဝေးကြီးမှာ သွားဝတ်မှာလားလို့ပါ၊ ဦးကွန်းက ခေါ်နေတာကြာပြီနော်၊ ကောင်းပါတယ်လေ၊ ဆွမ်းချိုင့်ပို့ရတာအဆင်ပြေပါတယ်"

"သင်္ကြန်အကြိုနေ့မှာ ဆံချမယ်၊ နှစ်ဆန်းတစ်ရက်နေ့အထိပေါ့ကွာ၊ အင်း...ဘာသာရေးဆိုတော့ မိန်းမနဲ့ ခွဲနေရမှာပဲပေါ့"



ဦးကွန်းက အသက် ၈၀ ကျော်ရှိပြီဖြစ်သော အဘိုးအိုတစ်ယောက်ပါ။ ဘုရားတွင် ဝေယျာဝစ္စ လုပ်ကိုင်ရင်း ကြည်ပြာတို့လင်မယားနှင့် မိတ်ဆွေဖြစ်ခဲ့ကြ၏။ ဘုရားရောက်တိုင်းလည်း သက်ကြီးရွယ်အိုအတွက် ငွေလှူနေကျဖြစ်သည်။ သည်တော့ ဦးကွန်းက သူ ဆောက်လုပ်ထားသော တောရကျောင်းလေးသို့ ကြည်ပြာတို့လင်မယားအား ဖိတ်ခေါ်ထား၏။

"ညကမှ တွေးမိတယ်ကွာ၊ အဘကွန်းက တို့လင်မယားကို သူ့တောရကျောင်းလေးဆီလာဖို့ ဖိတ်ခေါ်ထားတယ်မဟုတ်လား၊ ရပ်ကွက်နဲ့ဝေးတော့ ဆိတ်ငြိမ်တယ်၊ တရားထိုင်လို့လည်းကောင်းတယ်၊ ဒီတော့ ရဟန်းဝတ်ပြီး တရားအားထုတ်ဖို့ အကောင်းဆုံးနေရာတစ်ခုပဲ ကြည်ပြာ"

"ရှင့်သဘောပါ ယောကျ်ားရယ်၊ ကြည်ပြာက ပါရမီဖြည့်ဖို့ အဆင်သင့်ပါပဲရှင်"

"မင်းလည်း သင်္ကြန်မှာ သင်းသင်းတို့နဲ့ ထွက်လည်ချင်လည်လေ၊ ကိုယ်ကတော့ ဘာသာရေးလုပ်ချင်တယ်ကွာ"

ကြည်ပြာက သင်းသင်းပြောပြသော စကားလေးကို သတိရသွား၏။ သင်္ကြန်အတက်နေ့တွင် ပဲခူးဘက်သို့ ခြေဆန့်မည်ဟု



www.burmeseclassic.com

www.burmeseclassic.com

တိုင်ပင် ထားကြသည်။ အစက ခြိမ့်သာဦးလည်း လိုက်ပါမည်ဖြစ်၍ နီးမှပင် ပြောတော့မည်ဟု စိတ်ကူးထားရာ အခုတော့ ပြောပြ မနေတော့ပေ။ ယောကျ်ားက နောက်ဆံတင်းနေမည်စိုးပြီး ကြည်ပြာက ရေငုံနှုတ်ပိတ်နေလိုက်သည်။

"အတက်နေ့တစ်ရက်ပဲ သင်း သင်းတို့နဲ့ လိုက်သွားမှာပါ ယောကျ်ားရယ်၊ ရှင်မပါတော့ သွားရတာ မပျော်တော့ဘူး၊ ဒါပေမဲ့ ယောကျ်ားက ပဋ္ဌင်းခံမှာပဲ၊ ကြည်ပြာက ခွင့်ပြုရမှာပေါ့နော်"

ခြိမ့်သာဦးက ကျေနပ်သွား၏။ ထို့နောက်တွင် သင်္ကြန်အတွက် လှူရေးတန်းရေးကို စီစဉ်ရတော့၏။

"မောင်ခြိမ့်တို့လင်မယားကို အဘက ဒီကိုလာစေချင်တာပေါ့၊ အဘလှူထားတဲ့ ကျောင်းလေးနဲ့ စေတီတော်ကို ပြချင်လို့ပဲကွ၊ အခုတော့ မင်းက ဒီမှာ ရဟန်းလာဝတ်မယ်ဆိုလို့ ဝမ်းသာသကွာ"


"ဟုတ်ကဲ့၊ အဘကွန်းသမီးက ကျွန်တော်နဲ့အတူ သာသနာပြုချင်တာပါ"

"ကောင်းတာပေါ့ကွာ၊ ဘာသာရေးတော့ နိုင်သလောက်လုပ်ကြနော်၊ ဘာသာရေးမှာ မနှောင့်နှေးကြနဲ့၊ ရှေ့နှစ်ဆို တရားစခန်းဖွင့်ဖို့အထိ အဘတို့ ကြိုးစားနေကြတယ်၊ ရှေ့နှစ်မှာ ယောဂီလာဝတ်ပေါ့ကွာ"

ထိုမှ ဦးကွန်း၏ စီစဉ်မှုဖြင့် ခြိမ့်သာဦးမှာ ရဟန်းဘောင်သို့ ရောက်ခဲ့ရသည်။ ဆွမ်းကွမ်းအလှူအတွက် ဦးကွန်းက လက်မခံပေ။

"ကဲ..... မောင်ခြိမ့်ကို ရဟန်းဘဝနဲ့ စိတ်ချလက်ချသာ ထားခဲ့ပေတော့၊ ဒီမှာ ဘာမှမလိုဘူး၊ အဘ အားလုံး တာဝန်ယူတယ်၊ သမီးတို့လင်မယားလည်း တရားစခန်းဖွင့်နိုင်ဖို့အတွက် အလှူငွေ ထည့်ဝင်ပြီးပြီပဲကွယ်၊ ဒီတော့ ဦးကေလာသာအတွက် ဘာသာရေးကို အေးအေးဆေးဆေးလုပ်ပါစေ၊ သံယောဇဉ်ကြိုးကို ခဏတော့ ဖြတ်နိုင်ရမယ်လေ၊ ဒါမှလည်း တရားရှာနိုင်မှာပေါ့၊ သမီးသာ ကျန်းမာရေး ဂရုစိုက်၊ အိမ်မှာ ယောဂီဝတ်လေးနဲ့ တရားအား ထုတ်ပေတော့"

"ဟုတ်ကဲ့ အဘကွန်း"



ထိုနေ့က ဦးပဋ္ဌင်းကိုယ်တိုင် ကျောင်းဝသို့ လိုက်ပို့ပေးခဲ့၏ ကြည် ပြာတစ်ယောက်တည်း တက္ကစီပေါ် တက်သွားပြီး ကား ထွက်သည်အထိ ရပ်ကြည့်ကျန် ရစ်ခဲ့သည်။ အပြန် လမ်းလေးတွင် တစ်ခုခုလိုနေသလို ခံစားရရင် ကြည်ပြာက မျက်ရည်ဝဲလာရင် ဦးကွန်းနှင့် စိတ်ချစွာထားရစ် ရပေမယ့် တစ်ခါမျှ ယခု မခွဲခွာခဲ့ရဖူးပေ။ အိမ်သို့ရောက် သည်အထိ ငိုနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com

ခင်ပွန်းမရှိသည့် မိန်းမများ အဖို့ မည်မျှ သောကဝေဒနာ ခံ စားနေရမည်ကို ကြည်ပြာ တွေး ကြည့်မိသည်။ အကြောင်းကြောင်း ကြောင့် ကွဲကွာသွားသူများကို မဆို လိုပါ။ လင်သားဆုံးပါးသွားသည့် မိန်းမများအတွက် ပူဆွေးခြင်း၊ အား ငယ်ခြင်း၊ အထီးကျန်ခြင်းများက ဘဝလမ်းခုလတ်တွင် ရပ်တန့်သွား စေနိုင်၏။

ကြည်ပြာ့မိတ်ဆွေတစ်ဦးဆို လျှင် ခင်ပွန်းဆုံးပါးသည့်နောက် စိတ်အားငယ်ပြီး ကျန်ရစ်ခဲ့သည်။ ပူဆွေးခြင်းကို တရားနှင့်မဖြေနိုင် သည့်အတွက် နောက်ဆုံးတွင် ဝေဒနာခံစားရပြီး ရောဂါသည်ဘဝ ဖြင့် အိပ်ရာထဲလဲတော့၏။ သိပ် မကြာပေ။ ခင်ပွန်းနောက်သို့လိုက် ပါသွားရတော့သည်။

ငါးရက်အချိန်အတွင်းကို ကြည်ပြာ့မှာ သတိရ တမ်းတစိတ် ဖြင့် ဖြေသိမ့်နေရ၏။ လူဝတ်လဲမည့် နေ့ကို လက်ချိုးရေတွက်ရင်း ယောဂီ ဝတ်ဖြင့် တရားထိုင်၏၊ ဘာသာ ရေးလုပ်ခဲ့၏။ သကြံန်အတက်နေ့ သို့ ရောက်မှပင် သင်းသင်းတို့ကား နှင့် ပဲခူးသို့ အလည်ထွက်ခဲ့သည်။ နံနက်စာ စားသောက်ပြီးမှ ကား ထွက်လာရာ နေ့လယ်ခင်းမတိုင်ခင် ပဲခူးသို့ရောက်မှဖြစ်ပေမည်။

"ကိုဖြိုးမြင့်ကို မင်းသတိရမှာပဲ နော်"

"ရတာပေါ့ သင်းသင်းရာ၊ ယောကျ်ားတစ်ယောက်ရဲ့ တန်ဖိုး ကို ယောကျ်ားနဲ့ ဝေးချိန်ရောက်မှ ကြည်ပြာ နားလည်လာရတယ်၊ တကယ်တော့ လင်သားကောင်းဆို တာ ဖနီးအတွက် ရှာဖွေကျွေးမွေး ရုံနဲ့ မပြီးသေးပါဘူး၊ မိန်းမဘဝ အတွက် ရှေ့က မားမားမတ်မတ် ရပ်တည်နေရမယ်၊ စောင့်ရှောက်ရ မယ်ပေါ့ကွာ၊ ကိုယ့်အဖို့ကတော့ ငါးရက်အချိန်ဟာ ကြာရှည်လွန်းပါ တယ်၊ ရက်ပေါင်းငါးရာလောက် ဆွေးနေရတယ် သင်းသင်း"

ငါးရက်အချိန်အတွင်းကို
ကြည်ပြာ့မှာ
သတိရ တမ်းတစိတ် ဖြင့်
ဖြေသိမ့်နေရ၏။
လူဝတ်လဲမည့် နေ့ကို
လက်ချိုးရေတွက်ရင်း
ယောဂီ ဝတ်ဖြင့် တရားထိုင်၏၊
ဘာသာ ရေးလုပ်ခဲ့၏။
သကြံန်အတက်နေ့သို့ ရောက်မှပင်
သင်းသင်းတို့ကား နှင့်
ပဲခူးသို့.....

"မင်းက ကိုဖြိုးမြင့်ကို သိပ်ချစ် တာပဲနော်"

"ချစ်တယ်ဆိုတာထက် သူ့ ဘဝလေးကို သနားလို့ပါကွာ၊ သူ က ကြည်ပြာ့ကို အရိပ်လေးလို ရှိ နေစေချင်တဲ့ ယောကျ်ားပါ၊ အလိုက် သိတဲ့အပြင် ကြည်ပြာ့စိတ်ချမ်းသာ မှုကို ဦးစားပေးတတ်တယ်၊ သူ မစားရရင်နေ ကြည်ပြာစားနေတာ ကိုကြည့်ပြီး ကျေနပ်နေတတ်တဲ့ ယောကျ်ားမျိုးပါကွာ"

"အင်းလေ၊ ဒါကြောင့်လည်း မင်းတို့က အပြန်အလှန်နားလည် မှုနဲ့ ချစ်နေကြတာပေါ့နော်၊ ပဲခူး ရောက်ရင် ဘယ်နေရာကို ဝင်ချင် သေးလဲ ကြည်ပြာ"

"ယောကျ်ားဘက်က အမျိုး တစ်ယောက်အိမ် သွားချင်သေး တယ်၊ ဒါပေမဲ့ သကြံန်ရက်ဆိုတော့ သူလည်း တရားစခန်းဝင်နေမှာပါ လေ၊ မသွားတော့ပါဘူး"

Town Ace ယာဉ် Truck ကားလေးက ပဲခူးသို့ မောင်းနှင်နေ ၏။ သူတို့ကားအား အပြိုင်ကျော် တက်နေသော Light Truck နှင့် ဂျစ်ကားတွင် အမျိုးသားများက လိုက်ပါလာကြ၏။ ပါးစပ်မှလည်း ပေါက်ကရများ အော်ဟစ်နေကြ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေး.....ချစ်ဆုံးလေး၊ ဒီကိုလာမလား"

"နှစ်ယောက်လို...နှစ်ယောက်လိုနော်၊ ဦးသူရမယ်"

သင်းသင်းတို့ယာဉ်ပေါ်တွင် ယာဉ်မောင်းသူမှလွဲ၍ အားလုံးမိန်းမသားချည်းသာ လိုက်ပါလာကြ၏။ သည်တော့ မကြားဝံ့မနာသာ ပြောဆိုရင်း ကားချင်းယှဉ် မောင်းနေကြသည်မှာ အသည်းယား စရာပါ။

"စိတ်ညစ်လိုက်တာ ဟယ်၊ မင်းမဲ့စရိုက်ဆန်လိုက် တာနော်၊ မိန်းကလေးတွေကို စောင့်ရှောက်ရမယ့်အစား နှမချင်းမစာမနာပြောနေကြတယ်၊ ကားဆရာရေ သတိထားမောင်းနော်"

သင်းသင်းက ယာဉ် မောင်းသူကို သတိပေးရင်း မိန်းကလေးများကို ကာကွယ်ပေးနေရ၏။

"သမီးတို့ တဘက်တွေ ခြုံထားကြနော်၊ လုံလုံခြုံခြုံနေကြ"

ဆယ်ကျော်သက် မိန်းကလေးများပါနေ၍ ပုရိသများက သကြန်ကို ခုတုံးလုပ်၍ ရမ်းကားနေကြ၏။ ကြည့်ပြာတို့မှာ ဘုရားတ၍ လိုက်ပါလာရင်း ယောကျ်ားသားများပါလာလျှင် ကောင်းမည်ဆိုသော အသိကို ရလိုက်သည်။ တဟေးဟေး တဟားဟားဖြင့် လိုက်နေကြရင်း နောက်ဆုံးတွင် ကားပေါ်သို့

**စိတ်ညစ်လိုက်တာ ဟယ်၊ မင်းမဲ့စရိုက် ဆန်လိုက် တာနော်၊ မိန်းကလေးတွေကို စောင့်ရှောက် ရမယ့်အစား နှမချင်းမစာမနာ ပြောနေကြတယ်၊ ကားဆရာရေ.....**

ပစ်တင်လိုက်သော ရေပူဖောင်းက သင်းသင်း၏မျက်နှာသို့ ရောက်လာ၏။

"အား...အမယ်လေး သေပါပြီ၊ နင်တို့ တော်တော်မိုက်ရိုင်းတဲ့ ကောင်တွေပဲ၊ ဘယ်ကားပေါ်က ပစ်တာလဲဟင်"

"ဟို Light Truck ကားပေါ်ကကောင်တွေ ပစ်လိုက်တာ အစ်မ"

"နံပါတ်မှတ်...နံပါတ်မှတ်၊ သက်ဆိုင်ရာကို တိုင်ရမယ်၊ ဟယ်.. သင်းသင်းမျက်နှာ ချက်ချင်းရောင်လာပါလား"

"ဦးလေးကြီး ဟိုကားနောက်ကို လိုက်ပါ၊ ဒီကားပေါ်ကို ရေပူဖောင်းပစ်လိုက်လို့ အခု အန်တီ့မျက်နှာ ထိသွားပြီ"

"ဟုတ်တယ် ဦးလေး၊ မြန်မြန်လိုက်ပါ"

ယာဉ်မောင်းသူလည်း Light Truck ယာဉ်နောက်သို့ အလျင်အမြန်လိုက်မောင်းရာ ရှေ့မှဂျစ်ကားက ဆိုင်ကယ်ကိုရှောင်ရင်း ဘရိတ်အုပ်လိုက်သော်လည်း ကြည့်ပြာတို့ လိုက်ပါလာသော Truck ယာဉ်သည် ဘရိတ်အုပ်ချိန်မရတော့ပေ။ သည်တော့ လမ်းဘေးသို့ ချိုးကွေ့လိုက်သည်နှင့် ကားပေါ်တွင် အလဲလဲအပြိုပြိုဖြစ်ကုန်ကြ၏။ ရုတ်တရက်ဖြစ်၍ မိန်းကလေးများမှာ သံကုန်အော်ဟစ်ကြတော့သည်။

"အမယ်လေး.....ကယ်ကြပါဦး"

"လုပ်ပါဦး...သေတော့မယ်"

"အမေရေ.....ကယ်ပါဦး"

"ဟော့.....လိမ့်ကျမယ်နော်၊ မီရာကိုင်ထားကြ"

သတိပေးသူပေး၊ အော်သူအော်နှင့် နောက်ဆုံးတွင် ကားမှာတိမ်းမှောက်သွားတော့၏။ ကြည့်ပြာလည်း အော်ချိန်ပင် မရလိုက်ပေ။ မျက်လုံးထဲတွင် ယောကျ်ား မျက်နှာကို ပြေးမြင်ရင်း လဲကျသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com

သိပ်မကြာပေ။ ကြည်ပြာသာ လှှင် ထလာပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။ သွေးအလိမ်းလိမ်းဖြင့် မိန်းကလေးများက လဲကျနေကြ၏။ သင်းသင်းလည်း သတိမေ့မြောနေပုံပါ။ ယာဉ်မောင်းလည်း တံခါးပွင့်လျက်နှင့် ခေါက်ထိုးကြီးလဲနေ၏။ သူ့နဖူးပေါ်မှ တစက်စက်ကျနေသော သွေးစက်များက မရပ်သေးပါ။

"ဟင်....အားလုံးသေကုန်ကြပြီလား၊ သင်းသင်းကို လှုပ်နှိုးကြည့်မှပဲ"

သင်းသင်းအား ထိကိုင်၍ မရပေ။ ကျန်မိန်းကလေးများထဲမှ တအင်းအင်းနှင့် ညည်းတွားနေသော မိန်းကလေးအနားသို့ သွားခေါ်နေသော်လည်း မိန်းကလေးက ကြည်ပြာ့ကို မမြင်ပေ။ ကြောက်ကြောက်လန့်လန့်ဖြင့် ငိုနေတော့သည်။

"ငါ ဘာကြောင့်များ ခေါ်မရ၊ အော်မရ ဖြစ်နေရတာလဲ"

Truck ကားအောက်သို့ဆင်းပြီး အဝေးသို့ လှမ်းမျှော်ကြည့်လိုက်ရာ Light Truck နှင့် ဂျစ်ကားမှာ အတော်ဝေးဝေးသို့ ရောက်သွားကြပြီဖြစ်သည်။ ကူညီချင်စိတ်၊ တာဝန်ယူချင်စိတ် မရှိကြသူများ၏ ပယောဂကြောင့် ကားမှောက်ခဲ့ရခြင်းဖြစ်ကြောင်း ကြည်ပြာ သိနေ၏။

"သြော်.....ငါတို့ကို ကူညီသူတွေ မရှိကြတော့ဘူးလား"

အဝေးပြေးလမ်းမပေါ်သို့ မောင်းနှင်လာကြသော ဆယ်ဘီးကုန်တင်ယာဉ်ကြီးနှင့် ရေပက်ခံ



ထွက်လာပုံရသော ယာဉ်တစ်စီးက သူတို့အနီးတွင် ကားကိုရပ်လိုက်ကြ၏။ ပြီးနောက် လူငါးဦး အမြန်ပြေးဆင်းလာကြသည်။ ကြည်ပြာက အားရဝမ်းသာဖြင့်.....

"ကယ်ပါဦးရှင်၊ သူတို့ကို သွေးထွက်မလွန်ခင် ဆေးရုံကို ပို့ရမယ်၊ လုပ်ကြပါဦး"

သို့ပေမယ့် ထိုလူများက ကြည်ပြာ့ကို ထိုးဖောက်ပြေးဝင်သွားကြပြီး ဘယ်သူကမှ အရေးမလုပ်ကြပေ။ သည်တော့ သူတို့နောက်သို့ အလျင်အမြန်ပြေးလိုက်ရင်း သွားရတော့သည်။

"ဖုန်းဆက်လိုက်မယ်ဗျာ၊ ဒီကားပေါ်မှာ မိန်းကလေးတွေချည်းပဲ၊ မေ့နေကြတာထင် တယ်"

"ဟုတ်ကဲ့ ဆက်နေပါပြီ၊ ဟယ်လို ၁၉၉ ကပါလားခင်ဗျာ၊ ဒီမှာ ကားမှောက်နေလို့ပါ၊ ဟုတ် ကဲ့၊ ---နေရာပါခင်ဗျာ၊ ဟုတ်ကဲ့ ခင်ဗျ၊ စောင့်ကြည့်ပေးနေပါ့မယ်"

ကျန်အမျိုးသားများက သတိရလာသော မိန်းကလေးများအား ကူညီနေကြသည်။

"ဟာ.....ဒီမှာ အမျိုးသမီး တစ်ဦး၊ သေနေပြီပဲကွ"

ကြည်ပြာ ကြည့်လိုက်ရာ သူနှင့်တူသော မိန်းကလေးတစ်ဦးဖြစ်နေသည်။ ကားဘေးသံကိုင်းနှင့် ဆောင့်မိပြီး လက်နှစ်ဖက်က သံကိုင်းကို မလွှတ်တမ်းဆုပ်ကိုင်ထား၏။ ဦးခေါင်းမှ သွေးများက မျက်နှာပေါ်တွင် ရဲရဲနီနေတော့သည်။

"ဟင်.....သူက ငါ့မျက်နှာနဲ့ မိန်းကလေးပါလား၊ သူဘယ်သူလဲ၊ သူ.....သူ သေနေတာလား ဟင့်



www.burmeseclassic.com

www.burmeseclassic.com



အင်း၊ ငါမဟုတ်ဘူး၊ ငါက ဒီမှာရှိနေတာပဲ၊ မဟုတ်ဘူး မဟုတ်ဘူး''

ကြည်ပြာသည် ခြေဦးတည့်ရာသို့ ထွက်ပြေးသွားတော့၏။ ထိုမှ မြိမ့်သာဦးရှိသည့်နေရာသို့ ရောက်သွားသည်။

ရဟန်းဝတ်နှင့် ကြည်ညိုစရာကောင်းသော ခင်ပွန်းကို ကြည်ပြာက ရိုသေစွာ ထိုင်ကန်တော့လိုက်၏။ တရားထိုင်နေသည့်အတွက် ကြည်ပြာရောက်နေသည်ကို ဦးဖင်းက သိပုံမရသေးပေ။ ကြည်ပြာက စိတ်ရှည်စွာဖြင့် ထိုင်စောင့်ရင်း ငိုနေမိသည်။

''ဦးဖင်း တပည့်တော်မရောက်နေပြီလေ''

ဦးဖင်းသည် ခေါ်သံလိုလိုကြားသွားပုံရ၏။ အသံလာရာဆီသို့ လှမ်းကြည့်ပြီးမှ ရှေ့သို့ပြန်လှည့်သွားသည်။

''ဦးဖင်း အီး.....ဟီး....ဟီး၊ ကြည်ပြာဒီမှာလေ ဦးဖင်း''

ဦးဖင်းဦးကေလာသသည် ပုတီးကို လည်ပင်းတွင်ဆွဲပြီးနောက် တောရကျောင်းလေးထဲမှ ထွက်သွား၏။ အပြင်ဘက်တွင် စင်္ကြံလျှောက်ရင်း တရားမှတ်နေသလို ကြည်ပြာမှာလည်း ဦးဖင်းသွားရာနောက်သို့ အရှူးတစ်ပိုင်း ပြေးလွှားလိုက်နေ၏။

''ယောကျ်ား....မိန်းမခေါ်နေတယ်လေ၊ မိန်းမကို သံယောဇဉ်ဖြတ်လိုက်ပြီလားဟင်၊ လှည့်ကြည့်ပါဦး''

ဦးကေလာသမှာ ငြိမ်သက်စွာဖြင့် တရားရှုမှတ်နေ၏။ မြဲ့ထားသော သက်န်းကြောင့် ကြည်ပြာသည် ဦးဖင်းအနားသို့ ကပ်မရပေ။ မီးတမျှ ပူလောင်နေ၏။ မည်သို့ဖြစ်နေမှန်း မသိတော့ပါ။

''ဦးဖင်း တပည့်တော်မကို သနားပါဦးရှင်၊ ခေါ်ရတာ မောလှပါပြီဘုရား''

နောက်ဆုံးတော့ ကြည်ပြာလည်း ကွပ်ပျစ်လေးတွင် ထိုင်စောင့်နေလိုက်၏။ ဦးဖင်းကေလာသသည်လည်း တရားရှုမှတ်လိုက်၊ ပုတီးစိပ်လိုက်ဖြင့် တရားမွေ့ဖြင့် ပျော်မွေ့နေပုံပါ။ ညမိုးချုပ်ချိန်အထိ တရားထိုင်နေဆဲဖြစ်သည်။

''သာဓုခေါ်ပါတယ် ဦးဖင်းရယ်၊ တပည့်တော်မကတော့ ဦးဖင်းလို တရားနဲ့ မငြိမ်းအေးနိုင်သေးပါဘူး၊ သောကဗျာပါရတွေနဲ့ ပူလောင်နေရသူပါ ဘုရား''

တောရကျောင်းလေးထဲသို့ ဦးကွန်းနှင့် အမျိုးသားနှစ်ယောက် ဝင်လာသည်။ ဦးဖင်းရှိရာသို့ သွားကြပြီး တစ်စုံတစ်ရာကို ပြောလိုက်သည်နှင့် ဦးဖင်းလည်း သူတို့နှင့်အတူတူ လိုက်ပါသွားတော့၏။

''ဟင်.....ဦးဖင်းက မျက်စိမျက်နှာ ပျက်နေပါလား၊ ဘာများဖြစ်ကြလို့ပါလိမ့်''

ကြည်ပြာက တောရကျောင်းလေးတွင် ကျန်ရစ်ခဲ့တော့သည်။ ထိုညတစ်ညလုံး ဦးဖင်းက ပြန်မလာပေ။ နောက်တစ်နေ့ နေ့လယ်မှပင် တောရကျောင်းသို့ ပြန်လာ၍ လူဝတ်လဲခဲ့၏။ ထို့နောက် ကြည်ပြာလည်း ယောကျ်ားနှင့်အတူ အိမ်သို့ ပြန်လိုက်လာရတော့သည်။

♛♛♛♛♛

ဟင်း.....ငါပြန်စဉ်းစားကြည့်လိုက်တော့ ငါဟာ ကားမှောက်ချိန်ကတည်းက သေဆုံးသွားခဲ့တာပါလား။ ဟုတ်ပါပြီလေ ငါ.....ငါ သေခဲ့ပြီကိုး။ ဒါကြောင့်မို့ ယောကျ်ားကို စကားပြောလို့ မရနိုင်တာကိုး။

တပေါက်ပေါက်ကျလာတဲ့ မျက်ရည်တွေကို ကျွန်မက မသုတ်ဘဲ ဝမ်းပန်းတနည်းဖြစ်နေတော့တယ်။ အခုတော့ ကျွန်မ အားလုံးကို မှတ်မိနေပါပြီ။ ကျွန်မဟာ လွန်ခဲ့တဲ့ တစ်ပတ်ကမှ သေဆုံးသွားခဲ့သူတစ်ယောက်ပါလား။

ကျွန်မကိုယ်ကျွန်မ သေဆုံးသွားတယ်ဆိုတာ သိရတဲ့နောက် ကျွန်မ ကြောက်လန့်သွားရတယ်။ ကျွန်မ သိပ်ချစ်၊ သိပ်ခင်တွယ်တဲ့ ယောကျ်ားနဲ့ အပြီးတိုင် ခွဲရတော့



www.burmeseclassic.com

www.burmeseclassic.com

မယ်လေ။

ကျွန်မတစ်ယောက်တည်း ဘာကြောင့်များ ကံဆိုးရတာလဲရှင်။ လူနှစ်ဆယ်နီးပါး လိုက်ပါလာတဲ့ ကားပေါ်မှာ ကျွန်မတစ်ယောက်တည်း သေဆုံးခဲ့ရတယ်။ ကျန်သူတွေက ဒဏ်ရာရပြီး ဆေးရုံပေါ်မှာ တချို့၊ ဆေးရုံက ဆင်းပြီး အိမ်မှာ တချို့နဲ့ အသီးသီး အသက်ရှင်ခဲ့ကြတယ်လေ။

ပိတောက်ပင်ကြီးအောက်မှာ ထိုင်ငိုနေတဲ့ ကျွန်မအဖြစ်ကို ဘယ်သူတွေက သနားကြမှာလဲ။ကျွန်မဟာ ယောကျ်ားနဲ့ ခွဲခွာရတော့မယ်ဆိုတဲ့ အသိနဲ့အတူ ဝမ်းနည်းခြင်းများစွာနဲ့ တိုက်ခန်းလေးကို ပြန်လာမိတယ်။



ဒေါ်အေးညွန့်တို့သားအမိတွေ ပြန်သွားကြပြီဆိုတာ သိရတဲ့နောက် ကျွန်မလေ အလိုလိုတရား အသိတွေ ရလာရပါတယ်။ ပြီးတော့ တစ်ပါးသူအပေါ် မတရားပြုခြင်း၊ မတရားရယူခြင်းတွေကြောင့် အကုသိုလ်အရိပ်က အလိုလိုလိုက် ပါလာပါလားဆိုတာကို သိလိုက်မိတယ်။ ကျွန်မခင်ပွန်းကို တိုက်ခဲ့တဲ့ ဆေးကြောင့် ဒေါ်အေးညွန့် ကိုယ်တိုင်ခံစားစေရတာဟာ မကောင်းမှုပြုသူအတွက် ဒဏ်ခတ်ခြင်းပါပဲ။

ဒီတော့ ကျွန်မရဲ့ ပစ္စည်းတွေကို မတရားယူခြင်းရဲ့ လောဘကရော သူတို့တွေ ချမ်းသာသွားမှာတဲ့လား။ ဒါကြောင့်မို့ အားလုံးကို ကျွန်မက ခွင့်လွှတ်နိုင်ခဲ့ပါပြီ။ သေဆုံးရင် ကိုယ့်နောက် ပါမလာနိုင်တဲ့ ပစ္စည်းဥစ္စာကို မက်မောနေရင် ကျွန်မဘဝက ကျွတ်လွတ်နိုင်မှာ မဟုတ်ပါဘူး။ ဘဝကူးကောင်းနိုင်ဖို့အတွက် ကျွန်မကိုယ်တိုင် ဒီ သံယောဇဉ် နှောင်ကြိုးတွေက ရုန်းထွက်နိုင်ရမယ်လေ။

ဝိညာဉ်လောကအကြောင်း ကျွန်မ ဖတ်ဖူးတဲ့ စာအုပ်တွေထဲမှာ အစွဲအလမ်းနဲ့ သံယောဇဉ်ကြောင့် ငရဲ၊ ပြိတ္တာ၊ အသူရကာယ်ဘဝမျိုးတွေ ဖြစ်ခဲ့ကြရတာကို ကျွန်မကြောက်သွားတယ်။ ဒီတော့ ကျွန်မလေယောကျ်ားကို နောက်ဆုံးအကြိမ်တစ်ချက်ကြည့်ပြီးမှ ကျွန်မသွားရမယ့်လမ်းကို တရွေ့ရွေ့နဲ့ ထွက်သွားနိုင်တော့တယ်။

အဲဒီအချိန်မှာ ကျွန်မ နှလုံးသားထဲမှာ ဗလာခံစားမှုတွေနဲ့ သောကတွေ ငြိမ်းချမ်းသွားရပါတယ်။ အဘကွန်းရဲ့တောရကျောင်း လေးထဲက ကြေးစည်သံလေးဟာ ကျွန်မရဲ့ရင်ထဲမှာ အေးချမ်းသွားပြီး ကျွန်မရဲ့ သာဓုခေါ်သံလေးဟာ လောကကြီးကို ဖုံးလွှမ်းသွားသလို ပါပဲရှင်။

**လေးစားစွာဖြင့်**
**ထက်ထက်ဦးဝေ**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## ပိတောက်မျက်နှာ အိုးမဲသုတ်သူများ

အောင်ကျော်ဖြိုး

ကျွန်တော့်နာမည်အပြည့်အစုံ က ပန်းနုတင်လို့ခေါ်ပါတယ်။ ကျွန်တော်လို့သုံးပြီးပြောလိုက်တဲ့အတွက် နားတွေများ ရှုပ်ထွေးသွားကြမလား မသိဘူး။ သည်လိုပါ။ ကျွန်တော်က ယောကျ်ားလေးတစ်ယောက်တော့ မဟုတ်ပါဘူး။ ယောကျ်ားလေးစိတ်ပေါက်နေတဲ့ ပီဘိ မိန်းကလေးတစ်ယောက်ပါ။ ယောကျ်ားလျာလေးပေါ့။

ဒါကလည်း ငယ်စဉ်ကတည်းကစလို့ အစ်ကိုတွေ၊ မောင်တွေနဲ့ ကြီးပြင်းလာရတာဆိုတော့ သူတို့လိုပဲ ယောကျ်ားလေးလိုဝတ်၊ ယောကျ်ားလေးလိုသွား၊ ကုန်ကုန်ပြောရရင် မိန်းမဆိုတဲ့စိတ်ကို အတတ်နိုင်ဆုံးဖျောက်ပြီး ကိုယ့်ကိုယ်ကိုယ် ယောကျ်ားလေးတစ်ယောက်လို နေခဲ့တာပါ။

စကားကိုတောင်မှ ကျွန်မဆိုပြီးပြောရမှာကိုတောင်ရှက်လို့ ကျွန်တော် ကျွန်တော်နဲ့ ပြောလာခဲ့တာ။ အခု အသက်၂၀ ပြည့်တဲ့ထိတိုင်အောင်ပါပဲ။ ဒါဆိုရင် ကျွန်တော့်အကြောင်းကို သိလောက်ပါပြီ။ ဒါဆိုရင် ကျွန်တော် ကျေနပ်ပါတယ်။

ဒါပေမဲ့လို့ နောက်တစ်ခုက ကျွန်တော် မကျေနပ်တာ တစ်ခုပေါ့လေ။ ဒါက ကျွန်တော့်ရဲ့ဘဝနဲ့များ ဆိုင်နေမလားတော့ မသိပါဘူး။ သည်လိုပါ။ ကျွန်တော်စဉ်းစားမိတာရှိပါတယ်။ မည်းနေတဲ့ ကျီးကန်းလိုကောင်မျိုးကို ရေချိုးသန့်စင်ပေးလို့ ဗျိုင်းလို ဖြူဖွေးလာတာမှ မဟုတ်တာ။ ကျီးကန်းဆိုတဲ့အတိုင်း ကျီးလိုမျိုး မည်းနေမှာပေါ့။ ကျွန်တော့်ရဲ့ နဂိုဗီဇစိတ်ကိုက မိန်းမဖြစ်လေတော့ ဘယ်ကလာ ယောကျ်ားဖြစ် ရမှာတဲ့လဲ။ မိန်းမဟာ မိန်းမပဲပေါ့။ မဟုတ်ဘူးလား။

အဲသည်လို မိန်းမဖြစ်ရတဲ့ဘဝမျိုးကို ကျွန်တော်ကလည်းမကြိုက်တာ အမှန်ပါ။ ထားလိုက်ပါတော့။ အားလုံးလည်း သိကြပါတယ်။ တန်ခူးလရာသီကို ရောက်ခဲ့ရင်ဖြင့် အား လုံးလိုလို သင်္ကြန်ပွဲတွေနဲ့ ဆုံတွေ့ ရစမြဲပါ။ သင်္ကြန်ဆိုတာကလည်း တန်ခူးလကျမှ ကျင်းပရတာကိုး။

တစ်နှစ်လုံး အောင့်အည်းမျိုသိပ်ထားခဲ့ရတဲ့ စိတ်ရဲ့ကျဉ်းကျပ်မှုတွေကို အဲသည်လို သင်္ကြန်မျိုးကျမှ လွှတ်ပေးကြတာလေ။ ကျွန်တော်တို့ရဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ဆိုတာ အင်မတန်မှ ချစ်စရာ ကောင်းသလို ပျော်ဖို့လည်းကောင်းပါတယ်။

အဲသည်လို ချစ်စရာကောင်းပြီး ပျော်ဖို့ကောင်းလှတဲ့ သင်္ကြန်ကိုမှ အရုပ်ဆိုးအောင် ဖျက်လိုဖျက်ဆီးလုပ်ချင်နေကြတဲ့သူတွေကလည်း သင်္ကြန်တွင်းကာလမှာ မရှားလှပါဘူး။ တကယ်တမ်း တွေးကြည့်ရင် အင်မတန်မှ ရှက်စရာကောင်းတဲ့အလုပ်တွေပါ။ တစ်နှစ်မှတစ်ခါသာ ပွင့်လာရတဲ့ ပိတောက်ကိုမှ အားမနာ၊ တကယ့်ကို လုပ်ရက်၊ လုပ်ရဲတဲ့သူတွေပါပဲ။

ပိတောက်နဲ့သင်္ကြန် သင်္ကြန်



www.burmeseclassic.com

www.burmeseclassic.com

နဲ့ပိတောက်ဟာ ခွဲခြားလို့ မရပါဘူး။ ပိတောက်ကလည်း မြန်မာတို့ရဲ့ ချစ်စရာကောင်းတဲ့ သင်္ကေတတစ်ခုပါ။

ပိတောက်ပွင့်တဲ့ သင်္ကြန်အချိန် အခါကျမှ ကျွန်တော်တို့ မြန်မာ လူမျိုးတွေက လည်း ကိုယ်ရောစိတ်ပါ မင်္ဂလာရှိစွာနဲ့ ပျော်ရွှင်ရတာလေ။ အဲသည် အထဲမှာ ကျွန်တော် လည်း ပါတာပေါ့။

သင်္ကြန်ရဲ့ခံစားမှုက တကယ်တမ်း စစ်စစ်ပေါက်ပေါက် ခံစားကြည့်ခဲ့ရင် အရမ်းကိုမှ ပျော်ဖို့ ကောင်းတာ။ သင်္ကြန်ရဲ့အရသာက ဘယ်အရသာနဲ့မှ တူတာမဟုတ်ဘူး။ ဒါတွေကိုဖြင့် သင်္ကြန်မှာ ရေကစားတဲ့သူတိုင်း သိကြပါတယ်။

အဲသည်လို သိမှုတွေနဲ့အတူ သင်္ကြန်မှာ ပျော်နေကြတဲ့သူတွေ ရှိသလို သင်္ကြန်ရဲ့သိက္ခာကိုလည်း မထောက်၊ ပိတောက်ရဲ့မျက်နှာကိုတောင်မှ မငဲ့ကွက်ဘဲ စည်းမဲ့ကမ်းမဲ့ အပျော်စိတ်တွေနဲ့အတူ လုပ်ချင်တိုင်း လုပ်နေကြတဲ့သူတွေကလည်း ရှိနေတာဆိုတော့ တစ်ခါတစ်ရံမှာတော့ သင်္ကြန်ကိုတောင်မှ



မရောက် စေချင်ပါဘူး။

ပိတောက်လေးတွေရဲ့ဘဝကို သနားစိတ်နဲ့အတူ အခုလို ပြောလိုက်တော့ ကျွန်တော့်ကိုယ်ကျွန်တော် မိန်းမများဆန်သွားပြီလား မသိ။ သဘောကိုပြောတာပါ။

သင်္ကြန်ရောက်ခဲ့ပြီဆိုရင် ကျွန်တော့်အစ်ကိုတွေ ဦးစီးတဲ့ ‘ရွှေဝါ ပိတောက်ဖူး’မဏ္ဍပ်မှာပဲ ကျွန်တော် အထိုင်များတယ်။ သည်မဏ္ဍပ်က ကျွန်တော့်အစ်ကိုတွေနဲ့အတူ ရပ်ကွက်တွင်းမှာ ရှိကြတဲ့ လူငယ်တွေ စုစည်းလို့ ကျွန်တော်တို့ရဲ့ လမ်းထိပ်မှာ ဆောက်ထားတဲ့ မဏ္ဍပ်လည်းဖြစ်တယ်။

ကျွန်တော့်အစ်ကိုတွေက သူတို့ မဏ္ဍပ်မှာ ဘယ်သူမဆို ရေလာကစားကြရင် ဘယ်တော့မှ တား မြစ်ပိတ်ပင်လေ့ မရှိပါဘူး။ ရေကစားချင်တဲ့သူတွေအတွက် တောင် မဏ္ဍပ်မှာရှိတဲ့ ရေစည်ပိုင်းတွေထဲကို ရေတောင်မှ အပြည့် ထည့်ပေးထား လိုက်သေးတယ်။

သင်္ကြန်သုံးရက်စလုံးမှာ ရွှေဝါပိတောက်ဖူးမဏ္ဍပ်ကလွဲလို့ ဘယ်မဏ္ဍပ်ကိုမှ ကျွန်တော့်အစ်ကိုတွေကလည်း ကျွန်တော့်ကို သွား ပြီး ရေကစားခွင့်ပြုတာမဟုတ်ဘူး။ ကျွန်တော့်အစ်ကိုတွေက ကျွန် တော့်အပေါ်မှာ အဲသည်လောက်ထ



www.burmeseclassic.com

www.burmeseclassic.com

အောင်တင်းကျပ်ထားတာ။

ကျွန်တော် ပျော်တာတောင်မှ သူတို့ရဲ့မျက်စိအောက်မှာတင်ပျော်ရတာ။ ကိုယ်က ယောကျ်ားလေး စိတ်ပေါက်နေပေမယ့် ယောကျ်ားလေးလို လွတ်လွတ်လပ်လပ် ပျော်လို့မရပါဘူး။ ကျွန်တော်ကလည်း အဖေတို့၊ အမေတို့ထက် အစ်ကိုတွေကို ပိုပြီးကြောက်ရတာ။ သူတို့ မကြိုက်တာဆိုရင် ဘာဆိုဘာမှ မလုပ်ဝံ့ပါဘူး။ ယောကျ်ားလေးလို ဝတ်ထားတာတောင်မှ လွန်လှပါပြီ။

ကျွန်တော့်ရဲ့အစ်ကိုတွေက တစ်မြို့လုံးလိုလိုမှာ မသိတဲ့လူက အရှားသားလား။ အပေါင်းအသင်းတွေကလည်း ဘာများသလဲမမေးနဲ့။ အစ်ကိုတို့အပေါင်းအသင်းတွေထဲမှာ ယောကျ်ားလေးတွေလည်းပါ၊ မိန်းကလေးတွေလည်းပါရဲ့။ ပြီးတော့ ကျွန်တော်နဲ့မျိုးတူတဲ့ ကောင်မလေးတွေတောင်ပါတယ်။



အခုလို သင်္ကြန်ကျပြီဆိုတော့ သူ့အပေါင်းအသင်းတွေကလည်း ကားနဲ့တစ်မျိုး၊ ဆိုင်ကယ်နဲ့တစ်ဖုံ ပေါ့လေ။ အစ်ကိုရှိတဲ့ မဏ္ဍပ်ကိုပဲ စုပြုံပြီး လာကြတယ်။ ပြီးတော့ အချင်းချင်း နောက်ကြ၊ ပြောင်ကြ၊ ရေပက်ကြနဲ့ တကယ့်ကိုမှ ပျော်စရာကြီးပါ။

ကျွန်တော်ကလည်း သည်အစ်ကိုတွေရဲ့ကြားမှာ လူဖြစ်လာရတာလေ။ သည်ကမ္ဘာပေါ်မှာ ကျွန်တော့်လောက် ကံကောင်းတဲ့သူ ရှိပါဦးမလားဖြင့်မသိ။

သမီးမိန်းကလေးဆိုလို့ ကျွန်တော်တစ်ယောက်တည်းပဲရှိတာ။ သည်တော့လည်း အစ်ကိုတွေက ဝိုင်းပြီးချစ်နေကြတာဖြစ်မှာပေါ့။ သင်္ကြန်ရောက်တိုင်း ကျွန်တော် ပျော်ပါတယ်။ ပျော်တာကိုမှ တကယ့်ကို အမှတ်တရဖြစ်နေအောင် ပျော်တဲ့အပျော်မျိုးပါ။

နေ့လယ်နေ့ခင်းဆိုရင် အစ်ကိုတို့က သူတို့မဏ္ဍပ်ထဲမှာ ရေကစား လာကြတဲ့သူတွေကို မုန့်လုံးရေပေါ် တွေလုပ်ပြီး ကျွေးတယ်။ အဲသည် အခါကျရင် မုန့်လုံးထဲမှာ ငရုတ်သီးစိမ်းတွေထည့်ပြီး သကြားကို နိုင်နိုင်ဖြူးလို့ ကျွန်တော့်ရဲ့သူငယ်ချင်း ကောင်မလေးတွေကို ကျွန်တော်




www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တိုင် ခွဲ့ကျွေးခဲ့တာမဟုတ်လား။

♛♛♛♛♛

ငတ်ကြီးကျမတွေကလည်း ကျွန်တော်ကျွေးတဲ့ မုန့်လုံးတွေကို



အငမ်းမရ စားကြပါတယ်။ ငရုတ်သီးနဲ့တွေ့မှ အာဟ.....အာဟလို့ အော်ပြီး ကျွန်တော့်ကို ဆဲလိုက်တာလေ။ အစ်ကိုတွေ သိသွားကြတော့ ကျွန်တော့်ကို ဆူတာပေါ့။ ကျွန်တော် ကိုယ်တိုင်က အပျော်စိတ်နဲ့အတူ အပျော်လုပ်မိတာမို့ အစ်ကိုတွေ ပြောလည်း မနာပေါင်။

အဲဒါကတော့ ကျွန်တော့်ရဲ့ သင်္ကြန်အမှတ်တရပါ။ နောက်ထပ် အမှတ်တရတစ်ခုကတော့ တစ်ခုသောသင်္ကြန်မှာပါ။ အဲသည်သင်္ကြန် ပြီးသွားတဲ့နောက်မှာ ကျွန်တော်လည်း မူလဗီဇစိတ်တွေနဲ့အတူ လူမှန်၊ နေရာမှန်ကို ပြန်ရောက်ခဲ့ပါတယ်။

ကျွန်တော် ရေကစားခဲ့ရင် မဏ္ဍပ်ရဲ့ရှေ့မှာ အထူးဆောက်လုပ်ထားတဲ့ ရေပက်တဲ့စင်ကလေးပေါ်မှာ ရေကစားလေ့ရှိပါတယ်။ ရပ်ကွက်ထဲက ကောင်မလေးတွေ၊ ကောင်လေးတွေကလည်း အဲသည်စင်ပေါ်မှာပဲ ရေကစားကြပါတယ်။ အဲသည်နေ့ကတော့ သင်္ကြန်အကြတ်နေ့ကြီးပါ။ ကျွန်တော်ကလည်း အပျော်စိတ်တွေ လွှမ်းမိုးသွားပြီး စင်ပေါ်ကနေဆင်းလို့ မဏ္ဍပ်ရဲ့ရှေ့မှာ တစ်ကိုယ်တော်ကြနေလိုက်တာပေါ့။

ကျွန်တော်ဝတ်စားထားတာကလည်း ယောက်ျားလေးလိုမဟုတ်လား။ ကျွန်တော့်ကို အနားကပ်ကြည့်မှ မိန်းမတစ်ယောက်မှန်း သိရတာပါ။ အဝေးကကြည့်ခဲ့ရင်တော့ ယောက်ျားလေးတစ်ယောက်အတိုင်းပဲပေါ့။

ကျွန်တော့်အစ်ကိုတွေကတော့ မဏ္ဍပ်ထဲကနေထိုင်ပြီး ကျွန်တော့်ကို စောင့်ကြည့်နေကြတယ်။ မဏ္ဍပ်ကနေ ဖွင့်လိုက်တဲ့ သီချင်းတွေကလည်း အရမ်းကို မှ ခုန်ပေါက်မြူး ထူးချင်စရာကောင်းတဲ့ အနောက်တိုင်း သီချင်းတွေပါပဲ။ ဆိုထားတာကလည်း ကော်ပီမဟုတ်ဘဲ မူရင်းအဆိုရှင်တွေ ဖြစ်နေတာမို့ ကြား လိုက်ရတာနဲ့တင် ကချင်ခုန်ချင်လာတယ်။

သည်သီချင်းတွေနဲ့အတူ ကျွန်တော်လည်း အပျော်စိတ်တွေနဲ့ ကခုန်မိတာပေါ့။ သည်အခိုက်မှာပဲ ကျွန်တော့်ရဲ့အနားကို လူ့ကျင့်ဝတ်ကိုမှမစောင့်၊ ပြီးတော့ အများရဲ့ မျက်နှာကိုမှ မထောက်ထားဘဲ အခွင့်အရေးရရင် ရသလောက်ယူတတ်တဲ့ ငမူးသုံးကောင် ရောက်လာတယ်။ သူတို့ကိုကြည့်ရတာ လူသားမဆန်တဲ့ရုပ်။ လူပီသတဲ့ လက္ခဏာ၊ လူနဲ့တူတဲ့ လူ့စိတ်တွေ မရှိတာကတော့ အမှန်ပါ။

မဏ္ဍပ်အတွင်းကနေ ဖွင့်ထားတဲ့ သီချင်းသံတွေနဲ့အတူ ကခုန်



www.burmeseclassic.com

www.burmeseclassic.com



နိုင်း ပါးစပ်ကလည်း ပေါက်တတ်ကရတွေနဲ့အတူ ကျွန်တော့်ကို ကြည့်ပြီး.....

"ဟာ.....ဂျယ်လေးပါလား၊ ဂျယ်ညီမလေးရယ် မရှက်ပါနဲ့၊ ကိုကြီးတို့က ချစ်လို့ စတာပါ"

သည်လိုပြောပြီး သူတို့လက်ကြမ်းကြီးတွေနဲ့ အတူ ကျွန်တော့်ကို တို့ကိုင်သည်ကိုင် လုပ်တော့တာပါပဲ။

ကျွန်တော့်မှာ ဖြင့် အနေရ အထိုင်ရ ကျပ်လိုက်တာ။ ခေတ္တကလည်း ဟိုကပက်၊ သည်ကပက် နေတော့ ရိုပြီးဆိုးတာပေါ့။ ကျွန်တော်ကတော့ လက်ထဲမှာ ကိုင်ထားတဲ့ ရေဗလားခွက်ကြီးနဲ့ သင်းတို့ကို ပြန်ခုခံရတာပေါ့။

ယောက်ျားနဲ့မိန်းမ ဘယ်မှာ အားချင်းမျှမှာတဲ့လဲ။ သည်လိုဖြစ်နေတာကို ကျွန်တော့်အစ်ကိုတွေက မြင်လိုက်လို့ အားချင်းပဲ ကျွန်တော်ရှိရာ ရောက်ချလာကြတယ်။ ကျွန်တော့်ကိုလည်း မဏ္ဍပ်ထဲသွားထိုင်နေဖို့ အစ်ကိုတို့က ညွှန်ကြားတယ်လေ။

အဲသည်သုံးကောင်ထဲက တစ်ယောက်က ပြောလိုက်တယ်။

"မင်းပစ္စည်းမှန်းမသိလို့ပါကွာ၊ ဒီလောက်လည်း သဲကြီးမဲကြီး ဖြစ်နေစရာမလိုပါဘူး"

သူတို့တစ်တွေရဲ့စကားတွေ



က အင်မတန်ကိုမှ အောက်တန်းကျပါတယ်။

ကျွန်တော်ဖြင့် သူတို့စကားတွေကြောင့် ရင်တုန်ပန်းတုန် ဖြစ်သွားခဲ့ရတယ်။ ကျွန်တော့်အစ်ကိုတွေရဲ့ဒေါသကို ကျွန်တော်အသိဆုံးပါ။ ကြားဖူးတယ်မဟုတ်လား။ စကားဟာအလုပ်၊ စကားဟာမိတ်ဆွေ၊ စကားဟာရန်သူ၊ စကားဆိုတာ ရာသီအလိုက် တိုက်ခတ်တဲ့ လေမျိုးလိုပါပဲ။

နောက်ဆုံးမှာတော့ အဲသည်လိုတိုက်ခတ်တဲ့လေရဲ့ဒဏ်ကို မခံနိုင်လို့ သူတို့တွေရဲ့ ရန်စကားဟာ အစ်ကိုတို့ရဲ့ ရိုက်ပွဲအစ ဖြစ်လာရတယ်။ ကျွန်တော့်ကိစ္စကြောင့် ငမူးသုံးကောင်ကို မှတ်လောက်သားလောက်အောင် အစ်ကိုတို့ အုပ်စု ဝိုင်းတွယ်လိုက်ကြတာ နှစ်ဖက်လုံး ရုံးရောက်ဂါတ်ရောက် ဖြစ်သွားရတယ်။

ကျွန်တော် စိတ်မကောင်းပါဘူး။ အရင်းစစ်ကြည့်လိုက်တော့ ဒါတွေဟာ ကျွန်တော့်ကြောင့် ဖြစ်ပေါ်လာရတာပါ။ တော်ပါပြီ၊ တော်လောက်ပါပြီ။ အဲသည်အချိန်၊ အဲသည်နေ့ရက်၊ အဲသည်သင်္ကြန်က စလို့ ကျွန်တော်ကိုယ်တိုင် ကိုယ့်အသိတရားတွေနဲ့အတူ လူမှန်၊ နေရာမှန်ကို ပြန်ရောက်ခဲ့ပြီး ဗိုင်းကောင်းကျောက်ဖိ အမျိုးသမီးတစ်ယောက်ဖြစ်အောင် သမီးကိုယ်သမီး ကြိုးစားနေတာကို ဘယ်သူမှ မသိပါဘူးရှင်။


**'ချစ်သမီး ပန်းနုတင်သို့'**

**အောင်ကျော်ပြုံး**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# သောကခရီးသည်



ဓနွအလွှန်

ဦးအောင်ပွင့်သည် မန္တလေး–ရန်ကုန် အမြန်ရထားကြီးပေါ်တွင် စီးနင်းလိုက်ပါနေသူဖြစ်သည်။

တရိပ်ရိပ်ဖြတ်သန်းခုတ်မောင်းနေစဉ် ကျန်ရစ်ခဲ့သော မြင်ကွင်းလေးများအား ငေးမျှော်ကြည့်နေမိ၏။ အတိတ်များစွာသည် မည်သို့မျှ အသစ်တစ်ဖန် ပြန်လည်မရနိုင်တော့ပါလား။ ရင်ထဲတွင် ဒီဃသုခ၏ ဘဝသံသရာသီချင်းလေးအား သတိရမိပြန်သည်။ ဘူတာစဉ်တစ်လျှောက်တွင် တစ်ယောက်ဆင်း၊ တစ်ယောက်တက်နှင့် အမြန်ရထားကြီးကဖြင့် သူ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နေပေပြီ။

ရထားတွဲပေါ်ရှိ ခရီးသည်များမှာ ငိုက်သူငိုက်၊ ငေးသူငေး၊ စကားပြောသူပြောဖြင့် ခရီးဖော်များ ရှိကြသည့်တိုင် ဦးအောင်ပွင့်မှာဖြင့် တစ်ဦးတည်း အတွေးနယ်ချဲ့နေ၏။

ဦးအောင်ပွင့်က မန္တလေးဇာတိ ဖြစ်ပြီး မန္တလေးမြို့တွင်ပင် အခြေချနေထိုင်ခဲ့လေသည်။ ယခုတော့ ဇနီးသည် ဆုံးပါးသွားသည်မှာ ငါးနှစ်တင်းတင်း ပြည့်ခဲ့ပေပြီ။ သားသမီး နှစ်ယောက်ရှိရာ အိမ်ထောင်အသီးသီးနှင့် ဖြစ်ကြ၍ ဦးအောင်ပွင့်မှာ သားနှင့်အတူ နေထိုင်ခဲ့၏။ သားကြီး မောင်စိုးအောင်မှာ ရတနာပုံဈေးကြီးတွင် ပိုးထည်ဆိုင်ဖွင့်ထားပြီး မိဘအမွေကို ဆက်ခံဆဲပါ။ လုပ်ငန်းအားလုံးကို သားဖြစ်သူနှင့် စိတ်ချလက်ချ လွှဲနိုင်ခဲ့၍ အသက် ၆၀ ပြည့်ပြီဖြစ်သည့် ဦးအောင်ပွင့်မှာ လောကုတ္တရာအလုပ်ကို အလေးထား လုပ်ဆောင်ခွင့်ရခဲ့၏။ ထို့ကြောင့်လည်း နံနက်စောစောထကာ မဟာမြတ်မုနိဘုရားကြီးတွင် စိတ်တိုင်းကျ တရားဘာဝနာ အားထုတ်ခွင့် ရခဲ့သလို စစ်ကိုင်းချောင်တွင်ပါ သာသနာပြုနိုင်ခဲ့ပြန်သည်။ ဇနီးဖြစ်သူသာ ခုချိန်ထိ ရှိနေလျှင် မည်မျှကောင်းလိုက်ပါမည်နည်း။

"ဦးလေး ပဲခူးဘူတာရပ်ပြီးရင် ရန်ကုန်ဘူတာကြီးကို ဝင်မှာနော်"

သူ့နံဘေးရှိ အမျိုးသားကြီးတစ်ဦးအား မေးလာသည့်အသံကြောင့် ဦးအောင်ပွင့်လည်း အတွေးများ ရပ်တန့်သွားခဲ့ရသည်။ အမြန်ရထားကြီးမှာ ပဲခူးဘူတာ လွန်သာသည်နှင့် မကြာမီ ဆိုက်ရောက်တော့မည့် ရန်ကုန်ဘူတာကြီးတွင် ဆင်းရမည့်အရေးအတွက် မိမိလည်း ရင်လေးနေမိ၏။

မနှစ်က သမီးနှင့် သမက်ရှိရာ ရန်ကုန်မြို့ကြီးသို့ အလည်ရောက်ရှိလာချိန်သည် ယခုလို နွေဦးကာလလေးပင်။ သမီးငယ် မိမိကျော်မှာ ခင်ပွန်းဖြစ်သူ တာဝန်ကျရာ ရန်ကုန်မြို့ကြီးသို့ လိုက်ပါသွားရ၍ ဖခင်ကြီးနှင့်အတူ နေထိုင်ခွင့်မရခဲ့ပေ။ သို့သော် တစ်နှစ်တစ်ခါ ဖခင်အား အလည်ခေါ်၍ ရန်ကုန်မြို့ရှိ ရွှေတိဂုံဘုရားကြီးနှင့် တန်ခိုးကြီးဘုရားများသို့ ပို့ဆောင်ပေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဦးအောင်ပွင့်တစ်ယောက် မနှစ်က အဖြစ်အပျက်ကို ပြန်ပြောင်း သတိရမိချေပြီ။

♛ ♛ ♛ ♛ ♛

"ဒီနွေမှာ ဖေဖေ့မြေးတွေ ရှင်ပြုရမှာမို့ သင်္ကြန်မတိုင်ခင် လာပါနော်"ဟု သမီးငယ်က ဖုန်းဆက်

[redacted]

ချွေးမမှာစေတနာကောင်းသူပါ။
သည်လို အလိုက်တသိရှိခြင်းကြောင့်
ဦးအောင်ပွင့်မှာ
စိတ်ချမ်းသာခဲ့ရသည်။
လောကကြီးတွင်
အပြန်အလှန်နားလည်မှုရှိခြင်း
သည် ဆက်ဆံရေး
အောင်မြင်ခြင်း၏
လမ်းစပင်ဖြစ်လေသည်။
ထို့နောက် မန္တလေးဘူတာကြီးသို့
သားဖြစ်သူကိုယ်တိုင်....

[redacted]

ထား၍ ဦးအောင်ပွင့်သည် သင်္ကြန်ရက်မတိုင်မီ ကြိုတင်ထွက်လာရန် စီစဉ်ရတော့သည်။ တစ်ဦးတည်း သွားရမည့်အတွက် ချွေးမဖြစ်သူက စိတ်မချချင်ပေ။ သူတို့မိသားစုမှာလည်း အလုပ်တစ်ဖက်နှင့်မို့ မလိုက်နိုင်ကြရှာပါ။

"ရန်ကုန်သွားရင် ဖေဖေ့သားကို ခေါ်သွားပါလား၊ ဒီမှာ သမီးကျန်နေမှာပဲလေ"

သို့ပေမယ့် ဦးအောင်ပွင့်အဖို့ စီးပွားရေးကို ပြန်စဉ်းစဉ်ရပေမည်။ အလုပ်တွင် သားမရှိ၍ မဖြစ်ပြန်ပေ။ တစ်ခါတလေ ပိုးချည်များကို မန္တလေးတွင် မရလျှင် အမရပူရ၊ မတ္တရာ အပြင် ပြင်ဦးလွင်အထိ တက်ဝယ်ရ၏။ ချွေးမမှာ ရက်ကန်းကို သူကိုယ်တိုင် ဦးစီးရက်လုပ်သဖြင့် နားချိန်ဟူ၍ပင် မရှိသလောက်ပင်။ ဤသို့ မောင်တစ်ထမ်း၊ မယ်တစ်ရွက် လုပ်ကိုင်နိုင်ခဲ့၍လည်း ပိုးထည်နှင့် ပတ်သက်လျှင် နာမည်ရလာခဲ့၏။

"နေပါစေကွာ၊ သားမှာ အလုပ်တွေကတစ်ဖက်နဲ့၊ ဖေဖေ တစ်ယောက်တည်းပဲ သွားပါ့မယ် ကွယ်"

"ဒါဆိုလည်း ဖေဖေ ရန်ကုန်သွားရင် မမီတို့ မိသားစု လေးယောက်အတွက် အလှူမှာဝတ်ဖို့ ပိုးချိတ်ထည်တွေ လက်ဆောင်ပေးလိုက်မယ်နော်၊ ရန်ကုန်မှာဝယ်ရင် ဈေးကြီးမှာပဲ"

"ကောင်းတာပေါ့ကွယ်"

ချွေးမမှာ စေတနာကောင်းသူ ပါ။ သည်လို အလိုက်တသိရှိခြင်း ကြောင့် ဦးအောင်ပွင့်မှာ စိတ်ချမ်း သာခဲ့ရသည်။ လောကကြီးတွင် အပြန်အလှန် နားလည်မှုရှိခြင်း သည် ဆက်ဆံရေးအောင်မြင်ခြင်း ၏ လမ်းစပင်ဖြစ်လေသည်။ ထို့ နောက် မန္တလေးဘူတာကြီးသို့ သား ဖြစ်သူကိုယ်တိုင် လိုက်ပို့ပေးရှာ၏။ ဘူတာသို့အလာတွင် မော်မော်စန်း ထိုးမုန့်ဆိုင်ရှေ့တွင်ကားရပ်ပြီး စိုး အောင်က နှမအတွက် ထိုးမုန့်နှင့် လက်ဖက်အကြော်စုံများကို ဆင်း ဝယ်ပေးပြန်သည်။

"ဖေဖေ့သမီးက လက်ဖက် ဆိုရင် မန္တလေးက လက်ဖက်မှစ တာမဟုတ်လား၊ အလှူမှာပါကျွေး နိုင်အောင် ထည့်ပေးလိုက်တယ် နော်"

"မင်းညီမ ဝမ်းသာမှာပေ ကွယ်"

ရထားကြီးထွက်သွားမှပင် စိတ်ချလက်ချ ကျန်ရစ်ခဲ့ရှာသည်။ ထိုအချိန်က ဦးအောင်ပွင့်တွင် လ ရန်၊ သုံးရန် ငွေများနှင့် အဝတ် စုံသာပါသည့် ဟမ်းဘက်အိတ် လုံးကို လွယ်ထားပြီး လက်ဆွဲအိ တစ်ခုကို ကိုင်ဆွဲလာ၏။ ထို ဆွဲခရီးဆောင်အိတ်ထဲတွင် ချွေ



www.burmeseclassic.com

www.burmeseclassic.com

ညှိပေးလိုက်သည့် ပိုး ချိတ်များနှင့် သားထည့် ပေးလိုက်သည့် ထိုး မုန့်နှင့် ကတ်ဖက်များက ပြည့် ဖောင်းနေကြသည်။ စိုး အောင်ပင် ရထားတွဲပေါ် သို့ မနည်းပင်ဆွဲ၍ တက်ခဲ့ ရသေးသည်။

ထိုမှ ရန်ကုန် ဘူတာကြီးထဲသို့ ရထား ကြီး ဆိုက်ရောက်လာ သည့်အခါတွင် ပြည့် ဖောင်းနေသော အိတ် လေးကိုဆွဲပြီး ဟမ်းဘတ် အိတ်လေးကိုလွယ်ကာ အထက်တန်းတွဲပေါ်မှ ခရီးသည်များနှင့် ရော ထွေး ဆင်းလာခဲ့လေ သည်။ သို့သော် အထက် တန်းဆင်ဝင်မှ ဘူတာ ပေါ်တက်၍ ခေါ်နေကြ သည့် ညှော်ကြိုများကြောင့် သွား လာရသည်မှာ အဆင်မပြေဖြစ်နေ ပြန်သည်။

"ဟဲ့...ကလေး၊ ငါ့အိတ်ကို ဘာကြောင့် အတင်းလုဆွဲနေရတာ လဲ"

"ကားငှားမယ်မဟုတ်လား၊ လာပါ၊ ကျွန်တော့်နောက်ကိုလိုက် ခဲ့ ဦးလေးအိတ်ကို ကျွန်တော်ကိုင် ပေးပါ့မယ်"



အတင်းအဓမ္မပင် အိတ်ကိုဆွဲ လုပြီး ယူဆောင်သွားသည့်အတွက် ဦးအောင်ပွင့်မှာ ထိုလူ့နောက်သို့ ထက်ကြပ်မကွာ လိုက်ပါနေရလေ ပြီ။ တခြားညှော်ကြိုများမှာလည်း သူ့ထက်ငါ အလုအယက်နှင့် ရထား စီးခရီးသည်များအား ခေါ်ဆောင်နေ ကြသည်မှာ ကြောက်လန့်စရာပင်။

"အစ်မ ကားပေါ်ထိ လိုက်ပို့ ပေးမယ်၊ ဘယ်ကိုသွားမှာ လဲ၊ ဘယ်နှယောက်လဲ"

"မြောက်ဥက္ကလာကို၊ သုံးယောက်နော်"

"ရတယ်၊ ကားဆီ ရောက်မှ ဈေးပြောကြပေါ့ ဗျာ၊ ကျွန်တော် ဘာသယ် ပေးရဦးမလဲ၊ ပေး.....ပေး"

ဦးအောင်ပွင့်၏ရှေ့မှ အမျိုး သမီးသုံးယောက်မှာ အိတ်ကိုစိတ် ချပုံမပေါ်ပေ။

"ရပါတယ်၊ မင်း ရှေ့ ကသာ သွား"

သူတို့လက်ထဲမှ အိတ်များကို မပေးဘဲ တစ်ယောက်တစ်ဖက်စီ ဆွဲကိုင်လာကြလေသည်။ တချို့က ညှော်ကြိုများ၊ အငှားယာဉ်မောင်း များ ကြောင့် စိတ်အနှောင့် အယှက် ဖြစ်ကြရပြန်သည်။

"ဘယ်လိုဖြစ်နေတာလဲရှင့်၊ မငှားဘူးလို့ပြောနေတာ နားမလည် ဘူးလား၊ အိမ်ကကား လာကြိုမှာ ဟေ့၊ သိလား"

"မသိလို့ပါဗျာ၊ တောက်.... မောက်မာလိုက်တာ"

"အမယ်.....နင်တို့ကပဲ ပြော ရတယ်ရှိသေး၊ ခရီးသည်တွေမှာ ကောင်းကောင်းကို လမ်းမလျှောက် ရဘူး၊ ရထားပေါ်က ဆင်းလာ



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက အနောက်ကနေ တကောက်ကောက် လိုက်ပြောနေတာ၊ စိတ်ညစ်ဖို့ကောင်းလိုက်တာနော်"

အမျိုးသမီးမှာ မခံပေ။ ခပ်စွာစွာ ပြန်ပြောလိုက်မှ တခြားသို့ ရောက်သွား၏။

"စည်းကမ်းကိုမရှိဘူး၊ ဒီလို စည်းမဲ့ကမ်းမဲ့လုပ်နေတာ သက်ဆိုင်ရာကို တိုင်ဖို့ကောင်းတယ်"

ရထားဆင်းခရီးသည်များမှာ ရထားပေါ်တွင် ငိုက်မျဉ်းလာကြသည့် မျက်လုံးများမှာ ယခုတော့ဖြင့် ပြူးထွက်လုမတတ်ပါ။ အဘယ်ကြောင့်ဆိုသော်.....

"ဟဲ့.....ငါ့အိတ်ကို ဘယ်သူလုသယ်သွားတာလဲ"

"အငှားကားပေါ် လိုက်တင်ပေးမလို့ပါ အဒေါ်ရာ"

"မလိုပါဘူး၊ ပေး..ပေး၊ ငါက ကားမငှားဘူး သူငယ်ရဲ့၊ လမ်းလျှောက်ရုံနဲ့ အိမ်ကိုရောက်နေတာပါ၊ ဘူတာနားမှာနေတာကွဲ့"

"ဟုတ်လား၊ သိပါဘူးဗျာ"

ခရီးဆောင်အိတ်ကို ပစ်ချကာ လှည့်ပင်မကြည့်တော့ပေ။ တခြားခရီးသည်တစ်ဦးကို အလျင်အမြန်ရှာဖွေပြီး စောစောကအတိုင်း ပြုလုပ်နေပြန်၏။ ဦးအောင်ပွင့်မှာဖြင့် စိတ်ပျက်စရာကောင်းသော ထိုမြင်ကွင်းများအား မျက်တောင်မခတ်ဘဲ ငေးကြည့်နေမိ၏။ သူ့လိုပင် ကြည့်နေသည့် အသက်ငါးဆယ်ခန့် ယောကျ်ားကြီးတစ်ဦး၏ ညည်းတွားသံကိုလည်း ကြားခဲ့ရသေး၏။


"အဲဒါမျိုးတွေ လုပ်နေကြတာ မကောင်းပါဘူးဗျာ၊ ခရီးသည်တွေအတွက် စိတ်အနှောင့်အယှက်ဖြစ်စေတယ်၊ တချို့က ခရီးသည်ရဲ့ ပစ္စည်းကို ကူသယ်သလိုလိုနဲ့ ဆွဲပြေးသွားကြရင် ဘယ့်နှယ်လုပ်မလဲ၊ ယာဉ်မောင်းလိုလို၊ ယာဉ်နောက်လိုက်လိုလို၊ ဧည့်ကြိုလိုလိုနဲ့ ဒုစရိုက်သမားတွေက ရောထွေးအလစ်သုတ်သွားကြရင် မခက်လားဗျာ"

သည်တော့မှ ဦးအောင်ပွင့်လည်း မိမိကို သတိပေးသလိုဖြစ်သွား၍ စောစောက အိတ်ကို ဆွဲကိုင်ထားသည့် ကောင်လေးအား လှည့်ပတ်ရှာဖွေကြည့်မိ၏။ စောစောလေးကပင် အတူတူရပ်နေသည်ကို တွေ့ခဲ့ရသေးသည်။ ယခုတော့ မရှိတော့ပါလား။ သူ့မျက်စိရှေ့မှ ပျောက်ခြင်းမလှ ပျောက်သွားခဲ့ချေပြီ။ သို့ပေမယ့် မျက်ကလဲဆန်ပျာ ဆက်လက်ရှာဖွေနေမိ၏။

"သွားပြီ၊ ကျုပ်အိတ်ကိုသယ်သွားတဲ့အကောင် မရှိတော့ဘူး၊ လက်ဆွဲအိတ်ပါသွားပြီ"

"ဒါဆို လိုက်ရှာလေဗျာ၊ အငှားကားဆီများ ရောက်နေပြီလား"

သူ့နည်းတူ စိတ်ပူစွာဖြင့်ပြော ရှာ၏။ ဦးအောင်ပွင့်မှာ ပခုံးပေါ် ဟမ်းဘတ်အိတ်လေးကိုလွယ်ကာ ဘူတာအပြင်ဘက်သို့ အလျင်အမြ ထွက်ရှာရတော့သည်။ သူ့ခြေလှ များမှာ တက္ကစီကားများဆီသို့ ရောက်သွားပြီး လိုက်ရှာဖွေ



www.burmeseclassic.com

မြန်းကြည့်သော်လည်း အချည်းနှီး
င်။ အငှားယာဉ်များမှာ တစ်စီးပြီး
တစ်စီး ခရီးသည်ကိုယ်စီနှင့်ထွက်
ခွာသွားကြပေမယ့် သူ့မှာဖြင့်
ယောင်ချာချာရှိဆဲပါ။ သူ မည်သို့
လုပ်ရမှန်းပင်မသိတော့ပေ။ နောက်
ဆုံးတော့.....

"ဒီကောင်ကွာ ငါ့အလစ်ကို
အိတ်ကို ယူပြေးသွားတာပဲ၊ လိုက်
ရှာနေလည်း ရှိတော့မှာမှမဟုတ်
တော့တာ၊ ပြန်တာပဲ ကောင်းပါ
တယ်လေ"

မိမိ၏ပစ္စည်းများ ပါမသွားပေ
မယ့် ချွေးမနှင့်သား၏ လက်ဆောင်
လေးများကိုတော့ နှမြောမိသည်။
ဈေးကြီးသော ပိုးချိတ်များအား
မျက်လုံးထဲတွင်
မြင်ယောင်နေသေး၏။

"သားတို့လင်မယားသိရင်
စိတ်ကောင်းမှာမဟုတ်ပါဘူးလေ"

စိတ်ညစ်ညစ်နှင့် ဘူတာအပြင်
သို့ ပြန်ထွက်လာရပြန်၏။ သို့သော်
ဘူတာကြီးအနီးတွင် ရပ်ထားကြ
သော အငှားကားများကိုပင် ငှား
ချင်စိတ် မရှိတော့ပေ။ သည်တော့
သမ္မတအဆောင့်မြင့်ရုပ်ရှင်ရုံဘက်သို့
လျှောက်လာမိ၏။ လမ်းရောက်မှ
ကြုံရာတက္ကစီတစ်စီးအား တားစီး
လိုက်တော့သည်။ ထိုအကြောင်း
များကို သမီးအား အသိပေးပြော
ပြခဲ့သည့်အခါတွင်.....



**စိတ်ညစ်ညစ်နှင့်ဘူတာအပြင်သို့
ပြန်ထွက်လာရပြန်၏။
သို့သော်ဘူတာကြီးအနီးတွင်ရပ်ထားကြသော
အငှားကားများကိုပင်ငှားချင်စိတ်မရှိတော့ပေ။
သည်တော့သမ္မတအဆောင့်မြင့်ရုပ်ရှင်ရုံဘက်သို့
လျှောက်လာမိ၏။ လမ်းရောက်မှ.....**

"ဒါများ ဝမ်းနည်းမနေပါနဲ့
ဖေဖေရယ်၊ ကိုကိုတို့လင်မယား
မေးလာရင် ရပါတယ်လို့ ပြောလိုက်
ပါ့မယ်၊ ရန်ကုန်မှာက ဘယ်နေရာ
သွားသွား သတိရှိမှ ဖေဖေရဲ့၊
ဒုစရိုက်သမားဆိုတာ နေရာတိုင်း
မှာ ရှိနေတတ်ကြတာမျိုးပါ"

ဦးအောင်ပွင့်မှာ တကယ်ပင်
စိတ်ညစ်သွားမိ၏။ ကိုယ့်ကိုယ်ကိုယ်
သွက်လက်ဖျတ်လတ်သူဟု ထင်မိ
ပေမယ့် တကယ်တမ်းကျတော့
စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ပါ
လား။

"ရန်ကုန်ကိုတော့ နောင်ဆို
လာရဲမှာမဟုတ်တော့ပါဘူးကွယ်"

သမီးကနှစ်သိမ့်သလို သမက်
ကလည်း အားပေးရှာ၏။ သူတို့
ကိုယ်တိုင် ဘူတာသို့ လာကြိုပါ့
မယ်ဟု ဆိုသော်လည်း ဦးအောင်
ပွင့်အဖို့ မည်သည့်ပစ္စည်းမျှ ယူ
မလာဝံ့တော့ပေ။

သူ မန္တလေးသို့ ပြန်ရောက်
သည့်နောက် မိတ်ဆွေတစ်ဦး၏
ရင်ဖွင့်သံကို ကြားခဲ့ရပြန်သည်။

"ရန်ကုန်ကို မီးရထားနဲ့သွား
ရင် ဘူတာမှာ သတိထားသွားကြ
ဗျာ၊ အငှားယာဉ်နောက်လိုက်တွေ၊
ညှိကြိုခေါ်သူတွေက အလု
အယက်နဲ့ အတင်းကို တိုးဝှေ့ခေါ်
နေကြတာဗျာ၊ ခရီးသည်တွေ
အတွက် စိတ်အနှောင့်အယှက်ဖြစ်
စရာပါပဲ၊ လက်ထဲကအိတ်ကို
ဘယ် သူ ဆွဲလုသွားမှန်းတောင်
မသိ လိုက်ဘူးလေ၊ ကားပေါ်က



www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်း တွေချမှပဲ အိတ်တစ်လုံးပါ မလာမှန်း သိရတော့တယ်''

''ဒါဆို ယာဉ်မောင်းမှာ တာဝန်ရှိတာပဲ၊ သူ့ကို ခင်ဗျားက မမေးမိဘူးလား''

''မေးပါတယ်ဗျာ၊ အဲဒီယာဉ်မောင်းကလည်း ဒီနေ့မှ ဘူတာကို ခရီးသည်လာပို့တဲ့သူပါတဲ့၊ သူတို့ကို ဝန်ဆောင်ခပေးပြီး လူရှာခိုင်းခဲ့လို့ မမှတ်မိဘူးတဲ့လေ''

သက်ဆိုင်ရာသို့ မတိုင်၍များ ထိုဒုစရိုက်သမားများမှာ အတင့်ရဲနေကြပြီလား မသိပေ။ မိမိတို့နည်းတူ အလစ်ဆွဲခြင်းကို ခံရသူများ မည်မျှ ရှိနေကြဦးမည်နည်း။ ကိုယ်ချင်းစာကြည့်မိ၏။

မန္တလေးရထားကြီးပေါ်တွင် တစ်ချိန်လုံး ညောင်းညာနွမ်းနယ်စွာဖြင့် လိုက်ပါလာကြသည့် ရထားစီးခရီးသည်များမှာ ရထားပေါ်မှဆင်းကြသည်နှင့် စိတ်အေးလက်အေး သွားလာချင်ကြမည်ပင်။ ထို့ကြောင့် ရထားဆင်းခရီးသည်များ စိတ်အနှောင့်အယှက် မဖြစ်စေရေးအတွက် သက်ဆိုင်ရာက တားမြစ်သင့်သည်ဟု ဦးအောင်ပွင့် တွေးမိလေသည်။

♛ ♛ ♛ ♛ ♛

ဦးအောင်ပွင့်သည် ရထားပေါ်တွင် စီးနင်းလိုက်ပါလာရင်း ခရီးသည်များ ကြုံတွေ့နေရသော အခက်အခဲများအား တွေးကြည့်မိသေး၏။ တချို့က ခရီးသည်အချင်းချင်း စိတ်အနှောင့်အယှက်ပေးတတ်သည်လည်း ရှိကြသည်။ လွန်ခဲ့သော သုံးနှစ်ကျော်ခန့်က အဖြစ်တစ်ခုအား သတိရသေး၏။

ထိုအချိန်က အမျိုးသမီးတစ်ဦးသည် အဖော်မပါ တစ်ဦးတည်း ခရီးထွက်လာခဲ့၏။ သူ့တွင် ဝတ်ထားသော ရွှေထည်ပစ္စည်းများက မနည်းပေ။ ထိုအမျိုးသမီးက သူနှင့် အတူထိုင်နေသော အမျိုးသားနှင့် ရင်းနှီးသွား၏။ သည်တော့ စားကြ၊ သောက်ကြနှင့် စကားပြောလာကြရာ ပတ်ဝန်းကျင်က သူတို့နှစ်ဦးအား မိတ်ဆွေများဟုပင် ထင်မှတ်လိုက်ကြသည်။

တစ်ညလုံး ခုတ်မောင်းနေသော ရထားပေါ်တွင် စီးနင်းလိုက်ပါလာသူများမှာ ငိုက်မျဉ်းလိုက်၊ အိပ်ပျော်လိုက်နှင့် ဦးအောင်ပွင့်ကိုယ်တိုင်လည်း အများနည်းတူ အိပ်ပျော်သွား၏။

''ဩော်.....ညက လက်ဖက်သုပ်စားပြီး မျက်စိမကျယ်ရဘဲနဲ့ အိပ်နေလိုက်ကြတာနော်''

ဦးအောင်ပွင့်နှင့်အတူထိုင်နေသော အမျိုးသမီးလေးမှာ အိပ်လျက်လိုက်ပါလာသလို အဖော်မပါ

**ပဲခူးဘူတာသို့
ရထားရပ်ပြီးသည့်နောက်
လမ်းတစ်လျှောက်လုံးတွင်
ထိုအမျိုးသားက
လိုက်ပါမလာတော့ပေ။
ဆင်းသွားပုံရ၏။
ရန်ကုန်ဝင်ချိန်နီးတော့မှ
ထိုအမျိုးသမီးက
နိုးလာ၏။
နိုးသည်နှင့်.....**

သည့် အမျိုးသမီးမှာလည်း အိပ်နေဆဲပင်။ ထိုအမျိုးသမီးဘေးမှ အမျိုးသားအား မတွေ့ရတော့ပါ။ အပေါ့အပါးထသွားသည်ဟုသာ ထင်မှတ်မိ၏။

ပဲခူးဘူတာသို့ ရထားရပ်ပြီးသည့်နောက် လမ်းတစ်လျှောက်လုံးတွင် ထိုအမျိုးသားက လိုက်ပါမလာတော့ပေ။ ဆင်းသွားပုံရ၏။ ရန်ကုန်ဝင်ချိန်နီးတော့မှ ထိုအမျိုးသမီးက နိုးလာ၏။ နိုးသည်နှင့်.....

''ဟင်.....ကျွန်မအိတ် မရှိတော့ဘူး၊ ဟာ.....ကျွန်မဝတ်ထားတဲ့ပစ္စည်းတွေပါ မရှိတော့ပါလား၊ လုပ်ကြပါဦးရှင်၊ ကျွန်မဘေးမှာ ထိုင်တဲ့လူကို ရှာပေးကြပါဦး''

''အဲဒီလူလား၊ ပဲခူးမှာ ဆင်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ရစ်ခဲ့ပြီကွယ်''

''ရှင်...ဟုတ်ပါပြီ၊ ကျွန်မကို အချိုရည်ထဲ အိပ်ဆေးခတ်တိုက်ပြီး ပစ္စည်းတွေ ဖြုတ်သွားခဲ့တာပဲ၊ ကုန်ပါပြီတော်၊ ကုန်ပါပြီ၊ အီး...ဟီး... ဟီး.....ဟီး''

ကျောချမှ ဓားပြမှန်းသိခဲ့ရသည့်အဖြစ်ပင်။ သူတစ်ပါးအား ယုံကြည်မိခြင်းအပြစ်က မိမိ၏ ဥစ္စာပစ္စည်း ဆုံးရှုံးခံလိုက်ရခြင်းပဲဖြစ်သည်။ စိတ်ဆင်းရဲခြင်း သောကအစုစုအပြင် အရှက်တရားပါ ပြိုင်တူခံစားရ၏။ ရထားတွဲစောင့်များက ခရီးသည်များ၏ အသက်အန္တရာယ် လုံခြုံရေးသာအဓိကဖြစ်ရာ ပစ္စည်းပျောက်ခြင်းက ခရီးသည်တိုင်း၏ တာဝန်သာဖြစ်နေသည်။

တချို့လည်း ရှိကြသေးသည်။ ကိုယ့်ပစ္စည်းလိုလိုနှင့် ဆွဲယူသွားခြင်းမျိုးများ၊ စားသောက်စရာအထုပ်များနှင့် လက်ဆောင်ပေးမည့် မုန့်ထုပ်များအား ခပ်တည်တည် ယူချသွားခြင်းမျိုးလည်း ရှိကြ၏။ သည်တော့ ကိုယ့်ပစ္စည်းကို ကိုယ် လုံခြုံအောင်ထိန်းသိမ်းလျှင် ပါနိုင်စရာအကြောင်းမရှိပြန်ပေ။

''ဟောတော်....ဒီအပေါ်တင်ထားတဲ့ မုန့်ထုပ်တွေ မရှိတော့ပါလား၊ ဘယ်သူများယူသွားလဲဟေ့''

''ဒီမှာ...ဒီမှာ၊ မှားယူမိတာနော်၊ ဒါဟုတ်တယ်လား''

''အမယ်လေးအေ.....ပျောက်သွားရင်တော့ ဒုက္ခပဲ၊ သမီးက သူ့ဆရာမတွေအတွက် မန္တလေးအပြန် ထိုးမုန့်လက်ဆောင်ပေးဖို့ ဝယ်လာရတာပါကွယ်၊ ပါမလာရင် စိတ်ကောက်မှာအေ့''

တစ်နေရာက တွေ့ပြန်တော့လည်း နောက်တစ်ယောက်က တစ်မျိုးပါ။


''ပြန်ရောင်းဖို့ဝယ်လာတဲ့ မန္တလေးဖိနပ်စည်း မရှိတော့ဘူး၊ ဟိုဥစ္စာမဟုတ်လား''

''အဲဒါ ကျွန်မပစ္စည်းပါ အဒေါ်ရဲ့၊ အဒေါ့်ဟာ မဟုတ်ဘူး''

''ဒါဆို ဘာတံဆိပ်လဲ ပြောလေ၊ ညည်းပစ္စည်းပါဆိုရင် မှန်အောင်ပြောနိုင်ရမှာပေါ့''

ငြင်းသောအမျိုးသမီးက ပါးစပ်ထဲတွေ့ရာတံဆိပ်ကို ပြောချလိုက်ပုံရ၏။ မမှန်သည့်အတွက် ပျောက်သောအမျိုးသမီးက ပစ္စည်းရှင်ဖြစ်နေသည်။

''တွေ့လား၊ ကျုပ်ပြောတဲ့ တံဆိပ်၊ ညည်းဟာမဟုတ်တာ သေချာပြီနော်၊ ပေး... ကျုပ်ဖိနပ်စည်း''





www.burmeseclassic.com

www.burmeseclassic.com



"ဟယ်တော်...ဒါဆို ကျွန်မ ဖိနပ်စည်းက ဘယ်ရောက်နေလို့လဲ"

"ရှာကြည့်ပေါ့၊ ရထားပေါ်တင်ကတည်းက ပါမလာတာလား၊ ပစ္စည်းချင်း မှားနေတာလား၊ ရှာကြည့်လေ"

"ဟင်း...ပျောက်သွားလည်း လှူတယ်လို့ပဲ သဘောထားလိုက်တော့မယ်၊ မရှာတော့ပါဘူး"

အချောင်မရသည့်နောက် ထိုသို့ပင် ပြောတော့ပေမည်။ ကြားရသူတိုင်းက ပြုံးစိစိဖြင့် သဘောပေါက်သွားကြ၏။ သည်တော့ လူအမျိုးမျိုး၊ ပြဿနာ အစုံစုံဖြင့် ရထားကြီးမှာ လိုရာခရီးသို့ ပို့ဆောင်ပေးနေသည်။

"ရန်ကုန်မှာ ပြန်ဆုံကြမယ်နော် ညီမ"

"ဟုတ်ကဲ့ရှင့်၊ ဖုန်းဆက်လိုက်လေ၊ အစ်ကို့ဖုန်းလည်း ပေးထားခဲ့ဦး"

တချို့က ခရီးသွားရင်း ခင်မင်ရင်းနှီးမှုရသွားကြ၏။ ရိုးရိုးသားသား ခင်မင်သူရှိသလို မရိုးသားစိတ်ဖြင့် ရင်းနှီးလိုသူများလည်း ရှိကြသေးသည်။ ရိုးသားသူများက အပြန်အလှန် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ပေးထားခဲ့ပေမယ့် မရိုးသားသူအဖို့.....

"အစ်ကို ဖုန်းဆက်လိုက်မယ်လေ၊ လိပ်စာတော့ ယူမနေပါနဲ့ကွာ၊ ဖုန်းရှိနေမှ မလိုတော့ပါဘူး"

"ဩော်.....အစ်ကို့အိမ်ကို လာလည်မှာစိုးလို့လား၊ ဒါနဲ့ အိမ်ထောင်မရှိဘူးဆို"



"ဟိုလေ...အဲ...အဲ အစ်မတစ်ယောက်တော့ရှိတယ်၊ ဆူမှာစိုးလို့ပါ"

မိန်းကလေးက သဘောပေါက်သွား၏။ သူ့ကိုယ်သူ လူပျိုဟု ကြွေးကြော်ပြီးမှ မိန်းမသိမည်ကို ကြောက်နေပုံရသည်။ သည်တော့ ဆက်လက်ရင်းနှီးချင်စိတ် မရှိတော့၍ မိန်းကလေးက ရှောင်သွား၏။

ဤသည်ကို နားမလည်သေးဘဲ အတင်းပင် လိုက်ခေါ်နေပြန်သည်။

"ညီမ ကား ငှားရင် အတူတူ ငှားစီးကြမယ်လေ၊ ဒါမှ ညီမရဲ့အိမ်ကို သိရမှာပေါ့နော်"

"သိတော့ရော ရှင်က ဘာလုပ်ဦးမှာလဲ၊ ကျွန်မမှာလည်း အစ်ကိုရှိတယ်၊ သူက ဘယ်ယောကျ်ား ညှော်သည်မှ လာတာ မကြိုက်ဘူးရှင့်"

မိန်းကလေးက အနိုင်နှင့်ပိုင်း၍ ဆောင့်ဆောင့်အောင့်အောင့် လျှောက်သွားသည်။ ဦးအောင်ပွင့်က ကျိတ်ပြုံးရင်း ကျန်ရစ်ခဲ့သည့် အမျိုးသားအား လှမ်းကြည့်လိုက်၏။ နွေရာသီဆိုလျှင် အနယ်နယ်အရပ်ရပ်သို့ ခရီးသွားလာကြရာ လေဆိပ်၊ ဘူတာရုံ၊ အဝေးပြေးကားဂိတ် စသည့်နေရာတိုင်း ခရီးသွားများက အပြည့်ပင်။

ခရီးသွားလာရင်း ချစ်သူတွေ့ကြ၊ ရန်သူဖြစ်ကြနှင့် သတ္တလောကကြီးတွင် လောဘ၊ ဒေါသနှင့် မကောင်းသမျှ ပြဿနာများစွာ တွေ့ရပါလိမ့်မည်။ လောဘကြောင့် ဒေါသဖြစ်ကြ၍ အချင်းချင်း ရိုက်



www.burmeseclassic.com

www.burmeseclassic.com

နက်အငြင်းပွားမှုများအား မတွေ့မမြင်ချင်ပါ။

တက္ကစီယာဥ်မောင်းအချင်းချင်းလည်း ခရီးသည်လုတင်ရင်း ဒေါသဖြစ်ကြ၏။ လောဘအများကြောင့်ဆိုက မမှားပေ။

“ခင်ဗျားက ကျုပ်ခရီးသည်ကို ဘာလို့လုတာလဲဗျ”

“ဟ.....ခရီးသည်က သူကြိုက်တဲ့ယာဥ်ကို စီးမှာပဲ၊ မင်းက မတန်တဆတောင်းတော့ သူက ဘယ်စီးပါ့မလဲ”

အသက်ကြီးသောယာဥ်မောင်းက အသက်ငယ်ရွယ်သော ယာဥ်မောင်းအား ရှင်းပြသော်လည်း လက်မခံပေ။

“ဒါ ခင်ဗျားကြီး သက်သက်လုဝါးဝတာပဲ၊ သတ္တိရှိရင် ထွက်ခဲ့”

သူ့ဖခင်အရွယ်လောက်ကြီးအပေါ် စိန်ခေါ်နေရာ ဒေါသနှင့်မကင်းသည့် လူသားများအဖို့ လက် တုံ့ပြန်မိကြ၏။

“တော်ကြပါဗျာ၊ ခရီးသွားလို့ စိတ်ပင်ပန်းရတဲ့အထဲ ခင်ဗျားတို့က တစ်မျိုး၊ ကဲ.....ပြောမရလည်း မစီးတော့ဘူးဗျာ၊ သွားမယ်”

ခရီးသည်အား မလေးစားသည့်နောက် ခရီးသည်လည်း စိတ်ညစ်၍ ကားပေါ်မှဆင်းသွား၏။ သည်တော့ တုတ်၊ ဓားကိုယ်စီဖြင့် ခြေရှင်းကြရာမှ နောက်ဆုံးတွင် ဓားထိုးမှုဖြင့် ဆေးရုံရောက်၊ ရဲစခန်းသို့ ရောက်ကြရတော့သည်။ ကိုယ့်ဘဝအား ထောင်လမ်းသို့ ပို့ဆောင်လိုက်သည့် သဘောမျိုးဖြစ်သွား၏။

သည်တော့ စည်းကမ်းကို လိုက်နာမှုမရှိလျှင် ထိုအဖြစ်မျိုးတွေကြုံကြရပေမည်။ မိမိအား မှီခိုသူများ ဒုက္ခရောက်ရမည့်အပြင် ကိုယ့်ဘဝတွင်လည်း အမည်းစက်တစ်ခု စွန်းထင်းသွားရမည်ဖြစ်၏။

♛ ♛ ♛ ♛ ♛

“ဟော....ရန်ကုန်ဘူတာကြီးထဲကို ဝင်လာပြီ၊ ပစ္စည်းတွေသိမ်းကြတော့ဟေ့”

ထိုအသံမှာ ဦးအောင်ပွင့်အား လှုပ်နှိုးသတိပေးလိုက်သလိုပင်။ သူ့တွင် သိမ်းဆည်းရန် ပခုံးလွယ်ဟမ်းဘက်အိတ်လေးသာ ပါလာ၍ အေးအေးဆေးဆေးပင်ဖြစ်သည်။ ရထားပေါ်မှ ယောက်ယက်ခတ်နေသော ခရီးသည်အချို့ကို ကြည့်နေမိ၏။ သူ့တွင် ဝန်ထုပ်ဝန်ပိုး ပါမလာ၍ စိတ်လက်ပေါ့ပါးနေသော်လည်း ရန်ကုန်ဘူတာကြီးထဲသို့ ရောက်မည့်အရေး စိတ်လေးနေမိပြန်သည်။

မကြာမီတွင် ရန်ကုန်ဘူတာကြီးထဲသို့ မန္တလေးရထားကြီး ဆိုက်ရောက်လာချေပြီ။ ရထားပေါ်မှ လေးတွဲ့သော ခြေလှမ်းများဖြင့် ဆင်းလာသည့်နောက် အထက်တန်းတွဲရှိရာ ဆင်ဝင်တွင် ရထားဆင်းခရီးသည်များမှအပ မည်သည့်ဧည့်ကြိုများ၊ ယာဥ်နောက်လိုက်များ၊ ယာဥ်မောင်းသူများကိုမျှ မတွေ့ရတော့ပေ။ ဤသို့ပြောင်းလဲသွားခြင်းအတွက် ဦးအောင်ပွင့်အဖို့ဝမ်းသာသွားရ၏။

ထို့နောက် ဘူတာအပြင်သို့ ဆက်လျှောက်လာရာ သက်ဆိုင်ရာ မြန်မာ့မီးရထား ပြန်ကြားရေးစခန်းမှလည်း အငှားယာဥ်မောင်းများနှင့် ယာဥ်နောက်လိုက်များကို ဘူတာအတွင်းသို့ ခရီးသည် ဝင်ရောက်ခေါ်ယူခြင်းမပြုရန် တားမြစ်နေသည့်အသံများအား အသံချဲ့စက်မှ သတိပေးနေခြင်းကို ကြားနေရပြန်သည်။ ထိုမျှသာ မကသေးပေ။ ဘူတာကြီး၏ အဝင်ဝနေရာများတွင်လည်း ထိုစည်းကမ်းချက်များကို ဖော်ပြထားသည်ကို တွေ့ရသည့်အပြင် ရန်ကုန်ဘူတာကြီးရှိ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ လက်ကမ်းစာစောင်ငယ်များကို ယာဥ်ဝင်ထွက်ဂိတ်များ၌ ဝေငှနေသည်ကိုပါ တွေ့ရှိခဲ့ရလေသည်။

“ကောင်းတယ်ဗျာ၊ လိုက်နာခြင်းမရှိရင် တရားဥပဒေအရ ထိရောက်စွာ အရေးယူမယ်တဲ့၊ မြန်မာ့မီးရထားက ဝန်ထမ်းတွေ ကျေး



www.burmeseclassic.com

www.burmeseclassic.com



ဖူးတင်လိုက်တာဗျာ''

အမျိုးသားကြီးတစ်ယောက်က ပြောခဲ့ခြင်းဖြစ်သည်။ သူလည်း ဦးအောင်ပွင့်ကဲ့သို့ ခံစားခဲ့ရသူလား မသိပေ။ သူ့ရင်တွင်းမှဆန္ဒအား ထုတ်ဖော်ပြောလိုက်သည့် အသံကို ကြားလိုက်ရ၏။ ထိုအမျိုးသားကြီးအား အပြုံးဖြင့် ထောက်ခံပြီးနောက် စိတ်ချမ်းသာစွာဖြင့် ဆက်လျှောက် လာမိသည်။

နိုင်ငံတစ်နိုင်ငံတွင် တရားဥပဒေသည် အရေးပါကြောင်း ဦးအောင်ပွင့် နားလည်လိုက်လေပြီ။ တရားဥပဒေမရှိလျှင် စည်းကမ်းမဲ့ စရိုက်များ၊ ခိုးဆိုးလုယက် သတ်ဖြတ်မှုများ စသည့် မကောင်းမှု ဒုစရိုက်များကို အနိုင်အထက်ပြု လုပ်လာကြမည်ပင်။ ထို့ကြောင့် နိုင်ငံသားတိုင်းသည် တရားဥပဒေကို လေးစားလိုက်နာပြီး စည်းကမ်းရှိကြလျှင်ဖြင့် လူ့ပတ်ဝန်းကျင်တွင် စိတ်ချမ်းသာ၊ ပျော်ရွှင်ကြမည်မှာ အမှန်ပင်ဖြစ်ပေလိမ့်မည်။

ဦးအောင်ပွင့်မှာ ရန်ကုန်ဘူတာကြီးထဲမှ ထွက်လာသည်နှင့် စည်းကမ်းတကျ ရပ်တန့်ထားသော အငှားယာဉ်များကြောင့် ကျေနပ် ပီတိဖြစ်ရပြန်၏။

"ဦးလေး ကားငှားမှာလားခင်ဗျာ"

"အေး.....ရန်ကင်းကိုကွာ"

မွန်မွန်ရည်ရည် အငှားယာဉ်မောင်းလေးကြောင့် ထပ်ဆင့်ပီတိဖြစ်ရလေပြီ။ ကားခဈေးပြောပြီးသည်နှင့် ဦးအောင်ပွင့်သည် ကားတံခါးကို ဖွင့်ပေးလာသည့် ရှေ့ခန်းတွင် ဝင်ထိုင်လိုက်လေသည်။ ကားစက်နိုးနေစဉ် သူ့လိုပင် အခြားရထားဆင်းခရီးသည်များမှာလည်း အငှားကားများပေါ်သို့ စိတ်ချမ်းသာစွာ လိုက်ပါသွားကြသည်ကို တွေ့ရပြန်၏။



"ဩော်.....အရင်ကသာ ဒီလို စည်းကမ်းလေးတွေ ရှိကြရင် ဘယ်လောက်ကောင်းလိုက်မလဲကွာ"

"ခင်ဗျာ....."

ယာဉ်မောင်းသူမှာ ဦးအောင်ပွင့်၏စကားကို နားမလည်ဖြစ်နေရှာ၍ ရှင်းပြရပေပြီ။

"ဒီလိုကွ၊ မင်းတို့ ယာဉ်မောင်းသူတွေ၊ ယာဉ်နောက်လိုက်တွေနဲ့ ဧည့်ကြိုတွေဟာ အခုလို စည်းကမ်းတကျနဲ့ ခရီးသည်တွေကို ကြိုဆိုကြရင် သိပ် ကောင်းမှာပဲလို့ တွေးမိ လို့ပါကွာ၊ နေရာတိုင်းမှာ ဒီလိုပဲ စည်းကမ်းလေး တွေရှိစေချင်ကြတယ်၊ ဒါမှ နိုင်ငံကြီးသား ပီသမှာပေါ့ကွာ"

ထိုစကားလေးကြောင့် ယာဉ်မောင်းသူမှာ ဦးအောင်ပွင့်ထံလှည့်၍ ပြုံးပြခြင်းဖြင့် ကျေနပ်စွာ ထောက်ခံလေသည်။ ထို့နောက် အငှားကားလေးကို အောင်ဆန်းအားကစားကွင်းဘက်သို့ချိုးကွေ့လိုက်ပြီး ခပ်မှန်မှန်မောင်းထွက်လာခဲ့၏။ ညင်သာစွာ မောင်းနှင်နေသော ကားလေးပေါ်မှ ဦးအောင်ပွင့်တစ်ယောက်မှာ စိတ်ချမ်းသာစွာဖြင့် အငှားကားလေး၏ ခေါ်ဆောင်ရာဆီသို့ လိုက်ပါခဲ့ရလေပြီ။

**လေးစားစွာဖြင့်**

**နွေအလွမ်း**



www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com

ကိုရွှေသိမ်းဒေး

# ဝိုဝမ်းပေးပြုံးခြင်း

# သည်းခံပါ





www.burmeseclassic.com

www.burmeseclassic.com



## စုံစမ်းမေးမြန်းခြင်းသည်းခံပါ



ကိုရွှေသိမ်းအေး
(ငါးသိုင်းချောင်း)

ဘဝကံ ခေရသူ သာမက အချစ်ကံပါ ခေရသော်လည်း ကျွန်တော်သည် 'မေလေး'ကို အပြစ်မဆိုချင်။ ကျွန်တော့်ဘဝက သန်းခေါင်ထက် ညဉ့်မနက်တော့။

အတိတ်ကံမွဲခဲ့၍ ငယ်စဉ်ကပင် မိဘနှစ်ပါး ကွဲခဲ့ရသည်။ တစ်ကောင်ကြွက်၊ တစ်မျက်နှာ အထီးကျန်ဘဝမို့လည်း ကျွန်တော့်ကို မေလေး ကရုဏာသက်ဝင် ချစ်ခင်လာလေသလား။

♛♛♛♛♛

ကျွန်တော်နှင့်မေလေးသည် ငါးသိုင်းချောင်းမြို့၊ အထက်တန်းကျောင်းကြီးမှာ ဆုံစည်းခဲ့ကြသည်။ (၁၀)တန်းကျောင်းသားဘဝဖြင့် တစ်ခန်းတည်းသာမက အတန်းချင်းကသည်း ရှေ့နောက်ကပ်နေပါသည်။ သို့ဖြစ်၍ ခင်မင်ရင်းနှီးခွင့်တွေ ပိုရလာသည်။ ဘဝချင်းလည်း နားလည်ခဲ့ကြလေသည်။

မေလေးသည် မိခင်မရှိတော့သော်လည်း ဖခင်ရှိသည်၊ ညီအစ်ကို မောင်နှမတစ်တွေဖြင့် မိသားစုနွေးထွေးမှုရှိသည်။ ကျွန်တော့်ဘဝကမူ ကံအကြောင်းမလှ၍ ငယ်စဉ်ကပင် မိဘနှစ်ပါး ကွဲကွာခဲ့ကြသည်။ ကျွန်တော့်ဘဝသည်လည်း နွေဦးမှာ လေရူးနဲ့အတူ လွင့်ပါပြေးလွှားရတဲ့ ရွက်ဝါပမာ ဦးတည်ရာမဲ့ခဲ့ရသည်။ လှိုင်းပုတ်ရာ လွင့်မျောနေရတဲ့ ဗေဒါပမာ ခိုကိုးရာမဲ့ခဲ့ပါသည်။ "သောင်မတင် ရေမကျ" ကြီးပြင်းခဲ့ရပါသည်။ ကမ်းခြေမဲ့ခဲ့ရရှာ၏။ ကျောင်းသားဘဝတွင် ဘကြီးအိမ်နေလိုက်၊ အမျိုးအိမ် နေလိုက်နှင့် လက်ခံကျောင်းထားသူရှိရာ နေခဲ့ရသည်။ (၁၀)တန်းရောက်သောအခါ ဒေါ်လေးက ဥယျာဉ်ခြံမြေထဲတွင် အလုပ်လုပ်ရင်း ပညာသင်ရန် ကျောင်းထားပေးလေ၏။

မေလေးသည် ကျွန်တော့်ဘဝထဲကို ထဲထဲဝင်ဝင် သိမြင်လာသည်နှင့်အမျှ စာနာမှုလေးတွေ၊ ကူ ညီမှုလေးတွေ ပြုလာခဲ့သည်။ ချို့တဲ့နွမ်းပါးစွာ ပညာသင်ကြားရသော ကျွန်တော်သည် ကျောင်းစာအုပ် ပြည့်စုံရေးပင် အနိုင်နိုင်၊ ကျူရှင်တက်ရန်နှင့် အထူးထုတ်စာအုပ် ဝယ်နိုင်ရေး အလှမ်းဝေးလှပေ၏။ မေလေးသည် ကျွန်တော် မတောင်းဆိုရဘဲ အထူးထုတ်စာအုပ်များကို ငှားရမ်းကာ အကူအညီပေးခဲ့၏။ အခက်အခဲမှန်သမျှကိုလည်း ကျွန်တော့်အား ကူညီဖြေရှင်းပေးလေ့ရှိသည်။

ပထမအစမ်းစာမေးပွဲတွင် ကျွန်တော် အင်္ဂလိပ်စာရှုံးသောအခါတွင် မေလေးသည် ချက်ချင်းပင် စီမံချက်များ ရေးဆွဲပါတော့သည်။ ပြဋ္ဌာန်းစာအုပ်မှ အင်္ဂလိပ်မီးနင်းလေးတွေကို တစ်နေ့ငါးမျိုးကျက်ခိုင်းသည်။ ကျောင်းရောက်လျှင် မေလေးထံတွင် အလွတ်ဆိုပြရသည်။ တစ်နေ့ မီးနင်းငါးမျိုးဖြင့် ရက်တွေ၊ လတွေ ကြာလာသောအခါ မီးနင်းတွေ အများကြီးရမည်ဟုဆိုပါသည်။ အချိုင်သူမနှ

www.burmeseclassic.com



၏ အင်္ဂလိပ်စာအုပ်၊ အက်ဆေးရေးနည်း၊ ပေးစာရေးနည်း၊ ဝါကျတည်ဆောက်ပုံရေးနည်းစာအုပ်ကို ပေးခဲ့သည်။ ထိုစာအုပ်မှာ လွယ်ကူရှင်းလင်းစွာ ရေးသားထားသဖြင့် ကျွန်တော့်အတွက် အလွန်အထောက်အကူပြုလှပေသည်။

သို့ဖြစ်၍ မေလေး၏ ကျေးဇူးဖြင့် အင်္ဂလိပ် မီးနင်းများရလာသည်။ အင်္ဂလိပ်စာသင်ခန်းစာများ နားလည်လာသည်၊ အက်ဆေးများနှင့် ဝါကျများကိုလည်း တည်ဆောက်၍ ရေးတတ်လာသည်။

မေလေးသည် ပညာရေးသာမက ကျွန်တော့်ဘဝ၏ အထီးကျန်ဆန်မှု၊ အားငယ်မှုတွေကိုလည်း ကြင်နာစွာ နွေးထွေးအားပေးလျက်ရှိသည်။ ကျွန်တော်က လမ်းလျှောက်ရင်း ဘဝကို သိမ်ငယ်စွာ ခေါင်းကြီးငိုက်စိုက်ဖြင့် သွားလေ့ရှိသည်။ ထိုအခါ မေလေးက.....

"ယောကျ်ားဆိုတာ ခေါင်းကြီးငုံ့မသွားရဘူး၊ ရင်ကိုကော့၊ ခေါင်းကို မတ်မတ်ထားသွားရတယ်၊ ဘဝ ကို အရှုံးပေးအားငယ်စိတ် မမွေးပါ နဲ့၊ ဘဝဆိုတာ တိုက်ပွဲပဲ၊ ရဲရဲတိုက် စမ်းပါ ကိုရဲ့"စသဖြင့် အားပေး စကားများ ပြောခဲ့သည်။

ကျွန်တော့်ဘဝသည် တစ်ကောင်ကြွက်၊ တစ်မျက်နှာ အထီး



ကျန်ဆန်လှသည်။ သစ်ခြောက်ပင်လို စိမ်းလန်းစိုပြည်မှု ကင်းမဲ့လှသည်။ ကုန်းမအိုလို ခန်းခြောက်လှပေသည်။ စမ်းရေပမာ မိဘမေတ္တာနှင့်လည်း ဝေးခဲ့ရသူဖြစ်၍ မေလေးသည်သာ ကျွန်တော့်ဘဝအမှောင်မှာ လရောင်ပမာ ဖြစ်နေပါတော့သည်။ ကျွန်တော့်ဘဝရဲ့ သဲကန္တာရမှာ ပထမဦးဆုံး စတွေ့ခဲ့ရတဲ့ 'အိုအေစစ်'လေး ပမာပင်။

မေလေးသည်သာ ကျွန်တော့်ဘဝရဲ့ အင်အားတစ်ရပ်ပင်။

သို့ဖြစ်၍ ကျောင်းပိတ်ရက်လေးများသည် ရေဝေးသည့် ကြာ ပမာလို ခြောက်သွေ့နွမ်းလျလှ၏။ မေလေးနှင့်ဝေးမှ ကျွန်တော့်ရင်မှာ မည်မျှအထိ စိုးမိုးနေပြီဟု နားလည်ခဲ့ရ၏။ ညအမှောင်မှာ လရောင် ပျောက်သည့်နှယ် ခံစားရပေ၏။

နွေအကြောင်းကို ဥသြငှက်ကလေးတွေ သိသလို ကျွန်တော့် ဘဝကိုလည်း မေလေးသိ၏။

ပိတုန်းနှင့် လိပ်ပြာအကြောင်းကို ပန်းလေးတွေသိသလို ကျွန်တော့်ရင်ထဲက ချစ် အားငယ်မှုလေးတွေကို မေလေးလည်း သိနေခဲ့သည်။ ထို့ကြောင့်လည်း နှစ်ဦးလုံး ရဲ့ရင်မှာ သံယောဇဉ်နှောင်ကြိုးများက တစ်စတစ်စ ရစ်ချည်လို့နေပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ငါးသိုင်းချောင်းမြို့၏ တန်ဆောင်တိုင်မီးထွန်းပွဲတော်မှာ မီးရောင်စုံတို့ဖြင့် သာယာလှပနေ၏။ ပျော်ပွဲရွှင်ပွဲ၊ စတိတ်ချ်ရှိုးပွဲများကလည်း မြိုင်ဆိုင်လျက်ရှိ၏။ တန်ဆောင်မုန်းလပြည့်ည၏ ငွေလမင်းကြီးသည် ပြည့်ပြည့်ဝဝ ထွန်းလင်းတောက်ပနေလေသည်။ ပရိသတ်များကလည်း ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိနေသည်။ ကျွန်တော်သည် စတိတ်ချ်ရှိုးပွဲတွင် မေလေးအား တိုးဝှေ့ရှာဖွေနေမိသည်။

မေလေးကို ကျွန်တော် ချစ်သည်။ ချစ်တဲ့စိတ်ကို မျိုသိပ်ထားရသည်မှာ အလွန်ပင် ပင်ပန်းလွန်းလှပေသည်။ ထိန်းသိမ်းနိုင်စွမ်းငှာ မတတ်သာတော့ပေ။ သို့ဖြစ်၍ ဒီနေ့တွင် မေလေးအား ချစ်ခွင့်ပန်သည့်စာလေးတစ်စောင် ပေးဖြစ်အောင်ပေးမည်ဟု ဆုံးဖြတ်ထားသည်။

**မေလေးက ကျွန်တော့်အား ရွှန်းလဲ့တောက်ပသော မျက်လုံးများဖြင့် နှစ်လိုဖွယ်ကြည့်နေခဲ့သည်။ ကျွန်တော်သည် ရင်ကိုဖိထားမိသည်။ ရင်တွေ တဒိတ်ဒိတ်ခုန်နေသည်။ အချစ်ဆိုသည်မှာ ကျွန်တော့်အတွက် မေလေးနဲ့တွေ့မှ ပထမဦးဆုံး....**

ကျွန်တော်သည် စတိတ်ချ်ရှိုးစင်၏ ရှေ့ထောင့်တစ်နေရာတွင် မေလေးကို တွေ့လိုက်ရသည်။ အင်္ကျီဖက်ဖူးရောင် အစိမ်းနုလေးဖြင့် လပြည့်ည၏ အလင်းရောင်အောက်တွင် ပြုံးရွှင်စွာ ကျွန်တော့်ကို လှမ်းမြင်နေသည်။ ရိုးရှင်းစွာ လှပနေသော မေလေး၏မျက်နှာမှာ ပြုံးလိုက်သောအခါ ပါးချိုင့်လေးက လမင်းနှင့်အပြိုင် လှပလျက်ရှိချေ၏။

မေလေးက ကျွန်တော့်အား ရွှန်းလဲ့တောက်ပသော မျက်လုံးများဖြင့် နှစ်လိုဖွယ် ကြည့်နေခဲ့သည်။ ကျွန်တော်သည် ရင်ကိုဖိထားမိသည်။ ရင်တွေ တဒိတ်ဒိတ်ခုန်နေသည်။ အချစ်ဆိုသည်မှာ ကျွန်တော့်အတွက် မေလေးနဲ့တွေ့မှ ပထမဦးဆုံး နားလည်ခွင့်ရခဲ့သူဖြစ်သည်။

မေလေးက အလိုက်သိစွာပင် လက်ဟန်ပြ၍ လှမ်းခေါ်လိုက်သည်။ ကျွန်တော်သည် ပရိသတ်များဘေးမှပတ်၍ သွားရောက်တွေ့ဆုံလိုက်သည်။

"ကို နေကောင်းလားဟင်၊ မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်နေလဲ၊ ပြောပါဦး"

မေလေးက စိုးရိမ်ကြီးစွာ မေးပါသည်။ ကျွန်တော်ကမူ 'အုံ့ပုန်းချစ် လူမိသည့်' ပမာ ခေါင်းငုံ့လျက်ရှိနေ၏။

"ယောကျ်ားဆိုတာ ခေါင်းကြီးငုံ့မနေရဘူးလို့ ပြောထားတယ်လေ၊ ပြတ်ပြတ်သားသား ပြောရဲရတယ်"

"ပြောမယ့်စကားတွေ ဒီစာထဲ မှာရှိပါတယ် မေဝါရယ်၊ ဒီစာလေးကိုသာ ဖတ်ကြည့်ပါတော့နော်"

ကျွန်တော်က စာလေးကို မေလေးလက်ထဲသို့ ထည့်လိုက်သည်။ မေလေးက ပြုံးပြုံးလျက် စာကိုယူထားလိုက်သည်။ ထို့နောက် ကျွန်တော်လည်း မေလေးအား ကသုတ်ကရက် နှုတ်ဆက်ကာ ထွက်ခွာခဲ့ပါတော့သည်။ ထိုအချိန်တွင် စတိတ်ချ်စင်ပေါ်မှ ဇော်ဝမ်း၏ တေးသီချင်းသံ ပျံ့လွင့်၍လာသည်။

"မင်းရည်မှန်းသည်က...စိန်ခဲမြခဲ၊ ငါ့မှာတော့...လမ်းခင်းတဲ့ ကျောက်ခဲ....."


www.burmeseclassic.com

www.burmeseclassic.com



ချစ်ခွင့်ပန်ပြီးနောက် မေလေးသည် ကျွန်တော့်အား စိတ်မဆိုးပေ။ ပို၍ပင် ဂရုစိုက်လာသည်။ ကျောင်းတက်ချိန်တွင် အင်္ဂလိပ် မီးနင်းလေးတွေကို ဆိုပြနိုင်းသည်။ မုန့်စားကျောင်းဆင်းလျှင် ကျွန်တော့်အတွက် မုန့်လေးတွေ ဝယ်လာသည်။ ကျွန်တော်ကြိုက်သော အနီရောင်ပန်းလေးများ ပန်လာသည်။ မေလေးကလည်း အနီရောင်ကြိုက်သည်ဟုဆိုသည်။ နှစ်ဦးလုံး အကြိုက်ချင်းတူတာများသည်ဟု မှတ်ချက်ချပြီးပြောသေးသည်။

သို့သော် ကျွန်တော့်အား ချစ်ပါသည်ဆိုသောအဖြေကိုတော့ မပေးခဲ့ပေ။ စာမေးပွဲ အောင်စေချင်သည်၊ ဒီစိတ်တွေဝင်နေလျှင် စာမှာပေါ့သွားမည်၊ စာမေးပွဲအောင်လျှင် အားလုံးစိတ်ချမ်းသာရမည် စသည်ဖြင့် နှစ်သိမ့်ပေးလျက်ရှိသည်။

"ကိုရယ် စာကြိုးစားပါ၊ ကို့ဘဝက ဆိုးပါတယ်၊ (၁၀)တန်းအောင်ရင် ကိုလိုချင်တာတွေ ပြည့်စုံမှာပါကွယ်"

မေလေးသည် ကျွန်တော့်ကို ချစ်ပါသည်။ သံယောဇဉ်လည်းရှိပါသည်။ သို့သော်လည်း ချစ်ပါသည်ဆိုသော စကားကိုဆိုရန် အဟန့်အတားတစ်ခုက တားဆီးနေသလို ဖြစ်နေသည်။ ကျွန်တော်သည် မေလေး၏ ရိုးရှင်းသော အလှအပကိုသာမက ဖြူစင်ရိုးသားသော စိတ်ထားကိုပါ ချစ်ခင်နှစ်သက်ရသူဖြစ်သည်။

သို့ဖြစ်၍ ကျွန်တော်သည် နေမြင့်လေ အရူးရင့်လေ ဖြစ်လာသည်။ မေလေးအား ပိုချစ်လေ ပိုခံစားရလေဖြစ်သည်။ နှစ်သိမ့်ပေးမှုလေးတွေနဲ့ မတင်းတိမ် မကျေနပ်နိုင်ပေ။ ထို့ကြောင့် မေလေးထံမှ အချစ်ကိုရရှိရန် အပြင်းအထန် ကြိုးပမ်းခဲ့မိလေသည်။ စာများ အပြန်အလှန်ရေးကြရင်း စာမေးပွဲကြီးလည်း နီးကပ်လာပါတော့သည်။ နောက်ဆုံး မေလေးသည် 'ကိုလေးအား ချစ်ပါသည်' ဆိုသောအဖြေကို ပေးလိုက်ရပါတော့သည်။ ကျွန်တော့်ကိုလည်း ကိုလေးဟုသာ စတင်ခေါ်ဝေါ်လာသည်။

ကျွန်တော့်အား မည်မျှအထိ ချစ်သလဲဟုဆိုလျှင် ကိုလေးဟု ခေါ်ဆိုရခြင်းမှာ သူ့မိသားစုတွင် သူ့အစ်ကိုလေးသည် သူ့အား အချစ်ဆုံး၊ အလိုလိုက်ဆုံးဖြစ်၍ အစ်ကိုလေးကို အချစ်ဆုံးဖြစ်သည်။ သို့ဖြစ်၍ ကျွန်တော့်အား ကိုလေးဟု အမြတ်တနိုး ခေါ်ဆိုရကြောင်း ရှင်းပြသည်။

မေလေးတွင် ချစ်ဦးသူ ရှိ မရှိ ကျွန်တော်မသိ။ မေလေးသည် ကျွန်တော်၏အချစ်ဦးမို့ ရူးမတတ် ချစ်ခဲ့ရသည်။ ငါးသိုင်းချောင်းမြို့ ဝန်ရေကာတာကြီးဘေးက ကြ ကန်ကြီးဘေးမှာ မေလေးခေါ် တွေ့ခဲ့ကြသည်။

ဝန်မြစ်ကမ်းသာယာ တားကြီးပေါ်တွင် ပြည်



www.burmeseclassic.com

www.burmeseclassic.com



ညင်းများဖြင့် မေလေးနှင့်အတူ သမ်းလျှောက်ခဲ့ဖူးသည်။ သို့သော် ကျွန်တော် မထိရက်၊ မတို့ရက် ချစ်ခဲ့ရသည်။ ကျွန်တော့်အချစ်က မေလေးကို ပန်းလေးတစ်ပွင့်လို ကြည့်နေချင်သည်။ ဘဝတစ်သက်မှာ တစ်ကြိမ်သာ ပေါ်ပေါက်ခဲ့ရသည့် အချစ်မျိုးဖြစ်၍ တန်ဖိုးထား မြတ်နိုးလှ၏။

ဤသို့ဖြင့် ကျွန်တော်နှင့်မေလေးသည် အချစ်စိတ်တွေ တရှိန်ရှိန်တက်လျက်ရှိနေ၏။ ကျောင်းပိတ်ရက်လေးများသည် တစ်ကမ္ဘာခြားသည့်နှယ် ရှိချေ၏။ စာမေးပွဲကြီးလည်း နီးကပ်လာပေပြီ။ ထိုစဉ် ကျွန်တော့်ဘဝကံကြမ္မာသာမက အချစ်ကံပါ ဆိုးခဲ့ရသောသတင်းကြားရပါတော့သည်။ သူငယ်ချင်းဇေယျက အရေးတကြီးဖြင့် ကျွန်တော့်ထံ ရောက်လာသည်။

"သူငယ်ချင်း မင်းကိုငါ ပြောမလို့စဉ်းစားနေတာ ကြာပြီကွ၊ အခုတော့ မင်းကိုလည်း ငါသနားတယ်၊ သူငယ်ချင်းတစ်ယောက်အနေနဲ့ ပြောမှဖြစ်မယ်ကွ"

"ဟုတ်လား၊ ဘာများလဲကွ"

"မင်းချစ်နေတဲ့ မေဝါက ကိုမြတ်မင်းနဲ့ ချစ်နေတာ ကြာပြီကွ၊ မင်း အလိမ်ခံနေရတာ"

ကျွန်တော် ဆက်၍မကြားချင်တော့။ ကြေကွဲဆို့နင့်စွာ ခံစားလိုက်ရသည်။ နုနယ်သော နှလုံးအိမ်တွင် စိတ္တဇဆန်ဆန် ထွက်ပြေးငိုကြွေးလိုက်ချင်ပါသည်။

နောက်တော့ မေလေးက အမှန်တကယ်ဖြစ်ကြောင်း ဝန်ခံသည်။ ကိုမြတ်မင်းသည် သူ့အစ်ကိုလေး၏ သူငယ်ချင်းဖြစ်၍ နီးစပ်မှုရှိသည်။ စိုက်ပျိုးရေးသိပ္ပံ ဒုတိယနှစ် တက်နေသူဖြစ်သည်။ အ–သုံးလုံး စာတတ်မြောက်ရေး လှုပ်ရှားမှုတွင် တစ်ဖွဲ့တည်း အတူလှုပ်ရှားဆောင်ရွက်ခဲ့ကြောင်း ရှင်းပြသည်။

ကိုမြတ်မင်းကိုလည်း သစ္စာမဖောက်ချင်။ ကိုလေးကိုလည်း ချစ်သံယောဇဉ် ငြိတွယ်မိပါကြောင်း၊ စာမေးပွဲ ကျရှုံးမှာကိုလည်း စိုးရိမ်မိကြောင်း ရှင်းပြလေသည်။ ကျွန်တော် ချစ်ခွင့်ပန်စဉ်က မေလေးတွင် အဟန့်အတားတစ်ခု ကာဆီးနေခြင်းမှာ ကိုမြတ်မင်းကြောင့်ဟု အခုမှ နားလည်မိသည်။

စာမေးပွဲကြီးက မနက်ဖြန်ဖြေရမည်။ ကျွန်တော် စာဖတ်၍မရတော့ပေ။ အချစ်ဦးမို့ အရှုံးတစ်ပိုင်းဖြစ်ခဲ့ရပြီ။ ကျွန်တော့်အချစ်ဝိဉာဉ်သည် မေလေးဆီမှာ ရစ်ဝဲနေလေသည်။ ည တစ်ချက်တီးကျော်နေပေပြီ။ ကျွန်တော်သည် အချစ်ရူးပမာ မေလေးတို့အိမ်ရှိရာ ငဝန်ရေကာတာကြီးဘေးသို့ အပြေးလေးသွားနေမိသည်။

ငါးသိုင်းချောင်း ငဝန်ရေကာတာကြီးမှာ မြွေကြီးတစ်ကောင်ပမာ ကွေ့ဝိုက်လို့ ကွန်ချာဝေးကွာလှပါသည်။ ကျွန်တော့်ဘဝက အချစ်ဆိုသော မျက်မမြင်လမ်းပြရာနောက်မှာ လမ်းပျောက်နေသူပမာ ဖြစ်နေသည်။ ညဥ့်နက်သန်းခေါင်





www.burmeseclassic.com

www.burmeseclassic.com

ကျော်၍ ခွေးများက ဟောင်လျက်ရှိ၏။ ကျွန်တော့်နှလုံးသားက ကဗျာတွေ အလိုလို ရွတ်ဆိုနေမိသည်။

"ချစ်သက်တာတို့ကြီးမှာ...တွေ့ပိုက်လို့တွန့်ချာ
တစ်ကိုယ်ငယ်ဆွေးလျက်..ဖြေးလျက်အငြိမ်းထား
ချက်ရည်တော့ဖြာ..ရှိ့စေတော့ ဝေဒနာ
အသည်းလည်း နာချင်နာ...."

ထိုစဉ် မေလေးတို့အိမ်နားသို့ အရောက်တွင် သေနတ်မောင်းထိုးသံ 'ဗျောက်ခနဲ'ကြားလိုက်မိသည်။ ကျွန်တော့်ရင်ဝကို သေနတ်ဖြင့်ချိန်ထားပါသည်။ ညကင်းလှည့်နေသော ပြည်သူ့စစ်များနှင့် တွေ့ဆုံမိခြင်းဖြစ်သည်။

ကျွန်တော် တာအောက်ဆင်းပြေးသည်။ ခွေးနဲ့တွေ့မည့်အစား ပြည်သူ့စစ်နဲ့ ရင်ဆိုင်မည်ဟု ဆုံးဖြတ်လျက် တာပေါ်ပြန်တက်လိုက်သည်။ ပြည်သူ့စစ်များက ဘယ်လိုထင်သည်မသိ၊ နောက်ဆုတ်သွားသည်။

ကျွန်တော်က ပြည်သူ့စစ်များကို ရှင်းပြရာ ကျောင်းသားဖြစ်၍ ကရုဏာသက်စွာဖြင့် ပြန်ပို့ပေးခဲ့သည်။ ထိုအဖြစ်အပျက်ကို မေလေး သိနေသည်။ မေလေးတို့အိမ်တွင် မီးရောင်ပျပျကို တွေ့နေရသည်။ ထိုစဉ်က ကျွန်တော်သည် "အချစ်မှာ သတ္တိရှိတယ်"ဟု နားလည်သွားမိသည်။

> ကျွန်တော်က ပြည်သူ့စစ်များ
> ကိုရှင်းပြရာကျောင်းသားဖြစ်၍
> ကရုဏာသက်စွာဖြင့်
> ပြန်ပို့ပေးခဲ့သည်။
> ထိုအဖြစ်အပျက်ကို
> မေလေးသိနေသည်။
> မေလေးတို့အိမ်တွင်မီးရောင်ပျပျကို
> တွေ့နေရသည်။
> ထိုစဉ်က ကျွန်တော်သည်
> အချစ်မှာ......

♛♛♛♛♛

စာမေးပွဲကြီး ဖြေဆိုနေပြီဖြစ်သည်။ ကျွန်တော်တို့နှစ်ဦးလုံးမှာ အချစ်စိတ်တွေ မွှန်နေသဖြင့် ဖြေဆိုနိုင်ခြင်းမရှိကြ။ နောက်ဆုံးနေ့တွင် ကျွန်တော် စာမေးပွဲဖြေဆိုရန် ကျောင်းအရောက် ဆင်ဝင်အောက်၌ လူတစ်ယောက်၏ခေါ်သံကိုကြားလိုက်ရသည်။



"ကိုမင်းမင်း"

ကျွန်တော်လှည့်ကြည့်ရာ လူနှစ်ယောက် ခပ်ထန်ထန် ရောက်ရှိလာပါသည်။

"ကိုမင်းမင်းဆိုတာ....."

"ဟုတ်ပါတယ်၊ ကျွန်တော်ပါ"

"ကျွန်တော် ကိုမြတ်မင်းပါ"

ကိုမြတ်မင်းက ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်ပါသည်။ သူနှင့် အတူပါလာသော ကိုမင်းမောင်နှင့်



www.burmeseclassic.com

www.burmeseclassic.com

လည်း မိတ်ဆက်ပေးသည်။ သူ၏ သူငယ်ချင်းဖြစ်ကြောင်းနှင့် ဂျီတီအိုင်တက်နေကြောင်း မိတ်ဆက်ပေးပါသည်။

"ခင်ဗျားနဲ့ မေဝါအကြောင်း ကျွန်တော်ကြားတယ်၊ အဲဒါ အဖြစ်မှန် သိချင်တယ်"

ကိုမြတ်မင်းနှင့်ပါလာသော ကိုမင်းမောင်က ကျွန်တော့်အား ခပ်ထန်ထန်လေး ကြည့်နေသည်။

"ဒီကိစ္စကို ကျွန်တော်ရှင်းပြပါ့မယ်၊ မေဝါက ပြောပါတယ်ဗျာ၊ သူ့မှာ ချစ်သူရှိတယ်၊ ကိုမြတ်မင်းနဲ့ ကျွန်တော်ကသာ ဖွတ်အတင်း ချစ်ခွင့်တောင်းနေတာပါ၊ ကျွန်တော့်



အပြစ်တွေပါ၊ မေဝါက ကိုမြတ်မင်း အပေါ် သစ္စာရှိပါတယ်"

ထိုအချိန်တွင် စာမေးပွဲဖြေရန် ခေါင်းလောင်းသံက တဒေါင်ဒေါင် မြည်လာသည်။

"စိတ်ချပါဗျာ၊ ကိုမြတ်မင်းရဲ့ သစ္စာရှင်မလေးကို ကျွန်တော်ကပဲ နောက်ဆုတ်လိုက်ပါပြီ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

"ကိုမင်းမင်း ခေါင်းလောင်း တီးနေပြီလေ၊ စာမေးပွဲသွားဖြေပါတော့ဗျာ"

ကိုမြတ်မင်းနှင့် ကိုမင်းမောင်တို့နှစ်ဦးသည် ကျွန်တော်နှင့် တွေ့ဆုံရှင်းလင်းပြီးနောက် ခင်မင်ရင်းနှီးသွားပါတော့သည်။ ပထမတွင် သူတို့နှစ်ဦးသည် ကျွန်တော့်အား ရန်မူရန် ရည်ရွယ်ထားကြောင်းနှင့် စိတ်ထားသဘောထား သိရတော့ ခင်မင်လေးစားမိကြောင်း မေလေးထံ ပြန်ပြောကြလေသည်။ မေလေးကလည်း သူ့ကိုလေး၏စိတ်ဓာတ်ကို သိပြီးဖြစ်၍ မထူးဆန်းကြောင်း ကျွန်တော့်ထံ သတင်းကောင်း ပါးခဲ့သေးသည်။

♛♛♛♛♛

အချိန်တွေ တရွေ့ရွေ့ကုန်လာသည်နှင့်အမျှ ကျွန်တော်သည် မေလေးကို အနစ်နာခံခြင်း၊ ခွင့်လွှတ်ခြင်းတို့ဖြင့် စွန့်လွှတ်ခဲ့ရပါတော့သည်။ လမင်းကြီးကို အဝေးကကြည့်လို့ ချစ်နေရသူပမာသာ ရှိနေပါတော့သည်။ ပူလောင်သည့် နွေရွက်ကြွေတောမှာ ပန်းလျှမော ခဲ့ရသူသာ ဖြစ်နေ၏။

မကြာမီ စာမေးပွဲအောင်စာရင်းတွေ ထွက်လာပါသည်။ ကျွန်တော်နှင့်မေလေး နှစ်ယောက်စလုံး

အချိန်တွေတရွေ့ရွေ့ကုန်
လာသည်နှင့်အမျှ ကျွန်တော်သည်
မေလေးကိုအနစ်နာခံခြင်း၊
ခွင့်လွှတ်ခြင်းတို့ဖြင့်
စွန့်လွှတ်ခဲ့ရပါတော့သည်။
လမင်းကြီးကို အဝေးကကြည့်လို့
ချစ်နေရသူပမာသာရှိ
နေပါတော့သည်။
ပူလောင်သည့်
နွေရွက်ကြွေတောမှာ....



www.burmeseclassic.com

www.burmeseclassic.com

ကျရှုံးပါသည်။ ကျွန်တော်သည် သောကဗျာပါရတွေဖြင့် မျက်ရည်များ ဖြိုင်ဖြိုင်စီးဆင်းခဲ့ရသည်။ ကျွန်တော့်ဘဝရည်မှန်းချက်တွေ ပျက်ပြယ်သွားခဲ့လေပြီ။ မှောင်လွန်းသောညများကို ဖြတ်သန်းနေရသော မိဘမဲ့ ကျွန်တော့်ဘဝသည် ပိုမိုနက်ရှိုင်းဆိုးရွားသော ဘဝ၏ဒုက္ခဝဲဂယက်အတွင်းသို့ သက်ဆင်းကျရောက်ရလေတော့၏။ အချစ်လည်းပျောက်၊ ဘဝလည်းပျောက်ခဲ့ရပေသည်။

ဒေါ်လေးသည် စာမေးပွဲကျရှုံး၍ တရှိုက်မဲ့မဲ့ ငိုကြွေးနေသော ကျွန်တော့်ကို အားပေးစကားများ ပြောလာခဲ့သည်။

"သားရယ် တစ်နှစ်ပဲကျသေးတာပဲ၊ နောက်တစ်နှစ် ပြန်ဖြေပေါ့၊ ခြံထဲမှာ အလုပ်လုပ်ရင်း ပြန်ကြိုးစားရင် အောင်နိုင်ပါတယ်ကွယ်"

ဒေါ်လေးသည် အမေ၏ညီမအရင်းဖြစ်၍ သားတစ်ယောက်လို ကရုဏာသက်စွာ ကျွန်တော့်အား ကျောင်းပြန်ထားလေသည်။

ကျွန်တော်လည်း ဘဝကို လူသစ်၊ စိတ်သစ်ဖြင့် ပြန်စရပေတော့မည်။ ကြမ်းတမ်းသောလမ်းကို လျှောက်လှမ်းနေရသူမို့ 'ဘဝအောင်လံ လွှင့်ထူရေး' နေ့မနား၊ ညမအား စာကြိုးစားရပါတော့မည်။ မရမနေ ဘဝအခြေကို ထူထောင်ရပေမည်။

သို့ဖြစ်၍ ကျွန်တော်သည် ဘဝနာလျက် အပြင်းအထန် စာကြိုးစားခဲ့ရာ တစ်နှစ်ဆိုသောအချိန်မှာ ကုန်ဆုံးခဲ့ပါတော့သည်။ အချိန်နှင့်အမျှ အရာရာတို့သည် ပြောင်းလဲလာသည်။ ကျွန်တော်သည် (၁၀) တန်းစာမေးပွဲ အောင်ပြီး လျှပ်စစ်ဌာနတွင် စာရေးဝင်လုပ်ကာ ပညာဆက်သင်ပါသည်။ ထို့နောက် ဥပဒေဘွဲ့ရရှိခဲ့ပြီး ရာထူးများတိုး၍ မြို့နယ်လျှပ်စစ်ဦးစီးမှူးအဖြစ် မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့သို့ ပြောင်းရွှေ့ မိန့်ကျလာသည်။



ကျွန်တော် စေတုတ္တရာမြို့သို့ ပြောင်းရာ ရန်ကုန်ကားဂိတ်တွင် ဇေယျနှင့် တွေ့ပါသည်။ ဇေယျက ကျွန်တော့်အားတွေ့လျှင် အားရဝမ်းသာဖြင့် နှုတ်ဆက်ခဲ့၏။

"ဟာ.....မင်းမင်း၊ မင်းဘယ်သွားမလို့လဲ"

"ငါ စေတုတ္တရာကို ပြောင်းရမယ်၊ အခုပြောင်းလာတာလေ"

"ဟုတ်လား၊ မင်း မေဝါတို့အကြောင်း ကြားသေးလား"

"ငါလည်း ငါ့ဘဝ ငါကြိုးစားနေရတာ၊ သူနဲ့ မျက်ခြည်ပြတ်သွားပါပြီ သူငယ်ချင်းရယ်"

"သူနဲ့ကိုမြတ်မင်း စေ့စပ်လိုက်ပြီကွ"

"ဒါဘာဆန်းလဲကွာ၊ ဇေယ ရယ် သူတို့က ချစ်သူတွေပဲ"

"အေး မင်းကို ဆန်းတာကို ပြောမလို့ကွ၊ မင်းမေဝါက ကိုမြတ်မင်းရဲ့သူငယ်ချင်း ကိုမင်းမောင်နဲ့ ဘာလိုလိုကွ၊ ဒါကြောင့် ကိုမြတ်မင်းက စေ့စပ်တာကို ဖျက်သိမ်းတော့မယ် ကြားနေတယ်"

ဇေယျ၏စကားကြောင့် ကျွန်တော် အံ့ဩထိတ်လန့်စွာ တွေဝေနေမိသည်။ ကျွန်တော်သည် မေလေးကို အချစ်ဦးမို့ ရူးမတတ်ချစ်ခဲ့ရသည်။ တစ်သက်မှာ တစ်ခါချစ်ရသော အချစ်မျိုးဖြစ်သည်။

ဇေယျရဲ့စကားတွေကြား

www.burmeseclassic.com



တော့ ကျွန်တော့်ရင်မှာ "မေလေး ယ် မင်းအချစ်တွေက သစ္စာမဲ့ င်း ချစ်ခြင်းတွေလား၊ နုနုနယ် ယ် သဘောလွယ်သူလေလား၊ ကို သေးကိုရော အထီးကျန်ဘဝလေး နဲ့ ကရုဏာသက်ဝင် ချစ်ခင်လာ သေသလား"ဟု အတွေးများ ချာ ချာလည်ခဲ့ရပေပြီ။ ဖေယျက လမ်း ခွဲခါနီး ရယ်မော၍ ပြောသွား သေးသည်။

"မင်းတို့သုံးယောက် က ကိုမြတ်မင်း၊ ကိုမင်း မောင်၊ ကိုမင်းမင်း ဆို တော့ 'မ' အက္ခရာ နစ်လုံးပိုင်ရှင်တွေကွ၊ ဒီကောင်မလေးက 'မ' ခလုံးကို အပီလုပ်သွားစား တာကွ၊ ဟား ဟား..... ဟား"

ဖေယျက ဘယ်လိုပင် ပြောပါစေ။ မေလေးအတွက် ကျွန်တော့် နှလုံးသားက ကျင့်သား ရနေပါပြီ။ ချစ်လျှင် အပြစ်မမြင် ဆိုသကဲ့သို့ မေလေးကို ကျွန်တော် အပြစ်မမြင်ပေ။ ထာဝရ အ ကောင်းမြင်နေသူ သာဖြစ်၏။ မေလေးကိုချစ်တာ တစ်ခုပဲသိ သည်။

"ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာ"ဆိုသည့်အလား ဘဝ အမှောင်၏ လရောင်လေးကို မေ့ ပျောက်နိုင်ဖို့ငှာ ကျွန်တော် မစွမ်း သာ။

ကျွန်တော်သည် ရန်ကုန်-မကွေး ကားထွက်ရန် အချိန်လို သေးသဖြင့် ကားဂိတ်တွင် နားနေ



ပါသည်။

"သတင်းစာတွေရမယ်နော်၊ ဒီနေ့ထုတ် သတင်းစာတွေပါ၊ သတင်းထူးတွေ ဖတ်ရမယ်နော်"

သတင်းစာလက်ပွေ့သမား လေး သတင်းစာရောင်းနေခြင်းဖြစ် သည်။ ကျွန်တော်သည် အချိန်တွေ ပိုနေသဖြင့် သတင်းစာတစ်စောင် ဝယ်ဖတ်လိုက်ပါသည်။ ထိုစဉ် တွေ့လိုက်ရသော သတင်းတစ်ခု ကြောင့် ကျွန်တော့်မျက်ဝန်းများ ပြူးကျယ် သွားပါတော့သည်။

**"စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းခြင်း"**

ကျွန်တော် ကိုမြတ်မင်း၊ မှတ် ပုံတင်------နှင့် ကျွန်မ မမေဝါ၊ မှတ်ပုံတင်----- တို့သည် (--) ရက်နေ့တွင် နှစ် ဖက်သော ဂုဏ် သရေရှိ လူကြီး များရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်း ခဲ့ကြပါသည်။ ယခု အခါ ကျွန်တော်တို့ သည် စိတ်သဘော ထားချင်း မတိုက်ဆိုင်ပါ သဖြင့်(----)ရက်နေ့မှစ၍ စေ့ စပ်ကြောင်းလမ်းခြင်း အား ဖျက်သိမ်း လိုက်ပါ သည်။

ကိုမြတ်မင်း
မှတ်ပုံတင်----

"စုံစမ်းမေးမြန်းခြင်း သည်းခံ ပါ"

**ကိုရွှေသိမ်ဖြေအား**
**(ငါးသိုင်းချောင်း)**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# အလျော်ပေးတဲ့ မယောက္ခမ

ရေနဂါး

"ဒီမှာ ဦးလေး၊ ကျွန်တော့်ရဲ့ ဖုန်းကို ပြန်ဝယ်ပေးပါ၊ မဝယ်ပေးနိုင်ရင် ဦးလေးကိုလည်း ကျွန်တော် မညှာဘူး"

ဦးသောင်းစိန်မှာ တူဖြစ်သူ၏ ရင့်သီးစွာ ကြိမ်းမောင်းသံကို နေ့တိုင်းလိုလို ကြားနေခဲ့ရ၍ ပတ်ဝန်းကျင်အလယ်တွင် အရှက်ကွဲနေရသည်။ ကိုယ်တိုင်ကလည်း ကျောင်းဆရာဖြစ်၍ မိမိ၏ ဂုဏ်သိက္ခာအရ ပိုမို၍ အရှက်ရစေခဲ့ရသည်။

"အေးပါ ငါ့တူရယ်၊ ဦးလေး နောက်သုံးလေးရက်ဆို ငါ့တူရဲ့ဖုန်းကို ပြန်ဝယ်ပေးပါ့မယ်"

"ဦးလေးရဲ့ကတိ တည်ပါစေ"

"အေးပါ ငါ့တူရယ်"

ဦးသောင်းစိန်က တူဖြစ်သူကို ပြောသာပြောရသည်။ ထိုအချိန်က ဖုန်းတစ်လုံး၏တန်ဖိုးမှာ ကျပ် (၁၂) သိန်းဝန်းကျင်ဖြစ်နေ၍ မည်သို့ဖြေရှင်းရမည်ကို စဉ်းစားမရ ဖြစ်နေခဲ့သည်။

ဦးသောင်းစိန်က နိုင်ငံခြားတွင် အလုပ်လုပ်ရန်အတွက် သားဖြစ်သူကို နိုင်ငံခြားသို့ စေလွှတ်နိုင်ရန် အစ်ကိုဖြစ်သူ၏ဖုန်းကို ငှားရမ်းရောင်းချပြီး စေလွှတ်ခဲ့ရ၏။

အစ်ကိုဖြစ်သူက မျက်နှာပူ၍ သူ၏သားဖြစ်သူကို နေ့စဉ် ဦးသောင်းစိန်၏အိမ်သို့ စေလွှတ်ပြီး ဖုန်းကိုပြန်တောင်းခိုင်းခဲ့၏။ တူဖြစ်သူကို ကျေနပ်အောင်ပြောလိုက်၍ ပြန်သွားချိန်ဝယ် ဦးသောင်းစိန်က အစ်ကိုဖြစ်သူထံ အိမ်နီးချင်းထံမှဖုန်းဖြင့် ဆက်သွယ်၍ တောင်းပန်စကားဆိုလိုက်ရသည်။

"ဟယ်လို...အစ်ကိုညီပုလား၊ ကျွန်တော်က ညီလေးသောင်းစိန်ပါ"

"အေး..မင်းဘာပြောမလို့လဲ"

"အစ်ကို့ကို တောင်းပန်စကားပြောဖို့ပါ"

"မတောင်းပန်နဲ့၊ ဖုန်းပြန်ပေးရင် ပြီးပြီ"

ဦးသောင်းစိန်က အစ်ကိုဖြစ်သူထံ ဖုန်းဆက်ပြန်သော်လည်း အစ်ကိုဖြစ်သူ၏ ခက်ထန်မာကျောစွာ ပြောဆိုခြင်းခံရ၍ စိတ်မဆိုးနိုင်ဘဲ အောက်ကျို့ခံကာ တောင်းပန်ရပြန်သည်။

"သောင်းစိန်.....မင်း ဖုန်းယူသွားပြီးကတည်းက အိမ်ကိုတောင် မလာတော့ဘူး၊ မင်းကွာ....."

"အစ်ကိုရယ် ညီလေးအဆင်မပြေသေးလို့ပါ"

"မင်းပြောရင် ဒီအတိုင်းပဲ၊ ဒါကြောင့် ငါ့သားကို မင်းဆီလွှတ်ရတာ၊ အဲဒီဖုန်းကိစ္စ ငါ့သားကိုပဲ မင်းရှင်းလိုက်၊ ဒါပဲ"

ဦးသောင်းစိန်မှာ ဖုန်းကိုချိုင်ရင်း တဆတ်ဆတ်တုန်ခါနေသော



www.burmeseclassic.com

www.burmeseclassic.com



ရင်ကို လက်နှင့်ဖိထားလိုက်ရ၏။ ပြီးနောက် ညှိုးငယ်စွာဖြင့် အိမ်သို့ ပြန်ခဲ့ရသည်။

♛♛♛♛♛

"ကဲ…မောင်မင်းသူ၊ မင်းဟာ အခုဆို ငါ့ရဲ့သမက်ဖြစ်သွားပြီ၊ မောင်မင်းသူအနေနဲ့ ဘာဆက်လုပ်မယ်လို့ စဉ်းစားထားသလဲ"

မင်းသူက ယောက္ခမကိုတစ်လှည့်၊ ကြင်စဦးဇနီးဖြစ်သူ မငြိမ်းသူကိုတစ်လှည့်ကြည့်ရင်း သက်ပြင်းရှည်ကို မှုတ်ထုတ်လိုက်မိ၏။

"အဖေတို့သဘောပါပဲ၊ သားကတော့ လယ်ယာလုပ်ငန်းကိုပဲ ဆက်လုပ်ချင်တယ်"

မင်းသူမှာ ပညာတတ်၊ လယ်သမားသားသမီးဖြစ်သည်။ သူကျွမ်းကျင်သော လယ်ယာလုပ်ငန်းကို လုပ်ကိုင်လိုကြောင်း ပြောပြလိုက်၏။

မင်းသူ၏အဖြေစကားကို ကြားရသည်နှင့် မငြိမ်းသူ၏ဖခင်ဖြစ်သော ဦးသောင်းထွန်း၏မျက်နှာမှာ အရောင်ပြောင်းသွားခဲ့၏။ သို့သော် ယောက္ခမဖြစ်သူက ရင်ထဲမှစကားကို ထုတ်မပြောသေးပေ။

"အေး..မောင်မင်းသူ၊ မင်းတို့ လင်မယားက အခုမှ လက်ထပ်ပြီးကာစဆိုတော့ ငါပြောချင်တာကို မပြောသေးဘူး၊ ဘာလုပ်သင့်သလဲဆိုတာ နောက်နှစ်လလောက်ကြာမှ ငါပြောမယ်၊ အခုတော့ ပျော်ပျော်ရွှင်ရွှင်ပဲ နေကြဦးပေါ့ကွာ"

"ဟုတ်ကဲ့ပါ အဖေ"

မင်းသူက ယောက္ခမ၏ပြောစကားကိုကြားမှ စိတ်သက်သာရာရခဲ့၍ သက်ပြင်းကိုချခဲ့ရလေသည်။

♛♛♛♛♛

"အဖေ.....အဖေ"

အော်ခေါ်သံကြောင့်ဦးသောင်းစိန်မှာ အံ့အားသင့်ခဲ့ရ၏။


"ဟင်...သား၊ ကြည်စိုး၊ မင်း ဘယ်လိုဖြစ်ပြီး ပြန်လာတာလဲ၊ စောစောစီးစီး ငါ့များ အိပ်မက် မက်နေတာများလား"

"အဖေ့ရဲ့သား ကြည်စိုးပါ၊ နိုင်ငံခြားမှာ အလုပ်လုပ်ဖို့ အဖေ ပို့လိုက်တဲ့ အဖေ့သား ကြည်စိုးလေ"

"မင်း ဘာအကြောင်းနဲ့ ပြန်လာတာလဲ"

"သား ရှင်းပြပါ့မယ် အဖေရယ်"

ဦးသောင်းစိန်က သားကို ကြည့်ပြီး ဖင်ထိုင်လဲကျမလို ဖြစ်သွားခဲ့ရ၏။ သူ၏ရည်ရွယ်ချက်များ ပျက်သွားပြီကို ချက်ချင်းသိလိုက်၏။



အထုပ်အပိုးများ အိမ်ထဲသို့ သယ်သွားပြီး ပြန်ထွက်လာခဲ့၏။ ဖခင်အနီးတွင်ဝင်ထိုင်၍ အလုပ်လုပ်ရန် မြန်မာနိုင်ငံမှအထွက် စင်ကာပူလေဆိပ်သို့အရောက်၌ ကြုံဆုံခဲ့ရသည့် အခက်အခဲများကို ပြောပြလိုက်၏။

အေဂျင်စီက အလုပ်အကိုင်ရရှိစေမည်ဟု အာမခံပြီး ပို့ခဲ့သော်လည်း စင်ကာပူလေဆိပ်ရောက်မှ အလိမ်ခံရမှန်း သိလိုက်ရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



## ဦးသောင်းစိန်မှာအနှစ်နှစ်အလလကျောင်းဆရာအလုပ်ဖြင့် ချွေတာစုဆောင်းခဲ့ရသောငွေများနှင့်အစ်ကိုဖြစ်သူ၏ဖုန်းကိုငှားယူ၍ရောင်းချပြီးသားကို နိုင်ငံခြားသို့ပို့ပေးခဲ့ရသည်။ အကြွေးငွေကိုမည်သို့ဆပ်ရမည်မှန်းမသိအောင် ....

သားဖြစ်သူက ပြန်ပြောပြခဲ့၍ ဦးသောင်းစိန်မှာ ဝမ်းနည်းကြေကွဲစွာဖြင့် မျက်ရည်ကျခဲ့ရတော့၏။

"အဖေရယ် မငိုပါနဲ့၊ သားတို့ရဲ့ဝဋ်ကြွေးက ဆပ်လို့မကုန်သေးလို့နေမှာပေါ့"

"အဲဒီဆပ်လို့မကုန်တဲ့အထဲမှာ အကြွေးတွေကလည်း ဆပ်လို့မကုန်အောင် ဖြစ်နေရပြီကွ"

သားဖြစ်သူက နှစ်သိမ့်သော်လည်း ဦးသောင်းစိန်၏ရင်တွင်းမှ အပူသောကများမှာ ငြိမ်းအေးနိုင်ခြင်း မရှိခဲ့ပေ။

ဦးသောင်းစိန်မှာ အနှစ်နှစ်အလလ ကျောင်းဆရာအလုပ်ဖြင့် ချွေတာစုဆောင်းခဲ့ရသောငွေများနှင့် အစ်ကိုဖြစ်သူ၏ဖုန်းကို ငှားယူ၍ ရောင်းချပြီး သားကို နိုင်ငံခြားသို့ ပို့ပေးခဲ့ရသည်။ အကြွေးငွေကို မည်သို့ဆပ်ရမည်မှန်းမသိအောင် ဖြစ်နေခဲ့၏။

အစ်ကိုဖြစ်သူက ဖုန်းကို နေ့တိုင်းတောင်းနေ၏။ သားဖြစ်သူ အလုပ်အဆင်မပြေဘဲ နိုင်ငံခြားမှ ပြန်လာကြောင်း ကြားသိရပါက ညီအစ်ကိုချင်း ဥပဒေဖြင့် စကားပြောလာလျှင် အခက်။

ကျောင်းဆရာအလုပ်ကလွဲ၍ မည်သည့်စီးပွားရေးမှ လုပ်ကိုင်ခြင်းမရှိသော ဦးသောင်းစိန်မှာ ဖြစ်ချင်ရာစိတ်တော့ဟုသာ စိတ်ကိုလျှော့ချလိုက်ရတော့၏။

♛♛♛♛♛

တစ်လ၊ နှစ်လဆိုသည့်အချိန်က ကြာလှသည်မဟုတ်။ မင်းသူနှင့် မငြိမ်းသူတို့ ဇနီးမောင်နှံမှာ အချိန်များကို ကုန်မှန်းမသိအောင် ဖြစ်နေခဲ့ကြ၏။

နှစ်လကျော်သည့်ကာလတွင် ယောက္ခမဖြစ်သူကိုယ်တိုင် မင်းသူကိုခေါ်တွေ့ပြီး သူ့အစီအစဉ်ကို ပြောပြလိုက်၏။

"ကဲ...မောင်မင်းသူ၊ မင်းတို့လင်မယားလည်း ပေါင်းသင်းခဲ့တာ နှစ်လကျော်လောက်ရှိသွားပြီ၊ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ကဲ့ပါ အဖေ"

"ကဲ.....ဒါဆိုရင် မင်းတို့ရဲ့ဘဝရှေ့ရေးအတွက် ငါက ကြိုတင်စီစဉ်ထားတယ်၊ လယ်လုပ်ငန်းက ပင်ပန်းတယ်၊ ငါ့သမီးကလည်း လယ်ထဲမှာ အလုပ်လုပ်နိုင်သူမဟုတ်ဘူး၊ ဒီတော့ မင်းနဲ့ငါ့ရဲ့သမီးရှေ့ရေးအတွက် မင်းကို နိုင်ငံခြားမှာ အလုပ်လုပ်ဖို့ ငါစီစဉ်ထားတယ်၊ မင်းရဲ့သဘောထားကို အခုပဲ ငါသိချင်တယ်"

မင်းသူက ယောက္ခမ၏ပြောစကားကို ကြားရသဖြင့် ဝမ်းသာသလို ဖြစ်ခဲ့ရသည်။ သို့သော် ညားခါစဖြစ်သည့် ဇနီးဖြစ်သူက မင်းသူ၏တင်ပါးကို လက်နှင့်ကုတ်၍ ခေါင်းခါပြလိုက်၏။

ချစ်ကြင်စခင်ပွန်းကို အဝေးသို့ မသွားစေလိုကြောင်း မင်းသူက နားလည်မိလိုက်၏။ ယောက္ခမဖြစ်သူက သမီး၏အချက်ပေးမှုကို



www.burmeseclassic.com

www.burmeseclassic.com



သတိထားမိ၍ သမက်ဖြစ်သူအား လေသံမာမာဖြင့် ထပ်မေးခဲ့၏။

"မင်း သွားမယ်မဟုတ်လား"

"ဟုတ်ကဲ့ အဖေ၊ ကျွန်တော့်အနေနဲ့ အဖေ့ရဲ့စကားကို ငယ်စဉ်ကတည်းက မလွန်ဆန်ရဲခဲ့ပါဘူး"

"ဒါမှ ငါ့သားကွ၊ ကဲ...အဖေ လုပ်စရာရှိတာ ဆက်လုပ်လိုက်တော့မယ်"

မင်းသူမှာ ယောက္ခမဆိုသည့် ဦးသောင်းထွန်းထံတွင် မိဘနှစ်ပါး ကွယ်လွန်သည့်အချိန်မှစ၍ မှီခိုနေထိုင်ခဲ့ရသူဖြစ်၏။ ယောက္ခမလောင်းက ကျောင်းထားပေးသည်။ သားတစ်ဦးကဲ့သို့ ကျွေးမွေးစောင့်ရှောက်ခဲ့သည်။ မင်းသူကလည်း လိမ္မာရေးခြားရှိလှ၍ သားအဖြစ်မွေးစားသလို နေခဲ့ရ၏။

> မင်းသူမှာ
> ဦးသောင်းထွန်းထံတွင်
> နေထိုင်ရစဉ်
> ပညာသင်ရင်း
> ဦးသောင်းထွန်း၏အလုပ်များကို
> မျက်နှာလွှဲရသည်အထိ
> ကြိုးစားခဲ့၏။
> ဦးသောင်းထွန်း၏
> လယ်မြေများကို
> ကိုယ်တိုင်ဦးစီးပြီး
> လုပ်ကိုင်ရသည်အထိ.....

မင်းသူမှာ ဦးသောင်းထွန်းထံတွင် နေထိုင်ရစဉ် ပညာသင်ရင်း ဦးသောင်းထွန်း၏အလုပ်များကို မျက်နှာလွှဲရသည်အထိ ကြိုးစားခဲ့၏။ ဦးသောင်းထွန်း၏ လယ်မြေများကို ကိုယ်တိုင်ဦးစီးပြီး လုပ်ကိုင်ရသည်အထိ ကြိုးစားခဲ့ရလေသည်။

ဦးသောင်းထွန်းက မင်းသူ၏ လုပ်ရည်ကိုင်ရည်ကို သဘောကျပြီး တက္ကသိုလ်ကျောင်းသူ သမီးဖြစ်သူ မငြိမ်းသူနှင့် အိမ်ထောင်ချပေးခဲ့၏။ မငြိမ်းသူမှာ မင်းသူနှင့် အတူ ပညာသင်ဖက်ဖြစ်ခဲ့၏။ မင်းသူ (၁၀)တန်းအောင်တော့ အဝေးသင်တက္ကသိုလ်တက်ရင်း လယ်ယာလုပ်ငန်းကို ဦးဆောင်နေခဲ့သည်။

မငြိမ်းသူ တက္ကသိုလ်တက်နေချိန်၌ မငြိမ်းသူ၏ညီမ မခိုင်မာလာက မင်းသူ၏ စားရေး၊ ဝတ်ရေးကို ဖြည့်ဆည်းပေးခဲ့၍ မင်းသူနှင့် မခိုင်မာလာမှာ မောင်နှမအရင်းလို ရင်းနှီးခဲ့ကြ၏။

♛♛♛♛♛

"ကဲ.....ညီလေးသောင်းစိန်၊ အခု မင်းဘယ်လိုလုပ်မလဲ၊ မင်းရဲ့သား နိုင်ငံခြားမှာ အဆင်မပြေလို့ ပြန်လာတယ်ဆိုတော့ ငါ့ရဲ့ဖုန်းကို ဘယ်လိုပြန်ဆပ်မလဲ"

"အစ်ကိုရယ် ညီလေးအနေနဲ့ သားနဲ့ပတ်သက်လို့ ပို့ပေးတဲ့ ကုမ္ပဏီကိုလည်း အကြောင်းကြားထားပါတယ်၊ အခုလောလောဆယ် ဘာမှမထူးလို့ တရားရုံးမှာ တရားရင်ဆိုင်နေပါတယ်၊ အဲဒါ....."

ညီဖြစ်သူက အရှုံးပေးစကားဖြင့် တောင်းပန်ခဲ့သော်လည်း ငွေကြေးကြောင့် ညီအစ်ကိုချင်းဆိုသည့်အမြင်များ မရှိသလို ဖြစ်နေခဲ့၏။

"သောင်းစိန်.....မင်းယူတုန်းက ဒီလိုမျက်နှာမျိုး မဟုတ်ဘူး၊ မင်းကွာ....."

ညီအစ်ကိုချင်း လမ်း၌တွေ့ဆုံချိန်၌ ဦးသောင်းစိန်က အစ်ကိုဖြစ်သူ၏ ကြိမ်းမောင်းသံ၊ ခြိမ်းခြောက်သံများကြောင့် သေသော်မှကောင်းသေးဟုတွေးရင်း ညှိုးလျှော်စွာ အိမ်ပြန်ခဲ့ရ၏။

ဦးသောင်းစိန်က အိမ်ရှေ့တံခါးနားတွင် ခြေစုံရပ်၍ ခတ်ထားသောသော့ကိုဖွင့်ရန် သော့တွဲကို ဆွဲထုတ်လိုက်၏။ သော့ခလောက်အနီးမှ ဖိတ်စာတစ်စောင်က ဦးသောင်းစိန်ကို စိတ်ဝင်စားစေခဲ့၏



www.burmeseclassic.com

www.burmeseclassic.com

ခါးရွက်ကြားမှ ပြုတ်ကျသွားသော ဖိတ်စာကို ကောက်ယူရင်း ကြည့်လိုက်၏။

တစ်ချိန်က သူ့အချစ်ဆုံးသူငယ်ချင်းဖြစ်သော ရန်ပိုင်၏သားမင်္ဂလာဆောင်မှု မွေးနေ့ပွဲဖိတ်စာဖြစ်လေသည်။ ရန်ပိုင်က ကျောင်းတုန်းက စာအလွန်တော်သဖြင့် ဆရာတိုင်းက ချစ်ကြသည်။

စာသင်ကြားမှုတော်သော ဆရာဦးသောင်းစိန်အား ရန်ပိုင်က အချစ်ဆုံးဆရာအဖြစ် သတ်မှတ်ထားခဲ့လေသည်။ ဖိတ်စာကိုဖတ်ပြီးနောက် ဖိတ်စာနောက်ကျောကို ကြည့်လိုက်ရာ "ဆရာ၊ လာဖြစ်အောင်လာခဲ့ပါ၊ ကျွန်တော် အဲဒီနေ့ကျရင် ဆရာ့ဆီကို ကားလွှတ်လိုက်မယ်"ဆိုသည့်လက်ရေးဖြင့် သီးခြားရေးသားထားသည့်စာကို ဖတ်လိုက်ရ၏။

♛♛♛♛♛

"အဖေ.....ကျွန်တော် သွားတော့မယ်နော်၊ မငြိမ်းသူ အစ်ကိုသွားတော့မယ်၊ အစ်ကိုတို့ရဲ့ ရှေ့ရေးက ဒီတစ်လမ်းပဲရှိတာဆိုတော့ နိုင်းမရယ် လွမ်းစိတ်ကို ခဏသိမ်းထားပေးဦးနော်"

မငြိမ်းသူက သူမ၏ခင်ပွန်း မင်းသူအား အံကြိတ်ပြီး ကြည့်နေ



သည့်ကြားမှ မျက်ရည်များက ကျလာခဲ့၏။ ချစ်ကြင်စခင်ပွန်းကို မခွဲချင်ဘဲ ခွဲလိုက်ရ၍ ဝမ်းနည်းစိတ်ဖြင့် အောက်နှုတ်ခမ်းကို ကိုက်ထားလိုက်မိ၏။

ပူပူနွေးနွေး လင်မယားနှစ်ယောက်တို့ ခွဲခွာရမည့်အချိန်တွင် ကြင်နာစွာ ပြောဆိုနှုတ်ဆက်နေသည့်မြင်ကွင်းကြောင့် မငြိမ်းသူ၏ဖခင် ဦးသောင်းထွန်းက ချောင်းဟန့်၍ အနားတွင်ရှိနေကြောင်း သတိပေးလိုက်ရသည်။

"ကဲ.....မောင်မင်းသူ၊ အချိန်လင့်နေပြီ၊ သွားရအောင်၊ သမီးကလည်း ဝမ်းနည်းမနေနဲ့ ရှေ့ရေးအတွက် ခဏခွဲရတာပါ သမီးရယ်"

မငြိမ်းသူ၏ညီမ မခိုင်မာလာက အစ်မဖြစ်သူကို လက်တွဲထားရင်း အားပေးစကားများအား တတွတ်တွတ် ပြောနေခဲ့သည်။

မင်းသူအား လေယာဉ်ကွင်းသို့ ယောက္ခမနှင့် ဇနီးဖြစ်သူ မငြိမ်းသူ၊ ခယ်မဖြစ်သူ မခိုင်မာလာတို့က လိုက်ပို့ခဲ့ကြ၏။ မခိုင်မာလာကိုယ် တိုင်မျက်ရည် မကျမိစေရန် သတိထားနေခဲ့ရ၏။

"မိန်းမ၊ အဖေတို့နဲ့ပဲနေနော်၊ စိတ်ဆင်းရဲပြီး ဘယ်မှလျှောက်သွားမနေနဲ့"

"စိတ်ချစမ်းပါ မင်းသူရေ၊ ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com





သူက ငါ့သမီးပါ၊ ငါကိုယ်တိုင် တာဝန်ယူပြီး စောင့်ရှောက်ပါ့မယ်ကွ''

မင်းသူက စိတ်မချ၍ ခယ်မဖြစ်သူ မခိုင်မာလာအား အနီးကပ်စောင့်ရှောက်ပေးရန် မှာကြားခဲ့၏။

''ညီမလေး မင်းရဲ့အစ်မကို စောင့်ရှောက်ပါနော်''

''စိတ်ချပါ အစ်ကို၊ အစ်ကိုသာ အန္တရာယ်မဖြစ်စေဘဲ အလုပ်ကို စိတ်ဖြောင့်ဖြောင့်ထားလုပ်ဖို့ ညီမက သတိပေးလိုက်ချင်တယ်''

♛♛♛♛♛

ဆရာဦးသောင်းစိန်မှာ တပည့်ရန်ပိုင်၏သားမွေးနေ့ပွဲသို့ တစ်ဦးတည်း ရောက်သွားခဲ့၏။ တပည့်ဖြစ်သူက ဝမ်းပန်းတသာဖြင့် အပြေးတစ်ပိုင်း ကြိုဆိုခဲ့၏။

''ဆရာ ကြွပါခင်ဗျာ၊ ဆရာ့ကို ကျွန်တော် မျှော်နေတာနဲ့ အတော်ပဲ၊ ဟိုရှေ့ကစားပွဲမှာ ထိုင်ပါ ဆရာ''

ရန်ပိုင်က သူ၏ဆရာရင်းဖြစ်သူအား ရင်းနှီးပျူငှာစွာဖြင့်ကြိုဆိုရင်း နိုင်ငံခြားမှလာသော ကုမ္ပဏီပိုင်ရှင် သူဌေးနှင့် မိတ်ဆက်ပေးလေသည်။

ရန်ပိုင်က သူ့ဘဝတွင် အစစအရာရာ အဆင်ပြေနေချိန်ဖြစ်၍ ဆရာဖြစ်သူအား ကျေးဇူးဆပ်ချင်နေလေ၏။ ဆရာအား မည်ကဲ့သို့ ကျေးဇူးဆပ်ရမှန်းမသိ ဖြစ်နေလေသည်။

''ဆရာ့စီးပွားရေးအခြေအနေ ကောင်းရဲ့လား ဆရာ''

ဆရာဦးသောင်းစိန်ကလည်း အကြွေးများပိနေကြောင်းနှင့် သားဖြစ်သူအား အရင်းအနှီးထုတ်ပေးပြီး နိုင်ငံခြားသို့ စေလွှတ်ခဲ့ရာ အေဂျင်စီ၏အလိမ်ခံရကြောင်းကို ရှင်းပြလိုက်၏။

ရန်ပိုင်မှာ ဆရာ့အတွက် အမှန်တကယ်ပင် စိတ်မကောင်းဖြစ်ခဲ့ရ၏။ သူမည်သို့ ကျေးဇူးဆပ်ရမည်ကို ချက်ချင်းသိသွားခဲ့သည်။

''အဲဒီအတွက် ဆရာဘာမှ မပူနဲ့၊ ဒါ ကျွန်တော့်ကုမ္ပဏီပိုင်ရှင် သူဌေး Mr.Soon ပါ၊ သူ့ကိုကျွန်တော် ဒီနေ့ ပြောပြထားလိုက်မယ်၊ ဆရာ့ကို ကျေးဇူးဆပ်ချင်နေတာ ကြာပြီ၊ ဘယ်လိုဆပ်ရမှန်းမသိဖြ
နေတာ၊ အခုတော့ ကျေးဇူးဆပ်
နိုင်ပြီလို့ ယုံကြည်တယ်၊ မနက်ဖြ
ဆရာ့သားကို ကျွန်တော့်သူဌေး
တည်းခိုနေတဲ့ ---ဟိုတယ်ကိုလွှတ်
လိုက်၊ အခန်းနံပါတ်က 'X6' ''

''ကျေးဇူးတင်လိုက်တာတပည့်
ကြီးရာ''

ရန်ပိုင်က သူ၏ကုမ္ပဏီပိုင်ရှ
အား သူကျေးဇူးဆပ်လိုသောဆ
မှာ အခက်အခဲဖြစ်နေ၍ ကျေး
ဆပ်နိုင်ရန် ကူညီမည့်အကြော
အင်္ဂလိပ်လို ပြောပြလိုက်၏။

''ရန်ပိုင် ငါတို့မှာလည်း ဆ
ရှိတာပဲ၊ မင်းရဲ့စိတ်ထားကို 
စားတယ်၊ မင်းဆန္ဒပြည့်ဖို့ ငါ
မယ်''

ကုမ္ပဏီပိုင်ရှင်က အင်္ဂလိပ်



www.burmeseclassic.com

www.burmeseclassic.com

ပြောခဲ့ရာ ကျောင်းဆရာဦးသောင်းက အင်္ဂလိပ်လို ကောင်းစွာပြောနိုင်သူဖြစ်၍ ကောင်းစွာသိရှိနေခဲ့သည်။

ဆရာဦးသောင်းစိန်မှာ စိတ်ပျက်သာရာရရှိခဲ့၍ ဝမ်းသာအားရဖြင့် အိမ်သို့ပြန်ခဲ့သည်။ အိမ်သို့ရောက်သောအခါ သားဖြစ်သူအား အကျိုးအကြောင်းပြောပြခဲ့သည်။

နောက်တစ်နေ့တွင် ရန်ပိုင်တည်းခိုနေထားသော --ဟိုတယ်သို့ သားဖြစ်သူအား စေလွှတ်လိုက်လေသည်။ ဦးသောင်းစိန်၏သား ကြည်စိုးမှာ ဖခင်ဖြစ်သူ လွှတ်လိုက်သော ဟိုတယ်သို့ ရောက်သောအခါ ဧည့်သည်အား တွေ့ဆုံခွင့်ပြုရန် တာဝန်ရှိသူအား ပြောပြလိုက်၏။

ဟိုတယ်လုံခြုံရေးဝန်ထမ်းအား ကြည်စိုးက ၎င်းတွေ့ဆုံလိုသောသူ၏အမည်နှင့် အခန်းနံပါတ်အား ပြောပြလိုက်ရာ ချက်ချင်းဆက်သွယ်ပေးပြီး ဧည့်သည်အား တွေ့ဆုံခွင့်ပြုကြောင်း ပြောခဲ့၍ လုံခြုံရေးဝန်ထမ်းက အခန်းသို့ရောက်သည်အထိ လိုက်ပါပို့ဆောင်ပေးခဲ့သည်။

တည်းခိုခန်းသို့ ရောက်သောအခါ ရန်ပိုင်က ဖျူငှာစွာ ကြိုဆိုခဲ့၏။

"ညီလေးကြည်စိုး၊ မင်းက ငယ်ရုပ်မပျောက်ဘူး၊ မင်းငါ့ကို မှတ်မိရဲ့လား"

ရန်ပိုင်မှာ သူ့ဆရာ၏သား ကြည်စိုးအား ငယ်စဉ်က ထိန်းကျောင်းပေးခဲ့ရဖူးသူဖြစ်၍ ညီအရင်းကဲ့သို့ ကောင်းစွာမှတ်မိခဲ့သည်။ ကြည်စိုးက တစ်သွေးတစ်မွေးဖြစ်နေသော ရန်ပိုင်ကိုကြည့်ရင်း မနည်းစဉ်းစားကြည့်နေခဲ့ရ၏။

"ကျွန်တော် မှတ်မိပြီ အစ်ကို"

"ကဲ.....ကုမ္ပဏီပိုင်ရှင်နဲ့တွေ့ရအောင်၊ ငါနဲ့လိုက်ခဲ့"

ရန်ပိုင်က ကြည်စိုးအား ကုမ္ပဏီပိုင်ရှင်ရှိရာအခန်းသို့ ခေါ်သွားပြီး မိတ်ဆက်ပေးခဲ့သည်။

ကုမ္ပဏီပိုင်ရှင်က ကြည်စိုးကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး အကဲခတ်ကာ မေးလိုက်၏။

"မောင်ကြည်စိုး အလုပ်လုပ်ရင် အခက်အခဲဆိုတာ ရှိသလား"

"Mg Kyi Soe, are there any challenges in any work?

"ရှိပါတယ်ခင်ဗျာ၊ အတွေ့အကြုံနဲ့ ကြိုးစားဖြေရှင်းရမှာပါ"

"မင်းစိတ်ဓာတ်ကို ငါသဘောကျတယ်၊ မင်းကိုအလုပ်ခန့်လိုက်ပြီ"

"I have appointed you to job"

ကုမ္ပဏီပိုင်ရှင်သူဌေးက ရန်ပိုင်အား အင်္ဂလိပ်လို ပြောလိုက်၏။

ရန်ပိုင်က မြန်မာလို ပြန်လည်ရှင်းပြခဲ့သည်။

"မောင်ကြည်စိုး မင်းကို အလုပ်ခန့်လိုက်ပြီတဲ့၊ လိုအပ်တဲ့ နိုင်ငံကူးလက်မှတ်လည်း ငါတို့ကုမ္ပဏီကပဲ တာဝန်ယူပြီး လုပ်ပေးမယ်"

ကုမ္ပဏီပိုင်ရှင်က ကြည်စိုး

**ရန်ပိုင်မှာသူ့ဆရာ၏သားကြည်စိုးအားငယ်စဉ်က ထိန်းကျောင်းပေးခဲ့ရဖူးသူဖြစ်၍ညီအရင်းကဲ့သို့ကောင်းစွာမှတ်မိခဲ့သည်။ ကြည်စိုးက တစ်သွေးတစ်မွေးဖြစ်နေသောရန်ပိုင်ကိုကြည့်ရင်း......**



www.burmeseclassic.com

www.burmeseclassic.com



အား အလုပ်ခန့်လိုက်ပြီဟု ပြောလိုက်ချိန်ဝယ် ရန်ပိုင်က သူ့ဌေးအား ကျေးဇူးတင်စကားပြောပြီး လက်ဆွဲနှုတ်ဆက်လိုက်လေသည်။

"ကဲ..ငါ့ညီ၊ တစ်ပတ်အတွင်း ပြင်ဆင်ထား၊ ---နေ့ မနက် ၉ နာရီလေယာဉ်နဲ့ထွက်မယ်၊ ငါ့ညီပါ တစ်ပါတည်းလိုက်ခဲ့၊ ပြင်ဆင်စရာရှိတာ သွားပြင်၊ ငွေရေးကြေးရေး ကိစ္စအားလုံး ကုန်ကျစရိတ်ကို ငါက အားလုံးတာဝန်ယူတယ်ဆိုတဲ့ အကြောင်း ဆရာ့ကိုပြောလိုက်၊ ရော့.....ဒီအထုပ်ထဲက ဆရာ့အတွက် ငွေ (၁၅)သိန်း ထည့်ပေးလိုက်တယ်၊ မင်းယူသွားပါ၊ ဆရာ့ကို ငါကန်တော့တာလို့ ပြောလိုက်"

"ဟုတ်ကဲ့ပါ အစ်ကို"

အိပ်မက်ပင် မမက်ခဲ့ဖူးသော ငွေ (၁၅)သိန်းအထုပ်ကိုပိုက်၍ ကြည်စိုးမှာ ဖခင်ဖြစ်သူထံ အပြေးတစ်ပိုင်းဖြင့် ပြန်လာခဲ့သည်။

ဦးသောင်းစိန်က သူ့အစ်ကိုထံ ဖုန်းဖိုးကို ချက်ချင်းအလျော်ပေးလိုက်၏။ သည်တော့မှ ဦးသောင်းစိန်၏ အစ်ကိုဖြစ်သူမှာ ပြုံးပြုံးရွှင်ရွှင်ဖြင့် ညီဖြစ်သူကို စကားပြောနိုင်ခဲ့တော့၏။

♛♛♛♛♛

စင်ကာပူနိုင်ငံတွင် ငါးနှစ်ကျော် အလုပ်လုပ်ပြီးနောက် မင်းသူမှာ မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်။ မင်းသူအား ယောက္ခမဖြစ်သူနှင့် သမီးလတ်ဖြစ်သူ မခိုင်မာလာတို့က လေဆိပ်သို့ လာရောက်ကြိုဆိုနေသည်ကို မင်းသူတွေ့လိုက်ရ၍ ဇနီးဖြစ်သူ ပါမလာသည်ကို မျိုသိပ်ထားနိုင်ခြင်းမရှိဘဲ မေးလိုက်မိသည်။

"အမေ မငြိမ်းသူရော"

"အဲဒီအကြောင်းကို အိမ်ပြန်ရောက်မှ ပြောမယ်၊ အခု အခြေအနေတွေက ပြောင်းကုန်ပြီ ငါ့သားရဲ့"

မင်းသူအနေနှင့် မငြိမ်းသူကို

ဇနီးဖြစ်သူ
မငြိမ်းသူကိုယ်တိုင်
မလာရောက်ခဲ့၍
တစ်ခုခုတော့ထူးခြားနေပြီဟု
မင်းသူက ယူဆခဲ့သည်။
လမ်းတစ်လျှောက်လုံးမင်းသူမှာ
ဇနီးသည်အတွက်
စိုးရိမ်တကြီးဖြင့်
စဉ်းစားရင်း.....

မတွေ့ရ၍ စိတ်ထဲဆို့နင့်စွာ ခံစားခဲ့ရသည်။ ယောက္ခမဖြစ်သူကလည်း သမီးအလတ်မအား မျက်နှာ မျက်နှာကဲ ပြနေခဲ့၍ မင်းသူမှာ သင်္ကာမကင်းစိတ် ဖြစ်နေခဲ့ရသည်

ဇနီးဖြစ်သူ မငြိမ်းသူကိုယ်တိုင် မလာရောက်ခဲ့၍ တစ်ခုခုတော့ထူးခြားနေပြီဟု မင်းသူက ယူဆ သည်။ လမ်းတစ်လျှောက်လုံး မင်းသူမှာ ဇနီးသည်အတွက် စိုးရိမ်တကြီးဖြင့် စဉ်းစားရင်း လိုက်ပါ ရ၏။

အိမ်သို့ရောက်သည့်တိုင် ဇ ကို မတွေ့ရ။ မင်းသူကမေးတော့ ယောက္ခမဖြစ်သူမှာ မနေသာတော့ သဖြင့် ရှင်းပြခဲ့ရတော့၏။

"ငါ့သား၊ မင်းမိန်းမက ငွေ ရှိတဲ့သူနဲ့ လိုက်ပြေးသွားခဲ့တယ် အဲ ဒီ လို ဖြစ်ရတာဟာ ငါ့ရဲ့အုပ်ထိန်းမှု ညံ့လို့ပဲ၊ အဲဒီတော့ လျော်ကြေး ပေးတဲ့အနေနဲ့ ငါ့သမီး ခိုင်မာလာနဲ့ မင်းကို လက်ထပ်ပေး မယ်"

"ခိုင်မာလာကို ညီမလေး ချစ်ခဲ့ရတာပါ အမေ၊ မငြိမ်းသူ တွေ့အောင်ရှာပါရစေ"

"မရှာပါနဲ့ ငါ့သား၊ မင်းက သားအရင်းလို စောင့်ရှောက်ခဲ့ ပါကွာ၊ သူ့ထိုက်နဲ့သူ့ကံ ထား ပါတော့ကွာ၊ ငါ မင်းအတွက် မယားအဖြစ် ငါ့သမီးလတ်



www.burmeseclassic.com

www.burmeseclassic.com



အလျော့ပေးနေပြီပဲကွာ''

မင်းသူမှာ နိုင်မာလာအား မျက်နှာပူပူဖြင့် ကြည့်မိ၏။ ငွေကို အနိုင်းထားပြီး ဘဝအပျော်အတွက် အဖော်ရှာသွားလေသော ဇနီးဖြစ်သူကို နားမလည်နိုင်အောင်ဖြစ်ရင်း အချိန်ကြာမြင့်စွာ စဉ်းစားနေခဲ့၏။

အတန်ကြာမှ နိုင်ငံခြားတွင် အလုပ်အတူလုပ်ရင်း ခင်မင်ရင်းနှီးခဲ့သည့် သူငယ်ချင်းထံသွားမည်ဟု ပြောဆိုခွင့်တောင်း၍ ထွက်ခဲ့သည်။

♛♛♛♛♛



''ဟာ..လာဗျို့ ကိုမင်းသူ၊ ခင်ဗျားမိန်းမရော မပါဘူးလား''

မင်းသူက နိုင်ငံခြားတွင် အတူ အလုပ်လုပ်ပြီး အတူတကွ ပြန်လာ ခဲ့သော ကြည်စိုးအား အကြောင်းစုံ ရှင်းပြခဲ့သည်။ ကြည်စိုးက စိတ် မကောင်းစွာဖြင့် နားထောင်ခဲ့ရ သည်။

''ဖြစ်မှဖြစ်ရလေ သူငယ်ချင်းရာ၊ ဒါနဲ့ လိုက်မရှာဘူး လား''

''ယောက္ခမက သူ့သမီးလတ်ကို အလျော့ပေးတယ်တဲ့ကွာ၊ ကစားစရာအရုပ်တွေများ မှတ်နေသလားမသိဘူး''

ကြည်စိုးက ယောက္ခမလည်းဖြစ်၊ ကျေးဇူးရှင်တစ်ဦးလည်းဖြစ်သော မင်းသူ၏ မွေးစား ဖခင် လုပ်ဆောင်ချက်ကို အံ့အား သင့်ခဲ့မိရ၏။

''ကဲ...နောက်မှစဉ်းစား၊ အခု ကျွန်တော့်အကြီးကို သွားကန်တော့မှာမို့ ခင်ဗျားပါ အဖော်လိုက်ခဲ့ဗျာ''

မင်းသူလည်း ကြည်စိုးနောက်သို့ မလိုက်ချင်လိုက်ချင်ဖြင့် လိုက်ခဲ့ရလေသည်။

ကြည်စိုးသွားကန်တော့သည့် သူ့အကြီးအိမ်တွင် မင်းသူက မငြိမ်းသူကို မမျှော်လင့်ဘဲ တွေ့လိုက်ရ၏။

''ဟင်...ငြိမ်းသူ မင်း...မင်း''

''ဟုတ်ပါတယ် ကိုမင်းသူ၊ ကျွန်မမှားခဲ့ပါပြီ ကိုမင်းသူ၊ ကျွန်မ တက္ကသိုလ်နောက်ဆုံးနှစ်မှာ ဒီက ကိုကြည်စိုးရဲ့ညီဝမ်းကွဲနဲ့ ချစ်ကြိုက်ပြီး အနေဝေးတဲ့ ခင်ပွန်းကြောင့် အိမ်ထောင်ရေးဖောက်ပြန်သလို မိုက်မဲခဲ့မိပါတယ်၊ ကျွန်မ မှားမိပါပြီ၊ သွေးသားအလိုကြောင့် မှားခဲ့မိတယ်ဆိုလည်း မှန်ပါတယ် ကိုမင်းသူရယ်၊ ကျွန်မကို ခွင့်မလွှတ်ဘဲ စွန့်ပစ်လိုက်ပါတော့ရှင်''

မငြိမ်းသူက ချုံးပွဲချငိုရင်း သူမ၏အမှားများကို မျက်ရည်ထုတ်ပြ၍ တောင်းပန်စကားဆိုခဲ့၏။

မငြိမ်းသူ၏နောက်အိမ်ထောင်က မင်းသူကို မဝံ့မရဲကြည့်ရင်း တောင်းပန်ခဲ့ပြန်သည်။ ကြည်စိုးလည်း သူ့ညီဝမ်းကွဲအတွက် မင်း



www.burmeseclassic.com

www.burmeseclassic.com



သူကို တောင်းပန်ရပြန်သည်။

"ကဲ.....ကိုမင်းသူ ဘယ်လိုလုပ်ချင်လဲ၊ ကိုမင်းသူစိတ်တိုင်းကျ ကျွန်တော် အားလုံးဆောင်ရွက်ပေးမယ်ဗျာ၊ မယားခိုးမှုနဲ့ တရားစွဲမယ်ဆိုလည်း ကျွန်တော်ကိုယ်တိုင်ကျွန် တော့်ညီကိုဖမ်းပြီး လိုက်ပို့ပေးမယ်၊ ဒါမှမဟုတ် မငြိမ်းသူရဲ့ ညီမနဲ့ လက်ထပ်မယ်ဆိုလည်း ကျွန်တော်က မင်္ဂလာပွဲကုန်ကျစရိတ်ကို အကုန် အကျခံမယ်ဗျာ"

ကြည်စိုးက မင်းသူအား စိတ်ကျေနပ်မှုရရှိအောင်ပြောနေရသည့် တိုင်မြန်မာ့လူမှုနယ်ပယ်တွင် မဖြစ်သင့်သော ဖြစ်ရပ်ဖြစ်နေ၍ အားနာ၊ မျက်နှာပူစွာဖြင့် အနူးအညွတ်တောင်းပန်ခဲ့ရသည်။

မင်းသူက အသေအချာစဉ်းစားသည်။ သူ့ရင်ကို စုံကန်၍ထွက်သွားသော ဇနီးကြောင့် တစ်ဖက်လူကို ဒုက္ခမပေးလိုတော့ပေ။ သူ့ဘဝဝဋ်ကြွေးကြောင့်ဟုသာ သဘောထားခဲ့သည်။

"ရပါတယ် သူငယ်ချင်းရာ၊ ငါ့အနေနဲ့ မငြိမ်းသူကို အခုလိုတွေ့ရတော့ စိတ်မကောင်းဖြစ်တာတော့ အမှန်ပါပဲ၊ အခုလို မမျှော်လင့်ဘဲ တွေ့ရချိန်မှာ မေတ္တာတရားရဲ့တန်ဖိုးကို ဘဝအပျော်နဲ့ အလဲအလှယ် လုပ်တတ်တာကိုလည်း ရွံရှာမိတယ်၊



အခု ငါဆုံးဖြတ်ချက်တစ်ခု ချချင်တယ်၊ အဲဒီဆုံးဖြတ်ချက်ကို မင်းကူညီပါကွာ"

"ခင်ဗျား ဘာဖြစ်ချင်လို့လဲ"

"ကိုယ့်ကိုမချစ်လို့ တစ်ပါးသူရဲ့ရင်ခွင်ထဲ ပြေးဝင်သွားသူကြောင့် ဘယ်သူ့ကိုမှ တရားဥပဒေအရဖြစ်စေ၊ လူမှုရေးလက်တုံ့ပြန်မှုနဲ့ဖြစ်စေ ကလဲ့စားချေဖို့ ဆန္ဒမရှိဘူး"

"ဟုတ်ပြီ၊ အဲဒီလို စိတ်ထားမျိုးက ယောကျ်ားသားတိုင်း မထားနိုင်ဘူးကွ၊ အဲဒီတော့ ကိုမင်းသူတောင်းဆိုချင်တာက ဘာလဲ"

"ငါ့အပေါ် နားလည်တဲ့ ခိုင်မာလာနဲ့ လက်ထပ်ပေးတာကို ငါလက်ခံလိုက်မယ်၊ မင်္ဂလာပွဲကျင်းပတဲ့နေ့မှာ မငြိမ်းသူနဲ့ သူ့ရဲ့ခင်ပွန်းတက်ရောက်ချီးမြှင့်ပေးဖို့ပါပဲ၊ ဒါမှ ငါဘယ်လောက် သဘောထားကြီး တယ်ဆိုတာ သိကြမှာကွ"

"ဖြစ်စေရမယ် သူငယ်ချင်း၊ ကျွန်တော့်ညီဝမ်းကွဲအတွက် ကျွန်တော် တာဝန်ယူတယ်"

"ဒါဆို ငါကျေနပ်ပြီ၊ သွား မယ်ကွာ"

မင်းသူက သူ့အပေါ် ကြင်နာ စိတ်မထားခဲ့နိုင်သော ဇနီးဟောင်းကို ရင်နာနာဖြင့် ကျောခိုင်းပစ်လိုက်၏။

မင်္ဂလာပွဲနေ့တွင် လူမှုရေး အရ လက်တုံ့ပြန်ခံရမှုကို လှလှပ ကြည့်နေလိုက်ဦးမည်ဟု စဉ်းစာ ရင်း မင်းသူမှာ ကျေနပ်စွာ ပြုံးနေ ခဲ့၏။

ရေနဂ



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





## လမ်းခွဲလေးက နှုတ်ဆက်မယ်

မောင်ထွန်းညွန့် (ကွမ်းခြံကုန်း)

**မင်းသူအတွက်ကတော့ ဆံတစ်ပင်တင်း ချစ်ခြင်းမယား ရည်းစားလူလုသွားသည့်ကိန်းမို့ မောင်မောင်ဆိုသည့် မယားနိုးကိုရော၊ လေ့နံ့နှစ်ဖက်နင်းသည့် မယားကိုပါ သဲသဲမဲမဲ လိုက်ရှာနေ ခဲ့သည်။ သို့သော်.....**

လောကတွင် လူတစ်ဦးအတွက် ပြည့်စုံခြင်းဟူသည် ဘယ်သောအခါမှ မပြည့်စုံပေ။ ဘဝပေးအခြေအနေအရ ဆင်းရဲချို့တဲ့သူများရှိသလို ချမ်းသာသုခနှင့် ပြည့်စုံသူတွေလည်း ရှိ၏။ ချမ်းသာသည်ဆိုသော်လည်း အေးအေးငြိမ်းငြိမ်းမရှိတတ်၊မရှိနိုင်။ တစ်ခုမဟုတ်တစ်ခုအတွက်တော့ ပူပန်သောကရောက်နေရတတ်သည်။

အခုလည်း မင်းသူကိုကြည့်။ အသက်ကတော့ ၃၀ ခန့်ရှိပြီ။ အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် နှာတံပေါ်သည်။ မျက်လုံးမျက်ဖန်ကောင်းသည်။ ပြီးတော့ လေတိုက်လျှင် လှိုင်းတွန့်ဆံမွေးလေးများက ကျယ်ပြန့်သည့်နဖူးပေါ်သို့ ဝဲကျနေတတ်သည်။

ပြီးတော့ ဘူမိဗေဒဘာသာဖြင့်လည်း ဘွဲ့ရရှိထားသူ။ ဒီတော့ အပျိုချောတွေ ဝိုင်းဝိုင်းလည်နေသည်။ မစ်ဆူဘီရှီဂဲလင့်တစ်စီးဖြင့် သွားချင်သည့်နေရာသို့ အချိန်အခါမရွေး သွားနိုင်ပြီး မိဘချမ်းသာသရွေ့ စိတ်တိုင်းကျ သုံးစွဲနိုင်သော မင်းသူဘဝမှာ သောကဆိုတာ ချိုနဲ့လား၊ ဒုက္ခဆိုတာ ချိုနဲ့လားဟုပင် မေးကြည့်ယူရမည်။

ဒီလိုလူမျိုးအတွက် မဆွတ်ခင်က ညွှတ်ချင်သူတွေ၊ သမက်ဖမ်းချင်သူတွေ အနမတဂ္ဂ ဒုနဲ့ဒေး။ အို.....ပေါလိုက်သည့်ဖြစ်ခြင်း။

ဒါပေမဲ့ သူကတစ်မျိုး။ တစ်ဖွတ်ထိုး။ ထင်ရာစွတ်လုပ်တတ်သည်။ ကြည့်လေ။ ဉစ္စာပေါ၊ ရုပ်ချော၊ ပညာတတ်၊ အိမ်ပါ၊ အမေကြိုက်မည့် ငယ်ငယ်ရွယ်ရွယ် လတ်လတ်တွေ ဒီလောက်ပေါနေသည့်ကြားက 'ရီရီဝေ'ကို ကောက်ယူလိုက်သည်။ ရီရီဝေဆိုတာကရော သာမန်ထဲက သာမန် ဆေးလိပ်သမလေး။ အတန်းပညာက ၆ တန်း။ ကဲ.....မှတ်ကရော။ ပိုက်ဆံရှိလို့ ထကြောင်တာပဲလား၊ မေတ္တာစစ်၊ မေတ္တာမှန်ပဲလား ဆိုတာကိုတော့ မင်းသူတစ်ယောက်သာ အသိဆုံးဖြစ်လိမ့်မည်။

မလိုတဲ့လူတွေက ဘာပဲပြောပြော တူနှစ်ဖြာ ဂဟေဆက်လိုက်သည့်အချိန်ကစပြီး ရီရီဝေတို့ နေ့ချင်းညချင်း တိုက်ပိုင်ကားပိုင်နှင့် ရွှေတွဲလွဲ ငွေတွဲလွဲဖြစ်သွားသည်။

သူဌေးသား မင်းသူရဲ့မယား သူဌေးကတော် ဒေါ်ရီရီဝေပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ မကြောင့်မကြ၊ မတောင့်မတ နေနေရသောဘဝမှာ ရီရီဝေတို့က အေးအေးမနေ။ ရည်းစားဟောင်း မောင်မောင်ကို မဖြတ်။ လစ်ရင်လစ်သလို ခိုးတွေ့ကြသည်။ တစ်နည်းဆိုရသော် ဖောက်ပြန်ကြသည်။

မောင်မောင်ဆိုသည့်ကောင်ကလည်း ရုပ်နှင့်အကျင့်က တခြားစီ။ ရုပ်ကလေးက သနားကမားရှိသလောက် အကျင့်က လုံးဝအောက်တန်းကျသည်။ ပျို့ပျို့အိုအို မရှောင်။ ဆင်းရဲဆင်းရဲ ချမ်းသာချမ်းသာ မိန်းမဆို ပြီးရောဆိုသည့်ကောင်စားမျိုး။ ဈေးသုံးဖိုးရလျှင်လည်း ချူသည်၊ ဂျင်းနံ့ဝမ်းဆက်ဖိုး၊ ဝေါ့ကင်းရှူးဖိုး သူ့အဆင့်နှင့်သူ ချူသည်။ အခု ရီရီဝေက လက်ဖက်ရည်ဖိုးအဆင့်လောက်ကနေ ဂျင်းနံ့ဝမ်းဆက်ဖိုးအဆင့်လောက် အသာလေးချူနိုင်သည့်အဆင့်လောက် ရောက်လာတော့ မောင်မောင်တို့အတွက် တိုင်းပြီးရက်တဲ့ ပက္ကလာ မိုးရွာတာနဲ့ အသင့်။

ဒါတင်ပဲလား။ မကသေး။ ဖဲ၊ အရက်၊ မိန်းမ၊ လောင်းကစားမှုနှင့် သမျှနှင့် မကောင်းမှုဟူသရွေ့တွင် မောင်မောင်တို့ အလေ့ထုံသည်။

ခုတော့ ရီရီဝေနှင့်တွေ့တိုင်း လက်ဖက်ရည်ဖိုး၊ အရက်ဖိုး ရလာသည်။ အကြောင်းအမျိုးမျိုးပြပြီး ငွေချူသည်။ ခိုးတွေ့တိုင်းလည်း ကာမေသုကံကို ကျူးလွန်ကြသည်။ ဖောက်ပြန်ကြသည်။ ရီရီဝေက မင်းသူထံမှ ရသမျှယူပြီး တခြားထွက်ပြေးကြရအောင်ဟု ပြောလာတော့ မောင်မောင်က ဗိုလ်အောင်ဒင် စတိုင်လ်နှင့် "ဒီအတိုင်းပဲ ကောင်း ပါတယ်၊ ဘာလိုသေးလဲ အချစ် ရယ်"တဲ့။ ဟုတ်သည်။ တစ်နေ့ ရွှေဥတစ်လုံးတစ်လုံး ဥနေမှတော့ ဒီ ငန်းကြီးကို သတ်စရာမလို။ မောင်မောင်တို့က ကျောင်းပညာမှာသာ ၈ တန်းမအောင်ပေမယ့် ဒီနေရာ မျိုးမှာတော့ အတွက်အချက် သိပ် တော်သည်။

ဒါပေမဲ့ မကောင်းမှုဆို သည်က ဆိတ်ကွယ်ရာမရှိ၊ သူတို့နှစ်ယောက် ဘယ်လောက်ပဲ သိုသိပ်သိုသိပ် မင်းသူနားကို ပေါက်သွားသည်။ တစ်ယောက် ပြောတုန်းက မယုံ၊ နှစ်ယောက် ပြောလာတော့လည်း မယုံ၊ ခုတော့ သုံးလေးယောက်မက ငယ် ပေါင်း သူငယ်ချင်းတွေကပါ ပြောလာပြီး မယုံ၍မရတော့။

ဒီတော့ မင်းသူက ရီရီဝေကို အရိပ်အကဲနှင့် သတိပေးရသည်။ ရီရီဝေက မလိုတမာသူတွေရဲ့ စကား၊ ကြားလူစကားတွေ ယုံ မည်လားဟုပင် ငိုယိုပြီး "မော မကျေနပ်ရင် အိမ်ပေါ်က ဆင်း မယ်"ဟု ဆိုလာတော့ မင်းသူ ဇဝေဇဝါဖြစ်လို့သွားသည်။

မင်းသူကပင် ပြန်ချော့ ၍ မနည်းကြီးကို ချော့ယူရသည်





www.burmeseclassic.com

တစ်ဖက်သို့လှည့်ကာ ရယ်လိုက်သည့် ရီရီဝေ့မျက်နှာကိုတော့ မင်းသူ မမြင်လိုက်ရ။

ဒီကနေ့တော့ ပပဝင်းရုံမှ အထွက်တွင် မောင်မောင်နှင့် ရီရီဝေကို မင်းသူကိုယ်တိုင် တွေ့လာတော့ အိမ်ကိုအရင်ပြန်လာသည်။ အိမ်ဖော်ကောင်မလေးကို အစ်အောက်လိုက်တော့ ထွက်လာ၏။ ရီရီဝေ၏ဗီရိုကို ဖွင့်ရှာတော့ သူတို့ချင်း အပြန်အလှန်ပေးသည့်စာများနှင့် မောင်မောင်က ဖဲကြွေးတောင်းထားသည့် စာကိုတွေ့ရသည်။ ဒေါသတို့ အလိပ်လိုက်တက်လာသည်။ သွေးတို့က ဆူလာသည်။

သိပ်မစောင့်လိုက်ရပါ။ ရီရီဝေပြန်ရောက်လာသည်။ မင်းသူကို တွေ့တော့ မျက်နှာပျက်သွားသည်။

"ဟင်.....မောင် အစောကြီး ပြန်ရောက်နေတယ်"

"အေး၊ မင်းတို့ခွေးဇာတ်ကို သတင်းရလို့ အစောကြီးပြန်လာတာ"

"ရှင် မတရားမစွပ်စွဲနဲ့နော်"

"ဟင်.....နင်နဲ့ နင့်အကောင် ပပဝင်းရုံမှာ ရုပ်ရှင်ကြည့်ကြတာ ငါ မသိဘူးမှတ်နေသလား၊ ဒီစာတွေကကော နင့်လူက ဖဲကြွေးဆပ်ဖို့ ငွေတောင်းတဲ့စာ မဟုတ်လား၊ ဘာတွေပြောချင်သေးလဲ"

"မောင်မောင်က ကျွန်မလင်ငယ်မဟုတ်ဘူး၊ ရှင်သာ ကျွန်မလင်ငယ်၊ မောင်မောင်နဲ့ကျွန်မ ညားနေတာ ကြာလှပြီ၊ ရှင့်ကို ကျွန်မက ချစ်လို့ယူတာမဟုတ်ဘူး၊ ချမ်းသာလို့ယူတာ၊ သိရဲ့လား"

"ဖြန်း.....ဖြန်း"

ရီရီဝေက သူ့ပါးအရိုက်ခံလိုက်ရသည်ကို သိပ်ဝမ်းသာသွားသည်။

သူ့တွင် မင်းသူထံမှ ခိုးထားသည့်ငွေကလည်း အတော်လေးရနေပြီမို့ ပါးရိုက်ခံရသည်ကို အကြောင်းပြုပြီး အိမ်ပေါ်မှ ဆင်းသွားတော့သည်။ သူဆင်းသွားသည့်အိမ်က မောင်မောင့်အိမ်။ မောင်မောင့်ကိုတွေ့တော့ 'ဝေတို့ဇာတ်လမ်းကို ကိုမင်းသူ သိသွားလို့ သေနတ်တစ်လက်နဲ့ လိုက်ရှာနေတယ်၊ တွေ့ရင် နှစ်ယောက်စလုံး သတ်မယ်လို့ ကြိမ်းနေတယ်၊ ဒါကြောင့် မပြန်ရဲတော့ဘူး၊ ဝေးရာကို ပြေးကြစို့'ဟုပြောသည်။

♛♛♛♛♛

မင်းသူအတွက်ကတော့ ဆံတစ်ပင်တင်း၊ ချစ်ခြင်းမယား၊ ရည်း စားလူလုသွားသည့်ကိန်းမို့ သောကဗျာပါရနှင့် မောင်မောင် ဆိုသည့် မယားခိုးကိုရော၊ လေှနံ

သူဆင်းသွားသည့်အိမ်က
မောင်မောင့်အိမ်။
မောင်မောင့်ကိုတွေ့တော့
'ဝေတို့ဇာတ်လမ်းကို
ကိုမင်းသူ သိသွားလို့
သေနတ်တစ်လက်နဲ့ လိုက်ရှာနေတယ်၊
တွေ့ရင် နှစ်ယောက်စလုံး သတ်မယ်လို့
ကြိမ်းနေတယ်၊
ဒါကြောင့်
မပြန်ရဲတော့ဘူး၊ ဝေးရာကို .....



www.burmeseclassic.com

www.burmeseclassic.com





နှစ်ဖက်နင်းသည့် မယားကိုပါ သဲသဲမဲမဲလိုက်ရှာနေသည်။

သို့သော် အရှောင်အတိမ်း ကောင်းလှသော သူတို့ကို မင်းသူက တော်တော်နှင့် ရှာမတွေ့။ သူတို့နှစ်ဦးကလည်း မင်းသူက လိုက်ရှာလေ၊ ပုန်းလေ။ မင်းသူ စိတ်ထဲမှာလည်းနာသည်။ ရှက်လည်းရှက်သည်။ တွေ့သည့်နေရာတွင်မလွှယ်ဘူးဟော့ဟု တေးမှတ်ထားသည်။

နေ့စဥ်မပြတ် တပ်လှန့်ရှာတော့ ဟော.....သတင်းရပြီ။ မင်းတို့ ဘယ်ပြေးမလဲပေါ့။ သင်းတို့က မန္တလေးမှာဆိုပဲ။ ထို့ကြောင့် မင်းသူ မန္တလေးကိုလိုက်သည်။

မန္တလေးသို့ရောက်ပြီ၊ ရှာပြီ၊ စုံစမ်းပြီ။ သည်တော့ သတင်းရပြီ။ သင်းတို့နှစ်ယောက် ကျုံးထောင့်နားက တည်းခိုခန်းတစ်ခုမှာတဲ့။

တည်းခိုခန်းသို့ တစ်ဆက်တည်းလိုက်သည်။ မရှိ။ မန်းသီတာ ဥယျာဥ်ဘက် လေညင်းခံထွက်သည်တဲ့။ တစ်ညလုံးလျှောက်မလား၊ လျှောက်စမ်း။ မလှမ်းမကမ်းရှိ လက်ဖက်ရည်ဆိုင်ကနေ ထိုင်စောင့်နေသည်။

တဖြည်းဖြည်းမှောင်လာသည်။ ည ၉ နာရီလောက်ကျတော့ သူတို့နှစ်ယောက် ပြန်ရောက်လာသည်။ တစ်ယောက်ခါး တစ်ယောက်ဖက်လို့ တခစ်ခစ်နှင့်ရယ်လိုက်၊ ပခုံးချင်းတိုက်လိုက်နှင့်။ မင်းသူ၏မျက်လုံးထဲ မီးဝင်းဝင်းတောက်သွားသည်။ သူတို့နှစ်ယောက်ရှေ့ကို ဘယ်လိုရောက်သွားမှန်းပင် မသိလိုက်။

သူတို့နှစ်ဦး၏ရယ်သံများ ရုတ်တရက် ရပ်တန့်သွားသည်။ မင်းသူကို မမျှော်လင့်ဘဲ တွေ့လိုက်ရတော့ တစ္ဆေသရဲတစ်ကောင်ကို တွေ့လိုက်ရသလို လန့်သွားကြသည်။ မင်းသူက ဘာမှမပြောဘဲ မောင်မောင့်ကို ဆွဲထိုးလိုက်သည်။ ရီရီဝေကိုလည်း ပါးနှစ်ဆင့်ရိုက်လိုက်သည်။

ပြီးတော့ ဂျာကင်အကျီထဲက ခလုတ်နှိပ်ဓားကို ဆွဲထုတ်လိုက်ပြီး မောင်မောင့်နံကြားသို့ ထိုးချလိုက်သည်။ စိတ်ဇောကြောင့် ပိုင်ပိုင်နိုင်နိုင်မထိ။ အဝီစိငရဲကိုမကြောက် ပေမယ့် ဓားမြှောင်ကိုတော့ မော မောင်ကြောက်သည်။ ကယ်ကြ ဦးဟုအော်ရင်း တစ်ချိုးတည်းပြေ သည်။

"ဝေ.....ဝေ မှားပါတယ် မောင်ရယ်၊ ဝေ့ကိုခွင့်လွှတ်ပါ"

"ဖြန်း....."

"တိတ်စမ်း မြွေဟောက် နင်တို့လင်မယားကို သတ်ပြီးမှ ကြိုးစင်တက်မယ်၊ နင်တို့လိုဟာ တွေရှိနေရင် လောကကြီး သရေယုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com

မင်းသူက ပြောပြောဆိုဆို လက်ကိုမြှောက်လိုက်သည်။

ရီရီဝေတစ်ယောက်အကြောက်လွန်ပြီး ခွေကျသွားသည်။ ထိုစဉ်မှာပင် သူ့ကိုချုပ်ကိုင်လိုက်သော လူနှစ်ယောက်ကြောင့် မင်းသူက ကြည့်လိုက်သည်။ ရဲနှစ်ဦး။ တစ်ဦးက သူ့ခါးမြှောင်ကို ကျွမ်းကျင်စွာ လုယူသိမ်းဆည်းလိုက်သည်။ ပြီးတော့ လက်ထိတ်ခတ်လိုက်သည်။

မင်းသူမှာ ရဲများခေါ်ဆောင်ရာသို့ တရွေ့ရွေ့ ပါသွားသည်။

ဗုဒ္ဓရှင်တော်ဘုရားလက်ထက်ကပင် စိဥ္စမာဏာ မိန်းမယုတ်ဆိုသည်မှာ ရှိခဲ့ဖူးသည်။ ထိုမိန်းမယုတ်သည် ဗုဒ္ဓ၏ အသရေတော်ကို ညှိုးနွမ်းအောင် ဖျက်လိုဖျက်ဆီး လုပ်ခဲ့သည်။

ကျွန်တော်တို့ခေတ်တွင်လည်း ရီရီဝေကဲ့သို့သော မိန်းမမျိုးသည် စိဥ္စမာဏာလို မိန်းမမျိုးပင်ဖြစ်သည်။ ရန်သူနှင့်တူသော မိန်းမမျိုးမို့ ပေါင်းသင်းအပ်။ ထိုအသိ၊ ထို နောင်တတရားကို မင်းသူရရှိလိုက်သောအချိန်မှာ နှောင်းခဲ့ပြီ၊ နောက်ကျခဲ့ပြီ။

မင်းသူတစ်ယောက် ဘာဖြစ်လို့ အထက်ပါအဖြစ်မျိုးလို အရှက်ကွဲ သိက္ခာကျသူ ဘာကြောင့် ဖြစ်ရပါသလဲ။

ရှင်းပြပါမည်။



မာယာအပလီနီးဖြင့် မြှုဆွယ်ခံရချိန်ဝယ် သွေးသားအလိုကို ထိန်းသိမ်းနိုင်သည့် အသိဉာဏ်နှင့် ဗဟုသုတ မပြည့်စုံခဲ့၍ ရာဂနွံအတွင်း နစ်ခဲ့ရခြင်းဖြစ်သည်။

တစ်ဦးက ရာဂအလိုကို အချစ်စစ်၊ အချစ်မှန်ဟု ထင်ခဲ့သည်။ တစ်ဦးက မိမိဘဝ ချမ်းသာကြွယ်ဝ ပြည့်စုံစေရေးအတွက် မာယာဟူသောလက်နက်ကို ရာဂဟူသည့် ကျောက်သားပေါ်တင်ပြီး သွေးခဲ့လေ၍ မေတ္တာစစ်၊ မေတ္တာမှန်ကို ခုတ်လှဲနိုင်ခဲ့သည်။

ရပ်တည်ချက် မတူညီသူနှစ်ဦး၏ဘဝသည် အနေကြာ အနည်ထိုင်လာသောအခါ မူလဗီဇစရိုက်ကို မပြုပြင်နိုင်ခဲ့၍ ဒုက္ခတရားကို ကိုယ်တိုင်ဝယ်ယူမိသလို ရှိခဲ့ကြသည်။

ဘဝသည် မမြဲ၊ အသက်သည် မမြဲ၊ အချစ်ဟူသည်လည်း မမြဲကြောင်းတရားကို ဆင်ခြင်မိမည်ဆိုပါက စိတ်လိုက်မာန်ပါဖြင့် ရာဇဝတ်မှုကို ကျူးလွန်မိမည် မဟုတ်ပေ။

သို့သော်.....ယခုတော့...

**မောင်ထွန်းညွန့်**
**(ကွမ်းခြံကုန်း)**

www.burmeseclassic.com

www.burmeseclassic.com

မောင်သာမြန့် (ဇီးကုန်း)

# မပြည့်စုံခြင်း၏ ပို၍လေးနက်သော






www.burmeseclassic.com

www.burmeseclassic.com





# မပီပြင်ခြင်း၏ ဖို၍လေးနက်သော

မောင်သာမန် (ဇီးကုန်း)

BURMESE CLASSIC .com

လူပုံအလယ်၌ ပြောကြားခဲ့သော မြင့်မောင်၏စကားများသည် ထွန်းခိုင်အား အရှက်ခွဲသလို ဖြစ်ခဲ့ရသည်။ နှစ်ယောက်တည်းဆုံ၍ ပြောခဲ့သော် ရင်းနှီးခင်မင်သည့် ကျောင်းနေဖက်သူငယ်ချင်းများမို့ ဖြေမည်ဆိုက ဖြေသာပါသေး၏။ ယခုတော့ သူငယ်ချင်းမျက်နှာမှ မထောက် ပြောရက်လေခြင်းဟု တစိမ့်စိမ့်တွေး၍ ထွန်းခိုင်တစ်ယောက် ရှက်ခြင်း၊ ဒေါသထွက်ခြင်းများဖြင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ခဲ့ရသည်။

ပြဿနာဖြစ်ခဲ့သည့် ထိုနေ့က ထွန်းခိုင်သည် မြင့်မောင်ထံမှ ချေးထားသည့် ငွေငါးသိန်းနှင့်ပတ်သက်၍ ပြန်လည်ပေးဆပ်ရမည့်နေ့ထက် တစ်လနောက်ကျမည်၊ ထိုကိစ္စအတွက် နောက်ထပ်တစ်လ အတိုး ပါပေးမည်ဟုပြောရန် သူနေထိုင်သည့် ပေါက်ပင်ကုန်းရွာမှ မြို့သို့ စက်ဘီးဖြင့်လာခဲ့၏။

ထိုသို့လာစဉ် မြို့မဈေးအနီး လက်ဖက်ရည်ဆိုင်ရှေ့အရောက်တွင် ဆိုင်ထဲ၌ လက်ဖက်ရည်သောက်နေသော မြင့်မောင်မှလှမ်းမြင်၍ အသံပြုခေါ်လိုက်သည်။ ထွန်းခိုင်လည်း မြင့်မောင်အား မြင်လိုက်သည်မို့ စက်ဘီးပေါ်မှဆင်း၍ ဆိုင်ရှေ့တစ်နေရာ၌ စက်ဘီးအားဒေါက်ထောက်ထားခဲ့ပြီး ဆိုင်ထဲသို့ ဝင်ခဲ့သည်။ မြင့်မောင်က.....

"ထွန်းခိုင်ရာ ဒီနေ့မှ မင်းမလာရင် ငါလိုက်လာတော့မလို့ကွ"

ထွန်းခိုင်က မြင့်မောင်အား....

"မင်းကလည်းကွာ မဖြစ်မနေ ငါလာမှာပေါ့ကွ၊ ပြီးခဲ့တဲ့ရက်က လည်း မင်းဆီလာမလို့ပဲ၊ ငါးသူခိုးတွေက လစ်ရင်လစ်သလို ငါးခိုးနေတာကြောင့် ငါးကန်ကို နေ့ညမပြတ် စောင့်နေရတာနဲ့ပဲ မလာဖြစ်တာ"

မြင့်မောင်က ထွန်းခိုင်အား စူးစူးစိုက်စိုက်ကြည့်လျက်.....

"ကဲ...မင်းငါ့ဆီက ချေးထားတဲ့ငွေ ပါလာပြီလား၊ ပါလာရင်ပေး တော့ကွာ"

"အေး...အဲဒီကိစ္စနဲ့ပတ်သက်လို့ မင်းကိုငါ တောင်းပန်မလို့၊ ရှေ့လထဲမှာ ငါ့ရဲ့ငါးကန်တွေ စဖော်တော့မှာမို့ ငါးကိစ္စ ပြီးရင်ပြီးချင်း မင်းဆီကယူထားတဲ့ငွေ ဆက်ဆက်လာပေးပါ့မယ်ကွာ၊ လောလောဆယ် ငါလည်း ငွေပြတ်နေလို့၊ နောက်ပြီး တစ်လတိုးကိုလည်း ထပ်ဖြည့်ပေးပါ့မယ်ကွာ"

မြင့်မောင်မှာ မျက်နှာသုန်မှုန်သွားပြီးနောက်.....

"ထွန်းခိုင်...ထွန်းခိုင်၊ စကားကို လွယ်လွယ်ပြောတဲ့ကောင်ပဲကွာ၊ ငါ့ဆီမှာ ငွေချေးတုန်းက ဘယ်နေ့ ဘယ်ရက်မှာ အတိုးနဲ့အရင်းပေါင်းပြီး ဆက်ဆက်ဆပ်ပါ့မယ်လို့ စာချုပ်ထဲမှာ မင်းကိုယ်



www.burmeseclassic.com

www.burmeseclassic.com

တိုင် ကတိခံဝန် လက်မှတ် ထိုးခဲ့တာပဲ၊ အဲဒီ ကတိအတိုင်းပဲ ဒီနေ့ ငါငွေလိုချင် တာကွ၊ စာချုပ်ကိုများ ပေါ့ပေါ့ထင် နေသလား၊ ဥပဒေဘောင်ထဲက ချုပ်ထားတဲ့ စာချုပ်ကွ၊ ဒီစာချုပ်အရ ရဲစခန်းမှာ အမှုဖွင့်ရင် မင်းဘာဖြစ်သွားနိုင်တယ်ဆိုတာရော မင်းသဘော ပေါက်ရဲ့လားကွဟေ''

မြင့်မောင်၏ တစ်ဖက်သတ် ဗိုပြောနေသော ခပ်တင်းတင်းစကားများကြောင့် လူပုံအလယ်၌ ထွန်းခိုင်မှာ မျက်စိမျက်နှာပျက်လျက်ရှိနေခဲ့ရပေသည်။ ဆိုင်ထဲ၌ ရှိနေကြသူများကလည်း ကျယ်ကျယ်လောင်လောင် ပြောနေသော မြင့်မောင်၏စကားများကြောင့် ထွန်းခိုင်အား စူးစမ်းသည့်သဘောဖြင့် ဝိုင်း၍ကြည့်နေကြသည်။




BURMESE CLASSIC .com

သူငယ်ချင်းအချင်းချင်း လူပုံအလယ်၌ ရက်ရက်စက်စက် ပြောရက်လေခြင်းဟု မြင့်မောင်အား ထွန်းခိုင်မှာ နာကြည်းသကဲ့သို့ ခံစားလိုက်ရသည်။ သို့သော် ထိုနာကြည်းဒေါသစိတ်အား ထွန်းခိုင်မှာ အနိုင်နိုင်ထိန်းလျက် ရှုတည်တည်ဖြစ်နေသော မြင့်မောင်အား တောင်းပန်ရတော့သည်။

''မင်းထင်သလို မဟုတ်ပါဘူးကွာ၊ ကျသင့်တဲ့အတိုးနဲ့အရင်း နှစ်ခုပေါင်းပြီး မပျက်မကွက် ပေးမှာပါ၊ အခုဟာက ငါ့ဘက်က ငွေပေါ်မယ့်အချိန်နဲ့ မင်းကိုပေးရမယ့်အချိန်ကွာဟသွားလို့ ငါကတိပျက်သလို ဖြစ်သွားရတာပါ၊ ငါလည်း ပြီးခဲ့တဲ့ လကတည်းက ငါးတွေကို ဖော်ဖို့ ပါပဲ၊ ဒါပေမဲ့ ငါးဒိုင်ရဲ့ သတင်းပေးချက်အရ ငါးဈေးတွေကျနေတယ်၊ ခဏထားလိုက်ဦး၊ ဈေးတက်ရင် အကြောင်းကြားမယ်ဆိုလို့ နောက်ကျရတာပါ၊ မင်းကွာ အချင်းချင်း ပြောရက်လိုက်တာ၊ နောက်ကျသွားတဲ့အတွက် အတိုးပေးမယ့်အပြင် မင်းတို့စားဖို့ ငါးလည်းပေးပါဦးမယ်ကွာ''

မြင့်မောင်က ထွန်းခိုင်အား စူးစူးရဲရဲကြည့်လိုက်ပြီး.....

''စီးပွားရေးလုပ်တဲ့နေရာမှာ အဓိက ငွေပဲကွ၊ ငွေနဲ့ပတ်သက်လာရင် သူငယ်ချင်းမဆိုထားနဲ့၊ ဆွေမျိုးသားချင်းတွေတောင် ငါက ထားတာမဟုတ်ဘူး၊ မင်းစကားနဲ့ မင်းနော်၊ သူငယ်ချင်းဆိုတဲ့ပညတ်ချက်ကြောင့် မင်းငါးဖော်တဲ့အထိ စောင့်မယ်၊ ရှေ့လကျရင် အတိုးနဲ့အရင်း တစ်ပေါင်းတည်းပေးနိုင်အောင်လုပ်ပါ၊ ရှေ့လကုန်လို့မှ မင်းဘက်က ကတိပျက်တယ်ဆိုရင် ငါ့အဆိုးလို့ မဆိုနဲ့တော့၊ ငါက ချစ်တုန်းမုန်းစကားပြောတာနော်၊ ဟုတ်လား''

သာသာနှင့်နာနာ နှက်လိုက်သည့် မြင့်မောင်၏စကားကြောင့် ထွန်းခိုင်မှာ လူပုံအလယ်ခေါင်း

www.burmeseclassic.com

ခဖော်ဝံ့အောင် ဖြစ်သွားရသည်။ လက်ဖက်ရည်ဆိုင်မှ ထွက်လာခဲ့သည့်တိုင် ထွန်းခိုင်မှာ ခံပြင်းမှုကြောင့် စိတ်လှုပ်ရှားခဲ့ရသည်။ ရှက်သည့်စိတ်၊ ခံပြင်းဒေါသစိတ်များဖြင့် ထွန်းခိုင်တစ်ယောက် အံတကြိတ်ကြိတ်ဖြစ်ရတော့သည်။

"နေနှင့်ဦးပေါ့ မြင့်မောင်ရာ၊ ဒုံလုံတစ်လုည့်၊ ငါးပျံတစ်လှည့်ဆိုတာ မကြားမိလေသလားကွာ၊ လောကကြီးမှာ ဘယ်အရာမှ တစ်သမတ်တည်း ရှိမနေကြဘူးဆိုတာ မင်းသိဖို့ကောင်းတယ်၊ ငါ့အလှည့်ပြီးရင် မင်းအလှည့်ပဲဆိုတာ မှတ်ထားလိုက်ပေါ့ကွာ"

မြင့်မောင်နှင့် ထွန်းခိုင်တို့မှာ အလယ်တန်းမှ အထက်တန်းအထိ အတူတကွ ပညာသင်ယူခဲ့သော ကျောင်းနေဖက် သူငယ်ချင်းများ ဖြစ်ကြ၏။ မြင့်မောင်မှာ မြို့ပေါ်၌ပင် နေထိုင်၍ ပညာသင်ရသော်လည်း ထွန်းခိုင်ကမူ မြို့အနောက်ဘက် ငါးမိုင်ခန့်ကွာဝေးသော ပေါက်ပင်ကုန်းရွာမှဖြစ်သည်။ ရွာမှ မြို့ကျောင်းသို့ စက်ဘီးဖြင့် ကျောင်းတက်သော ထွန်းခိုင်သည် ရိုးသား၍ စိတ်သဘောကောင်းသူဖြစ်သည်။ ယင်းကြောင့်ပင် အတ္တကြီးမားသော မြင့်မောင်နှင့်မှု ဆန့်ကျင်ဘက်ဖြစ်သော်လည်း လွန်စွာခင်မင်သော သူငယ်ချင်းများ ဖြစ်ခဲ့ကြသည်။ မြင့်မောင်၏ မိဘများမှာ ကုန်သည်များဖြစ်ခြင်းကြောင့် မြင့်မောင်အတွက် ဘယ်အရာမဆို လိုတိုင်းတ ရခဲ့သည်ဟု ဆိုရပေမည်။ ထွန်းခိုင်မှာမူ ကျောင်းပိတ်ရက်များတွင် မိဘများ၏ လယ်ယာလုပ်ငန်းခွင်၌ မိဘများနှင့်အတူ ရုန်း၍ကန်၍ ရင်ဆိုင်၍သာ။

နောက်ပိုင်းကာလများတွင် မြင့်မောင်သည် ကိုးတန်းအောင်၍ ဆယ်တန်းသို့ ရောက်ရှိခဲ့သော်လည်း ထွန်းခိုင်မှာမူ ကိုးတန်းကျရှုံး၍ လယ်ယာလုပ်ငန်းခွင်ထဲသို့ ဝင်ရောက်ခဲ့လေတော့သည်။

မြင့်မောင်သည် ရှုပ်ခြင်းပွေခြင်းများရှိသောကြောင့် ဆယ်တန်းအောင်သော်လည်း ဘွဲ့ရသည်အထိ ကျောင်းဆက်မတက်။ စောစီးစွာ အိမ်ထောင်ကျခဲ့ပေသည်။ ထူးခြားသည်မှာ မြင့်မောင်ယူသော မိန်းမသည် မြင့်မောင်ထက် ငါးနှစ်ခန့်ကြီး၏။ သူမ၏နာမည်မှာ သဇင်မြင့်ဟုခေါ်၏။ သဇင်မြင့်သည် ရှက်ကြမ်းရေကျိုရုပ် ဖြစ်သော်လည်း မိဘ၏အမွေများစွာ ရရှိထားသူဖြစ်၏။ အမှန်အားဖြင့် မြင့်မောင်က သည်ယုန်မြင်၍ သည်ချုံထွင်လိုက်ခြင်းဖြစ်ကြောင်း ထွန်းခိုင် သိထားပြီးဖြစ်သည်။ မြင့်မောင် အိမ်ထောင်ကျ၍ ကလေးတစ်ယောက်ရခါမှပင် ထွန်းခိုင်မှာ မိမိဇာတိရွာမှ



> ထူးခြားသည်မှာ
> မြင့်မောင်ယူသောမိန်းမသည်
> မြင့်မောင်ထက်
> ငါးနှစ်ခန့်ကြီး၏။
> သူမ၏နာမည်မှာ
> သဇင်မြင့်ဟုခေါ်၏။
> သဇင်မြင့်သည်
> ရှက်ကြမ်းရေကျို
> ရုပ်ဖြစ်သော်လည်း
> မိဘ၏အမွေများစွာ......





www.burmeseclassic.com

www.burmeseclassic.com

ရွာသူတစ်ဦးနှင့် အိမ်ထောင်ကျခဲ့၏။ မြင့်မောင်မှာ သဇင်မြင့်နှင့် အိမ်ထောင်ကျပြီးနောက် အရောင်းအဝယ်နှင့် စီးပွားရေးပိုင်းတွင် လူရည်လည်လာလျက် စီးပွားတက်လာသကဲ့သို့ လောဘလည်းတက်လာခဲ့ရသည်။

♛♛♛♛♛

ထွန်းခိုင်မှာမူ မသန်းရှင်နှင့် အိမ်ထောင်ကျသည့်အချိန်မှစ၍ လယ်ထဲမှ တက်ရသည်မရှိ။ မိုးစပါးပြီးသည်နှင့် နွေစပါးနှင့်ပဲ

> **မြို့ပေါ်ရှိမြင့်မောင်၏ အိမ်သည်ကျယ်ဝန်းသောခြံထဲ၌ ကြီးကျယ်ခမ်းနားလှပါဘိ။ ထွန်းခိုင်တို့ဇနီးမောင်နှံမှာ အိမ်ထဲသို့ပင် ဝင်ရန်မဝံ့မရဲဖြစ်နေရသည်။ မြင့်မောင်မှာထွန်းခိုင်တို့အား စတွေ့တွေ့ချင်းဆိုသလို အုံ့သြသည့် အမူအရာဖြင့်.....**

အလုပ်ဆက်နေသည်မှာ ရာသီအခါ မလပ်သကဲ့သို့ပင်။ သို့သော် ရာသီ သဘာဝဖြင့် အလုပ်တွဲဖက်လုပ်ရသည်မို့ ထွန်းခိုင်တို့ မိသားစုမှာ ကံကောင်းလိုက်၊ ကံဆိုးလိုက်ဖြင့် အကောင်းအဆိုး ဒွန်တွဲနေပေ၏။

စာပေဗဟုသုတ အနည်းငယ်ရှိသော ထွန်းခိုင်သည် စာပေဖတ်ရှုခြင်းအားဖြင့် ငါးမွေးမြူရေးလုပ်ငန်းကို စိတ်ဝင်စားလာသည်။ မိရိုးဖလာလုပ်ငန်းကိုသာ အမြဲလုပ်နေခဲ့ရသော ထွန်းခိုင်တစ်ယောက် ခေတ်နှင့်လျော်ညီစွာ ငါးမွေးမြူရေးအား စမ်းသပ်လုပ်ကိုင်ကြည့်မည်ဟု စဉ်းစားပြီးနောက် ကိုယ်ပိုင်ခြံကွက်အတွင်း၌ ငါးကန်တစ်ကန်အား စတင်တူးဖော်ခဲ့သည်။ တူးဖော်ပြီး၍ တစ်နှစ်စမ်းသပ်ပြီး ငါးမြစ်ချင်း ကောင်ရေသုံးထောင်ဖြင့် စတင်ခဲ့ရာ အောင်မြင်မှု ရရှိခဲ့သည်။ ထို့နောက် လယ်စိုက်၍ မအောင်မြင်သော ရွာအနီးမှ လယ်နှစ်ကြိုးကွက်အား ကန်တူး၍ ငါးမွေးမြူရန် စီစဉ်တော့သည်။ ကန်တူးရာတွင်လည်း အလုပ်သမားများ ငှားရမ်းသည်သာမက မိမိကိုယ်တိုင်ကိုယ်ကျ ဝင်ရောက်တူးဖော်ခဲ့သည်။ ငါးမွေးမြူရေး တိုးချဲ့သည်နှင့် ငွေကြေးလိုအပ်လာပြီဖြစ်သည်။

သို့ဖြစ်၍ စီးပွားရေးချောင်လည်၍ တိုးတက်မှုရှိနေသော မြင့်မောင်အား ထွန်းခိုင် သတိရလိုက်မိ၏။ ကျောင်းနေဖက်သူငယ်ချင်းဖြစ်သော မြင့်မောင်သည် ငွေနှင့်ပတ်သက်၍ အတ္တဆန်တတ်သည်ကို ထွန်းခိုင်သိသော်လည်း သူ့အပေါ်၌ မရှိုင်းလောက်ဟု ထွန်းခိုင်ထင်မြင်မိပေသည်။ မည်သို့ပင်ဖြစ်စေ ငွေချေးငှား၍မရလည်း အရင်းပဲဟု စိတ်ကိုဖြေလျက် တစ်နေ့တွင် ထွန်းခိုင်တို့ဇနီးမောင်နှံ မြင့်မောင်ရှိရာ မြို့ပေါ်သို့ ထွက်လာခဲ့သည်။

မြို့ပေါ်ရှိ မြင့်မောင်၏အိမ်သည် ကျယ်ဝန်းသော ခြံထဲ၌ ကြီးကျယ် ခမ်းနားလှပါဘိ။ ထွန်းခိုင်တို့ဇနီးမောင်နှံမှာ အိမ်ထဲသို့ပင်ဝင်ရန် မဝံ့မရဲ ဖြစ်နေရသည်။ မြင့်မောင်မှာ ထွန်းခိုင်တို့အား စတွေ့တွေ့ချင်းဆိုသလို အံ့သြသည့် အမူအရာဖြင့်.....

"ကျားသားမိုးကြိုးကွာ၊ ငါ့ဆီကို မလာစဖူး အလာထူးချည်လား ထွန်းခိုင်၊ ထူးထူးခြားခြား ဘာအရေးအကြောင်းကိစ္စရှိလို့ပါလိမ့်။ အကြောင်းမရှိဘဲနဲ့တော့ မင်းငါ့ဆီကို လာမှာမဟုတ်ပါဘူး၊ ဆိုစမ်းပါဦး"

မြင့်မောင်နှင့် သူငယ်ချင်းဖြစ်ပင်ဖြစ်ငြားသော်လည်း ငွေကြေးရေးနှင့်ပတ်သက်သည့်စကား


www.burmeseclassic.com

www.burmeseclassic.com

ပြောရန်မှာ ထွန်းခိုင်တစ်ယောက် နှုတ်ဆွံ့နေသကဲ့သို့ ဖြစ်နေခဲ့ရ၏။ ပြောရမှာကို မဝံ့မရဲ အားတုံ့အားနာဖြစ်နေသည့်ပုံ သဏ္ဌာန်။ သို့သော် ရဲရဲဝံ့ဝံ့နှင့် နှုတ်သွက်လျှာသွက်ရှိလှသော မသန်းရှင်က.....

"ဒီလိုပါ ကိုမြင့်မောင်ရယ်၊ ကျွန်မတို့က လယ်ခြောက်ကေလုပ်တဲ့အပြင် တစ်မြန်နှစ်က ငါးမွေးမြူရေးကို စမ်းသပ်လုပ်ကိုင်ခဲ့ပါတယ်၊ အဲဒီမှာ ငါးမွေးမြူရေးလုပ်ငန်းဟာ တစ်နှစ်တည်းနဲ့ပဲ အကျိုးပေးလို့ အကြောင်းထင်ခဲ့ပါတယ်၊ ဒါကြောင့် လာမယ့်မိုးမကျမီ ငါးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်ဖို့ ဖြစ်လာတာကြောင့် လယ်ညံ့နှစ်ကွက်ကို ကန်တူးပြီး ငါးမွေးဖို့ ဆုံးဖြတ်ခဲ့တယ်၊ အခုလည်း ကန်တူးလို့ပြီး သလောက်ဖြစ်နေပါပြီ၊ ဒါပေမဲ့ တောတက်ရင်းလှည်းဝင်ရိုးကျိုးသလို ဖြစ်နေရတာမို့ ဆက်လက်အကောင်အထည် ဖော်နိုင်ဖို့ ငွေကြေးအဓိက လိုအပ်တယ်လေ၊ အဲဒါ ကိုမြင့်မောင် ကူညီနိုင်မလားလို့ပါ"

မြင့်မောင်မှာ လက်ကိုပိုက်လိုက်ပြီး စဉ်းစားနေသကဲ့သို့ ရှိနေ၏။ အိမ်ထဲတွင် သဇင်မြင့်ရှိနေသော်လည်း ကလေးတစ်ဖက်နှင့်မို့



ညည့်ခန်းသို့ ထွက်၍မလာနိုင်ခဲ့ပေ။ ထိုစဉ် အသားညိုညိုဖြင့် လုံးကြီးပေါက်လှ မိန်းမလှတစ်ယောက်က ထွန်းခိုင်တို့ဇနီးမောင်နှံအား အချိုရည်များလာချပေးပြီး အခန်းထဲသို့ ပြန်လည်ဝင်ရောက်သွားသည်။ မြင့်မောင်က စဉ်းစားနေရာမှ.....

"မင်းတို့ စီးပွားရေးလုပ်တာ ငါဝမ်းသာပါတယ်၊ လယ်သမားဆိုတာ အခုခေတ်မှာတော့ လယ်တစ်ခုတည်းနဲ့ အားကိုးရဖို့ တော်တော်ခဲယဉ်းတာ ငါသိပါတယ်၊ အခုလို စီးပွားရေးအမြင်ရှိလာတာ ကောင်းတာပေါ့ကွာ"

မြင့်မောင်၏စကားကြောင့် ထွန်းခိုင်မှာ ရဲတင်းလာပြီး.....

"အေးကွာ၊ အဲဒီစိတ်နဲ့ လုပ်ငန်းတိုးချဲ့တာ ငွေပြတ်သွားလို့ မင်းဆီက အကူအညီများ ရမလားလို့ မျှော်လင့်တကြီး လာခဲ့တာပဲ၊ သူငယ်ချင်းဆီမှာ ငွေလွယ်ကူရင် ငွေလှည့်ချင်လို့ပါ၊ မင်းရဲ့သတ်မှတ်ထားတဲ့အတိုးအတိုင်း ငါပေးပါ့မယ်၊ မိုးမကျမီ အချိန်မီ ပြီးစီးနိုင်မှ မိုးကျတာနဲ့ လုပ်ငန်းစလို့ရမှာ၊ အဲဒီကိစ္စအတွက် မျက်နှာပူပူနဲ့ အရဲစွန့်ပြီး လာခဲ့တာပါကွာ"

ထွန်းခိုင်တစ်ယောက် ငွေချေးငှားခြင်းကိစ္စ မပြောခင်ကတည်းက မြင့်မောင် ကြို၍သိနှင့်နေပြီဖြစ်သည်။ ထွန်းခိုင်၏မိန်းမ မသန်းရှင် ပါးစပ်ဟကတည်းက မြင့်မောင်



www.burmeseclassic.com

www.burmeseclassic.com



အဖို့ နားခွက်က မီးတောက်ပြီးသား ဖြစ်နေ၏။ မြင့်မောင်က မျက်မှောင်ကြုတ်၍.....

"နေပါဦး ထွန်းခိုင်ရ၊ မင်းတို့က ငွေဘယ်လောက်လိုနေလို့လဲ"

မြင့်မောင်၏အမေးကြောင့် ထွန်းခိုင်မှာ အားတက်သွားရပြီး....

"ကန်ကိုဆက်တူးဖို့နဲ့



ငါးသား ပေါက်တွေ ဝယ်ယူနိုင်ဖို့ သူငယ် ချင်းဆီက ငွေငါးသိန်းရမယ်ဆိုရင် အဆင်ပြေလောက်ပါတယ်၊ ငါး သားပေါက်တွေလည်း မှာထားပြီး ပြီကွာ၊ အဓိက,ကတော့ ငါးစာနဲ့ ကန်တူးဖော်ခက အရေးတကြီးလိုနေတာပဲ"

မြင့်မောင်က စိတ်မချဟန်ဖြင့် ပြောခဲ့သည်။

"ဟုတ်ပါပြီ၊ မင်းလိုချင်တာ ငွေငါးသိန်းနော်၊ တစ်နှစ်ပြည့်ခဲ့ရင် ငါ့အတွက် အတိုးနဲ့အရင်း တစ်ပေါင်းတည်း ဆပ်နိုင်မလား"

ထွန်းခိုင်က သက်မကိုရှိုက်လျက်.....

"ငါ့လုပ်ငန်းကို ငါယုံကြည်ပါတယ်၊ တစ်နှစ်ပြည့်ရင် အတိုးနဲ့ အရင်း တစ်ပြိုင်တည်း ပေးနိုင်ပါလိမ့်မယ်၊ အခုလို ကူညီမယ့်အနေအထားကို ကျေးဇူးတင်ပါတယ်ကွာ"

မြင့်မောင်က ထွန်းခိုင်အား လက်ကာလျက်.....

"နေဦး...နေဦး၊ ကျေးဇူးတွေ အရမ်းစွတ်မတင်နဲ့ဦး၊ ငါတို့ထုတ်ချေးရမယ့်ငွေက ငါးသိန်းဆိုတော့ များတယ်ကွ၊ မင်းတို့က အပေါင်ထားနိုင်တဲ့ ပစ္စည်းတစ်စုံတစ်ရာ မထားနိုင်တော့ ငါ့ရဲ့ငွေတွေ လုံခြုံမှုအတွက် ငွေချေးငှားခြင်းဆိုင်ရာ စာချုပ်တစ်ခု လုပ်ရလိမ့်မယ်၊ မင်း တို့သဘောတူရင် အလုပ်ဖြစ်မယ်၊ သဘောမတူရင်တော့ မင်းတို့ရော ငါပါ အလုပ်ဖြစ်မှာမဟုတ်ဘူး၊ အဲ.. တစ်ခုတော့ရှိတယ်၊ ငွေချေးငှားခြင်း စာချုပ်လို့ ခေါင်းစဉ်တပ်ရင် တကယ်လို့ပေါ့ကွာ မင်းတို့ ကတိ မတည်ခဲ့ရင် တရားမဝင်နိုင်ဘူး၊ ဒ ကြောင့် ဥပဒေအရ ဘောင်ဝင် အောင် ခေါင်းစဉ်ပြောင်းပြီး စာချုပ် ချုပ်ရလိမ့်မယ်၊ ဥပမာကွာ နွား အရောင်းအဝယ်တို့၊ အိမ်အရောင် အဝယ်တို့ပေါ့ကွာ၊ ဘယ်လိုလဲ"

ထွန်းခိုင်တို့ဇနီးမောင်နှံမှ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီးနောက် မသန်းရှင်က မြင့် မောင်ဘက် လှည့်လိုက်သည်။

"ကိုမြင့်မောင်ရယ် ရှင့်ဆီက အတိုးနဲ့ချေးတာပါရှင်၊ ရှင်လည် အတိုးရ၊ ကျွန်မတို့လည်း လုပ်ငန် အဆင်ပြေဖို့ အကူအညီတောင်းတာ ပါရှင်"

မြင့်မောင်က ရယ်မောလျ ပြောခဲ့သည်။

"လုပ်ရိုးလုပ်စဉ်အတိုင်း လု ရတာပါဟ၊ မင်းတို့ဆီက လယ်တွေ နွားတွေ၊ အိမ်တွေလည်း မလို ပါဘူး၊ ငါချေးထားတဲ့ငွေနဲ့ အ သတ်မှတ်ရက်မှာ ပြန်ရရင်ပဲ နပ်ပါတယ်၊ အတိုးကတော့ ချင်းမို့လို့ ခုနစ်ကျပ်ပဲယူ ပါ၊



www.burmeseclassic.com

www.burmeseclassic.com



...ရင် စာချုပ်မယ်''

ထွန်းခိုင်တစ်ယောက် သက်...လိုက်သည်။ ငါးသိန်းချေး...လည်း တစ်နှစ်ပြည့်သော်...အရင်း ဆယ်သိန်းနီးပါး ပေး...ည်မို့ ထွန်းခိုင်မှာ လိုအပ်၍သာ...လိုက်ရသည်။ ရင်တမမဖြင့် ရှိ...ခဲ့သည်။

သို့ဖြင့် ခိုင်လုံသော သက်...များရှေ့၌ လက်ဗွေနှိပ်ခြင်း၊ ...က်မှတ်ထိုးခြင်းများ ပြုလုပ်၍ ...ငယ်ချင်းမြင့်မောင်ထံမှ ငွေငါး...န်း ရလာခဲ့တော့သည်။

♛♛♛♛♛

ထွန်းခိုင်တစ်ယောက် ငွေရ...ည်နှင့် တူးလက်စကန်အား ...လုပ်သမားငှားရမ်း၍ ဆက်လက်...ဖော်ခဲ့သည်။ သကြံန်ကျော်သည့်...် ကန်မှာ ပြီးမြောက်အောင်မြင်...ားခဲ့သည်။ နောက်ပိုင်း မိုးကျလာ...ည်ဖြစ်၍ ငါးပေါက်များရရှိနိုင်...ည့်မြို့များသို့ သွားရောက်ရှာဖွေ...ယ်ယူခဲ့ရသည်။ တစ်ဆက်တည်း...သလို လယ်လုပ်ငန်းခွင်သို့လည်း...ရသည်ကြောင့် ထွန်းခိုင်မှာ ပင်...သော်လည်း မဖျားအားပေ။ ည...တွင်လည်း ရွာထဲရှိအိမ်၌ နား...နေနေ မနေရပေ။ ငါးကန်၌ပင်...စောင့်တဲဆောက်၍ ထွန်းခိုင်တို့ဇနီးမောင်နှံ ပြောင်းရွှေ့နေထိုင်ရတော့သည်။

ထွန်းခိုင်တို့အတွက် ငါးမွေးမြူခြင်း၏ အချိန်ကာလများ တဖြည်းဖြည်း ပြုဆင်းလာသကဲ့သို့ မြင့်မောင်အား အကြွေးပေးဆပ်ရမည့် အချိန်ကာလသည်လည်း တဖြည်းဖြည်း နီးကပ်လာ၏။ မြင့်မောင်အား ပေးရမည့်အကြွေးအတွက် ထွန်းခိုင်မှာ စိတ်စောနေ၍လားမသိ။ ကန်ထဲမှငါးများ အကြီးနှေးလှသည်ဟု ထင်မြင်၍ စိုးရိမ်သောက ပွားများလျက်နေတော့သည်။ မသန်းရှင်သည်လည်း လင်ယောကျ်ားဖြစ်သူ၏ သောကကြောင့် စိတ်မသက်မသာ ဖြစ်၍နေလေသည်။

> ကိုထွန်းခိုင်
> တော်ဗျာပါဒသိပ်များနေတယ်၊
> စိတ်ကိုလျှော့ထားပါတော်၊
> သူ့အလိုလို
> အဆင်ပြေသွားပါလိမ့်မယ်၊
> ငါးတွေလည်း
> တော်ထင်သလို မဟုတ်ပါဘူး၊
> မနည်းကြီးနေပြီပဲ၊
> လာမယ့်တန်ခူးကဆုန်မှာ
> ကန်ဖော်လို့ရမှာပါ။
> တစ်ခုပဲ ကျုပ်တို့ဆုတောင်းရမှာက
> ကျွန်မတို့ ကန်ဖော်တဲ့အချိန်မှာ...

"ကိုထွန်းခိုင် တော် ဗျာပါဒသိပ်များနေတယ်၊ စိတ်ကိုလျှော့ထားပါတော်၊ သူ့အလိုလို အဆင်ပြေသွားပါလိမ့်မယ်၊ ငါးတွေလည်း တော်ထင်သလို မဟုတ်ပါဘူး၊ မနည်းကြီးနေပြီပဲ၊ လာမယ့် တန်ခူးကဆုန်မှာ ကန်ဖော်လို့ရမှာပါ၊ တစ်ခုပဲ ကျုပ်တို့ဆုတောင်းရမှာက ကျွန်မတို့ ကန်ဖော်တဲ့အချိန်မှာ ငါးဈေး ထိုးကျမသွားဖို့ ဆုတောင်းရမှာပဲတော်၊ ဖွဟဲ့....."

ယခုအခါမှတော့ ချေးယူထားသောငွေများ နှစ်ဆ၍ ပြန်လည်ပေးဆပ်ရတော့မည်။ သို့သော် ကန်မဖော်ရသေး၍ လတ်တလောပေးဆပ်နိုင်ခြင်း မရှိခဲ့ချေ။ သို့အတွက် အောက်ကျို့ရရင် အောက်ကျို့ရပါစေတော့၊ မြင့်မောင်ကို သွားရောက်တောင်းပန်ရန် မြို့သို့ မဖြစ်မနေ ထွန်းခိုင် တက်လာခဲ့ခြင်းဖြစ်သည်။

သို့သော် တွေ့တွေ့ချင်း ဆောက်နှင့်ထွင်းလိုက်သည်ကဲ့သို့ မြင့်မောင်၏ မချေမငံစကားများကြောင့် မြင့်မောင်အပေါ် နာကြည်းခဲ့ရသည်။ ဒေါသဖြစ်ရသည်။ ကိုယ်ကျင့်သိက္ခာကိုလည်း ထိ...သည်



www.burmeseclassic.com

www.burmeseclassic.com



ဟု ယူဆမိသည်။ ဒေါသထွက်ထွက်ဖြင့် တစ်နေ့ပြန်လည် လက်စားချေရန်စိတ်ထဲ၌ အကြိမ်ကြိမ်ကြိမ်းဝါးဖြစ်ခဲ့သည်။

လတ်တလောအားဖြင့် ငါးဈေး ကား ကိုယ်လိုချင်သောဈေးနှုန်းမရ သော်လည်း အရှုံးမရှိသည့်ဈေးနှုန်း ဖြစ်သည်ကြောင့် မြင့်မောင်အား ပေးဆပ်ရမည့်အကြွေးအတွက် ကန်ဖော်တော့မည်ဟု ဆုံးဖြတ်ချက်ချခဲ့သည်။ ယင်းသို့ဖြင့် နောက်ရက်တွင် ကန်ရေများအား ပိုက်ဖြင့်သွယ်၍ တစ်ဖက်ကန်သို့ လွှဲပြောင်း ခဲ့ပေသည်။ ထိုစဉ်အတွင်း ထွန်း ခိုင်၏ငါးကန်သို့ မမျှော်လင့်သောသူ ရောက်လာ၏။ ထိုသူကား ငါးဒိုင်မှ ဒိုင်ပိုင်ရှင်ကိုစံနီပင်။ ကိုစံနီ ၏သတင်းစကားမှာ ထွန်းခိုင်တို့ ဇနီးမောင်နှံအတွက် ထိပေါက်သကဲ့သို့ပင်။

"ထွန်းခိုင်ရေ မင်းတို့တော့ထိ ပေါက်ပြီဟေ့၊ ငါးဈေးနှုန်းကခင် ဗျားမှန်းထားတာထက် ကျော်တက်သွားပြီကွ၊ ငါးဒိုင်ကြီးတွေမှာငါးတွေပြတ်နေကြပြီ၊ အောက်ဘက်ကလည်း တက်မလာကြဘူး၊ အခုအခါမှာ အလှူရက်တွေကလည်းထပ်နေတော့ ငါးဒိုင်တွေမှာ ငါးမရှိဖြစ်နေရတယ်၊ ကဲ..မင်းရဲ့ကန် ငါးဘယ်လောက်ထွက်မယ်ဆိုတာမှန်းထားသလဲ၊ အခုပဲကွာ ငါ့မှာပါတဲ့ငွေဆယ်သိန်း စရန်အဖြစ် ပေးခဲ့မယ်၊ လိုတာပိုတာ နောက်မှရှင်း၊ ဒါပေမဲ့ ခင်ဗျားထည့်ထားတဲ့ငါးနဲ့ကန်အနေအထားက ဆယ်သိန်းအထက်မှာ ရှိနေတယ်နော်"

ကိုစံနီ၏စကားကြောင့် ထွန်းခိုင်တို့လင်မယား လှိုက်ခနဲ ဝမ်းသာသွားရသည်။ သို့သော် ထွန်းခိုင် သက်ပြင်းချမိသည်။ နက်ဖြန်မနက်တွင် စရန်ငွေဆယ်သိန်းအားမြင့်မောင်ထံသို့ သွားရောက်ပေးဆပ်ရမည် မဟုတ်ပါလား။ မသန်းရှင်မှာ ခင်ပွန်းဖြစ်သူအား မျက်နှာငယ်လေးဖြင့် မော့ကြည့်နေသည်။ တစ်နှစ်တာကာလတစ်လျှောက်လုံးစိတ်ပန်း၊ လူပန်းဖြင့် လုံးပန်းခဲ့ရသမျှ ရရှိသော အကျိုးအမြတ်များသည် သူတို့လက်ထဲ၌ နွေးအောင်ပင် မကိုင်ရသကဲ့သို့ပင်။ စရန်ငွေဆယ်သိန်းအား စားပွဲဝိုင်းပေါ်တင်လျက် ထွန်းခိုင်တို့ ဇနီးမောင်နှံသက်ပြင်းတချချဖြင့် ရှိနေရသည်။



ငွေသည် လူတို့၏ သည်းခြေကြိုက်ဖြစ်၏။ ဘဝတစ်ခုလုံးအားငွေဖြင့်ပြောင်းလဲနိုင်၏။ ထို့အပြင်လူတို့၏ ပုံမှန်စိတ်ကိုလည်း ဖောက်ပြန်စေသည်က အမှန်ကောန်ဖြစ်ပေသည်။

"ဘယ်လိုလုပ်ကြမလဲ ကိုထွန်းခိုင်"

မိန်းမဖြစ်သူ၏လောဘတဏှာစိတ်ဖြင့် လော်ဆော်၍ မေးမြန်း[illegible]အား ထွန်းခိုင် မည်သို့မျှမဖြေ။ သို့သော် ထွန်းခိုင်၏စိတ်သည် [illegible]နောက်ထဲ၌၊ အတွေးထဲ၌ ရှုန်း[illegible]ဆန်ခတ် ဖြစ်နေပေသည်။ ယ[illegible]အချိန်တွင် မြင့်မောင်အား ပေးဆ[illegible]ရမည့်ငွေများအား အတွေးထဲ၌ [illegible]ထားလိုက်ချင်သည်။ ငါးဖော်[illegible]သည့်ရက်အတွင်း မြင့်မောင်[illegible]ယောက် တစ်ရက်ရက် ပေါ်လာ[illegible]ဖြစ်သည်။ ထွန်းခိုင်၏ [illegible]တဏှာစိတ်ကူးထဲတွင် မြင့်မော[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဓါငွေအား မြင့်မောင်အား ပြန်မဆပ်ရရေးကို တွေးတောနေမိ၏။ ထိုညတစ်ညလုံး ထွန်းခိုင် အိပ်မရ။ စိတ်ကူးထဲတွင် အမှန်နှင့်အမှား လွန်ဆွဲနေပေ၏။

ထွန်းခိုင် တွေးထင်သည့်အတိုင်း နောက်တစ်နေ့တွင် မြင့်မောင်တစ်ယောက် ဂျပန်စက်ဘီးလေးဖြင့် ထွန်းခိုင်ထံသို့ ပေါက်ချလာသည်။ မည်သို့ဖြစ်သည်မသိ။ မြင့်မောင်သည် ပြုံး၍ပျော်၍ ရွှင်မြူး၍။ ထွန်းခိုင်မှာ မြင့်မောင်တစ်ယောက် သေပန်းပွင့်တယ်ဆိုတာ ဒါမျိုးလားဟု တွေးနေလိုက်သေးသည်။

ငါးကန်မှာ ရေခန်းစပြုလာပြီမို့ မွေးမြူရေးငါးများကို တွေ့နေရသည်။ ငါးများသည် ရေခန်းစကန်ထဲ၌ ပွတ်သိပ်၍နေလျက်ရှိလေသည်။ အားရစရာကောင်းလှပါ၏။ အလုပ်သမားများ၊ ကူဖော်လောင်ဖက်များဖြင့် အရက်အတူသောက်ထားသည်မို့ မျက်နှာတစ်ခုလုံး ရဲတွတ်နေ၏။ ထွန်းခိုင်မှာ စက်ဘီးလေးဖြင့် ရောက်ရှိလာသော မြင့်မောင်အား အံ့ဩသည့်ပုံစံဖြင့် စိမ်းစိမ်းကြည့်လျက်

"ငါ့သူငယ်ချင်းကြီးရောက်လာပြီပဲ၊ မင်းလာလိမ့်မယ်ဆိုတာ ငါကြိုပြီးသိပါတယ်ကွာ၊ ငါကန်ဖော်တာ မင်းဘယ်လိုလုပ်သိတာ



လဲကွ"

မြင့်မောင်မှာ ထူးထူးခြားခြား ရယ်မောလျက်.....

"ဘာထူးဆန်းလို့လဲကွာ၊ ငါးဒိုင်ပိုင်ရှင် ကိုစံနီကြီးနဲ့ငါ ဘီယာဆိုင်မှာ ဆုံကြတော့ မင်းကန်ဖော်နေပြီဆိုတဲ့အကြောင်း ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောသွားလို့ ချက်ချင်းထလာခဲ့တာကွ၊ ငါဒီကိုထွက်လာတာ အိမ်ကလူတွေ ဘယ်သူမှမသိဘူး၊ လုပ်ကွာ....ငါးကင်လေး၊ ငါ့မှာ ရမ်တစ်ပုလင်းပါလာတယ်"

ထွန်းခိုင်မှာ ယခင်ကနှင့်မတူသော မြင့်မောင်အားကြည့်၍.....

"ဖြစ်ရမှာပေါ့ မြင့်မောင်ရယ်၊ မြည်းစရာ အကုန်လုပ်ပြီးသား၊ ဒါတင်မကဘူး၊ တောအရက်ကောင်း ရှိသေးတယ်"

"ဟုတ်လုချည်လားကွာ၊ ဒါဆို လည်း လုပ်ကွာ၊ ဒါနဲ့ မင်း စရန်ငွေရထားတယ်လို့ ကြားထားတယ်၊ ဒီကအပြန် တစ်ပါတည်း ယူသွားချင်တယ်ကွာ၊ နောက်နေ့တွေမှာ ငါ လုပ်စရာအစီအစဉ်တွေ ရှိသေးတယ်၊ မင်းကို အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ပြောပြမယ်၊ အကူအညီလည်း တောင်းချင်တယ်ပေါ့ကွာ"

ထွန်းခိုင်သည် မျက်နှာကြီးရဲလျက် မြင့်မောင်အား အံ့ကြိတ်လျက် ကြည့်လိုက်ပြီး.....

"ဖြစ်ရမှာပေါ့ကွာ၊ လာကွာ၊ ငါ့အိမ်ကို သွားရအောင်"

သို့ဖြင့် ထွန်းခိုင်၏နေအိမ်၌ မြင့်မောင်တစ်ယောက် စတည်းချ၍နေသည်ကို တခြားလူများ အမှုမဲ့အမှတ်မဲ့ ဖြစ်နေကြသည်။ လူများက ထွန်းခိုင်၏ကန်ဖော်မှုကို စိတ်ဝင်စားနေကြသည်မဟုတ်ပါလား။ ညဥ့်ဦးပိုင်းမှ ညဥ့်နက်သည့်အထိ ထွန်းခိုင်နှင့် မြင့်မောင်သည် သူတစ်ပြန် ကိုယ်တစ်ပြန် ပြောနေကြပြီး သက်ကြီးခေါင်းချချိန်တွင်မှ မြင့်မောင်၏အသံ မကြားရတော့ပေ။

♛ ♛ ♛ ♛ ♛

ထွန်းခိုင်နှင့် ဖနီး မသန်းရှင်တို့သည် နံနက်ရောက်သည့်နှင့် ရွာသားများအကူအညီနှင့် ငါးများ



www.burmeseclassic.com

www.burmeseclassic.com



ကို ဖမ်းဆီးခဲ့ကြသည်။ ဖမ်းဆီး၍ ရသော ငါးများအား စည်များတွင် ထည့်၍ လှည်းများဖြင့် ငါးဒိုင်သို့အရောက် ပို့ဆောင်ခဲ့ကြသည်။ ထွန်းခိုင်တို့ ကံကောင်းသည်ဟု ဆိုရပါမည်။ ကြွေးများကျေပြီး အကျိုးအမြတ် ခြောက်သိန်းခန့်ရလိုက်သည်။ လာမည့်နှစ်တွင် မိမိငွေဖြင့် ရင်းနှီးနိုင်တော့မည် ဖြစ်သည်။ လုပ်အားပေးသော ရွာသားများအား ဟင်းစားအချို့ ပေးနိုင်သည့်အပြင် သောက်ပွဲ၊ စားပွဲများ ကျင်းပနိုင်ခဲ့ကြသည်။



လူအချို့က ပြီးခဲ့သည့် နေ့က ရောက်လာခဲ့သည့် မြင့်မောင်အကြောင်း မေးလေတိုင်း ထွန်းခိုင်က မျက်စိပျက် မျက်နှာပျက်ဖြင့်

"သူ့အကြောင်း မေးမနေပါနဲ့ကွာ၊ သူ့စရိတ်နဲ့သူ သွားပြီပဲ"

တစ်ခါတစ်ရံတွင် ဇနီးဖြစ်သူ မသန်းရှင်ကလည်း စိုးရိမ်သောကရောက်သည့်ပုံစံဖြင့် ထွန်းခိုင်နားကပ်၍.....

"ကိုထွန်းခိုင် ကိုမြင့်မောင်ကိစ္စကို ကျုပ်တို့ ဘယ်လိုရှင်းကြမလဲ ဟင်"

နောက်ကြောင်းမရှင်းသည့်ဟန်ဖြင့် တီးတိုးမေးသည့်အခါများတွင် ထွန်းခိုင်မှာ ခေါင်းကိုကုတ်လျက်....

"အဲဒီကိစ္စ ငါလည်း ဦးနှောက်ခြောက်နေပါပြီကွာ၊ ဒုက္ခတွေတော့အားလုံးရောက်တော့မှာပဲ၊ မထူးပါဘူးကွာ၊ နောင်ခါလာ နောင်ခါချေးပဲ၊ မတတ်နိုင်ဘူး၊ ဟူး....."

သုံးရက်ခန့်ကြာသောအခါ ပေါက်ပင်ကုန်းရွာရှိ ထွန်းခိုင်အိမ်သို့ မြင့်မောင်၏ဇနီး သဇင်မြင့်နှင့်အတူ အရပ်ဝတ်အရပ်စားဖြင့် ရဲတပ်ဖွဲ့ဝင် ငါးဦး ရောက်ရှိလာသည်။ ထွန်းခိုင်တို့ ဇနီးမောင်နှံမှာ ကျေးလက်နေ တောင်သူလယ်သမား၊ မွေးမြူရေးသမားဖြစ်သဖြင့် သဇင်မြင့်နှင့် ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာခြင်းအပေါ် အထူးတုန်လှုပ်နေကြ၏။ သို့ရာတွင် မိမိတို့အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာသော သူငယ်ချင်း၏ဇနီးနှင့် ရဲတပ်ဖွဲ့ဝင်များအပေါ် ဧည့်ဝတ်ကျေပွန်ခဲ့ပေသည်။ သဇင်မြင့်က ထွန်းခိုင်အား.....

"ကိုထွန်းခိုင် လွန်ခဲ့တဲ့ တစ်
မြန်နေ့ညက ကိုမြင့်မောင်တစ်
ယောက် ရှင်တို့ရွာကို ရောက်လာ
တယ်မဟုတ်လား"

ထွန်းခိုင်က မကွယ်မဝှက်ဖြင့် အဖြေပေးခဲ့သည်။

"ဟုတ်ပါတယ်၊ ညနေပိုင်းမှာ
ရောက်လာလို့ ကျွန်တော် တော်
တော် အံ့သြသွားရသေးတယ်၊ ည
ပိုင်း အိမ်မှာ အိပ်သွားပါတယ်
မနက် ၄ နာရီလောက်မှာ မြို့တက်
တဲ့ လှည်းကြုံနဲ့ ထည့်ပေးလိုက်
တယ်"

ရဲအရာရှိတစ်ယောက်က....

"ခင်ဗျားက ကိုမြင့်မောင်
လှည်းကြုံနဲ့ တင်ပေးလိုက်တယ်
တာ ဟုတ်ရဲ့လားဗျာ၊ ကိုမြင့်
သူ့အိမ်ကို မရောက်ဘူး အခု



www.burmeseclassic.com

www.burmeseclassic.com



မြင့်မောင်ပျောက်နေတာ သုံးရက်ကျော်သွားပြီဗျ၊ ကဲ..ခင်ဗျား ဘာပြောမလဲ"

ထွန်းခိုင် သိလိုက်ပါပြီ။ သူသည် ခေါင်းကိုကုတ်လျက် မည်သို့ဖြေရမှန်းမသိ။ ထိုစဉ် သဇင်မြင့်က ထွန်းခိုင်၏အိမ်အတွင်း ဟိုဟိုဒီဒီ ကြည့်လိုက်သည့်အခါတွင် ဂျပန်စက်ဘီးလေးအား တွေ့လိုက်ရသဖြင့်

"ဒါ...ဒါ အိမ်ကစက်ဘီးလေးပါလား၊ ရှင့်ဆီကို ဒီစက်ဘီးလေးနဲ့ ကိုမြင့်မောင် လာတာမဟုတ်လား"

ထွန်းခိုင်က ရိုးသားစွာ ဝန်ခံလိုက်၏။

"ဟုတ်ပါတယ်ဗျာ၊ ဒီလောက်ဝေးတဲ့ခရီးကို ဂျပန်စက်ဘီးလေးနဲ့ မြင့်မောင်ရောက်လာလို့ အံ့ဩမိသေးတယ်ဗျာ"

"ဒါဆို ဂျပန်စက်ဘီးက ဒီမှာရှိနေပြီး ကိုမြင့်မောင် ဘယ်ရောက်သွားရတာလဲ"

သဇင်မြင့်၏ အမေးစကားများသည် ငိုသံစွက်ဖက်လာနေပေပြီ။ ရဲတပ်ဖွဲ့ဝင်များသည်လည်း ရွာလူကြီးများအား သက်သေထား၍ ထွန်းခိုင်တို့ ဇနီးမောင်နှံအား မြို့ပေါ်ရဲစခန်းသို့ ခေါ်သွားရန် စီစဉ်လျက်ရှိသည်။

မထူးတော့။ ထွန်းခိုင်တို့မှာ မိမိတို့ အပြစ်မရှိကြောင်းကို ရဲရဲဝံ့ဝံ့ဖြင့် ထုတ်ဖော်ပြောကြားမှ ဖြစ်တော့မည်ဟု သဘောပေါက်လာကြသည်။ ထို့ကြောင့်ပင် ထွန်းခိုင်က.....

"မထူးတော့ပါဘူးဗျာ၊ ဒီလောက် ဂြိုဟ်မွှေတဲ့ မြင့်မောင်အကြောင်းကို ကျွန်တော် ပြောပြတော့မယ်ဗျာ"

ကျေးရွာလူကြီးများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် သဇင်မြင့်တို့က ထွန်းခိုင်၏ပြောစကားကို နားထောင်ခဲ့ကြသည်။

ထိုနေ့ည မြင့်မောင်ရောက်လာပြီး ထွန်းခိုင်တို့အိမ်၌ ထွန်းခိုင်နှင့် စားသောက်နေကြစဉ် မြင့်မောင်က သူငယ်ချင်းဖြစ်သူ ထွန်းခိုင်အား.....



"သူငယ်ချင်းမို့ ငါ့အကြောင်းဖွင့်ပြောတော့မယ်ကွာ၊ ငါ့ကိုမင်းအနေနဲ့ ယောကျ်ားပိုင်းလုံးပဲပြောပြော ငါစိတ်မဆိုးပါဘူးကွာ၊ လက်ရှိ သဇင်မြင့်ကို လက်ထပ်ခဲ့တာက ငါကကြိုက်လို့မှ မဟုတ်တာ၊ သူ့ရဲ့ခနေဥစ္စာကြောင့် ငါယူဖြစ်ခဲ့တာပါ၊ သဇင်မြင့်ရဲ့ကလေးကလည်း အမှန်တော့ငါနဲ့ရတဲ့ကလေးမဟုတ်ဘူးကွ၊ သူ ဘယ်သူနဲ့ မှောက်မှားခဲ့တယ်ဆိုတာ မသိပေမယ့် ငါက သူ့ရဲ့အရှက်ကို ကာကွယ်တဲ့အနေနဲ့ သူ့ရဲကောင်းဝင်လုပ်ခဲ့ပြီး ဂွင်ဖန်လိုက်တာ၊ အခုတော့ ငါ့ဘဝမှာ တစ်ခါမှမချစ်ဖူးတဲ့အချစ်နဲ့ ချစ်ရမယ့်သူတစ်ဦးရှိနေပြီလေ၊ အဲဒါ ဘယ်သူလဲ သိလား၊ မင်းတို့သိမှာပါ၊ မင်းတို့လင်မယား အိမ်ကိုရောက်တုန်းက မင်းတို့ကို အအေးလာချပေးတဲ့ အမျိုးသမီးလေ၊ ငါ့ရဲ့ဘဝတချို့ကိုသိပြီး ငါ့ကိုသနားနေတာ၊ အဲဒီကနေ ငါနဲ့သူနဲ့ ချစ်သွားကြတယ်ပေါ့ကွာ၊ ငါနဲ့သူနဲ့ တိတ်တိတ်ပုန်းဖြစ်နေတာကို သဇင်မြင့်က ရိပ်မိသွားတယ်နဲ့တူတယ်၊ တစ်နေ့ ငါမရှိတုန်း သဇင်မြင့်က သူ့ကို အိမ်ကနှင်ချလိုက်တယ်၊ အဲဒီအချိန်ကစပြီး အချစ်ဝေဒနာနဲ့

www.burmeseclassic.com




အရက်ကို စွဲစွဲမြဲမြဲ သောက်ခဲ့တာပါပဲကွာ၊ သူနဲ့ငါနဲ့ အပြင်မှာ ဘယ်သူမှမသိအောင် ဆက်သွယ်ခဲ့ကြတယ်၊ အခု မင်းဆီလာခဲ့ရတာက လည်း ငါချေးထားတဲ့ငွေ အလောသုံးဆယ် လိုနေလို့ပါကွာ၊ ငါ့ချစ်သူနဲ့ငါ အထက်အညာ ဘုရားဖူးသွားဖို့ ငွေလိုနေတာ၊ ဒါကြောင့် မင်းဆီကိုလာခဲ့တာ၊ ဒီကိစ္စကို ဘယ်သူမှ မပြောပါနဲ့ကွာ၊ မင်းဆီမှာ စက်ဘီးထားခဲ့မယ်၊တကယ်တော့ ငါ့ချစ်သူက သနားဖို့ကောင်းပါတယ်ကွာ၊ မင်းအမြင်ကတော့ ငါက လူမှုရေးဖောက်ပြန်တယ်လို့ မြင်မှာပေါ့၊ ဒါပေမဲ့ငါ့ဝမ်းနာ ငါသာသိတာပါ"

ထွန်းခိုင်မှာ မြင့်မောင်အား မကျေမနပ်ခြင်းများစွာဖြင့် ကလဲ့စားချေရန် ကြိမ်းဝါးထားသော်လည်း ယခုအခြေအနေအရ မြင့်မောင်အား ကလဲ့စားချေစရာမလို၊ သူ့စရိတ်နှင့်သူသွားမည်မှာ ကေန်အမှန်ဖြစ်နေတော့သည်။ သို့ဖြင့် ထွန်းခိုင်မှာ မြင့်မောင်အား မှားသည်၊ မှန်သည်ဟု မဝေဖန်၊ မကန့်ကွက်၊ ငြိမ်နားထောင်၍ ကျေနပ်နေခဲ့ပေသည်။ နောက်တစ်နေ့နံနက် ၄ နာရီခန့်တွင် မြင့်မောင်အား လှည်းကြုံဖြင့် မြို့သို့ တင်ပေးလိုက်လေသည်။

နယ်ထိန်းဒုရဲအုပ်က.....

"ခင်ဗျား ပုံပြော သိပ်ကောင်းတယ်ဗျာ၊ ဘယ်လိုပဲဖြစ်ဖြစ်ကို မြင့်မောင်တစ်ယောက်ဘုရားဖူးက ပြန်အလာကို ကျွန်တော်တို့ စောင့်ကြည့်ရပါဦးမယ်၊



ဒါပေမဲ့ ကိုမြင့် မောင် မပြန်မချင်း ကျွန်တော်တို့ရဲ့ရဲစခန်းကို လိုက်နေလိုက်ပါ ကိုထွန်းခိုင်"

မည်သို့ဖြစ်စေ ထွန်းခိုင်အနေဖြင့် အမှန်တရားအား ထုတ်ဖော်လိုက်ရသဖြင့် ရင်တစ်ခုလုံး ပေါ့ပါးလန်းဆန်းလျက် ကျေနပ်မဆုံးဖြစ်နေတော့သည်။ မြင့်မောင်၏ အရှုပ်တော်ပုံ၌ထွန်းခိုင်တစ်ယောက် မယောင်မလည် ပါခဲ့ရသော်လည်း အမှန်တရားက ထွန်းခိုင်အတွက် ကလဲ့စားချေခဲ့သည်ဟု ထွန်းခိုင်ထင်မြင်ခဲ့ပေသည်။ သူ့အကြောင်းအား ထွန်းခိုင်က နှုတ်မစောင့်ဘဲ ထုတ်ဖော်ပြောခဲ့ခြင်းအား မြင့်မောင်သာသိခဲ့မည်ဆိုပါက ထွန်းခိုင်အား မည်မျှဆဲလိမ့်မည်မသိ။ မတတ်နိုင်ပါ။ မြင့်မောင်မပြန်မချင်း ထွန်းခိုင် တစ်ယောက် ရဲစခန်းတွင် နေရပါဦးမည်။ မည်သို့ပင်ဖြစ်စေ ထွန်းခိုင်သည် မြင့်မောင်၏ ဖြစ်ရပ်အား တွေးတောစဉ်းစားလျက် မြင့်မောင်အား ကလဲ့စားချေရသည်ကဲ့သို့ အကျေနပ်ကြီး ကျေနပ်နေတော့သည်။

လွန်ခဲ့သောတစ်ရက်က ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးပေါ်၌ အငှားကားတစ်စီး တိမ်းမှောက်ခဲ့၏။ ထိုကားပေါ်၌ ပါရှိသော ယာဉ်မောင်းသူအပါအဝင် ယောကျ်ား နှစ်ဦးနှင့် မိန်းမတစ်ဦးပွဲချင်းပြီး သေဆုံးသွားခဲ့ကြ၏။ စုံတွဲဖြစ်သော အမျိုးသားနှင့် အမျိုးသမီးမှာ မြင့်မောင်နှင့် သူ၏ချစ်သူ ဖြစ်ေ သည်ကို ထွန်းခိုင် တစ်ယော ကြားသိရမည်ဆိုပါလျှင်.....

**မောင်သာမန် (ဒီးကုန်**



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# သရဲကြောက်တဲ့ ချစ်တင်



အေးမိစံ

"ဆရာချစ်...ဆရာချစ်၊ ဒီမှာ သူတစ်ယောက်က ဆရာ့နာမည်ကို ခေါ်ပြီး စာလာပို့သွားတယ်"

အတွေးနယ်ချဲ့ရင်း ငြိမ်သက်နေသော ချစ်တင်မှာ တပည့်ကျော် ခေါ်သံကြောင့် လန့်သွား၏။ ထို့နောက် တပည့်ကျော်လှမ်းပေးသော စာအား ယူလိုက်၏။

စာဖတ်နေသော ချစ်တင်မှာ ထိတ်လန့်တုန်လှုပ်မှုကြောင့် ခေါင်းဆံပင်မွေးများပင် ထောင်ထလာရ၏။ တပည့်ဖြစ်သူက သူ့ဆရာဖြစ်အင်ကိုကြည့်၍ လှမ်းမေးလိုက်သည်။

"ဆရာ စာထဲမှာ ဘာတွေပါပြီး ဘယ်သူ့စာမို့လို့လဲ"

ချစ်တင်က စာကို တပည့်ကျော်လက်ထဲသို့ တုန်ယင်သောလက်ဖြင့် လှမ်းပေးလိုက်၏။ တပည့်ကျော်ကလည်း စာမဖတ်တတ်ဖတ်တတ်ဖြင့် ဖတ်ခဲ့သည်။

"ဒကာချစ်တင်..မင်းကိုယ်မင်းလည်လှပြီမှတ်နေလား၊ မိသန္တာပြောပြလို့ ငါ အကြောင်းစုံကို သိပြီးပြီ။ တန်ခူးလမှာ ကြေးပြည့်ဘုရားပွဲရှိတယ်။ အဲ.....မိသန္တာကိုပါ တစ်ပါတည်းခေါ်ခဲ့တဲ့"

ကိုးကွယ်သည့်ဆရာတော်၏စာကို တပည့်ဖြစ်သူက အသံထွက်၍ ဖတ်ပြလိုက်သည်။

"ဆရာ ဘယ်လိုလုပ်မလဲ"

"ဆရာတော့်ကို မိသန္တာက ဘာတွေကုန်းချောထားသလဲမှ မသိတာ"

အေးစေတီကျောင်းထိုင်ဆရာတော်အား ချစ်တင်မှာ ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းကပင် ချစ်ကြောက်ရိုသေရသူဖြစ်သည်။

ယခုအခါ အခန့်မသင့်၍ တောထဲတွင် လာနေရသော်လည်း ချစ်တင်မှာ လုံးဝမပျော်ရှာ။ ရွာကိုလည်း သူက မုန်းနေမိ၏။ သူသမ္မန်သမားဘဝဖြင့် အလုပ်လုပ်စဉ် ညအချိန် ငပုတ်သင်ချောင်းထဲတွင် မကောင်းဆိုးဝါးအခြောက်ခံရ၍ မေ့မြောသွားစဉ် ရွာသူရွာသားများက သူ့အား သေပြီဟုမှတ်ပြီး ရွာပြင်ထုတ်ထားခြင်းခံခဲ့ရ၏။ ထိုနေ့မှစ၍ ချစ်တင်သည် ရွာသို့ ခြေဦးပင်မလှည့်တော့။ ယခု ဆရာတော်က စာရေးသား၍ ကြိမ်းမောင်းခဲ့သဖြင့် ချစ်တင်မှာ ငယ်ကြောက်ဆရာတော်ကို မည်သို့ရင်ဆိုင်ရမည်မှန်းမသိအောင် ဖြစ်နေခဲ့ရ၏။

"ကဲ...ကဲ တပည့်ကျော်ရေ၊ ဆရာတော်ဆီ စာပြန်ရေးလိုက်၊ ချစ်တင်ကို အပြစ်မတင်ပါနဲ့၊ ဘုရားပွဲမတိုင်မီ အရောက်လှမ်းလာခဲ့ပါ့မယ်လို့ ရေးပေးကွာ၊ ပြီးတော့ စာကို တပည့်ကျော်ကိုယ်တိုင် သွားပို့ချေကွာ"

"ဟုတ်ကဲ့ပါ ဆရာ"

♛♛♛♛♛



www.burmeseclassic.com

www.burmeseclassic.com

“ဓားပြပေါ့…ဓားပြ၊ ဇာတ်မင်းသား ထွန်းလင်းကျော်အိမ်ကို ဝင်တိုက်တာတဲ့တော့”

အော်ကြီးဟစ်ကျယ်ပြောသူ မိန်းကလေးအား ပတ်ဝန်းကျင်မှ ဟန့်တားသတိပေးခဲ့၏။

“ဟဲ့…ကောင်မ၊ အော်ကြီး ဟစ်ကျယ် ပြောမနေနဲ့၊ ဓားပြ ချစ်တင်ရဲ့လက်စာမိသွားဦးမယ်၊ လာ… ဒီမှာလာ ပုန်းနေ”

ချစ်တင်တို့လူစုသည် ဇာတ်မင်းသားချော ထွန်းလင်းကျော်၏ အိမ်ထဲသို့ ဝင်သွားသည်ကို အိမ်နီးချင်းများက တွေ့ရသည်။ ထိုအချိန်က ပြည်တွင်းဆူပူသောင်းကျန်းမှု ပြင်းထန်နေသော ၁၉၅၀ ပြည့်နှစ်ကျော် ကာလကဖြစ်သည်။ မီးများမီးနိုင်၊ ရေများရေနိုင်သော ကာလဟု လူများက သတ်မှတ်ထားကြသည့် ခေတ်ဖြစ်သည်။

ဇာတ်မင်းသား ထွန်းလင်းကျော်၏အိမ်မှာ ခြေတံရှည်အိမ်ဖြစ်၏။ ဇာတ်မင်းသား၏အိမ်ပေါ်သို့ ချစ်တင်နှင့်အဖွဲ့က လက်နက်ကိုယ်စီဖြင့် အိမ်ရှေ့လှေကားမှ တက်သွားခဲ့ကြသည်။ ယင်းအချိန်၌ ဇာတ်မင်းသား ထွန်းလင်းကျော်၏ အိမ်ထဲမှ အသံတစ်သံ ထွက်လာလေသည်။

“ဖုန်း.....”

ရွာသူရွာသားများက ဇာတ်မင်းသား ထွန်းလင်းကျော်တော့ သွားပြီဟု စိုးရိမ်စိတ်ဖြင့် အတွေးပို ကြောက်ရွံ့နေခဲ့ကြ၏။



ထိုအချိန် ဓားပြခေါင်းဆောင် ချစ်တင်၏အသံက ထွက်လာလေသည်။

“မလွတ်စေနဲ့ လိုက်..လိုက်”

♛♛♛♛♛

ဇာတ်မင်းသား ထွန်းလင်း ကျော်မှာ ဓားပြများ၏ရန်မှ လွတ် မြောက်ရန် တောင်ရှည်ပုဆိုးက တစ်ဖက်၊ ဖာတောင်းက တစ်ဖက် ဖြင့် ကိုယ်လွတ်ရုန်း၍ ထွက်ပြေး ခဲ့ရသည်။ ချစ်တင်တို့အဖွဲ့ ကလည်း အနောက်မှ ထက် ကြပ်မကွာ လိုက်ကြလေ၏။

ရွာသူရွာသားများက ဓားပြများကို ကြောက်ရ ကောင်းမှန်းမသိ။ မတ်တတ် ကြည့်သူက ကြည့်သည်၊ သစ်ပင်ပေါ်တက်ကြည့်သူက ကြည့်သည်။

ရွာ၏အနောက်ဘက် ၌ရှိသော ချောင်းရိုးစပ်သို့ ချစ်တင်တို့အဖွဲ့ ရောက်တော ဇာတ်မင်းသား ထွန်းလင် ကျော်အား ထိုင်၍ကြည့်နေ လေသည်။ ဇာတ်မင်းသာ ထွန်းလင်းကျော်သည် ဇာတ်ဟန် မပျောက်ပျက် အောင် ချောင်းအား ဖြတ်ကူးပြေ နေသည်ကို ချစ်တင်တို့အဖွဲ့ တပည့်တစ်ယောက်က ပါးစပ်ဆိုင် တီးနေခဲ့၏။

ဇာတ်မင်းသား ထွန်းလင် ကျော်ကလည်း ချောင်း၏အလ တည့်တည့်အား ဝါးထောက် ရာ ချစ်တင်တို့၏လက်မှ လွတ်



www.burmeseclassic.com

www.burmeseclassic.com

သိသော်လည်း ဓာတ်ဟန်မပါသဖြင့် ထပ်ခါတလဲလဲ ချောင်းဟိုဘက်ကို ခုန်လိုက်၊ ဟန်မကျသဖြင့် ဒီဘက်ကို ပြန်ခုန်လိုက်နှင့် ဖြစ်နေ၏။ ချစ်တင်က ညာသံပေး၍ သူ့တပည့်များကို အော်ပြောနေခဲ့၏။

"လိုက်ဟေ့.....လိုက်ဟ"

ယင်းအချိန်၌ ဓာတ်မင်းသား ထွန်းလင်းကျော်မှာ ပို၍တုန်လှုပ်သွားခဲ့ရ၏။ ဖာတောင်းတစ်ဖက်ဖြင့် ဝါးလုံးကိုထောက်ပြီး အရှိန်နှင့်ခုန်နေရ၍ မောဟိုက်နေခဲ့သည်။

နောက်ဆုံး ဓာတ်မင်းသား ထွန်းလင်းကျော်မှာ လက်မြှောက် အရှုံးပေး၍ ထွက်ပြေးခြင်းကို ရပ်လိုက်၏။ ချောင်းကို ဖြတ်မပြေး နိုင်မှန်းသိရချိန်၌ ဓာတ်ဟန်ဖြင့် ငိုပွဲဆင်ခဲ့၏။

"အမယ်လေး..... ဒီချောင်းရိုးကိုလ..... မျိုးဟန် မပျောက် အောင် ယောကျ်ားတို့ဖွဲ့ဖြင့် ..... ခုန်ပါသော်လည်း.....ဘီလူးသဘက်တို့ရန် မလွတ်ပါလား၊ အောင်မယ်လေး... ငါ့မှာဖြင့် သေပွဲဝင်ရ....ရ....."

ထိုအချိန်တွင် ချစ်တင်က ဓာတ်မင်းသားအား ဟိန်းဟောက်လိုက်လေ၏။

"ဟေ့ကောင် မင်းသားရှုးငကျော်၊ ဘာတွေအော်နေတာလဲ၊ တိတ်စမ်း"

ဓာတ်မင်းသား ထွန်းလင်းကျော်မှာ ပါးစပ်ကမတိတ်ဘဲ



ဓာတ်ဟန်ဖြင့် အော်နေပြန်၏။

"အောင်မယ်လေးဗျ...ငရဲမင်းကြီးရဲ့အသံ...နားတောင်ကွဲမတတ် ခံစား.....စား....."

ဓားပြချစ်တင်က သူ၏တပည့်များအား ဓာတ်မင်းသားအား ဖမ်းခေါ်ရန် အမိန့်ပေးလေ၏။

"ဟေ့ကောင်တွေ ဒီမင်းသားရှုးကို ကြိုးတုပ်ပြီး ငါ့ဆီခေါ်ခဲ့"

ချစ်တင်၏တပည့်များက ဓာတ်မင်းသားအား လက်ပြန်ကြိုးတုပ်ကာ ချစ်တင်၏ရှေ့ အရောက်ပို့လေ၏။ ဓာတ်မင်းသားကလည်း ခွင့်လွှတ်ပါရန် ခယတောင်းပန်လေ၏။

"မောင်မင်းကြီးသားခင်ဗျာ... ကျွန်တော်မျိုးမှာဖြင့် အသပြာ ၂၀၀ နဲ့ ဓာတ် အသုံးအဆောင်ပစ္စည်းများသာရှိပါတယ်၊ အသက်ကိုတော့ဖြင့် ချမ်းသာပေးတော်မူပါခင်ဗျာ"

ချစ်တင်မှာ စိတ်မရှည်တော့။ တပည့်များအား မျက်ရိပ်မျက်ကဲ ပြလိုက်၏။ တပည့်များ၏ လက်သံကြောင့် ဓာတ်မင်းသားခမျာ.....

"ရွှေစိတ်နှလုံး ကြေမွလို့ သေပွဲဝင်ရတော့မယ်၊ ဓားပြမင်းရယ်က မညှာတာ....."

"အခုထိ ဓာတ်သံမပျောက်သေးပါလား၊ ဟေ့ကောင်တွေ တော် တော့၊ ငါ့ဆီခေါ်ခဲ့"

ချစ်တင်လည်း မနေနိုင်တော့



www.burmeseclassic.com

www.burmeseclassic.com

ဘဲ ထိုင်ရာမှထလာပြီး ထွန်းလင်းကျော်နှင့် မျက်နှာချင်းဆိုင်လိုက်၏။

"ဟေ့ကောင်.....ထွန်းလင်းကျော်၊ ငါ့ကိုကြည့်ဦး၊ ဘယ်သူလဲဆိုတာ"

"ဟင်...ချစ်တင်၊ မင်းကွာ၊ ငါက မင်းမှန်းသိလို့ နောက်ချင်ပြောင်ချင်တာနဲ့ ဓာတ်လမ်းထွင်လိုက်တာပါကွာ၊ ငါဓာတ်လမ်းခင်းတာကို မကြိုက်ဘူးလား"

ချစ်တင်တို့အဖွဲ့မှာ တစ်ရွာတည်းသား ဓာတ်မင်းသားချော ထွန်းလင်းကျော်အား စိတ်ဆိုးရခက်၍ ဘာပြောရမှန်းမသိဖြစ်ကုန်ကြ၏။ ဆရာတော်၏စာအား ထွန်းလင်းကျော်အားပေးပြီး ချစ်တင်တို့အဖွဲ့ ပြန်ထွက်သွားခဲ့သည်။ သူတို့ အဖွဲ့ကို ထွန်းလင်းကျော်က လှမ်းကြည့်ပြီး သက်ပြင်းကို အခါခါချနေခဲ့ရသည်။

♛♛♛♛♛

ချစ်တင်တို့က ဓာတ်မင်းသား ထွန်းလင်းကျော်၏ ပညာပေးခံရပုံကို ရယ်မောပြောဆိုရင်း ခရီးထွက်ခဲ့လေ၏။ မင်းသားထွန်းလင်းကျော်နှင့် ချစ်တင်တို့မှာ ကျောင်းနေဖက်များဖြစ်သလို စာပြိုင်ဖက်လည်းဖြစ်၏။ တစ်ယောက်နှင့်တစ်ယောက် အတင်စီးမခံကြပေ။

"ဆရာချစ် ရှေ့နားဆို ဆရာ့ရဲ့ကောင်မလေးနေတဲ့ရွာကိုရောက်ပြီ"

"အေး၊ ဟိုကောင်ကျော်ရဲ့ ပညာပေးတာ ခံခဲ့ရပြီး ဒီတစ်ခါ မိသန္တာရဲ့ ပညာပေးမှုကို ဘယ်လို



ခံရဦးမလဲ မသိဘူး"

ချစ်တင်တို့အဖွဲ့ တရုတ်စုကျေးရွာသို့ရောက်တော့ ည ၈ နာရီထိုးနေပြီဖြစ်သည်။ ရွာထဲရှိလူများက အိပ်ရာဝင်နေကြပြီဖြစ်သော်လည်း ချစ်တင်တို့အဖွဲ့ ရွာထဲသို့ ရောက်တော့ ခွေးများက မဟောင်ဘဲ အူနေကြ၏။ ချစ်တင်တို့အဖွဲ့မှ လူတချို့ကို ရွာအပြင်တွင်ထားခဲ့၍ ချစ်တင်ခေါင်းဆောင်သောအဖွဲ့က ရွာထဲသို့ ခြေကျင်လျှောက်ခဲ့ကြ၏။

ထိုအချိန် သစ်ပင်ကြီးတစ်ပင်မှ သစ်ကိုင်းက လေမတိုက်ဘဲ အိဆင်းလာပြီး တုန်ခါနေအောင် လှုပ်ယမ်းခဲ့ရာ ချစ်တင်တို့အဖွဲ့မှာ အကြောက်လွန်ပြီး ဆောက်တည်ရာမရအောင် ခြေဦးတည့်ရာသို့ အော်ဟစ်ထွက်ပြေးခဲ့ကြ၏။ ချစ်တင်မှာ အော်ပြေးရင်း ဓာတ်မင်းသား သူငယ်ချင်းဖြစ်သူကို တမ်းတစိတ်နှင့် အော်ပြောနေမိ၏။

"အောင်မယ်လေး... ငကျော်... မင်းသားရူး၊ မင်းရဲ့ ဓာတ်ထုပ်က ဒီအထိပါလာပါလား"

ချစ်တင်က အော်ပြောရင်း မိသန္တာတို့၏ နောက်ဖေးအိမ်သာ အနီးရှိအပေါက်မှ ဝင်ပြီးတွေ့ရာ အခန်းထဲ၌ ဝင်ပုန်းနေရလေသည်။

ဓားပြချစ်တင်၏ သရဲကြောက်တတ်မှုကို မိသန္တာက ဆရာတော်ဘုရားထံမှ သိထား၍ မင်းသား ထွန်းလင်းကျော်နှင့် ပေါင်းကာ ချစ်တင်ကို ပညာပေးခဲ့ခြင်းဖြစ်လေသည်။

www.burmeseclassic.com

ချစ်တင်က တွေ့ရာစောင် ကိုခြုံပြီး ပုန်းနေလေ၏။

ထိုအချိန် ချစ်တင်ခြုံထား သောစောင်အား တစ်စုံတစ်ဦးက လာတို့သလို ခံစားရလေသည်။ ချစ်တင်မှာ ကြောက်လွန်း၍ ဖောချွေး များပြန်နေရင်း သူငယ်ချင်းဖြစ်သူ မင်းသား ထွန်းလင်းကျော်အား သတိရနေလေ၏။

လက်ဝါးကြီးတစ်ခုက ချစ်တင်၏ကျောအား ပွတ် သပ်နေသလို ခံစားနေရ၏။ ရေသံများကိုလည်း ကြားရ၏။ ဆိုင်းသံဗုံသံများလည်း ကြားနေရသည်။ အမွှေး နံ့ကလည်း တထောင်း ထောင်းနှင့်။ ချစ်တင်မှာ မည်သို့မျှ မနေရဲတော့ဘဲ ကြောက်ရွံ့နေမိ၏။

"ငါတော့ ကျတ်ကုန်း ရောက်နေပြီနဲ့တူတယ်"

ချစ်တင်မှာ အသံကုန် အော်ရင်း အိမ်ပေါ်မှ ဆင်းပြေး လေ၏။ အိမ်ရှေ့ကွပ်ပျစ်၌ သူ့ တပည့်များနှင့် မိသန္တာတို့ လက်ဖက်ဝိုင်းနှင့် ရယ်ကြ၊ မောကြ ဖြစ်နေသည်ကို တွေ့သောအခါ အံ့အားသင့်သွားခဲ့ ရလေတော့၏။

"ဟင်.....မင်းသားရှူး ထွန်းလင်းကျော်လည်း ဒီဝိုင်းမှာပါ တယ်"

"ဟုတ်တယ်လေ ချစ်တင်"

"ဟင်.....မိသန္တာလည်း ပါ တယ်"

"ဟုတ်ပါတယ်ဆိုနေမှ"

"ဟာ.....သွားပြီ၊ ဒီအကွက် က မိသန္တာနဲ့ ထွန်းလင်းကျော်တို့ ထွင်လိုက်တဲ့အကွက်ပဲ"

ထိုသို့ပြော၍ နောက်ဖေး ပေါက်မှဆင်းကာ ရေခပ်ပြီး အိမ်ပေါ်သို့ ပြန်တက်ခဲ့၏။ အိမ်ရှေ့သို့ ပြန်ရောက်ချိန်၌ စောစောကတွေ့ ခဲ့ရသော ထွန်းလင်းကျော်နှင့် မိသန္တာတို့၏ လက်ဖက်ရည်ဝိုင်းကို လုံးဝမတွေ့ရတော့ပေ။ အားလုံးမှာ တစ်ခဏချင်း ပြောင်းလဲသွားသည် ကို တွေ့လိုက်ရ၏။



"အောင်မယ်လေးဗျာ....ချစ် တင် အရှုံးပေးပါပြီဗျာ"

ချစ်တင်က အရှုံးပေးကြောင်း ထပ်ခါတလဲလဲအော်၍ ရွာထဲမှ ထွက်ပြေးလေ၏။

"ဆရာချစ် ဘာဖြစ်လာတုံး၊ ဘာဖြစ်လာတုံး"

ရွာအပြင်တွင် စောင့်နေသော တပည့်များက ချစ်တင်ကို လှမ်း မေးကြ၏။

"ဟိုမှာ မကောင်း ဆိုးဝါးမနဲ့ မင်းသားရှူးတို့ လိုက်လာတယ်၊ ငါ့ ကို ကယ်ပါဦး"

"ဆရာချစ်တော့ ကျတ်ကုန်းနဲ့ တိုးခဲ့တယ် နဲ့တူတယ်"

သူ့တပည့်များက ချစ်တင်ကို ကြည့်၍ မှတ်ချက်ချခဲ့ကြ၏။

"ငါတော့သွားပြီဟေ့၊ တပည့်တို့ ချစ်တင်ကို အပြစ်မတင်ကြပါနဲ့ကွာ၊ သရဲကြောက်လို့ပါ"

ချစ်တင်မှာ အော်ပြောရင်း ရွာမှ ထွက်ပြေးသွားခဲ့လေတော့၏။

**အေးမိစံ**



www.burmeseclassic.com

www.burmeseclassic.com



# သေဆုံးသွားပြီဆိုသော မွေးကင်းစကလေး ရေခဲတိုက်တွင် ပြန်ရှင်လာ



အာဂျင်တီးနားနိုင်ငံမြောက်ပိုင်း၊ ပါရန်ဒိုဆေးရုံကြီးတွင် ကိုယ်ဝန်ဆောင်မိခင်တစ်ဦး မွေးလိုက်သည့်ကလေးငယ်ကို သေပြီဟုပြောကြားပြီး ရင်ခွဲရုံပို့ထားရာမှ အသက် ရှင်လျက်အနေအထားတွင် ပြန်တွေ့ ရသော ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့ သည်။ ဆေးရုံမှ ဆရာဝန်ငါးဦးက ကလေးအသေမွေးကြောင်း အတည်ပြု ပြောကြားပြီးနောက် ကလေးအလောင်းကို အခေါင်းထဲ ထည့်ကာ သံရိုက်ပြီး ဆယ့်နှစ်နာရီ အကြာ ရေခဲတိုက်တွင် ထားခဲ့ပြီးနောက် မိဘများက သွားရောက် ကြည့်ရှုချိန် အခေါင်းကို ဖွင့်လိုက်သောအခါ အသက်ရှင်လျက်ရှိနေသည်ကို အံ့သြစွာတွေ့ရှိခဲ့ရသည်။

ကလေး၏ဖခင်ဖြစ်သူက သူ တို့ကလေးကို ကိုယ်အပူချိန် အလွန် အမင်းကျဆင်းနေပြီး နှလုံးမခုန်တော့ကြောင်း ဆရာဝန်များက ပြောဆိုခဲ့သည်ဟု ပြောပြသည်။ မိခင်ဖြစ်သူက လွမ်းဆွတ်စိတ်ဖြင့် ကလေးအလောင်းအားကြည့်ရန် အခေါင်းကိုဖွင့်ခိုင်းပြီး ကလေးအား ဖုံးထားသည့် အဝတ်ဖြူကို လှပ်လိုက်ချိန်တွင် ကလေးသည် လန့်နိုးသလိုဖြစ်သွားပြီး စူးစူးဝါးဝါး ငိုလိုက်သည်ဟု မိခင်ဖြစ်သူက ပြော ပြသည်။

ကလေးကို 'မေသက်ပြင်း'ဟု အမည်ပေးကြပြီး မေသက်ပြင်း ပြန် ရှင်သည့်အထိမ်းအမှတ်အဖြစ်အား လုံးပျော်ရွှင်နေကြကြောင်း၊ ဆေးရုံမှ ထိုအကြောင်းနှင့် ပတ်သက်ပြီး မီဒီယာသို့ ဖြေရှင်းပြရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

**ဆောင်းဟောမင်း**

Ref: International News ;1/3/201



www.burmeseclassic.com

www.burmeseclassic.com



# ကလေးအဖေဘယ်သူလဲ

၂၀၀၉ ခုနှစ်၊ ဧပြီလ၌ ဂျာမနီနိုင်ငံတွင် နာမည်ကြီးသွားခဲ့သည့် မှုခင်းတစ်ပုဒ် ဖြစ်ပွားခဲ့ပါတယ်။ ဝမ်းနည်းဝမ်းသာဖြစ်ရတဲ့ တကယ့်ဖြစ်ရပ်မှန် ဇာတ်လမ်းလေးတစ်ပုဒ်ဖြစ်လို့ စာဖတ်ပရိသတ်ကို မျှဝေပေးလိုက်ပါတယ်။

တရားရုံးတစ်ရုံးက အမှုတစ်ခုကို အမိန့်ချဖို့ ရှိနေပါတယ်။ အမှုကတော့ ဒီလိုပါ။ ဂျာမနီနိုင်ငံက အလှမယ်တစ်ယောက်ကို လက်ထပ်ခဲ့တဲ့ အသက် ၂၉ နှစ်အရွယ် Soupolos ဟာ သားသမီးအရမ်းလိုချင်ပေမယ့် မိမိကိုယ်တိုင်က အမြုံဖြစ်နေလို့ ကလေးမရနိုင်ဘူးဖြစ်နေပါတယ်။ ဒါကြောင့် ကိုယ်တိုင်လည်း ကလေးလိုချင်၊ ဇနီးဖြစ်သူကလည်း ဝမ်းနည်းနေရတဲ့အတွက် ဇနီးဖြစ်သူရဲ့ လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးဖို့ အိမ်နံဘေးရှိ သူငယ်ချင်းဖြစ်သော အသက် ၃၄ နှစ်အရွယ်ရှိ ကလေးအဖေ Frank Mausကို အလုပ်အပ်ခဲ့ပါတယ်။

အဲဒီအလုပ်ကတော့ သူ့မိန်းမအလှမယ်လေးကို တစ်ပတ်သုံးကြိမ်အတူနေခွင့်ပေးတဲ့အပြင် ဒေါ်လာ ၂၅၀၀ ပေးရပါတယ်။ သားသမီးနှစ်ယောက်ရှိတဲ့ ကလေးအဖေ Frank Maus ရဲ့မိန်းမက ဒီအလုပ်ကို မကြိုက်ပေမယ့် "ငါ ဒီအလုပ်တွေ မကြိုက်ပါဘူး မိန်းမရာ၊ ပိုက်ဆံကြောင့်ပါ" လို့ ဇနီးကို ချော့မော့ပြီး စာချုပ်သက်တမ်း ခြောက်လအတွင်း တစ်ပတ်သုံးကြိမ်နဲ့ မှန်မှန်ကြိုးစားလာခဲ့တာ (၇၂)ကြိမ်နဲ့ ခြောက်လသာ ပြည့်သွားတယ်။ အလှမယ်လေးဟာ ကိုယ်ဝန်မရှိပါဘူး။

ဒါနဲ့ ကလေးအဖေ Frank Mausကို စစ်ဆေးကြည့်လိုက်တော့ သူလည်းအမြုံဖြစ်နေပါတယ်။ ဒါနဲ့ အလှမယ်ရဲ့ယောက်ျားက စိတ်ဆိုးပြီး တရားစွဲခဲ့ပါတယ်။ Frank Maus ကလည်း သူစွမ်းသလောက် ကြိုးစားမယ်လို့ပဲ ပြောခဲ့တာ၊ ကလေးရစေရမယ်လို့ အာမ မခံခဲ့ဘူးဆိုပြီး တရားရင်ဆိုင်ခဲ့ပါတယ်။

ဒီနေရာမှာ အားလုံးက အံ့အား သင့်ခဲ့ပေမယ့် တစ်ယောက်ကတော့ မအံ့သြဘဲ ရှိခဲ့ပါတယ်။ အဲဒီသူကတော့ Frank Maus ရဲ့ဇနီးသည်ပဲ ဖြစ်ပါတယ်။



သားသမီးနှစ်ယောက်ထွန်းကားနေတဲ့ Frank Maus က အမြုံဆိုတော့ ကလေးအဖေက ဘယ်သူပါလိမ့်နော်။

**ဆောင်းဟေမန်**

Ref: International News ;1/3/2013



www.burmeseclassic.com

www.burmeseclassic.com



# ဂျပန်နိုင်ငံတွင် ကုန်ပစ္စည်းအတုများ စံချိန်တင်ဖမ်းဆီးနိုင်ခဲ့



ဂျပန်အကောက်ခွန်အရာရှိများသည် ပြီးခဲ့သည့် နှစ်အတွင်း နာမည်ကြီးအမှတ်တံဆိပ်နှင့် ကုန် ပစ္စည်း အတုများကို စံချိန်တင် ဖမ်းဆီးရမိခဲ့သည်။ ၎င်းပစ္စည်း များ၏ ၉၀ ရာခိုင်နှုန်းသည် တရုတ်နိုင်ငံဘက်မှ တရားမဝင် ဝင်ရောက်လာသော ကုန်ပစ္စည်းများဖြစ် ကြောင်း သိရသည်။

ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အရာရှိများ၏ ပြောကြားချက်အရ ဂျပန်နိုင်ငံတွင် ကုန်ပစ္စည်းအတု များ သိမ်းဆည်းရမိသော ပမာဏသည် လွန်ခဲ့သော နှစ်ကထက် ၁၄ ရာခိုင်နှုန်း မြင့်တက်လာပြီး ကုန် ပစ္စည်း အတုမှောင်ခိုသွင်းသည့် ဖြစ်မှုပေါင်း နှစ်သောင်းခြောက်ထောင်ကျော်ရှိခဲ့သည်ဟု သိရ သည်။

အဆိုပါ ဖမ်းဆီးရမိသော ပစ္စည်းများတွင် နာမည်ကြီး လက်ကိုင်အိတ်၊ အဝတ်အထည်၊ လျှပ် စစ်ပန်ကာနှင့် စမတ်ဖုန်း တွဲဖက်ပစ္စည်းများ ပါဝင် ပြီး ဆေးဝါးအတုများလည်း အရေအတွက်များများ သိမ်းဆည်းရမိခဲ့သည်။ ထို့ကြောင့် ဆေးဝါး အတုရောင်းဝယ်ဖောက်ကားမှုကို တားဆီး ကာကွယ်ရန်နှင့် ကုန်ပစ္စည်းအတု မှောင်ခိုတင်သွင်း မှုတို့ကို နှိမ်နင်းတိုက်ဖျက်နိုင်ရန် ဂျပန်အစိုးရသည် တရုတ်အကောက်ခွန် အရာရှိများနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဟု သိရသည်။

**ဆောင်းဟေမန်**


Ref: International News ;4/3/20



www.burmeseclassic.com

www.burmeseclassic.com





# အမေရိကန် MGM မီဒီယာ၏ နောက်ကွယ်မှဇာတ်လမ်း

MGM (Metro-Goldwyn-Mayer) ဟုခေါ်သည့် ကမ္ဘာကျော် အမေရိကန် မီဒီယာတစ်ခုအနေဖြင့် အမှတ်တံဆိပ်တစ်ခုရရန် ယခင်က ခြင်္သေ့အစစ်များကို အသုံးပြုခဲ့ကြသည်။ ယင်းကဲ့သို့ ကြိုးစားမှုနှင့်အတူ ယနေ့တိုင် အောင်မြင်မှုများလည်း ရရှိစေခဲ့သည်။ ထိုအောင်မြင်မှု၏ နောက်ကွယ်တွင် ဝမ်းနည်းစရာ ဇာတ်လမ်းတစ်ပုဒ် ရှိနေခဲ့ပါသည်။

၁၉၂၁ ခုနှစ်မှ ၁၉၂၄ ခုနှစ်၊ ၁၉၂၄ ခုနှစ်မှ ၁၉၂၈ ခုနှစ်အထိ ပထမဆုံးလိုဂိုစလုပ်ချိန်တွင် အသုံးပြုလာခဲ့သည့် ခြင်္သေ့ Slats သည် သူ့ခြင်္သေ့ထိန်းတစ်ဦးနှင့် လက်ထောက်နှစ်ဦးကို ကိုက်သတ်ခဲ့၏။ MGM အနေဖြင့် ထိုကိစ္စနှင့်ပတ်သက်၍ လျော်ကြေးငွေနှင့် ဖြေရှင်းခဲ့သည့်အတွက် လူသေသည့် သတင်းမှာ ပျောက်ကွယ်သွားခဲ့သည်။

နောက်ထပ် ခြင်္သေ့လေးကောင်နှင့်ရိုက်သည့် လိုဂိုများသည် ဘေးကင်းသော်လည်း ပထမလိုဂိုတွင် သွေးစွန်းခဲ့သည့် MGM သည် ခေတ်အဆက်ဆက် အခက်အခဲများစွာရှိသည်ဟု ယုံကြည်သူများလည်း ရှိကြောင်း သိရသည်။

**ဆောင်းဟေမန်**

Ref: Int'l News

-1/3/2013



www.burmeseclassic.com

www.burmeseclassic.com



# ဟွန်ဒူးရပ်စ်နိုင်ငံတွင် လူငယ်များ မူးယစ်ဆေးဝါးဂိုဏ်းများကြောင့် အသေအပျောက်များ



ဟွန်ဒူးရပ်စ်နိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်ကတည်းက လူငယ်ပေါင်း ၂၆၀၀ ခန့် သေဆုံးနေကြသည်။ အထူးသဖြင့် မူးယစ်ဆေးဝါးဂိုဏ်းများနှင့် ပတ်သက်သည့် လူငယ်များ သေဆုံးမှုသည် အများဆုံးဖြစ်သည်။

ယခုအခါ ဟွန်ဒူးရပ်စ်နိုင်ငံသည် ကမ္ဘာ့အသေအပျောက်အများဆုံးနိုင်ငံစာရင်းတွင် ထိပ်ဆုံးမှရှိနေပြီး မူးယစ်ဆေးဝါးဂိုဏ်း၏ သားကောင်များဖြစ်သွားသည့် လူငယ်များမှာ အများစုဖြစ်နေသည်။

လူငယ်အများစုသည် မိမိတို့ စားဝတ်နေရေးအတွက် မူးယစ်ဆေးဝါးဂိုဏ်းများနှင့် ပတ်သက်နေကြရပြီး လွန်ခဲ့သော သုံးနှစ်အတွင်း ၂၆၀၀ ခန့် သေဆုံးခဲ့ရကြောင်း၊ သေဆုံးသူ လူငယ်အများစုသည် အသက် ၂၃ နှစ်အောက်များ… ဖြစ်ကြောင်း၊ သေဆုံးသူများ၏ … ရာခိုင်နှုန်းမှာ ကလေးသူငယ်… ဖြစ်ကြောင်း သိရသည်။

**ဆောင်းဇေ…**

Ref: International Crime N…


-5/3…



www.burmeseclassic.com

www.burmeseclassic.com





# ဆွစ်ဇာလန် သစ်စက်ရုံအတွင်း သေနတ်ပစ်ခတ်မှုကြောင့် လူသုံးဦးသေဆုံး

ဆွစ်ဇာလန်နိုင်ငံအလယ်ပိုင်းရှိ သစ်စက်ရုံတစ်ခုတွင် သေနတ်သမားတစ်ဦး ဝင်ရောက်ပစ်ခတ်မှုကြောင့် အလုပ်သမား သုံးဦးသေဆုံးခဲ့ရပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ အဆိုပါ ပစ်ခတ်မှုသည် Menznau မြို့ရှိ သစ်စက်ရုံတွင် ဖြစ်ပွားခဲ့ပြီး သေဆုံးသူနှင့် ဒဏ်ရာရသူအားလုံးသည် ဆွစ်ဇာလန်လူမျိုးများ ဖြစ်ကြသည်။

သေနတ်သမားသည် အသက် ၄၂နှစ်အရွယ်ရှိပြီး ထိုစက်ရုံတွင် (၁၀)နှစ်ကြာ တာဝန်ထမ်းဆောင် ခဲ့ဖူးကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောကြားခဲ့သည်။ သေနတ်သမားသည် အခင်းဖြစ်ပွားရာနေရာတွင် သေဆုံးခဲ့သူများကိုသာ ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်သက်သေများက ပြောကြားခဲ့သည်။

ဖြစ်မှုကျူးလွန်ခဲ့သည့် သေနတ်သမားသည် လုပ်ငန်းခွင်အတွင်း နာမည်ဆိုး တစ်စုံတစ်ရာမရှိသော်လည်း စိတ်ရောဂါအနည်းငယ် ခံစားနေရကြောင်း စက်ရုံ ဥက္ကဋ္ဌက ပြောကြားခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များသည် ထိုဖြစ်ရပ်နှင့်ပတ်သက်ပြီး အကြောင်းရင်းကို ဆက်လက်စုံစမ်း စစ်ဆေးနေကြောင်း သိရသည်။

**ဆောင်းဟေမန်**

Ref: International News ;1/3/2013



www.burmeseclassic.com

www.burmeseclassic.com

ဆုမွန်ဦး(ဟင်္သာတ)

# မာယာမိုးည





www.burmeseclassic.com

www.burmeseclassic.com




# မာယာမိုးည

ဆုမွန်ဦး (ဟသာတ)

ချမ်းမြ ရေနွေးအိုးထဲသို့ လက်ဖက်ခြောက် တစ်ဆုပ်ခတ်လိုက်သည်။ ပြီးတော့ မီးဖိုခွင်ပေါ်မှ ရေနွေးအိုးကို ချလိုက်၏။ ထိုစဉ် လေပြည်တချို့က ခပ်သုတ်သုတ် ဝှေ့ယမ်းလိုက်၏။ ချမ်းမြဖိုထားသော မီးဖိုမှ မီးမှုန်မီးမွှားများက လွင့်စဉ်သွားကြ၏။

"ဒေါင်.....ဒေါင်.....ဒေါင်"

ညောင်ကုန်းရွာဘက်ဆီမှ ည ၈ နာရီ သံချောင်းခေါက်သံကြားရသည်။

"ဩော်.....ထမင်းစားမှ၊ သိပ်ညဉ့်နက်ရင် မကောင်းဘူး"

ချမ်းမြတစ်ယောက်တည်း ရေရှုတ်လိုက်သည်။ ထို့နောက် မနက်ကပင် ထန်းညှပ်နှင့်ကင်၍ထားသော ကြွက်ကင်ကို တဲပေါ်မှယူလိုက်ရင်း ထမင်းစားရန် ပြင်လိုက်သည်။ ချမ်း မြမှာ ညောင်အူပေါက်ရွာနောက်နားရှိ ခုနစ်မ တောအုပ်ကြီးနံဘေး ဇျိုက်ကွင်းစပ်တွင် လယ်တည်ရင်း တဲလေးတစ်လုံးနှင့် နေထိုင်သူဖြစ်၏။ တစ်ချိန်သောအခါကတော့ ချမ်းမြတစ်ယောက် အနီးညောင်အူ ပေါက်ရွာလေးထဲတွင် ချစ်ရသူ မြသဲဖြူဟူသော ချစ်ဇနီးချောလေးနှင့် တင့်တောင့်တင့်တယ် နေထိုင်ခဲ့သည်။

လူတစ်ယောက်ဘဝ၏ ကောင်းမှု၊ ဆိုးမှုသည် လောကဓံအထုအထောင်း၏အပေါ်တွင်လည်း တည်မှီသည်။ သည်အဆိုကို မိန့်ဆိုသူရှိလေလျှင် ချမ်းမြက အရင်ဦးဆုံး လက်ခံသူတစ်ဦးဖြစ်လေသည်။ ချမ်းမြ၏အတိတ်သည် ပုံရိပ်တို့ကမကောင်း။ ဤညောင်အူပေါက်ရွာထဲမှ သူကြီး ဦးစောသာ၏ တစ်ဦးတည်းသောသမီးဖြစ်သူ မြသဲဖြူသည် မိမိ၏ ချစ်သူရင်ငုံပန်းကြာမုံပင် ဖြစ်ခဲ့၏။

ဤတွင် အလုပ်အကိုင်ဟူ၍ မည်မည်ရရမရှိ၊ တံငါလိုလို၊ လယ်ယာလိုလိုနှင့် ယောင်ခြောက်ဆယ်ဘဝတွင်ကျင်လည်ရင်း အပေါင်းအသင်းအစုံပေါင်းကာ ထန်းရည်၊ အရက်တမြမြနှင့် ချမ်းမြ၏ဘဝကို သူကြီးဦးစောသာ သမက်အရာသွင်းဖို့ခက်ခဲ့သည်။ သို့သော် ချမ်းမြနှင့် မြသဲဖြူတို့က ဆယ်ကျော်သက်စိတ်ကူးယဉ်သည့် အရွယ်များပေမို့ ခိုးရာလိုက်ပြေးခဲ့ကြသည်။

သူကြီးဦးစောသာက သမီးကို အချိုသတ်၍ ပြန်ခေါ်သည်။ ထိုမှ နှစ်ယောက်ခွဲကာ ထားခဲ့၏။ ချမ်းမြနှင့် ဝေးခဲ့ရသော မြသဲဖြူ၏ဘဝသည် သွေ့ခြောက်နေခဲ့ရသည်။ ဘယ်လိုမှ ပြန်ဆုံရနိုင်ကောင်းသည့် အခွင့်အလမ်းမမြင်လျှင် ဘဝကို အဆုံးစီရင်ချက်ချခဲ့၏။ မြသဲဖြူဆုံးပါးခဲ့သည်။ ထိုအခါ မိမိသမီးသေရသည်မှာ ချမ်းမြကြောင့်ဟုဆိုကာ

www.burmeseclassic.com



ဦးစောသာက ချမ်းမြကို အပြစ်ရှာခဲ့သည်။

ထိုအခါ နဂိုကမှ မကောင်းမှုနှင့် ကျင်လည်ကာ ဘဝကို လွယ်လွယ်လျှောက်နေသည့် ချမ်းမြ လောင်းကစားဝိုင်းတစ်ခုတွင်အဖမ်းခံရသည်။ ထိုမှ ထောင်နှစ်နှစ်ကျသွားခဲ့သည်။ ထောင်မှလွတ်လာတော့ ချမ်းမြ ပို၍ဆိုးသွမ်းလာ၏။ အသိတရားရှိမလာ။ ခိုးမှု၊ ဓားပြမှုများပင် ကျူးလွန်လာ၏။ အချစ်ရေးက မကောင်းခဲ့၍လားမသိ။ မိန်းမ တစ်ယောက်ပြီးတစ်ယောက် ယူသည်။ မိန်းမများ မတည်မြဲကြ။ သူ့လက်ထဲမှာပင် ဖောက်ပြားသွားကြ၏။

နောက်ဆုံး လူသတ်မှုတစ်ခုဖြင့် ချမ်းမြတစ်ယောက် ထောင်ခုနစ်နှစ်တိတိ ကျသွား၏။ ထောင်မှလွတ်လာတော့ အသက်လေးလည်း ရလာသည်မို့ အကျင့်ဆိုးတချို့က အရှိန်ပျော့လာသည်။ ရွာထဲတွင်လည်း မနေတော့။ ရွာနီးချုပ်စပ်ရှိ ခုနစ်မတောဘေး ဗျိုက်ကွင်းစပ်တွင် လယ်တဲ့ရင်း တဲလေးတစ်လုံးနှင့်နေသည်။

ထောင်နှစ်နှစ်ကျသွားခဲ့သည်။
ထောင်မှလွတ်လာတော့ချမ်းမြ
ပို၍ဆိုးသွမ်းလာ၏။
အသိတရားရှိမလာ။
ခိုးမှု၊ဓားပြမှုများပင်
ကျူးလွန်လာ၏။
အချစ်ရေးက
မကောင်းခဲ့၍လားမသိ။
မိန်းမ
တစ်ယောက်ပြီးတစ်ယောက်...



သံချောင်းခေါက်သံကြော[...] ချမ်းမြ ထမင်းစားရင်း အတိတ်[...] ပြန်တွေးနေမိသော အတွေးတို့[...] ရပ်၍သွား၏။

"ဩော်.....၈ နာရီတော[...] ထိုးပါရော့လား"

မကြာမီ ပုသိမ်ဘက်မှ တ[...] လာသော အဆန်ရထားကြီး[...] အသံကို ကြားရ၏။ ရထားကြ[...] သည် နီဗွာန်ရွာဘူတာတွင် ဆို[...] ရောက် ရပ်နားတော့မည်ဖြစ်[...] သည်။

♛♛♛♛♛

နာရီဝက်ခန့်ရှိလေတော့ ကျ[...] လယ်မြောက်ဘက်ရှိ ရွာဖျား[...] ခွေးအူသံသဲ့သဲ့ကို ကြားလိုက်[...] သည်။

"ဝုတ်.....ဝုတ်.....ဝုတ်"

"ဗျို့.....လယ်ရှင်တို့၊ လ[...] ရှင်တို့ ရှိကြပါသလားရှင်"

အသံသည် လေထဲဝဲ၍ပါ[...] သည်။ ထူးခြားသည်မှာ ယော[...] သားတစ်ဦး၏အသံမဟုတ်။ [...] ကလေးတစ်ယောက်၏အသံပ[...] လေသည်။ ချမ်းမြ တဲလေး[...] ထွက်လိုက်သည်။ မိမိလယ်တဲ[...] သည် တောစပ်တွင်ရှိသည်ဆို[...] ဌား လူသွားလမ်းနှင့် တစ်[...] သာမျှသာ ဝေးလေ၏။

"အလို.....ဒယ်သူ[...]



www.burmeseclassic.com

www.burmeseclassic.com



မို့ ညကြီးမင်းကြီး အချိန်မရှိမှ”

ခရီးသွား မိန်းမတစ်ဦးသည် ...ှင်းထီးထီးတွင် မီးလင်းနေသော ...ယ်တဲလေးကို မြင်ရသည်မှ ...ကူ အညီတောင်းရန် ရောက် ...ဟန်တူ၏။ ချမ်းမြအမှောင် ...ထဲသို့ စူးစူးစိုက်စိုက် ကြည့် ...က်တော့ မည်းမည်းသဏ္ဌာန် ...ရာတစ်ခုက တဖြည်းဖြည်း ...ဒီတဲလေးဆီသို့ လှမ်းလာနေ ...လသည်။

“ဘယ်သူလဲဗျ၊ ဘာကိစ္စရှိ ...လို့လဲ”

စကားဆုံးတော့ တဲဝသို့ အမျိုး ...သမီးငယ်မှာ ရောက်လာလေသည်။

“ဩော်.....တဲလေးက မီး ...ရောင်မြင်လို့ လျှောက်လာတာပါ၊ အကူအညီတစ်ခုတောင်းချင်လို့ပါ ...ရှင်”

“ဘာအကူအညီများလဲခင် ...ဗျာ”

“ဩော်..ကျွန်မ စကားပြော လာသွားလို့၊ ဒီလိုပါရှင်၊ ကျွန်မ က ပုသိမ်နယ်ဘက်ကလာတဲ့ ခရီး သွားတစ်ဦးပါ၊ ခုနကဆိုက်တဲ့ ရထားနဲ့ ပါလာတာပါ၊ ကျွန်မသွား ရမယ့်ရွာက ဖုက္ကနိလို့ခေါ်တဲ့ရွာပါ၊ ကျွန်မဖေဖေရဲ့ မိတ်ဆွေတစ်ဦးနဲ့ တွေ့ရမယ့် ကိစ္စပါ၊ ဒါပေမဲ့ ရထားဆိုက်ချိန် ညဥ့်နက်တာရယ်၊ ဒီရွာမှာ အသိအကျွမ်းမရှိတာရယ်




ကြောင့် ဒီည တည်းခိုဖို့ အကူအညီ တောင်းချင်လို့ပါရှင်”

“ဗျာ.....တည်းတာကတော့ ကိစ္စမရှိပါဘူး၊ ဒါပေမဲ့ ဒီတဲမှာက ကျုပ်တစ်ယောက်တည်းနေတာဗျ၊ ဒီတဲမှာ မိန်းမသားဆိုလို့ ဘယ်သူမှ ရှိတာမဟုတ်ဘူး၊ မသင့်တော်ပါဘူးဗျာ၊ ကဲ..လောလောဆယ်တော့ တဲထဲဝင်ထိုင်ပါဗျာ၊ ဒါနဲ့ ခင်ဗျား ထမင်းတွေဘာတွေရော စားခဲ့ပြီးပြီလား”

“ဩော်.....ဟုတ်ကဲ့၊ စားခဲ့ပြီးပါပြီရှင်၊ ဒိုက်ပျက်ဘူတာရောက်တော့ ထမင်းထုပ်ဝယ်ပြီး စားလိုက်ပါတယ်”

“မစားရသေးရင်တော့ ကျုပ်တဲမှာရှိတာ ကျွေးမလို့ပါ”

“ရပါတယ်ရှင်၊ အခုလိုမေးတာကိုပဲ ကျေးဇူးတင်ပါတယ်၊ အခက်အခဲမရှိရင် ရေတစ်ခွက်လောက် တိုက်ပါလား”

“ဩော်.....ရပါတယ်”

ရေသောက်ပြီးတော့

“ဒါနဲ့ ရှင် ကျွန်မကို ဒီည တည်းခိုခွင့်ပြုမယ်မဟုတ်လား”

အမျိုးသမီးငယ်၏ အမေးစကားကြောင့် ချမ်းမြ အကဲခတ်လိုက်သည်။

“ကျုပ် ပြောပြီးပြီလေ၊ ဒီတဲမှာက ကျုပ်တစ်ယောက်တည်းနေတာ၊ မိန်းမသားဆိုလို့ ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com



မရှိပါဘူးလို့''

"ရပါတယ်ရှင်၊ ရှင့်ကြည့်ရတာ လူသားပီသတဲ့ လူတစ်ယောက်ဖြစ်မယ်လို့ ကျွန်မ ယုံကြည်ပါတယ်၊ ကျွန်မကို တည်းခိုခွင့်ပြုပါ''

"ဒါဆိုလည်း ခင်ဗျားသဘောပဲလေ''

♛♛♛♛♛



တဲလေးထဲရှိ ထွန်းညှိထားသော ရေနံဆီမီးခွက်၏ မီးရောင်အောက်၌ပင် ချမ်းမြကမိန်းမငယ်ကို အကဲခတ်မိ၏။ အသက်မှာ မကြီးသေး။ အလွန်ဆုံးရှိမှ ၃၀ နှစ်သာသာ။ အချောအလှဆုံးဟု မဆိုသာသော်လည်း လုံးကြီးပေါက်လှ ရင်ခုန်ချင်စရာ ရုပ်ရည်မျိုးဖြစ်၏။

"ဒါနဲ့ မင်းနာမည်က''

"မာယာမိုးည''

"ဘာကွ...မာယာမိုးည ဟုတ်လား''

"ဟုတ်ပါတယ်ရှင်၊ ရင်းနှီးချစ်ခင်သူတွေကတော့ တချို့က မိုးညလို့ ခေါ်တဲ့သူကခေါ်ပြီး တချို့ကျတော့လည်း မာယာလို့ခေါ်ကြတယ်''

"မင်းတို့ခေတ်လူငယ်တွေကလည်းကွာ၊ နာမည်တွေ ကြားလိုက်ရင် ဘာတွေမှန်းကိုမသိဘူး၊ ကဲ.. ထားပါတော့လေ''

"ကျွန်မနာမည်ကိုတော့ ဦးက မေးပြီး ဦးနာမည်ကိုလည်း ပြောဦး လေ''

"အင်း...ဦးနာမည်ကတော့ မအေးချမ်း မလှပတဲ့ ချမ်းမြပါ''

"ဘာရှင့်...ဦးနာမည်က ချမ်းမြ ဟုတ်လား''

"ဟုတ်တယ်''

"ဦးမှာ ဇနီး၊ ဒါမှမဟုတ် ချစ်သူရည်းစား မရှိဘူးလား၊ ပြီးတော့ ဒီတောစပ်မှာ တစ်ယောက်တည်း တဲလေးတစ်လုံးနဲ့နေတာ မပျင်းဘူးလား''

"အင်း...မေးခွန်းတွေကများ လို့ ဘယ်ကနေ အရင်စပြီး ဖြေ မှန်းတောင် မသိဘူး''

"ရပါတယ်၊ အဆင်ပြေသလို သာ ဖြေပါ''

"မိန်းကလေးမေးတဲ့ မေးခွန်း တွေကို ဦးဖြေချင်ပါတယ်၊ ဒါပေမဲ့ ကျုပ်အတွက် အဆင်မပြေတာ မဖြေတော့ဘူး၊ လူဆိုတာ သူ့ဘာ နဲ့ သူ့အကြောင်း အမျိုးမျိုးရှိ တာပဲလေ''

"ဒါဆိုလည်း ထားပါတော့ ရှင်၊ ဒါနဲ့ ကျွန်မ အိပ်ရမယ့်နေ က.....''



www.burmeseclassic.com

www.burmeseclassic.com



"ဩော်.....ကျုပ်တဲထဲမှာဝင် အိပ်ပါ၊ ကျုပ် တဲအပြင်ထွက်ပြီး အိပ်ပါ့မယ်၊ ခင်ဗျား ကျုပ်ရဲ့သိက္ခာနဲ့ ကိုယ်ကျင့်တရားကိုယုံပါ"

"ယုံပါတယ်ရှင်၊ ယုံလို့လည်း ဒီည ဒီမှာတည်းခိုဖို့ ဆုံးဖြတ်ခဲ့တာပေါ့"

"ဩော်.....ဒါနဲ့ ညစ်သည်ကို ဘာတစ်ခုမှ မကျွေးရတာမို့ တစ်ခုခုသောက်ပါလား"

"အိုရှင်.....အားနာစရာကြီး"

"ဟုတ်ပြီ၊ ခင်ဗျား တစ်နေ့လုံး အဝေးကြီးကနေ ရထားစီးလာရတာဆိုတော့ ပင်ပန်းမှာပေါ့၊ ကျုပ် သံပရာရည်လေး တစ်ခွက်တော့ တိုက်ပါ့မယ်၊ ကျေးဇူးပြုပြီးတော့ သောက်ပါဗျာ"

စကားဆုံးတော့ ချမ်းမြ သံပရာရည်ဖျော်သည်။ တစ်ခွက်တည်းတော့မဟုတ်။ မာယာမိုးညနှင့် သူ့အတွက် နှစ်ခွက်ဖြစ်လေသည်။ ချမ်းမြဖျော်သော သံပရာရည်သည် အကြံနှင့်ဖြစ်၏။ ဖျော်၍ပြီးတော့

"ရော့...မင်းအတွက်တစ်ခွက်၊ ဒါက ကျုပ်အတွက်"

မာယာမိုးည ချမ်းမြပေးလာသော သံပရာရည်ခွက်ကိုယူ၍ ပါးစပ်တွင် တေ့လိုက်သည်။

"ဟင်....ရှင့်သံပရာရည်က ချဉ်လိုက်တာ၊ သကြားလေးများ နည်းနည်းမရနိုင်ဘူးလား"

"ခဏနေဦး၊ ကျုပ်သွားယူလိုက်ဦးမယ်"

ချမ်းမြ သကြားယူရန် ထ၍ အသွားတွင် မာယာမိုးညက ခွက်ချင်းလဲပစ်လိုက်သည်။ ချမ်းမြ မိန်းကလေးနှင့် စကားပြောစဉ် အရာအားလုံးကို အကဲခတ်ကြည့်မိသည်။

မိန်းကလေးသည် အလှတရားနှင့် ပြည့်စုံသလို ပစ္စည်းဥစ္စာတွေကလည်း တစ်ကိုယ်လုံးအပြည့် ဝတ်ဆင်ထားသည်။ လူဟူသည် လောဘနှင့်မကင်း၊ မောဟနှင့်မကင်း။ ဒီလို လူသူမဲ့သော တဲလေးတစ်လုံးတွင် လှပ၍ ဥစ္စာပစ္စည်းပြည့်စုံသော မိန်းကလေးတစ်ဦးကို ဥပုသ်စောင့်ရင် ကျားဟူ၍ မည်ပါတော့မည်လား။

စားရက်ကြံ၍ မုတ်ဆိတ်ပျားစွဲလာခြင်းဟုသာ ချမ်းမြ တွေးလိုက်၏။ သံပရာရည်များ သောက်၍ပြီးသွားကြတော့ ဟိုဟိုသည်သည် စကားများပြောရင်း မာယာမိုးညတစ်ယောက် မျက်လုံးများက စင်း၍လာသည်။

"အိပ်ချင်လိုက်တာရှင်၊ ကျွန်မ အိပ်တော့မယ်နော်"

"ဩော်...ဩော် ဟုတ်ပါပြီ၊ စိတ်ချလက်ချသာ ဝင်အိပ်ပါဗျာ၊ ကျုပ် စေတနာသန့်သန့်လေးနဲ့ ဖျော်တိုက်ထားတဲ့ သံပရာရည် ချဉ်ချဉ်လေးက ခင်ဗျားအတွက် အိပ်ပျော်ပြီး အိပ်မက်လှလှလေးတွေကို ပါ မက်စေမှာပါ"

မာယာမိုးည ဝင်သွားတော့

မိန်းကလေးသည် အလှ တရားနှင့် ပြည့်စုံသလို
ပစ္စည်းဥစ္စာ တွေကလည်း
တစ်ကိုယ်လုံးအပြည့် ဝတ်ဆင်ထားသည်။
လူဟူသည် လောဘနှင့်မကင်း၊ မောဟနှင့် မကင်း။
ဒီလို လူသူမဲ့သော တဲလေး တစ်လုံးတွင် လှပ၍
ဥစ္စာပစ္စည်း ပြည့်စုံသော မိန်းကလေးတစ်ဦးကို
ဥပုသ်စောင့်ရင် ကျားဟူ၍.....



www.burmeseclassic.com

www.burmeseclassic.com



ချမ်းမြ မိမိအတွက်ဖျော်ထားသော သံပရာရည်ကို သောက်ပစ်လိုက်သည်။ များမကြာမီ ချမ်းမြသည်လည်း အပျော်တွေစီခြယ်ထားသော အိပ်မက်လုလုလေးတစ်ခုဖြင့် နှစ်နှစ် ခြိုက်ခြိုက် အိပ်ပျော်၍ သွားလေတော့သည်။

♛♛♛♛♛

ချမ်းမြတစ်ယောက် ဘယ်အချိန်အထိ အိပ်နေလေသလဲ မသိ။ တဲဝတွင်ရပ်ကာ တကြော်ကြော်ခေါ်နေသောအသံကြောင့် နိုးလာ၏။

"ဟာ....ကိုချမ်းမြ၊ ဘယ်လို ဖြစ်နေတာလဲ၊ ခေါ်မကြား၊ အော်မကြားနဲ့၊ ညက ဘယ်အချိန်ကျမှ အိပ်လို့လဲဗျာ၊ လူမမြင်လို့လျှောက်လာတော့ တဲတံခါးကြီးကလည်း ပွင့်နေတယ်"

ထိုမှ ချမ်းမြတစ်ယောက် မှုးနောက်နေသောခေါင်းကို မနည်းထူကာ ထလာရင်း ဟိုဟိုသည်သည် ရှာဖွေကြည့်မိ၏။

"ဟို...ဟိုမိန်းကလေး ဘယ်မှာလဲ၊ ဘယ်များရောက်နေတာလဲ၊ ဟင်.....အိမ်ထဲမှာ အိပ်နေတာလည်း မတွေ့ပါလား၊ ညက သူ့ကို ငါဖျော်တိုက်တဲ့ သံပရာရည်ထဲမှာ အိပ်ဆေးတွေ ထည့်လိုက်တာ သေချာပါတယ်"



ချမ်းမြ၏ အူကြောင်ကြောင် အမူအရာများကိုကြည့်၍.....

"ဟော့....ဟော့လူ ကိုချမ်းမြ၊ ခင်.....ခင်ဗျား ဘာတွေဖြစ်နေတာ လဲဗျ၊ ဘယ်ကမိန်းကလေးလဲ၊ ကျုပ်လာတာ ဘယ်မိန်းကလေးမှလည်း မမြင်မိပါဘူးဗျာ၊ ခင်ဗျားတော့ အိပ်မက်ထဲမှာ ဧကရီမလေး တစ်ယောက်နဲ့ တွေ့ခဲ့ပြီထင်တယ်"

"ဟော့ကောင် သာအေး၊ ငါတကယ်မေးနေတာကွ၊ မင်းငါ့တဲအိမ်ဘက် လျှောက်လာတော့ မိန်းမချောလေးတစ်ယောက်များ ထွက်သွားတာ မမြင်လိုက်မိဘူးလား"

"ဒီလူတော့ ခက်နေပြီဗျာ၊ မတွေ့ပါဘူးဆိုတာ ကျုပ်ဘယ်လို ပြောရမလဲ"

"ဟင်..ဒါ..ဒါဆို ညက ငါ့တဲကိုရောက်လာတဲ့ မာယာမိုးညဆိုတဲ့မိန်းမ ဘယ်ရောက်သွားတာလဲ၊ ငါအိပ်မက်ပဲမက်တာလား၊ တကယ်ပဲ ဖြစ်ခဲ့တာလား"

"____"

"ဟင်... တစ်အိမ်လုံးလည်းဖွ ထားလိုက်တာ ရှုပ်ပွနေတာပဲ၊ အလို..... ငါ့သေတ္တာကြီးလည်း ပွင့်နေပါလား၊ ငါ့ပစ္စည်းတွေပါသွားပြီ၊ ကုန်ပါပြီကွာ"

**ဆုမွန်ဦး (ဟင်္သာတ)**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





# အကုသိုလ်အရိပ်

ခင်ဦး (ပုတီးကုန်း)

"ကောက်သော်မစားလောက်၊ ဖြောင့်သော်စားမကုန်"

ထိုသို့သော စကားပုံသည် ရဲ တို့လင်မယားအတွက် ဆန့်ကျင် ာက်ဖြစ်နေသည်။ သူတို့လင်မယား ည် တောမှမြို့သို့ ပြောင်းလာ ည်၊ ရိုးရိုးသားသား လုပ်ကိုင်စား ည်။ ပညာမရှိသော်လည်း ရှိ မျှ ဉာဏ်လေးနှင့်ယှဉ်ကာ လုပ် ိုင်စားသည်။ သူတို့တွင် ကံမပါ ာသားဟူ၍ မပြောတတ်။ ချမ်းသာ မလာပါ။ မချမ်းသာရုံတင်မဟုတ်၊ ကြော်ရောင်းရင်း အရင်းပြုတ် ိုက်သေးသည်။

မိန်းမဖြစ်သူကလည်း လုလု သန့်သန့်ရှင်းရှင်းလေး နေတတ် ည်။ ရိုးရိုးယဉ်ယဉ်လေးနှင့် လှ ည်။ ချက်ပြုတ်ကျွေးမွေးရင်း ကြော့ကြော့လေးနေသည်။ ရဲနီလုပ် လေးဖြင့် မလုံလောက်ချေ။ ကြာ ာ် အရင်းမဲ့လာ၍ ရဲနီမှာ ကြံရ ဖန်ရပြန်တော့သည်။

မည်သို့သောဘဝနှင့် ကြုံရပါ စေ၊ ရဲနီမှာ သတ္တိရှိသည်။ တောမှာ နေစဉ် သစ်ခုတ်ဝါးခုတ်၊ ငါးရှာ၊ ဖား ရှာဘဝ၌ ကျင်လည်ခဲ့ဖူးသည်။ ထို တုန်းက စိတ်၏ချမ်းသာသုခကိုရ သည်။ အေးချမ်းလှသည်။ မရှိအေး အေး၊ ရှိအေးအေးဖြင့် ဘဝကို ပိုင် ဆိုင်ခဲ့ရသည်။

သူသည် ရိုးသားဖြောင့်မတ်၍ စိတ်ဓာတ်ကြည်လင်လှသည်။ ယခုမူ အေးချမ်းမှုထက် အပူလွန် ကဲနေရှာသည်။ နံနက်စာပြီးလျှင် ည စာအတွက် လုံးပန်းရသည်။ မြို့သူ တို့နှင့်အပြိုင် လှချင်သော မိန်းမ အတွက် အပိုဝင်ငွေရချင်သေး သည်။ စိတ်မကြည်လင်တော့ပေ။ မရိုးသားတော့ပေ။ ငွေရရှိရေးကို သာ နည်းလမ်းရှာနေရတော့သည်။

"မိန်းမရေ.....မိန်းမ"

"ရှင်...အစ်ကို၊ နောက်ကျလှ ချည်လားရှင်"

မိုးချုပ်ပြီးမှ ရောက်လာသော ယောက်ျားဖြစ်သူ ရဲနီအား ဇနီးဖြစ် သူ မလှရင်က ဆီး၍မေးလိုက်၏။

"ဟ.....အကြော်တွေရောင်း မကုန်လို့ ဦးလှကြီးရဲ့ထမင်းဆိုင်မှာ ဝင်ကူလုပ်ရင်း အကြော်ကျန်တာ ကို ရောင်းရတာပေါ့"

"အဲဒီဆိုင်ရှင်ကြီးက ကြိုက် ရဲ့လား"

"ကြိုက်မှာပါ၊ ငါက ကူပြီး စားပွဲထိုးတယ်၊ ပန်းကန်တွေဆေး ပေးတယ်"

"ဟုတ်လား၊ ကျုပ်လည်း လိုက်လုပ်ချင်လိုက်တာ"

"အေး.....ငါကစားပွဲထိုးရင် မင်းက အကြော်ထိုင်ရောင်း၊ အဲဒီ ဆိုင်က လူစုံတယ်၊ လုပ်အားလည်း လိုနေရှာတာ"

ဤသို့ဖြင့် အပြောကောင်း သော ရဲနီ၏ဆန္ဒကို ဦးလှကြီးက ဖြည့်ပေးသည်။ စားပွဲထိုးရင်းဖြင့် အကြော်ရောင်းရရုံသာမက ကြာ သော် အကြံအဖန်လေးများ ရလာ သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟော့.....ရဲနီ၊ ငါ့ကို D1 တစ်လုံးလောက် ဝယ်ပေးကွာ၊ အချိုရည်တစ်ဘူးပါ ဝယ်ခဲ့"

စားသုံးသူက ဝယ်ခိုင်းတိုင်း သွက်သွက်လေးပြေး၍ ဝယ်ပေးတတ်သဖြင့် စားသုံးသူတို့က ခင်မင်လာကြသည်။ ဘောက်ဆူးပေးကြသည်။ အကြော်လည်းရောင်းရ၊ အကြံအဖန်လေးများလည်း ရလာတတ်၍ ဆိုင်ရှင်အပေါ်လိုသည်ထက်ကောင်းပြကြသည်။

မလှရင်ကပါ ပန်းကန်ဆေးခြင်း၊ ဟင်းရွက်တို့စရာ ပြင်ပေးခြင်းများပါ ဝင်ကူလုပ်တတ်လာသည်။ ကြာသော် စားပွဲ၌ ငွေရှင်း ရသည့်တာဝန်ပါ ရဲနီမှာ ဝင်ပါလာရသည်။ ရလေလိုလေ အိုတစ္ဆေဆိုသည့်အတိုင်း နေ့စဉ်ရလာတတ်သည့် ဝင်ငွေလေးများကို လောဘကမြင်တတ်လာသည်။ ပို၍လိုချင်လာသည်။

"ဒီပွဲဘယ်လောက်ကျလဲ"

"တစ်ထောင့်ရှစ်ရာပါ"

"ဟင်...ခါတိုင်း တစ်ထောင့်ငါးရာပဲ ကျပါတယ်"

"ဩော်..အစ်ကိုက အသည်းအမြစ်နဲ့မို့ပါ"

စားသုံးသူက ကျေနပ်သွားသည်။ နိုင်ငံခြား၌ လွှင့်ပစ်သော အသည်းအမြစ်ကိုမှ ရဲနီက ဈေးပိုတင်လိုက်သည်။ အမှန်တော့



ကြိုက်ရာဟင်းနှင့်စားပါက တစ်ထောင့် ငါးရာသာ။

သို့သော် ရဲနီရောက်မှ ဆိုင်ရှင်လစ်လျှင် လစ်သလို ဈေးတင်လာသည်။ အပိုတွက် သုံးရာသည် ရဲနီအတွက် ဝင်ငွေပင်ဖြစ်သည်။

ကြာလာသည်နှင့်အမျှ ရဲနီ၏ လုပ်ရည်ကိုင်ရည်၊ သွက်လက်မှုကို ဆိုင်ရှင်က သဘောကျ၍ ယုံကြည်ကိုးစားလာသည်။ ဈေးအဝယ်တော် ဘဝသို့ပင် ရောက်လာပြန်သည်။

ရဲနီမှာ ပညာတတ်လေပြီ။ တဖြည်းဖြည်း အလုပ်က သင်လာသည်။ မည်သည့်နည်းနှင့် ကြံရဖန်ရမည်ကို နားလည်လာသည်။ လူညွှန့်ခူးစားရန် အဆင်သင့်ဖြစ်နေသည်။

လုပ်နေကျအလုပ်တစ်ခုသည် လုပ်ဖန်များသော် အကျင့်ဖြစ်လာသည်။ ရဲနီ၏အကျင့်သည် အကျင့်ဆိုးသာ ဖြစ်သည်။ ငွေရပေါက်အတွက် လူတွေအပေါ် မည်သို့လှီးရမည် ဆို သည့် အခွင့်ထူးကို စောင့်နေသည်။

နေ့ကိုရက်စား ရက်ကိုလစား၍ အချိန် တို့ ကြာခဲ့ပြီ။ အကြော် သည် ရဲနီမှာ အိမ်နှင့် နှင့် ဖြစ်လာသည်။ မကြာမီ ဖေ ဖြစ်သူ၏ လည်တိုင်ကြော့ကြော့ လေး၌ ရွှေဆွဲကြိုးလေး ဝင့်ထည် လာသည်။ ညမိုးချုပ်၍ အိမ်ပြ သော် တီဗွီကိုဖွင့်ကာ ကိုရီးယား ဇာတ်ကားလေးဖြင့် ဖိမ်ခံလို သေးသည်။

"ရဲနီတို့က စီးပွားတက် တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com

"ဟ.....ဒီကောင်က သူလည်ပဲ၊ တက်မှာပေါ့"

"လူရည်လည်တာဖြစ်မှာပါ"

"ကြောက်ရင်လွဲ၊ ရဲရင်မင်းဖြစ်ဆိုတဲ့ အစားမျိုးကွ၊ ငွေရမယ်ဆိုရင် ဘယ်လိုကလိမ်ကကျစ်နည်းနဲ့ လုပ်ရလုပ်ရ လုပ်မယ့်ကောင်မျိုးကွ"

ပတ်ဝန်းကျင်ကရဲနီအကြောင်းကို တဖြည်းဖြည်း သိလာသည်။ ထမင်းဆိုင်ပိုင်ရှင် ဦးလှကြီး၏ခေါင်းကို ရောင်းစားနိုင်သည့်အဆင့်ဖြစ်လာသည်။ ရဲနီ၏ပြဿနာကို ဦးလှကြီးမှာ မကြာခဏ ရှင်းနေရသည်။

"ဦးလှရေ ဟိုလက ယူသွားတဲ့ ဆန်တစ်အိတ်ဖိုး လာတောင်းတာပါ"

"ဟ.....ငါမယူပါဘူးကွ"

"ခင်ဗျားတပည့် ရဲနီပဲ လာယူသွားတာ"

ဦးလှမှာ ရဲနီကိုမေးသည့်အခါ ဟိုဖြေသည်ဖြေနှင့် ငွေမပြေလည်၍ ဦးလှနာမည်နှင့် ယူခဲ့ရကြောင်း၊ ထိုအကြွေးကို တဖြည်းဖြည်းဆပ်မည့်အကြောင်း အသနားခံပြန်သည်။ ဦးလှက ငွေစိုက်၍ရှင်းရပြန်သည်။

အကျင့်ဆိုးသည် ပြင်ရန်ခက်ခဲသလောက် ထပ်မံကျူးလွန်ရန် လွယ်ကူလှသည်။ ကြာသော် စားသုံးသူများနှင့်ပေါင်းကာ အမျိုးမျိုးသော လှည့်ကွက်များဖြင့် အကွက်ဆင် ငွေဖန်ပြန်သည်။ ဆိုင်ရှင်က ရိပ်မိလာ၍ ဆိုဆုံးမသည်။ ရှေ့၌ ရိုကျိုးစွာ နာခံသလိုမျိုးနေပြရင်း လစ်သည်နှင့် လုပ်ပြန်သည်။

တစ်နေ့သောအချိန်တွင် နယ်စပ်ဘက်မှ အလုပ်လုပ်ပြီး ပြန်လာသော အလုပ်သမားသုံးဦးက ထမင်းဝင်စားသည်။ အလုပ်ကြမ်းသမားများ ဖြစ်ပုံပေါ်သည်။ ရဲနီက သူတို့ကိုကပ်သည်၊ စကားလှမ်းတောက်သည်။ ငွေရှာ၍ ပြန်လာသူများမှန်း သိသွားသည်။

"အစ်ကိုတို့ တည်းစရာမရှိရင် ကျွန်တော်တို့အိမ် လိုက်တည်းဗျာ"

"အားနာပါတယ်၊ ဘုန်းကြီးကျောင်း သွားအိပ်ပါ့မယ်"

"ဟာ.....အားမနာပါနဲ့၊ ကျွန်တော်တို့မှာ လင်မယားနှစ်ယောက်ပဲရှိတာ၊ အစ်ကိုတို့ကို မြင်မြင်ချင်းအားကျတယ်ဗျာ၊ နယ်စပ်တောင်သွားပြီး အလုပ်လုပ်ရင်း ကြိုးစားခဲ့ကြတာပဲနော်"

အပြောကောင်းသော ရဲနီ၏ စည်းရုံးမှုအောက်တွင် အလုပ်သမားကြီးသုံးဦးမှာ ဘဝင်ခိုက်နေကြ၏။ လူငယ်နှစ်ဦးနှင့် အသက် ၄၅ နှစ်ခန့် အလုပ်သမားကြီးတစ်ဦး၊ ပေါင်းသုံးဦးတို့သည် ရဲနီတို့အိမ်သို့ ၎င်းတို့၏ ခရီးဆောင်အိတ်များကိုလွယ်ကာ လိုက်ပါလာကြသည်။

အိမ်သို့ရောက်သည်နှင့် ခြံထဲမှ ကြက်ဖကြီးကိုရိုက်၍ ချက်ကျွေးလေတော့သည်။ မလှရင်က ခင်ပွန်းဖြစ်သူ၏ ခိုင်းစေသမျှ တာဝန်ယူကာ ချက်ပြုတ်နေရရှာသည်။

သကာလူးသော စေတနာဖြင့် ကြက်သားဟင်းနှင့်ထမင်းတို့ကို

အကျင့်ဆိုးသည် ပြင်ရန်ခက်ခဲသလောက် ထပ်မံကျူးလွန်ရန် လွယ်ကူလှသည်။ ကြာသော် စားသုံးသူများနှင့်ပေါင်းကာ အမျိုးမျိုးသော လှည့်ကွက်များဖြင့် အကွက် ဆင် ငွေဖန်ပြန်သည်။ ဆိုင်ရှင်က ရိပ်မိလာ၍ ဆိုဆုံးမသည်။ ရှေ့၌ ရိုကျိုးစွာ.....



www.burmeseclassic.com

www.burmeseclassic.com



မြိန်ရေရှက်ရေ စားကြ၏။ ထမင်းစားပြီးချိန်၌ အိတ်များကို ဘေးတွင်ချ၍ ညေ့်သည်လူစိမ်းသုံးဦးမှာ အိပ်မောကျသွားလေတော့သည်။

သို့ရာတွင် မအိပ်နိုင်၊ မစားနိုင်သူမှာ ရဲနီပင်။ ရဲနီက အကောက်ကြံသမား၊ ညဏ်ဆင်ရင်း ည ၁၂ နာရီထိုးသည်ထိ မအိပ်နိုင်။ နဖူးပေါ်လက်တင်ကာ အပြန်ပြန်အလှန်လှန် စဉ်းစားနေခဲ့သည်။

ရဲနီ၏မျက်လုံးထဲတွင် ကျပ်တစ်ထောင်တန်များကို မြင်နေ၏။ ခဏကြာသော် သူ၏ဇနီးကို လှည့်ကြည့်ရာ ငြိမ်၍ အိပ်မောကျနေသည်ကို တွေ့ရ၏။ ဆက်ရက်မင်းစည်းစိမ်နှင့်အိပ်မောကျနေရှာသော ညေ့်သည်များမှာ တရှူးရှူးတရှဲရှဲနှင့် ဟောက်သူက ဟောက်နေသေးသည်။

"တောက်တဲ့....တောက်တဲ့"

"ကလစ်ကလစ်...ကျစ်ကျစ်"

အိမ်နှစ်အိမ်ကျော်ရှိ သစ်ပင်ကြီးဆီမှ တောက်တဲ့ကြီးက အော်နေပြန်သည်။ ရဲနီ၏အိပ်ခန်းထရံထောင့်မှ အိမ်မြှောင်ကလည်း တကျစ်ကျစ် အော်နေပြန်သည်။

ရဲနီမှာ မျက်လုံးကြီးပြူးလျက် ဖောချွေးပြန်နေသည်။ ညဥ့်နက်ချိန်မို့ အသက်ရှူသံတို့မှတစ်ပါး ဘာသံမှမကြားရ၊ တိတ်ဆိတ်လွန်းလှသည်။



ရဲနီက ရဲဆေးတင်လိုက်၏။ ခြေသံကို အလုံးဆုံးဖော့နင်း၍ ခေါင်းရင်းဘက်မှ ညေ့်သည်များထံ တရွေ့ရွေ့လှမ်း၍သွားသည်။ ယင်းနောက် တိုင်ထောင့်မှ အထုပ်သုံးခုစလုံးကို ဖြည်းညင်းစွာ 'မ'လိုက်သည်။

သူ၏အခန်းထဲသို့ ယူသွားပြီး မွှေနှောက်ရှာဖွေရာ အိတ်တစ်အိတ်အတွင်းမှ ငွေထုပ်ကို တွေ့လိုက်ရသည်။ လောဘမျက်လုံးက ဝင်းလက်သွားသည်။ ဓာတ်မီးလေးနှင့်ထိုးရင်း ငွေထုပ်ကို အသာအယာယူလိုက်ပြီး အိတ်များကို နေရာတကျ ပြန်ထားလိုက်သည်။

"အောက်..အီး..အီး..အွတ်"

နံနက်လင်းချေပြီ။ ညေ့်သည်များအတွက် နံနက်စာပြင်ပြီး အားပါးတရ သုံးဆောင်စေသည်။ ယင်းနောက် ဦးလှကြီးဆိုင်ဘက်သို့ လင်မယားနှစ်ဦးစလုံး ထွက်ခဲ့ကြတော့သည်။

ပျော်တပြုံးပြုံးနှင့်ဖြစ်နေသော ရဲနီတို့အတွက် ဘဝင်ချမ်းမြေ့စရာ ဖြစ်နေခဲ့သည်။

ထမင်းဆိုင်အရောက် ထမင်းဖိုးရှင်းရန် ငွေအနှိုက် ငွေထုပ်မတွေ့ရတော့သဖြင့် ညေ့်သည်သုံးဦးမှာ ငိုမယောင်မျက်နှာကြီးများ၌ မှိုင်းမှုန်အုံ့ဆိုင်းနေသော မိုးသားပြင်ကြီးကဲ့သို့ မည်းနေရှာသည်။

"အန်ကယ်ကြီးရာ အသက်နဲ့ရင်းပြီး ရှာခဲ့ရတဲ့ငွေလေးကို မိန်း တွေ၊ အမေတွေဆီ ပြန်အပို့မှာ ခ လိုဖြစ်ရတာ စိတ်ဆင်းရဲလိုက်တာဗျာ"

"မင်းတို့ ဘယ်ကပြန်လာကြတာလဲကွ"

"ကျုပ်တို့က ထိုင်းနိုင်ငံက တံငါလှေမှာ ပင်ပန်းဆင်းရဲစွာ ရှာခဲ့ရတာပါ၊ လေနဲ့လှိုင်းနဲ့ ပင်လယ်ထဲမှာ ဒုက္ခခံပြီး ရလာတဲ့ငွေပါဗျာ"

"မင်းတို့ညက ရဲနီအိမ်မှာ တည်းတာမဟုတ်လား"

"ဟာ.....ရဲနီက သူကောင်



www.burmeseclassic.com

www.burmeseclassic.com

ပါ၊ ကျွေးလိုက်မွေးလိုက်တာ စုံလို့၊ စေတနာကောင်းရှာပါတယ်၊ သူ မဟုတ်နိုင်ဘူး”

“အေး၊ မင်းတို့ငွေကို ဘယ်အချိန်၊ ဘယ်သူများ နှိုက်ယူလိုက်လဲမသိဘူး၊ ယူတဲ့သူအတွက် မသန့်ရှင်းတဲ့ငွေပါ၊ မင်းတို့အတွက် သန့်ရှင်းတဲ့ငွေပေးမယ့် သူတို့အတွက် မသန့်ရှင်းတော့ အသုံးမခံပါဘူးကွာ၊ အချောင်ရတဲ့ငွေ ခဏပေါ့၊ ဒီလူတွေလည်း ဒုက္ခတွေ့မှာပါကွာ၊ အဆိပ်လူးထားတဲ့ငွေနဲ့ စားရသလိုပါကွာ”

“အခုတော့ အမေတွေ၊ မိန်းမတွေကို ဘယ်လိုရှင်းပြရမလဲဗျာ”

“အေးပါကွာ၊ တစ်နေ့ ဝဋ်လည်ကြမှာပါ”

တစ်နေ့ဝဋ်လည်ကြမှာပါဟု ပြောနေချိန်တွင် ပန်းကန်ဆေးနေသော ရဲနီမှာ ထိုစကားကို ကြားလိုက်ရသဖြင့် မျက်နှာပျက်နေ၏။

“ဟေ့.....ရဲနီ”

“ဗျာ.....အဘ”

“မင်း ဘာဖြစ်နေတာလဲ”

“ကျွန်တော်...ကျွန်တော် စိတ်မကောင်းလို့ပါ၊ ကျွန်တော့်ကိုများ ထင်မလားလို့ စိတ်ပူနေလို့ပါ၊ ကျွန်တော်က စေတနာနဲ့ ရိုးရိုးပဲ အိပ်နိုင်းတာပါ”

“သိပါတယ်ကွာ၊ သူတို့က မင်းရဲ့စေတနာကိုသိလို့ မထင်ကြပါဘူး”

“တော်သေးတာပေါ့ အဘရယ်၊ ဒါနဲ့ ရဲကိုသွားမတိုင်ဘူးလား”

“ပြန်စရိတ်တောင် ငါချေးလိုက်ရတာ၊ စားစရာမရှိ၊ နေစရာမရှိနဲ့ ပြန်ကြတော့မယ်လေ”

“ဩော်.....သနားပါတယ်”

ပါးစပ်မှ သနားပါတယ်ဟု ပြောသော်လည်း ရင်ထဲ၌ ကျိတ်၍ မြိန်မြိန်ပြန်ပါစေဟု ဆုတောင်းနေသည်။ ရဲနီမှာ တစ်နေ့လုံး ကိုယ့်လိပ်ပြာကိုယ် မလုံမလဲနှင့် အနေခက်နေခဲ့ရသည်။ မျက်နှာငယ်လေး



များနှင့် ညှော်သည်သုံးဦးတို့ ပြန်သွားကြချိန်တွင် လင်မယားနှစ်ဦးမှာ အိမ်သို့စောစောပြန်၍ ငွေများကို ဝှက်ထားလိုက်ကြတော့သည်။

“သုံးသိန်းကြီးများတောင် မိန်းမရဲ့”

“အဲဒါ ရှင်တော်လို့ပေါ့၊ ကျွန်မဘဝမှာ ငွေသုံးသိန်းဆိုတာ အခုမှ မြင်ဘူးတာ”

“ရှူး.....တိုးတိုးပြောပါ၊ သူများတွေ ကြားမှဖြင့်.....”

“ကျွန်မကို ရှင်ဝယ်ပေးရမှာရှိတယ်နော်”

“အေးပါကွာ မိန်းမရာ၊ မင်းအလိုကျ ဖြစ်စေရမယ်”

ထိုညတွင် လင်မယားနှစ်ဦးစလုံးအတွက် ရွှေအိုရောင်အိပ်မက်များနှင့် တစ်ညလုံး ပျော်ရွှင်ဖွယ်အတိ ဖြစ်ခဲ့လေသည်။

♛♛♛♛♛

မသမာသော အသက်မွေးမှုဖြင့် အကျိုးပေးနေသည်ဟု ရဲနီမှာ သဘောပေါက်ထားသည်။ မလှရင်မှာ ယခင်ကနှင့်မတူ။ မြို့သူအလား ဝတ်ကာစားကာဖြင့် သူမ၏ဘဝကို လုံခြုံလှပြီဟု ထင်နေရှာသည်။

ယခင်ကတော့ သူမသည် ရိုးသားသူလေးဖြစ်ခဲ့သည်။ လုပ်အားရာဝန်းကျင်နှင့် လိုက်ဖက်သော

www.burmeseclassic.com

www.burmeseclassic.com



စိတ်ခါတ်ပြောင်းလဲကာ လူတို့အပေါ် ကောက်ကျစ်သောနည်းလမ်းဖြင့် ရှာဖွေစားသောက်မှုကို ပျော်မွေ့နေခဲ့သည်။

ပညာမဲ့သဖြင့် ကြောင်းကျိုးအမှန် မဝေခွဲနိုင်ရှာ။ လူဆိုသည်မှာ အမှန်တရားကို နားလည်ခြင်းနှင့် ကိုယ်ကျင့်တရားကောင်းမွန်ခြင်းသည် လူ့လောက၏ လှမ်းလျှောက်ရာလမ်းတွင် ချောမွေ့နိုင်သည်ကို သူမ မသိရှာပေ။

လင်ကိုအထင်ကြီးကာ ဘုရားတစ်ဆူ၊ ဂူတစ်လုံးလို အားကိုး ပူဇော်နေရှာသည်။ လင်ကို တည့်မတ်ပေးနိုင်စွမ်းမရှိ။ အကောင်းအဆိုး မဝေခွဲနိုင်။ လင်လုပ်သမျှ အကောင်းချည်းမြင်သော မျက်ကန်း မယား ဖြစ်နေရှာသည်။

ရဲနီမှာ မတော်လောဘက တစ်ဆင့်ပြီးတစ်ဆင့် ကြီးစိုးလာရာ ငွေကို နည်းလမ်းမျိုးစုံဖြင့် ရှာဖွေနေသည်။

"အစ်ကို လောင်းကစားဒိုင်ကောင်းကောင်းရှိတယ်၊ ကစားချင်ရင်ပြော"

စားသုံးသူတို့ဘေး၌ထိုင်ကာ စည်းရုံးသည်။ သူ့ကိုယုံ၍ ငွေပေးပြီးခိုင်းသည်။ ထိုငွေကို အိတ်ထဲထည့်သည်။ အနိုင်မရလျှင် သူက ကြားမှစားရသည်ဟု ထင်နေခဲ့၏။

အနိုင်ရသည့်အခါ အလျော်မပေးဘဲ အကြောင်းမျိုးစုံပြကာ ညာသည်။ တကယ်တော့ လောင်းကစားဒိုင်အိမ်သို့ ရဲနီက မသွားခဲ့ပေ။ သို့ဖြင့် လောင်းကစားမှုတွင် အနိုင်ရသူက ဦးလှကြီး၏ဆိုင်သို့ လာ၍ ဆူကြပူကြသည်။ ကြာသော် ဦးလှကြီးမှာ ရဲနီကို စိတ်တိုလာသည်။

"မင်း သတိထား၊ ငါနာမည်ပျက်တယ်၊ မင်းထွက်သွားရင်ကောင်းမယ်"

ဦးလှကြီးကိုလည်း အမျိုးမျိုးလိမ့်သည်။ ဦးလှကြီးက ရဲနီအကြောင်း သိလာသော်လည်း လူစားထိုးမရသေး၍ ကြိတ်မှိတ်သည်းခံလိုက်ရသည်။

မကောင်းသောအလုပ်ကိုလုပ်သူသည် မကောင်းမှုနှင့်သာ ကြုံကြိုက်ရစမြဲဖြစ်သည်။ တစ်နေ့တွင် လောင်းကစားလုပ်ချင်သူက အနိုင်အတွက် လျော်ကြေးမရ၍ ရဲနီနှင့်တွေ့ဆုံရှင်းရင်း ရန်ဖြစ်တော့သည်။ နှစ်ဦးစလုံး ရဲစခန်းသို့ ရောက်သွား၏။ နှစ်ဦးစလုံး အရေးယူခံရတော့သည်။

ရဲအချုပ်ထဲ၌နေစဉ် မလှရင်မှာ ညမိုးချုပ်မှ အိမ်ပြန်ရလေ့ရှိသဖြင့် တစ်ဦးတည်း ကြောက်ကြောက်လန့်လန့်ဖြင့် အိမ်ပြန်ရသည်။

ရေစီးတစ်ခါ ရေသာတစ်လှည့် ဟူသောစကားအရ မလှရင်တို့ဘဝမှာ ထာဝရ မချမ်းမြေ့နိုင်ပါ။ မကောင်းမှုဝန်းကျင်မှ မကောင်းမှုကြောင့် အရိပ်မည်းတို့ လိုက်ပါမြဲဖြစ်သည်။

တစ်ညနေ မိုးကြီးချုပ်စ မိုးဖွဲဖွဲလေးများကျနေချိန် ဆိုင်မှပြန်လာသော မလှရင်မှာ ကန်ပေါင်ပေါ်မှ အပြေးတစ်ပိုင်းဖြင့် အိမ်သို့ပြန်ခဲ့သည်။

"ဟိတ်.....ရပ်လိုက်စမ်း"

အရက်မူးသမား ဆန်းမောင်က သစ်ရိပ်မှထွက်လာပြီး မလှရင်အား ရပ်ခိုင်းလိုက်သည်။

"ဟယ်.....ဆန်းမောင်၊ ?င် ဘာလုပ်တာလဲ"

> အနိုင်ရသည့်
> အခါအလျော်မပေးဘဲ
> အကြောင်းမျိုးစုံပြကာ
> ညာသည်။
> တကယ်တော့
> လောင်းကစားဒိုင်အိမ်သို့
> ရဲနီက မသွားခဲ့ပေ။
> သို့ဖြင့်လောင်းကစားမှုတွင်
> အနိုင်ရသူက....



www.burmeseclassic.com

www.burmeseclassic.com



မလှရင်မှာ တစ်ရပ်ကွက်တည်းနေထိုင်သော ဆန်းမောင်မှန်းသိ၍ အကြောက်မလွန်မိ။ အကဲ စမ်းကာ မေးလိုက်သည်။

"နှင့်လက်ကောက်နဲ့ ဆွဲကြိုးတွေချွတ်စမ်း၊ မပေးရင်.....တွေ့သား"

ဆန်းမောင်မှာ ရှစ် လက်မခန့် ဓားမြှောင်ကို ထုတ်ပြီး မလှရင်ထံမှ လက်ဝတ်လက်စားများကိုတောင်းတော့သည်။

မလှရင်မှာ သူမ၏ ခင်ပွန်း ရှာဖွေဆင်မြန်းပေးထားသော လက်ကောက်လေးဝတ်ရသည်မှာ မကြာသေး။ နှမြောလွန်း၍ သေဘေးကိုပင် မကြောက်ဘဲ ဆန်းမောင်အား ဆတ်ခနဲ တွန်းကာ ထွက်ပြေးသည်။

အရက်မူးနေသော ဆန်းမောင်က အမီလိုက်ပြီး မလှရင်၏ ကျောကို ဓားဦးချွန်ဖြင့် ထိုးချလိုက်သည်။

"အင့်....."

ဆန်းမောင်က မလှရင် ငြိမ်ကျသွားချိန်၌ လက်ကောက်နှင့်ဆွဲကြိုးကို အမြန်ဖြုတ်ကာ ထိုနေရာမှ လျင်မြန်စွာ ထွက်ပြေးသွားလေတော့သည်။

ရဲအချုပ်ခန်းထဲမှ မလှရင်သတင်းကို ကြားရသော ရဲနီမှာ လောဘအမှားကို ချက်ချင်း သတိသံဝေဂဖြင့် သိမြင်ပြီး ဇနီးမယားက ဓားစာခံသွားရပုံကိုတွေ့ရင်း ရင်ထုမနာ ဖြစ်နေရှာသည်။

အမှုမှလွတ်ပြီး မလှရင်၏ အလောင်းကိုပင် မမြင်လိုက်ရဘဲ လက်ကောက်လေးတချွင်ချွင်နှင့် လှ နေရှာသော ဇနီးမှာ မလှမပ



သေ ခဲ့ရပုံကိုတွေးရင်း မျက်ရည်ဝိုင်း နေခဲ့ရသည်။

ယခုတော့ ရဲနီမှာ သတိသံဝေဂ ရလိုက်ပါပြီ။ မကောင်းမှုအရိပ်မည်းသည် သူတို့နောက်၌ ထာဝရလိုက်နေမှန်း သိခဲ့ရပါပြီ။

သူတစ်ပါးအကျိုးကို ယုတ်လျော့စေလျက် မကောင်းမှုဖြင့် မိမိ၏အကျိုးစီးပွားကို ရှာခဲ့သည်။ လူပေါ်လူညွန့်ခွဲစားခဲ့သည်။

ကလိမ်ကကျစ် ကောက်ကျစ်ယုတ်မာစွာ ဖျံကျခဲ့သည်။

သူတစ်ပါး မျက်ရည် ပေါက်ကြီးငယ်ကျနေမှုကို ဟားတိုက်ဝမ်းသာခဲ့ဖူးသည်။ ယခု ဝဋ်လည်လေပြီ။ သူ၏ဝဋ်သည်သာ အဆိုးဆုံးဖြစ်သည်။

ထို့ပြင် သူ၏ဝဋ်ကြွေးသည် ကျေနိုင်ဦးပါ့မလားဟု ရဲနီမှာ စိုးရိမ်နေခဲ့သည်။

ရဲနီက နောင်တရပါပြီဟု သူ၏ရင်ထဲ၌ တဖွဖွပြောဆိုနေသော်လည်း သူ့အကျင့်၊ သူ့ဗီဇကို ဖျောက်နိုင်ပါမည်လော။

မကောင်းမှုဒုစရိုက်ညဉ်ဆိုးကို မပြုပြင်သရွေ့ ရဲနီမှာ ငရဲသို့ အကြိမ်ကြိမ် ကျနေပေတော့မည်။

သို့သော် ရဲနီမှာ ဘုရားစင်ရှေ့၌ထိုင်ရင်း ဆုတောင်းနေရှာသည်၊ သစ္စာပြုနေရှာသည်။

"အစ်ကို နောက်နောင်မှာ ကောင်းကောင်းမွန်မွန် လုပ်စားပါတော့မယ်၊ နောင်ဘဝမှာ မင်းကို လင်ကောင်းလင်မြတ်တစ်ဦးအနေနဲ့ ကောင်းမွန်စွာ သမ္မာအာဇီဝကျကျ ရှာဖွေကျွေးပါ့မယ် မလှရင်ရယ်"


ထိုသို့ဆုတောင်းကာ သစ္စာဆိုနေရှာပါတော့သည်။

**ခင်ဦး (ပုတီးကုန်း)**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





## ဘဝသစ်က စောင့်နေမယ်

ချောယဉ်ချစ်

အောင်တိုး.....

သူ့အသက်က ၁၉ နှစ်ဝန်းကျင်.....

လူကောင်က သန်မာထွားကျိုင်းသည်။

လူကောင်နှင့်မလိုက်အောင် အသားအရေက နုဝင်း၍ မိန်းမချောချောသူဖြစ်သည်။ လူချောလူခံ့ဖြစ်သော်လည်း နွဲ့နှောင်းသူမဟုတ်။

အောင်တိုး၏ဘဝက သူ့ရုပ်ရည်နှင့် ဆန့်ကျင်ဘက်ဖြစ်နေခဲ့သည်။ ဘဝကို လုပ်အားဖြင့် ရုန်းကန်နေရသူဖြစ်၏။

သူ၏ဖခင် ဦးအောင်မင်းမှာ ရှောက်ခြံပိုင်ရှင် ဦးကျော်မျိုး၏ ၁၀ ဧကကျော် ရှောက်ခြံတွင် အလုပ်လုပ်နေရသူဖြစ်သည်။

ဦးအောင်မင်းမှာ ခြံအလုပ်သမားများကို စီမံအုပ်ချုပ်ရသော ခြံပိုင်ရှင် ဦးကျော်မျိုး၏ လူယုံတစ်ဦးဖြစ်သည်။

ဦးအောင်မင်းက ဘွဲ့ရ ပညာတတ်မဟုတ်။

သတ္တမတန်းအထိသာ ပညာသင်ယူဖူးသူဖြစ်သည်။

သို့သော် သူ၏လေ့လာမှုနှင့် ဝါသနာအရ စိုက်ပျိုးရေးလုပ်ငန်းတွင် ကျွမ်းကျင်သူတစ်ဦးဖြစ်ခဲ့သည်။

ဦးအောင်မင်းက ခြံထဲရှိ ရှောက်ချဉ်သီးပင်များအကြားတွင် ရာသီသီးနှံများကိုလည်းစိုက်သည်။ မြေ နှစ်ဧကကျော်တွင် မာလကာပင်များကို ကိုယ်တိုင်စိုက်ပျိုးသည်။ မာလကာပင်များကို ခေါင်သတ်ပေးသည့်အတွက် ဘေးသို့ အကိုင်းအခက်များ ဖြာဝေသည်။

အသီးသီးချိန်၌ အလေအလွင့်၊ အမှုန်အမွှားများ မဖြစ်စေရန် ပယ်သင့်သည့် သီးကင်းများကို ခူးဆွတ်၍ ကျန်အသီးများ အားကောင်းစေရန် ပြုလုပ်ခဲ့သည်။

ပင်ပျိုများကို ကိုင်းကူးကိုင်းဆက်ထက် ပျိုးပင်ကိုသာ ဦးအောင်မင်းက အားပြုစိုက်ပျိုးသည်။

မာလကာသီးများကို အချိန်တန်လျှင် သဘာဝမြေဩဇာကျွေးသည်။ ပိုးမွှားကင်းစင်စေရန် ပိုးသတ်ဆေးထက် ထုံးနှင့် သစ်ရွက်၊ သစ်ကိုင်းများမှ ရရှိသောပြာကို ပို၍သုံးစွဲသည်။

ဦးအောင်မင်း၏ လုပ်ငန်းကျွမ်းကျင်မှုနှင့် လုပ်အားကြောင့် မာလကာခြံမှာ သီးထွက်ကောင်းလှသည်။ ဈေးကွက်သို့ တင်ပို့နိုင်သည်အထိ အောင်မြင်မှု ရရှိခဲ့၏။

သို့ကြောင့် ခြံပိုင်ရှင် ဦးကျော်မျိုးက မာလကာခြံမှထွက်သမျှ သီးနှံများ၏ တန်ဖိုးထက်ဝက်ကို ဦးအောင်မင်းအား ခွဲဝေပေးသည်။

မာလကာခြံကို ဦးစီးနေသော်လည်း ဦးအောင်မင်းမှာ ရှောက်ခြံဘက်၌လည်း လစ်ဟင်းမှုမရှိစေရန် အမြဲကြိုးစားသည်။

ခြံပိုင်ရှင် ဦးကျော်မျိုးက ရှောက်ခြံထွက်တန်ဖိုးများ၏ ငါးရာခိုင်နှုန်းကို အပိုဆုကြေးအဖြစ်ငွေ အပ်လေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်မင်းနှင့် ဦးကျော်မျိုးတို့မှာ ကံတူအကျိုးပေးဟု ဆိုရမည်။ ဦးအောင်မင်း၏ဇနီး ဒေါ်တင်ပွင့်နှင့် ဦးကျော်မျိုး၏ဇနီး ဒေါ်လှမျိုးသွယ်တို့သည် ရှောက်သီးတင်မော်တော်ဖြင့် ရွှေကျင်ချောင်းအတိုင်း စုန်ဆင်းခဲ့ရာ စစ်တောင်းမြစ်ကမ်း၊ ရွှေကျင်မြို့နယ်အပိုင်၊ ဒုံ ဇရစ်ကျေးရွာအနီးအရောက်၌ လှိုင်း လေကြောင့် ရှောက်သီးတင်မော်တော် နစ်မြုပ်ခဲ့ရာ နှစ်ဦးစလုံး ရေနစ်သေဆုံးခဲ့ကြသည်။

ဦးကျော်မျိုး၏ စီးပွားရေးလုပ်ငန်းတွင် လိုက်ပါဆောင်ရွက်ရင်း ဒေါ်တင်ပွင့် သေဆုံးခဲ့ရသဖြင့် ဦးကျော်မျိုးက ဦးအောင်မင်းအား အကျိုးခံစားခွင့်ပိုပေးပြီး စောင့်ရှောက်ခဲ့သည်။

ဇနီးနှစ်ဦးတို့ တစ်နေ့တည်း၊ တစ်နေရာတည်းတွင် သေဆုံးခဲ့ကြရ၏။

ဦးအောင်မင်းနှင့် ဒေါ်တင်ပွင့်တို့တွင် အောင်တိုးဆိုသော သားတစ်ဦးရှိသည်။



ဦးကျော်မျိုးနှင့် ဒေါ်လှမျိုးသွယ်တို့တွင်လည်း လှလှမျိုးဆိုသည့် သမီးငယ်တစ်ဦးရှိသည်။

ကံတူအကျိုးပေး မိသားစု နှစ်ခုထဲမှ အောင်တိုးနှင့် လှလှမျိုးတို့မှာ လုပ်ငန်းချင်း ဆက်စပ်မှု၊ အကျိုးတူလုပ်ငန်း လုပ်ဆောင်နေသည့် ဖခင်နှစ်ဦးကြောင့် ပိုမို၍ ခင်မင်ခဲ့ကြသည်။

လှလှမျိုးက သွယ်သွယ်လျလျ မိန်းမချောဖြစ်သည်။

အောင်တိုးက ကြံ့ခိုင်သည်။ အရပ်ကမြင့်၍ အသားအရေက ဖြူ ဝင်းနေသဖြင့် မိန်းကလေးတစ်ဦးကဲ့သို့ ချောမောခံ့ထည်သူဖြစ်သည်။

သို့သော်.....

အောင်တိုးက နွဲ့နှောင်းသူမဟုတ်။ ယောကျ်ားပီသသူဖြစ်၏။

မိခင်မရှိသော ဘဝတူ သူတို့နှစ်ဦးသည် ငယ်စဉ်မှစ၍ အမြဲလိုလို တစ်တန်းတည်း ပညာသင်ယူခွင့် ရရှိခဲ့ကြသူများဖြစ်၍ ကျောင်းနေဖက်များလည်းဖြစ်သည်။

သူတို့နှစ်ဦးစလုံး ပညာရေးတွင် နိမ့်ကျသူများမဟုတ်။

ပညာရေး ထူးချွန်သူများလည်း မဟုတ်ပေ။ သာမန်အထက်ဖြင့် ပညာရေးအသင့်အတင့်ရှိကြသူများဟု ဆိုနိုင်ပါသည်။

လှလှမျိုးက ပညာသင်ရင်း အိမ်မှုကိစ္စကို တာဝန်ယူရသည်။ လှ လှမျိုးကြောင့် သူမ၏ဖခင် ဦးကျော်မျိုးမှာ နောက်အိမ်ထောင်ထူရမည်ကို လုံးဝစဉ်းစားနိုင်ခြင်းမရှိခဲ့ပေ။

အောင်တိုး၏ဖခင် ဦးအောင်မင်းမှာလည်း တောထဲ၊ တောင်ထဲ ဥယျာဉ်ခြံမြေထဲ၌သာ နေရသူဖြစ်၍ သားဖြစ်သူ အောင်တိုး၏ရေး ရေးကို မျှော်ကိုးရင်း နောက်အိမ်ထောင်ပြုရန် စိတ်ဝင်စားမှု မရှိခဲ့သူဖြစ်သည်။

"ဟဲ့.....အောင်တိုး



www.burmeseclassic.com

www.burmeseclassic.com

ရွှေကျင်မြို့၊ ပျဉ်းမပင်ရပ်ကွက်၊ ရွှေကျင်ချောင်းကမ်းစပ်ရှိ ရှောက်လှေပေါ်တွင်ထိုင်နေသော အောင်တိုးကို လှလှမျိုးက လှမ်းခေါ်သည်။

လှလှမျိုးက ကမ်းစပ်ပေါ်မှ ခေါ်ခြင်းဖြစ်သည်။

အောင်တိုးမှာ ရှောက်လှေပေါ်တွင်ထိုင်နေရင်း ရှောက်သီးများအား ကုန်းပေါ်သို့ ထမ်းတင်ပေးမည့် အလုပ်သမားများကို စောင့်နေချိန်ဖြစ်သည်။

"ဟဲ့.....အောင်တိုး"

လေညာအထက် အမြင့်မှ လှမ်းခေါ်နေ၍ အောင်တိုးက ရုတ်တရက် မကြားလိုက်မိပေ။

လှလှမျိုးမှာ စိတ်မရှည်တော့။ မတ်တတ်ရပ်ရင်း လက်ကို ခါးထောက်လျက် အသံမာမာဖြင့် ထပ် ခေါ်လိုက်ပြန်သည်။

"ဟဲ့.....အောင်တိုး"

"ဘာလဲဟ"

"နင့်အသံက မာလှချည်လား အောင်တိုး"

"နင်ကလည်း ငါ့ကို ဟဲ့ဆိုပြီး အမိန့်ပေးသံနဲ့ အော်ခေါ်တာကရော ပျော့ပျောင်းမှုရှိလို့လား"

"ဟဲ့.....နင့်ကိုငါက ပျော့ပျော့ပျောင်းပျောင်း၊ ချွဲချွဲနွဲ့နွဲ့နဲ့ခေါ်ရအောင် နင်က....."

လှလှမျိုးက သူမ၏စကားကို ရှေ့မဆက်ဝံ့တော့။ စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်ထားခဲ့၏။

"နင်က ငါ့ကို ဘယ်လို သဘောထားရှိမှ နွဲ့နွဲ့ပျောင်းပျောင်းနဲ့ ခေါ်မှာလဲ"

"အောင်တိုး နင်ငါ့ကို ဘယ်လိုပြောလိုက်တာလဲ"

"ဩော်...နင်က ငါ့ကို နွဲ့နွဲ့ပျောင်းပျောင်းနဲ့ခေါ်ရအောင် ငါက နင့်စိတ်တိုင်းကျ ဘယ်လိုအနေအထားမျိုး ပြောင်းလဲပေးရမှာလဲ"

"အောင်မာ....နင့်လို မိန်းမဆန်တဲ့ ရုပ်မျိုးကို"

**လှလှမျိုးက**
**အသံမာမာဖြင့်**
**ပြောရင်းမျက်လုံးကို**
**ထောင့်ကပ်ကြည့်လိုက်သည်။**
**ထိုအကြည့်ကိုပင်**
**အောင်တိုးက**
**စွဲမက်ဖွယ်အလှဟု ......**

လှလှမျိုးက အသံမာမာဖြင့် ပြောရင်း မျက်လုံးကို ထောင့်ကပ်ကြည့်လိုက်သည်။ ထိုအကြည့်ကို ပင် အောင်တိုးက စွဲမက်ဖွယ်အလှဟု ထင်နေ၏။

"နင်ငါ့ကို မိန်းမရုပ်နဲ့ မိန်းမဆန်တဲ့သူလို့ ထင်နေလား"

"ထင်တာမဟုတ်ဘူး၊ ယုံကြည်နေတာ"

လှလှမျိုးက ပြန်ပြောရင်း နောက်သို့လှည့်လိုက်သည်။

"နင်ငါ့ကိုခေါ်တာ ဘာကိစ္စလဲ"

"အိမ်ထဲလိုက်ခဲ့ဦး၊ မီးဖိုပေါ်က ဝက်စာအိုး အောက်ကိုချပေးဖို့ လာခေါ်တာ"

အောင်တိုးက ပြုံးလိုက်သည်။

လှလှမျိုးနောက်မှ အပြေးတစ်ပိုင်းဖြင့် လိုက်သွားခဲ့၏။

အောင်တိုးမှာ လှလှမျိုးနေထိုင်ရာအိမ်၏ ခြေရင်းအိမ်တွင် ခြံချင်းကပ် နေထိုင်သူဖြစ်သည်။ ပညာသင်ဖက်ဖြစ်သည့်အပြင် ဖခင်နှစ်ဦး၏ တစ်စီးပွားတည်း လုပ်ငန်းတူမှုကြောင့် အမြဲတစေ ကူးလူးဆက်ဆံမှု ရှိနေကြသည်။

လှလှမျိုးက မီးဖိုခန်းထဲ ဝင်သွားပြီး ဝက်စာအိုးအား မီးဖိုပေါ်မှချပေးရန် လက်နှီးကို ယူပေး၏။

"အို....."

အောင်တိုးက လက်နှီးအဝတ်ကို လှမ်းယူရင်း လှလှမျိုး၏လက်ကို ဆတ်ခနဲဖမ်းဆွဲ၍ သူမ၏ကိုယ်လုံးကို သိုင်းဖက်လိုက်သည်။

လှလှမျိုးမှာ ရင်တုန်ပန်းတုန်ဖြစ်ခဲ့ရ၏။ အံ့အားလည်းသင့်ခဲ့မိ


www.burmeseclassic.com

www.burmeseclassic.com

သည်။

"အောင်တိုး နင်ဘာလုပ်တာလဲ၊ ငါအော်လိုက်မယ်နော်"

"နင်က ငါ့ကို မိန်းမရုပ်နဲ့ မိန်းမဆန်တယ်လို့ ပြောခဲ့တယ်၊ ယောက်ျားဖြစ်တဲ့အကြောင်း နင့်ကို သိစေချင်တယ်"

"အေးပါတယ်၊ ငါသိပါပြီ"

"သိရင် ငါ့ကိုပြန်ချစ်နိုင်တယ်လို့ ပြောမှလွှတ်မယ်"

"နင်က ဘာမှမပြောဘဲနဲ့ ငါက ပြောရမှာလား"

"ဟုတ်သားပဲ၊ ကဲ..အခုပြောပြီ၊ ငါ နင့်ကိုချစ်တယ်၊ နင်ငါ့ကို ပြန်ချစ်နိုင်မလား"

"ဟင့်အင်း....."

"အဖြေမပေးရင် မလွှတ်ဘူး"

"အောင်တိုး နင်ငါ့ကို အကျပ်မကိုင်နဲ့ဟာ"

လုလုမျိုး၏အသံက တိုးတိုးညင်းညင်းရယ်။ အောင်တိုး၏ရင်ခွင်ထဲမှ ရုန်းထွက်ခြင်းမရှိသေးဘဲ ပြောနေခဲ့၏။

"နင့်ကို ချစ်နေတာကြာပြီ၊ ကျေးဇူးရှင်သမီးမို့ မပြောရဲခဲ့တာ"

"အခု ဘာဖြစ်လို့ပြောတာလဲ"

"မချစ်ရရင် မနေနိုင်လို့"

"သွား...ယုံလည်းမယုံရဘဲနဲ့"

"ယုံပါတယ်၊ နင့်ကို တစ်သက်လုံး မခွဲစတမ်း ချစ်သွားမယ့်သူပါ"

"အဲဒါ နင့်ကတိလား"

"ဟုတ်တယ်"

"ဟုတ်ရင် လွှတ်ပါဦးကွယ်၊ ဘေးလူတွေ မြင်ကုန်ပါ့မယ်"

"ချစ်တယ်လို့ပြောမှလွှတ်မယ်"

လုလုမျိုးထံမှအဖြေက ချက်ချင်းထွက်မလာ။ အောင်တိုး၏ရင်ခွင်ကိုမှီထားရင်း ရှက်စိတ်ကို ဖုံးကွယ်နေရသည်။

"အောင်တိုးရေ...တို့ရောက်ပြီဟေ့"

အိမ်ရှေ့မှ ရောက်သီးထမ်းတင်မည့် အလုပ်သမားများ၏အသံကို ကြားလိုက်ရသည်။ လုလုမျိုးက ကြောက်ရွံ့စိတ်ဖြင့် ရုန်းသည်။ အောင်တိုးက ဖက်ထားသည့်လက်ကို မလွှတ်ခဲ့ပေ။

"အောင်တိုး အလုပ်သမားတွေ ရောက်နေပြီ၊ လွှတ်ပါဟယ်"

"ချစ်တယ်လို့ပြောမှ လွှတ်မယ်"

"ကဲ..ချစ်တယ်...ချစ်တယ်... ချစ်တယ်၊ ကျေနပ်ပြီလား"

လုလုမျိုးထံမှ အဖြေရတော့မှ အောင်တိုးက သိုင်းဖက်ထားသောလက်ကို လွှတ်လိုက်သည်။ လုလုမျိုးမှာ ရှက်အားပိုမှုကြောင့် မီးဖိုခန်းထဲမှ အိမ်ရှေ့သို့ အပြေးထွက်သွားခဲ့လေတော့သည်။

♛♛♛♛♛

"အောင်တိုးရှိသလားဟေ့"

"ရှိပါတယ် ဦး"

အိမ်ထဲတွင် ထမင်းဟင်းချက်နေသော အောင်တိုးမှာ ဦးကျော်မျိုး၏အသံကြောင့် ပြန်အော်ပြော

**အိမ်ရှေ့မှ ရောက်သီးထမ်းတင်မည့်အလုပ်သမားများ၏အသံကို ကြားလိုက်ရသည်။**

**လုလုမျိုးက ကြောက်ရွံ့စိတ်ဖြင့် ရုန်းသည်။**

**လုလုမျိုးထံမှ အဖြေရတော့မှ အောင်တိုးက သိုင်းဖက်ထားသော လက်ကိုလွှတ်လိုက်သည်။**

**လုလုမျိုးမှာရှက်အားပိုမှုကြောင့်မီးဖိုခန်းထဲမှအိမ်ရှေ့သို့......**



www.burmeseclassic.com

www.burmeseclassic.com





လိုက်ရသည်။

"မင်း ဘာလုပ်နေတာလဲ"

ဦးကျော်မျိုးက ပြောပြောဆိုဆိုဖြင့် အိမ်ထဲသို့ဝင်လာခဲ့သည်။ မီးဖိုထဲသို့ရောက်သောအခါအောင်တိုးကိုကြည့်ရင်း ပြုံးလိုက်၏။

"ဦး ဘာပြုံးတာလဲ"

"မင်းရဲ့ရုပ်က မိန်းကလေးနဲ့ တူတယ်၊ မိန်းကလေးလို ထမင်းဟင်းချက် နေတာတွေ့ရတော့ သဘောကျလို့ပါကွာ"

"ဦးရယ် ကျွန်တော်မှမချက်ရင် ဝတ်ရုံပဲပေါ့၊ ဘဝက သင်ပေးတဲ့ပညာနဲ့ ချက်တတ်နေတာပါ"

"ဟုတ်ပါပြီကွာ၊ မင်းက ထမင်းဟင်းချက်တော်တော့ အကူ အညီတောင်းချင်လို့ကွ"

"ဘာများလဲ ဦးရဲ့"

"ဒီနေ့ ငါ့အိမ်ကို ရန်ကုန်ကရောက်ကုန်သည်မိသားစု ရောက်မယ်၊ သူတို့က ငါ့ခြံကထွက်သမျှရောက်သီးကို နှစ်ချုပ်ဝယ်ဖို့ လာတာကွ၊ ငါ့သမီးက ထမင်းဟင်းကိုကောင်းကောင်းမချက်တတ်လို့ မင်းကို ချက်ခိုင်းမလို့"

"ရပါတယ် ဦးရယ်၊ ပင်ပန်းတာမှတ်လို့"

"ငါက ရန်ကုန်သားတွေ မစားရတဲ့ ဟင်းမျိုးချက်ခိုင်းချင်တာကွ"

"ဟုတ်ကဲ့ပါ ဦး၊ ဘာဟင်းချက်ရမလဲ"

"ဈေးထဲသွားပြီး ဆိတ်သားအစိုကိုဝယ်ကွာ၊ ပြီးတော့ ငါးရှဉ့်မွေးနုရယ်၊ ယုန်ကင်ရယ်၊ ပအို့ဝ်ဟင်းချိုရယ် ချက်ကျွေးချင်တာ၊ မင်းက ပအို့ဝ်ဟင်းချိုချက်တာ အရမ်းတော်တယ် ပြောတယ်"

"ကြိုးစားချက်ပေးပါ့မယ်၊ ပြီးတော့ ခံတက် ချဉ်အသုပ် လုပ်ပေးရင် ဘယ့်နှယ်လဲ"

"ကောင်းတာပေါ့၊ ရန်ကုန်က လူတွေက စားရခဲတယ်ကွ"

"စိတ်ချ၊ အားလုံး အဆင်ပြေစေရမယ်"

အောင်တိုးက ဧည့်သည်များအတွက် ထမင်းချက်တာဝန်ယူလိုက်သည်။ ဦးကျော်မျိုးက ဟင်းစားအတွက် ငွေထုတ်ပေး၏။ ငွေလက်ခံပြီးသည်နှင့် ဈေးသို့ပြေးရသည်။ ဈေးကို ခြေကျင်ပဲသွားခဲ့သည်။

"ဟာ...အဖေ၊ ဘယ်တုန်းကရောက်နေတာလဲ"

အိမ်သို့ရောက်သည်နှင့် အောင်တိုးက သူ့အဖေကို တွေ့လိုက်ရသည်။ ရောက်ခြိမှာ တောင်ခြေတွင်ဖြစ်သည်။ သို့သော် ဆိုင်ကယ် ကယ်ရီများ ဥဒဟိုသွားလာနေ၍ ဆိုင်ကယ်ဖြင့် ပြန်ခဲ့ဟန်ရှိသည်။

"မင်း ဈေးဝယ်သွားတာဆို"



www.burmeseclassic.com

www.burmeseclassic.com

“ဟုတ်တယ် အဖေ၊ ဧည့်သည်တွေအတွက် ချက်ပေးရမယ်တဲ့”

“အကောင်းဆုံးချက်ပါ သားရယ်၊ အခုဧည့်သည်တွေက တို့လုပ်ငန်းရဲ့ ပင်တိုင်ဖောက်သည်တွေပဲ၊ ပြီးတော့ နှစ်ချုပ်အတွက် စာချုပ်ဖို့လာတာ၊ ငွေလည်း ကြိုပေးမှာဆိုတော့ အထူးဧည့်သည်ဆိုပါတော့ကွာ”

“အဖေလည်း အဆင်ပြေနိုင်တာပေါ့နော်”

“ဒါပေါ့ကွ၊ စာချုပ်အတွက် ငါ့ကိုလှမ်းခေါ်လို့ လာရတာ၊ ဧည့်သည်အမျိုးသားကို အဖေက ခြံထဲအထိခေါ်သွားပြီး ပြရဦးမှာ၊ ကြည့်ပြီးမှ ဈေးဖြတ်ကြမှာကွ”

“ဟုတ်ကဲ့ပါ အဖေ၊ သားနားလည်ပါပြီ”

“ကဲ....အဖေ ဟိုဘက်အိမ်သွားပြီး ကြိုတင်ညှိရဦးမယ်”

“သွားပါ အဖေ၊ ဘာမှမပူနဲ့”

ဖခင်ဖြစ်သူ ဦးအောင်မင်းက အိမ်ချင်းကပ် ဦးကျော်မျိုးအိမ်သို့ ထွက်သွားသည်။ အောင်တိုးက ဧည့်သည်များအတွက် အကောင်းဆုံးဖြစ်စေရန် ကြိုးစားချက်ပြုတ်နေခဲ့သည်။

အောင်တိုးမှာ ထင်းမီးနှင့်ချက်ပြုတ်နေရသည်ဖြစ်၍ သူ့တစ်ကိုယ်လုံး ချွေးတစိုစိုဖြစ်နေသည်။ တစ်



ယောက်တည်းဆိုသော်လည်း ဟင်းတစ်အိုး မီးဖိုပေါ်မှမချမီ နောက်တစ်အိုးအတွက် ပြင်ဆင်ပြီးဖြစ်နေ၍ အချိန်ကြာကြာ မစောင့်ရပေ။

နံနက် ၁၁ နာရီခန့်တွင် ဧည့်သည်မိသားစုက သူတို့၏ ကိုယ်ပိုင်ကားဖြင့် ရောက်လာကြသည်။ ဧည့်သည်များ ရောက်ရှိလာသည့်အသံကို ကြားနေရသော်လည်း အောင်တိုးမှာ မီးဖိုထဲမှ အပြင်သို့ မထွက်နိုင်သေးပေ။

“ဟဲ့...အောင်တိုး၊ အားလုံးပြီးပြီလား”

ဧည့်သည်များကို ဧည့်ခံရန် ပြင်ဆင်နေသည့် လှလှမျိုးက မီးဖိုထဲရောက်လာသည်။ ချက်ပြုတ်၍ပြီး၊ မပြီး မေးခဲ့၏။

“ကျွေးမယ်ဆိုရင် အဆင်သင့်ပဲ”

အောင်တိုးက အသင့်ဖြစ်နေကြောင်းပြောရင်း တို့စရာပွဲကိုပြင်ဆင်နေခဲ့သည်။ ယနေ့ခေတ်ကာလတွင် အောင်တိုးလို ယောကျ်ားလေးမျိုးက ရှားလှသည်။ အိမ်မှုကိစ္စကို မိန်းကလေးတစ်ဦးထက် ပိုမိုဆောင်ရွက်နိုင်သူဖြစ်သည်။

“အောင်တိုး နင့်ဟင်းတွေက ဟိုတယ်စာနဲ့ ယှဉ်လို့ရတယ်”

“မြှောက်မနေနဲ့၊ ဒီအလုပ်က နင်လုပ်ရမယ့်အလုပ်”

“အေး အခုလုပ်သလို နောင်လည်း နင်ပဲလုပ်ရမှာ”

“ဘယ်လို.....ဘာကိုဆိုလိုတာလဲ”

“နင်နဲ့ငါ အတူတူနေရင် ငါက အလုပ်မပျက် နေချင်တဲ့သူဆိုတော့ နင်က ဈေးသွား၊ ဈေးဝယ် ထမင်းချက်ပေါ့ဟယ်”

“ဒါဖြင့် စီးပွားရေးကို နင်က တာဝန်ယူမှာလား”

“ယောကျ်ားပဲ၊ အဲဒါ နင့်တာဝန်လေ”

“ဟင်...ဒါဆို နင့်တာဝန်က ဘာလဲ”

“အိပ်ရေးဝဝအိပ်မယ်၊ အကောင်းဆုံးကိုစားမယ်၊ အလှ ဆုံးနေမယ်”

“နင့်အိမ်ထောင်ရေးတာဝန် ဘာမှမရှိဘူးပေါ့”

“နင့်အတွက် လှလှပ



www.burmeseclassic.com

www.burmeseclassic.com

ပေးရင် လုံလောက်ပြီလေ”

အောင်တိုးမှာ ချစ်သူရည်းစား အဖြစ်သို့ရောက်ရှိပြီးမှ လှလှမျိုး၏ စိတ်ဓာတ်ကို သိခွင့်ရခဲ့တော့၏။ သားအဖနှစ်ဦးတည်း နေထိုင်သည့် လှလှမျိုးမှာ ကျောင်းစာကို အကြောင်းပြ၍ ဖခင်ဖြစ်သူကိုသာ ချက်ပြုတ်နေစေခဲ့သည်။

ဦးကျော်မျိုး ထမင်းဟင်း ချက်လေ့ရှိသည်ကို အမြဲတွေ့နေရသည့် အောင်တိုးမှာ ယခုမှ အဖြေကို သိခဲ့ရတော့၏။

“ငါကတော့ နင့်အတွက် စီးပွားရေးကို ကြိုးစားမယ်၊ နင်က အိမ်မှုကိစ္စ တာဝန်ယူရမယ်လို့ စိမံကိန်းဆွဲထားတာ”

“ချက်မကျွေးခိုင်းနဲ့၊ နင်မချက်ပေးချင်ရင် စားသောက်ဆိုင်က ထမင်းချိုင့် လပေးယူစားမှာပေါ့”

အောင်တိုးက ဘာမှမပြောတော့။

ဘဝရှေ့ရေးအတွက် ရင်လေးမိတော့သည်။ ယခုအချိန်မှ နောက်ဆုတ်လို့လည်းမရတော့။ စည်းရုံးသိမ်းသွင်းနိုင်လိမ့်မည်ဟု ယုံကြည်နေခဲ့သည်။

“ကဲ...ချက်ပြုတ်ပြီးရင် အိမ်ကိုလာပို့တော့၊ ငါက ဧည့်သည် တွေရောက်နေတယ်ဆိုတော့ ကိုယ့်ကိုအထင်မသေးအောင် အလှသွားပြင်လိုက်ဦးမယ်”

လှလှမျိုးက ပြောပြောဆိုဆို ထွက်သွားသည်။

လှလှမျိုး ထွက်သွားချိန်၌ပင် သူ၏ဖခင် ဦးအောင်မင်း ရောက်လာခဲ့သည်။

“သားရေ.....ပြီးပြီလား”

“အားလုံး အဆင်သင့်ပဲ အဖေ”

“သားနဲ့အဖေတို့ ဟိုဘက်အိမ်ကို ချက်ပြီးသားတွေ သယ်ကြရအောင်”

သားအဖနှစ်ယောက် ဟင်းအိုး၊ ထမင်းအိုးများကို သယ်ကြရသည်။ ဦးကျော်မျိုးအိမ်သို့အရောက်၌ ထမင်းပွဲအတွက် အောင်တိုးကပဲ ခေါ်ကြောပြင်ဆင်ရသည်။

“သူက ဦးကျော်မျိုးအိမ်ကပဲလား”

ထမင်းဝိုင်းတွင် ဝင်ထိုင်ရင်း ဧည့်သည်အမျိုးသားက မေးသည်။

“မဟုတ်ဘူးဗျ၊ အဲဒီကလေး



ရဲ့နာမည်က အောင်တိုးတဲ့၊ ဆယ်တန်းဖြေပြီးသား ကျောင်းသားပါ၊ ကျွန်တော့်ခြံက ဦးအောင်မင်းရဲ့ တစ်ဦးတည်းသောသားပါ”

“သူက မိန်းကလေးတစ်ယောက်လို ချောတယ်နော်”

ဧည့်သည်အမျိုးသမီးက အောင်တိုးကိုကြည့်ရင်း ချီးကျူးစကားဆိုခဲ့သည်။ ဧည့်သည်လင်မယားနှင့်အတူ လူငယ်တစ်ယောက်လည်း ပါလာသည်။ သူက ခေတ်နှင့်ယှဉ်သော အဝတ်အစားမျိုးကို ဝတ်ထား၍ ကြည့်ကောင်းသူဖြစ်၏။

“ဦးကျော်မျိုးရဲ့သမီးကိုလည်း မတွေ့ရပါလား”

ဧည့်သည်အမျိုးသမီး၏ မေးသံမဆုံးမီ လှလှမျိုးမှာ သူမ၏ အခန်းထဲမှ ထွက်လာ၏။

“ဟင်.....”

ထမင်းဟင်း ခူးခပ်ပေးနေသော အောင်တိုးမှာ လှလှမျိုးကို ကြည့်ရင်း အံ့အားသင့်သွားခဲ့ရသည်။ လှလှမျိုး မည်သည့်အချိန်က အသင့်ချုပ်ထားသည်မသိ။ အဝတ်အစားက မော်ဒယ်လ်မိန်းကလေးများ ဝတ်ထားသလိုမျိုးဖြစ်သည်။

ရိုးသားသော ရွှေကျင်သူနှင့် လုံးဝမတူပေ။

မော်ဒယ်လ်ရှိုးပွဲ အဝတ်အစားမျိုး ဖြစ်နေ၏။ ရန်ကုန်သူ ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com



သား ညှော်သည်တွေအတွက် မျက်စိအမြင်မရှင်းသော်လည်း ဦးကျော်မျိုးကိုယ်တိုင်ပင် မျက်နှာပူနေမိ၏။

လုလုမျိုးက ထမင်းဝိုင်းတွင် ဝင်ထိုင်သည်။ အောင်တိုးက မျက်စိရှက်၍ ရဲရဲမကြည့်ဝံ့။ လုလုမျိုးက ညှော်သည်များနှင့်အတူ ထမင်းလက်ဆုံစားသည်။

ထမင်းစားရင်း လူကြီးတွေက စီးပွားရေးအကြောင်း ပြောကြ၏။ လုလုမျိုး၏အကြည့်နှင့် လူငယ်တို့၏အကြည့်များက မကြာခဏ ဆုံနေကြသည်။

"အောင်တိုး၊ နင်သွားနားတော့လေ"

လုလုမျိုးက အောင်တိုးကို အနားတွင် မရှိစေချင်၍ ဥပါယ်တံမျဉ်ဖြင့် ပထုတ်သည်။ အောင်တိုးကလည်း သိသည်။ သူ့အိမ်သူပြန်သွားပြီး အိပ်ရာပေါ်တွင် လှဲနေခဲ့သည်။

အောင်တိုးမှာ လုလုမျိုးအတွက် အတွေးနယ်ချဲ့နေခဲ့မိ၏။

သူ့ဘဝ၏ ကြင်ဖော် ဖြစ်ထိုက်၊ မဖြစ်ထိုက် စဉ်းစားနေခဲ့သည်။

စဉ်းစားရင်း အိပ်ပျော်သွားခဲ့သည်။ ညနေစောင်းချိန်၌ သူ့အဖေ အိမ်သို့ပြန်ရောက်လာမှ နိုးခဲ့တော့သည်။

"အဖေ ညှော်သည်တွေနဲ့ စကားမပြောဘူးလား"

"ပြောပြီးပါပြီကွာ၊ မနက်ဖြန်မှာ ခြံထဲလိုက်ပြရမှာ၊ ခြံထဲသွားကြည့်ပြီးမှ သီးနှံအတွက် တွက်ချက်ပြီး ဈေးဖြတ်မှာ"

"ဟုတ်လား၊ အခု ညှော်သည်တွေရော"

"ဘုရားကြီးဘုရားကို ဘုရားဖူးသွားကြတယ်"

"အားလုံးသွားကြတာလား"

"ဆိုပါတော့၊ လုလုမျိုးကို အဖော်ခေါ်သွားတယ်၊ ဒါနဲ့ မင်းကို ပြောပြရဦးမယ်"

"ဘာလဲ အဖေ"

"ညှော်သည်သားက ဆေးကျောင်းနောက်ဆုံးနှစ်တဲ့၊ သူက ဆရာဝန်ဖြစ်မယ့်လူကွ"

"သူ့လိုဖြစ်ချင်လိုက်တာ အဖေရာ"

"အခု အဲဒီဆရာဝန်လောင်းက လုလုမျိုးကို တွေ့တွေ့ချင်း သဘောကျလို့တဲ့၊ ညှော်သည်အမျိုးသမီးက ကမ်းလှမ်းစကားပြောတော့ ဦးကျော်မျိုးက သမီးသဘောလို့ ပြောလိုက်တယ်ကွ"

အောင်တိုး၏ရင်ထဲတွင် မြားမိုးရွာသလို ဖြစ်သွားခဲ့၏။ တစ်ကိုယ်လုံး ကျင်စက်နှင့် အတို့ခံလိုက်ရသလို ဖြစ်နေခဲ့သည်။

အောင်တိုးက သူ့ကိုယ်သူ ထိန်း၍ လုလုမျိုး၏ဆန္ဒကို သိနိုင်ရန် မသိမသာမေးလိုက်သည်။

"လုလုမျိုးက ဆရာဝန်ဆိုတော့ သဘောကျမှာပေါ့ဗျာ"

"ဟုတ်လိမ့်မယ်ထင်တယ်၊ ဘုရားဖူးသွားတာကို သူပဲအဖော်လိုက်ပါ့မယ်ဆိုပြီး ခေါ်သွားတယ်၊ လုလုမျိုးက စည်းစိမ်နဲ့ နေချင်တဲ့သူဆိုတော့ သူ့မှာလည်း ရည်ရွယ်ချက် ရှိနေပြီနဲ့တူတယ်"

ထိုညက အောင်တိုးသည် အိမ်မှာမနေတော့။

ရွှေကျင်မြို့၊ တရုတ်တန်းအနီးရပ်ရှိ သူ့သူငယ်ချင်းအိမ်သို့ ညအိပ်ထွက်သွားခဲ့သည်။

ချစ်သူအဖြစ် ပူပူနွေးနွေးရှိနေချိန်ဝယ် လုလုမျိုး၏ အပြောင်းအလဲမြန်ဆန်မှုကို အောင်တိုးကို ဝေဒနာတွေပစ်ပေးသလို ဖြစ်ခဲ့ရသည်။

အောင်တိုးက အချစ်ဝေဒနာကို အရက်ဖြင့် မကုစားပေ။ သူ၏ အချစ်ဆုံးသူငယ်ချင်း ခင်မောင်ရင်ကိုခေါ်၍ အနောက်ဘက်တံတားဘက်ဆီသို့ ထွက်သွားသည်။

အနောက်ဘက်တံတားမှာ ရွှေကျင် -မဒေါက် လမ်းပေါ်တွင်ရှိသည်။ ခရီးဝေးယာဉ်နှင့် ဆိုင်ကယ်များအသွားအလာ မပြတ်သော တံတား ဖြစ်သည်။

ခင်မောင်ရင်နှင့် အောင်တိုးတို့တံတားထိပ်တွင်ထိုင်ရင်း ရင်ဖွင့်



www.burmeseclassic.com

www.burmeseclassic.com

တေးသီချင်းများကို သီဆိုနေခဲ့၏။ ခင်မောင်ရင်က မယ်ဒလင်အတီး ကျွမ်းကျင်သည်။ ခေတ်ပေါ်သီချင်း၊ ခေတ်ဟောင်းသီချင်း အားလုံးကို တီးခတ်နိုင်သည်။

အောင်တိုးက ခင်မောင်ရင်အား ခံစားချက်ကို ရင်ဖွင့်ပြခဲ့၏။

ခင်မောင်ရင်က ကြိုးစားမေ့ပစ်ရန် တိုက်တွန်းသည်။ အချစ်ကို ဗန်းပြပြီး လင်သားကို အိမ်ဖော်တစ်ယောက်လို ခိုင်းစေမည့် လုလုမျိုးကို လက်တွဲဖော်အဖြစ် အသိအမှတ်မပြုသင့်ကြောင်း ပြောပြခဲ့၏။

အောင်တိုးက လက်မခံ။ သူ့အချစ်က တည်ငြိမ်အချစ်မျိုးဖြစ်ကြောင်း၊ ပြောင်းလဲမှုကို မလိုလားကြောင်း ရှင်းပြရင်း တစ်ညလုံး သီချင်းများ အော်ဟစ်ဆိုနေခဲ့ကြ၏။

သူတို့နှစ်ဦး မိုးလင်းလုလု အချိန်ကျမှ ပြန်ခဲ့ကြသည်။

♛♛♛♛♛

"အောင်တိုး....."

အိမ်ထဲတွင် ငြိမ်ပြီးထိုင်နေသော အောင်တိုးထံ လုလုမျိုး ရောက်လာသည်။

"ဟဲ့.....အောင်တိုး"

"ပြော....."

"ဟင်.....နင်ငိုနေတယ်၊ ဘာ ဖြစ်လို့လဲ"

လုလုမျိုးက အောင်တိုး၏ မျက်နှာကို အနီးကပ်ကြည့်မိချိန်ကျမှ မျက်ရည်စများကို သတိထားလိုက်မိဟန်ရှိ၏။

"ငါက ဘာဖြစ်လို့ ငိုရမှာလဲ"

"မဟုတ်ဘူးလေ၊ နင့်မျက်လုံးထဲမှာ မျက်ရည်တွေနဲ့"

"ညက အိပ်ရေးပျက်ထားလို့ မျက်ရည်ပူကျတာပါဟာ"

"မလိမ်ပါနဲ့ဟယ်၊ နင်ဘာဖြစ်နေသလဲဆိုတာ ငါသိနေတယ်"

လုလုမျိုးက အောင်တိုးနှင့် ဘေးချင်းယှဉ်လျက် ဝင်ထိုင်လိုက်သည်။

"နင်က ငါဘာသိနေတယ် ထင်လို့လဲ"

"နင့်အမေက နင့်ကိုပြောပြမှာပါ"

"ပြောတော့ပြောတယ်၊ မပြည့်စုံဘူး"

အောင်တိုးက အမှန်တကယ် မသိရသေးသည်ကို သိလျက်မျိုသိပ်ထားဟန်မျိုးဖြင့် ပြောလိုက်၏။

"ဒီလိုဟ၊ ကုန်သည် ဒေါ်ညီသည်လင်မယားရဲ့သားက ဖြိုးဝေဖော်တဲ့"

"ဟုတ်လား၊ နာမည်က အပျံစားပဲ"

"လူလည်း အပျံစားလားမသိပါဘူး၊ သူက ဆရာဝန်လောင်းတဲ့"

"ဟုတ်လား"

"သူကဟယ် ငါ့ကို တွေ့တွေ့ချင်း ချစ်မိတယ်တဲ့၊ သူ့အမေကို ချက်ချင်းပြောခိုင်းတယ်ဟာ၊ သူ့အမေက ငါ့အမေရဲ့သဘောထားကို မေးတယ်"

"ဒါဖြင့် နင့်သဘောထားမပါဘူးဆိုတော့ နင်က ရောင်းကုန်ပစ္စည်း ဖြစ်သွားပြီပေါ့"

လုလုမျိုးက အောင်တိုး၏ အပြောကို လက်မခံချင်ပေ။

သူမ၏သိက္ခာကို စော်ကားသည်ဟု ယူဆလိုက်၏။

"ဟဲ့.....သူက ငါ့ကို တန်ဖိုးထားတာတဲ့၊ သူ့အမေက တိုက်တစ်လုံး၊ ကားတစ်စီးနဲ့ စိန်တစ်ဆင်စာ လက်ဖွဲ့မယ်တဲ့"

"ဟုတ်ပြီ၊ ဒီတော့ နင်က စိတ်ဝင်စားမိရောလား"

"အဲဒီအထိ မဟုတ်သေးပါဘူးဟယ်၊ သူက ငါ့ကို အိမ်ဖော်နဲ့ ထားပါ့မယ်၊ ထမင်းဟင်းကအစ ချက်စရာမလိုဘူးတဲ့၊ လုလုကြော့ကြော့လေး မြင်နေရရင် ကျေနပ်တယ်တဲ့၊ သူ့အပြောကတော့ဟာ ငါ့ကို တန်ဖိုးထားလို့ အဲဒီလို စီစဉ်ချင်တာတဲ့"

"ဟဲ့.....အဲဒါဟာ လူကိုဝယ်တာနဲ့ ဘာထူးမှာလဲ"

"အဲဒီလိုစွပ်စွဲလို့ မရသေးဘူးလေ၊ သူက ငါ့အလှကို ကိုးကွယ်သူအနေနဲ့ သူ့ဘဝကို ပေးဆပ်ချင်


www.burmeseclassic.com

www.burmeseclassic.com



တာတဲ့''

လုလုမျိုး၏စကားကြောင့် သူတို့ချင်း စကားပြောဆိုပြီးပြီဆိုသည်ကို ချက်ချင်းသဘောပေါက်လိုက်၏။ နေ့မကူးမီ ရင်းနှီးခဲ့သူနှင့် အပြန်အလှန် ပြောဆိုခဲ့သော လုလုမျိုး၏စိတ်ထားကို အောင်တိုးမှာ တအံ့တဩ ဖြစ်နေမိတော့၏။

''နင့်စကားအရ နင်နဲ့အပြန်အလှန် ဆွေးနွေးပြီးပြီပေါ့၊ ဟုတ်လား''

လုလုမျိုးမှာ အငိုက်မိသွားခဲ့၏။

ကျွံထွက်သွားသောစကားကို သူမ၏အခြေအနေက သက်သေခံသလို ဖြစ်နေခဲ့သည်။

''ပြောလေ၊ နင်နဲ့သူ အပြန်အလှန် ဆွေးနွေးပြီးပြီပေါ့''



''ဟဲ့.....ငါက ကိုယ့်ဂုဏ်သိက္ခာအရ ပြန်မပြောခဲ့ပါဘူး၊ ဘုရားဖူးနေတုန်း သူပြောတာကို နားထောင်ခဲ့မိတာပါ''

အောင်တိုး၏ရင်မှာ တူနှင့်အထုခံလိုက်ရသလို နာကျင်ခဲ့ရပြန်သည်။

တစ်သက်လုံးက မခံစားဘူးသော ဝေဒနာများက သူ့ရင်ကို ထပ်ခါမနား နှိပ်စက်နေခဲ့ကြသည်။

''နင် ဘယ်လိုဆုံးဖြတ်မလဲ''

အောင်တိုးက အလေးအနက်ထား၍ မေးခဲ့သည်။

''သူတို့ကဟာ ငါနဲ့သူ့သားအိမ်ထောင်ပြုပေးရင် ငါ့အဖေရဲ့ခြံကို တိုးချဲ့မယ်တဲ့၊ အဖေ့ကို တန်ရာတန်ဖိုး ငွေချေမယ်၊ ခြံရဲ့အမည်ပေါက်ကိုလည်း ငါ့နာမည်နဲ့ လုပ်ပေးမယ်တဲ့''

''ဩော်.....နင်တို့ကြီးပွားဖို့ ငါ့အဖေက အဲဒီခြံအလုပ်ကို စွန့်လွှတ်ပေးရမှာပေါ့နော်''

''ငါ့နာမည်နဲ့ လွှဲမှာဆိုတော့ နင့်အဖေကို ငါက မပစ်ပယ်ပါဘူး''

''ဟင်...နင် အဲဒီအထိ စဉ်းစားထားတယ်ဆိုတော့ သူနဲ့လက်ထပ်ဖို့အထိ ဆုံးဖြတ်လိုက်တာ သေချာပြီပေါ့''

''နင်ရှိနေလို့ ငါဘာမှမဆုံးဖြတ်ရသေးဘူး''

လုလုမျိုး၏ အကြင်နာအစွန်းအစက အောင်တိုးထံ လွင့်စဉ်လာခဲ့၏။

သို့သော်.....

အောင်တိုးက သိလိုက်ပေပြီ။ ဘဝအတွက် အချစ်တစ်ခုကို မြေမြှုပ်သင်္ဂြိုဟ်ပြီး အချစ်သစ်စိုက်ပျိုးမည့် ရည်ရွယ်ချက်ကို ကောင်းစွာ သဘောပေါက်လိုက်သည်။

''နင်သွားတော့ဟာ၊ ငါ့နားမှာ မနေပါနဲ့''

''နင်ဘယ်လိုဖြစ်နေတာလဲ၊ ငါက သူတို့ဘက်က အစီအစဉ်ကို ပြောပြတာ၊ နင်ရှိနေတဲ့အတွက် ငါဘာမှ မဆုံးဖြတ်ရသေးဘူး''

''ငါမရှိရင် နင့်ဘဝရှေ့ရေးအတွက် နင်ဆုံးဖြတ်မှာပေါ့''

လုလုမျိုးမှာ ဒုတိယအကြိမ်ထပ်မံ၍ အငိုက်မိသွားခဲ့ပြန်၏။

အောင်တိုးမှာ ဒေါသကြောင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေခဲ့သည်။ အလိုမပြည့်သော အချစ်ကြောင့် ပေါ်ပေါက်လာတတ်သည့် ဒေါသက အောင်တိုး၏ခန္ဓာကိုယ်တွင် ပူးကပ်နေခဲ့လေပြီ။

အောင်တိုးက လုလုမျိုးကို စူးစိုက်ကြည့်ရင်း သူ့ဒေါသကို သူ ထိန်းထားနေရ၏။ အချစ်တစ်ခုကြောင့် မည်သူ့ကိုမျှ အကျိုးမပြုသည့် အလုပ်မျိုးကို သူမလုပ်မိစေရန် သတိထားနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

“လှလှမျိုး ရှိသလားဟင်”
သူတို့နှစ်ဦးချင်း စကားပြော
နေချိန်ဝယ် ညွှံ့သည် ဖြိုးဝေဇော်
၏အသံကို ကြားလိုက်ရ၏။

ဖြိုးဝေဇော်က လှလှမျိုးကို
လိုက်ရှာရင်း ရောက်လာခြင်းဖြစ်
သည်။

လှလှမျိုးက အတူယှဉ်တွဲထိုင်
နေရာမှ ဆတ်ခနဲထရပ်ရင်း လှ
ချင်းခွာလိုက်သည်။ လှလှမျိုး၏
လုပ်ဆောင်ချက်ကို အောင်တိုးက
သဘောပေါက်သွားခဲ့၏။

“ဩော်.....ဒီမှာကိုး”

ဖြိုးဝေဇော်က လှလှမျိုးတို့ရှိ
ရာသို့ အကဲခတ်မျက်လုံးဖြင့်ကြည့်
ရင်း ရောက်လာသည်။

“ကိုအောင်တိုး ညက အိမ်
မပြန်ဘူးနဲ့တူတယ်”

“ခင်ဗျားရှိနေတဲ့အတွက် ကျွန်
တော် အပြင်ကိုသွားတာပါ”

လှလှမျိုးက အောင်တိုးကို
ဒေါသမျက်လုံးဖြင့် လှမ်းကြည့်
လိုက်၏။

“နင် ညွှံ့သည်ကို ဒီလိုပဲ
ဆက်ဆံရသလား”

“အမှန်အတိုင်းပြောတာပါ
သိမ်ပြောတာထက် ဂုဏ်သိက္ခာရှိ
တယ်လေ”

“ဟုတ်သားပဲ၊ ကိုအောင်တိုး
က ပွင့်လင်းတာကိုး၊ လှလှမျိုး ဒီ
ရောက်နေတာ တစ်ခုခုလာလုပ်
တယ်ထင်လို့ လိုက်လာတာပါ၊ ခွင့်
လွှတ်နော်”

ဖြိုးဝေဇော်က လူကဲခတ်တော်
သည်။

အခြေအနေမှန်ကို ရိပ်စားမိ
လိုက်ဟန်ရှိ၏။

“အနှောင့်အယှက်တော့မဖြစ်
ပါဘူးနော်”

ဖြိုးဝေဇော်က လှလှမျိုးဘက်
ကြည့်ရင်း ခနဲ့သလို ပြောလိုက်၏။
လှလှမျိုးမှာ သူမ၏ရည်ရွယ်ချက်ကို
ရိုက်ခတ်မှုဖြစ်လာ၍ အောင်တိုး
ဘက်သို့ မဲတော့သည်။

“အောင်တိုး၊ ညွှံ့သည်က
အထင်လွဲနေပြီ၊ နင်ဘာဖြစ်လို့
စကားကို မဆင်မခြင်ပြောရ
တာလဲ”

“မှန်တာပဲပြောတာ”

“ဘာမှန်တာလဲ၊ ငါ့
အကြောင်း နင်သိတယ်နော်၊ ငါ့
သိက္ခာကို စော်ကားသလိုဖြစ်
နေပြီ”

“သိက္ခာ....သိက္ခာဆိုတာ
သမာဓိရှိမှ သိက္ခာဖြစ်တာ၊ သမာဓိ
ရှိအောင် သစ္စာမှန်ရတယ်”

“နင်နော်.....”

လှလှမျိုးက ဖြိုးဝေဇော်၏ရှေ့
တွင် ချေပခြင်းခံနေရ၍ အနီးရှိ
ကြက်သွန်လှီးဓားကို ဆွဲယူပြီး
အောင်တိုးကို ခြိမ်းခြောက်လိုက်၏။

“နင် ထိုးဝံ့လို့လား၊
ထိုးလေ”

လှလှမျိုးမှာ ရှက်စိတ်ကြောင့်
ဒေါသ၏လွှမ်းမိုးခြင်းကို စက္ကန့်ပိုင်း
မျှ ခံစားလိုက်ရသည်။

“မထိုးဘူးထင်လို့လား”

လှလှမျိုး၏ဒေါသမှာ မျက်
လုံးများကို ပြာဝေစေခဲ့၏။

မထင်မှတ်ဘဲ လှုပ်ရှားလိုက်
မှုက အောင်တိုး၏ရင်ဝကိုထိုးလိုက်
သလို ဖြစ်သွားခဲ့သည်။ အောင်တိုး
မှာ ကိုယ်တိုင်လည်း ကြောင်နေမိ
၏။

လှလှမျိုးက သူ့ကိုမလှုပ်ရက်
ဟု ယူဆထားသည်။

သို့သော် ဒေါသက တဒင်္ဂ
အတွင်း အံ့အားသင့်စေမှုကို ဖန်
တီးလိုက်၏။ အောင်တိုးမှာ ရင်ဝ
ကို လက်ဖြင့်ဖိရင်း လဲကျသွားခဲ့
သည်။

လှလှမျိုးမှာ ဓားနှင့်ထိုးမိ
သည်အထိ သတိလက်လွတ်ဖြစ်
သွား၍ သူမကိုယ်ကိုသူမ ကိုယ်
တိုင် အံ့ဩနေမိ၏။

သွေးကိုမြင်မှ အသိဝင်လာ
သည်၊ ကြောက်စိတ်ဝင်လာသဖြင့်
ဓားကိုပစ်ချပြီး ထွက်ပြေးသွားခဲ့၏။

ဖြိုးဝေဇော်က အောင်တိုးကို
ပွေ့ပိုက်ထားရင်း လူကြီးများကို
လှမ်းခေါ်သည်။ ဦးကျော်မျိုးနှင့် ဦး
အောင်မင်းတို့က ညွှံ့သည်၏
မယားနှင့်အတူ ရောက်လာကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဖြိုးဝေဇော်က အတိုချုပ်ရှင်းပြရင်း သူတို့၏ကားဖြင့် အောင်တိုးကို ရွှေကျင်ဆေးရုံသို့ပို့သည်။

အမှားတစ်ခုကို ပြုမိပြီးနောက် လှလှမျိုးမှာ ဆောက်တည်ရာမရနိုင်သော စိတ်ခံစားမှုဖြင့် ဆေးရုံသို့ ခြေကျင်ပြေးလိုက်ခဲ့ရသည်။

လှလှမျိုးကို မည်သူကမျှ ဂရု မစိုက်နိုင်ကြ။

ဆေးရုံသို့ ဦးစွာရောက်ဖို့သာ စိတ်စောနေကြသည်။

တာဝန်ကျ ဆရာဝန်ကြီးများက ချက်ချင်းပြုစုကုသပေးကြ၏။ ရင်တွင်းသွေးယိုစီးမှုဖြစ်နေသော အောင်တိုး၏ အခြေအနေကို ဆရာဝန်လောင်း ဖြိုးဝေဇော်က ခန့်မှန်းမိပြီးဖြစ်သည်။

"ကိုအောင်တိုး စိတ်ကိုတင်းထားနော်"

ဖြိုးဝေဇော်က စိတ်ဓာတ်ကြံ့ခိုင်မှုသည် အားဆေးတစ်ခွက်မှန်းသိ၍ သတိမပြတ်စေရန် သတိပေးနေခဲ့၏။

"ကိုဖြိုးဝေဇော်"

"ပြောပါ ကိုအောင်တိုး"

"လှလှမျိုးကို မမုန်းလိုက်ပါနဲ့ဗျာ"

"ကိုအောင်တိုးရယ် ကျွန်တော် နားလည်လိုက်ပါပြီ"

"ရှိပါစေတော့ဗျာ၊ ကျွန်တော် ချက်ကျွေးတဲ့ထမင်းကို စားမိတဲ့အတွက် ကျွန်တော့်ကို ကတိတစ်ခုပေးပါ"



"ဘာများလဲ ကိုအောင်တိုး"

"လှလှမျိုးက အရိုင်းပန်းတစ်ပွင့်ပါ၊ သူ့ကိုပြုပြင်ဖို့ ခင်ဗျားကို အပ်ခဲ့ပါရစေ"

"စိတ်မလျှော့နဲ့၊ ခင်ဗျားကို အချိန်မီ ကုသနိုင်ပါပြီ"

အောင်တိုးက နှုတ်ခမ်းကို ကွေးရုံမျှ ပြုံးပြရင်း သူ့အဖေဆီ လှမ်းကြည့်သည်။

သူ့အဖေက အောင်တိုး၏ လက်ကိုကိုင်၍ အားပေးနေခဲ့၏။

"အဖေ....."

"ဘာလဲ သား"

"လှလှမျိုးကို သားလေ ဘဝသစ်က စောင့်နေမယ်လို့ ပြောပြပေးပါ"

အောင်တိုး၏လေသံက ညင်းညင်းတွဲ့တွဲ့ရယ်၊ ဦးအောင်မင်းပင် မနည်းနာ ထောင်လိုက်ရ၏။ အောင်တိုး ၏အမှာစကားကို မည်သူမျှ မကြားမိလိုက်ကြပေ။

အောင်တိုးမှာ သူ့အဖေကို ပြောရင်း ဇက်လည်ကျသွား ခဲ့၏။

ဒေါသတစ်ခုကြောင့် ခြေ လွန် လက်ရောက် ဖြစ်ခဲ့ရသည် အဖြစ်က ကြေကွဲမှုဖြင့် အဆုံး သတ်လိုက်ရ ပေတော့သည်

ဆေးရုံထဲသို့ အပြေးတ ပိုင်းဖြင့် ရောက်လာသေ လှလှမျိုး ကို အဖြစ်ဆိုး မျက်မြင်သက် သေပြုလျ တစ်သက်လုံး ဖြေ မဆည်နိုင်သေ ဝေဒနာတစ်ရပ် ကို ပေ သွားခဲ့သည်မှာ အတုံ့အလှည့် ဆိုရမည်လားမသိပေ။


ချောယဉ်



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



## ပြောဖို့လိုလို့လား

အောင်ကျော်ဇော

နွေ.....

ခြစ်ခြစ်တောက်အပူက တရှိန်ရှိန်ရယ်။

ဘယ်နေရာသို့ ကြည့်သည်ဖြစ်စေ နွေ၏အပူကြောင့် အလျှံခိုးတို့ ဝေနေဆဲဖြစ်သည်။ တစ်နေကုန်အပူလောင်တိုက် သွင်းထားသလိုပင်။

နွေနှင့်အပြိုင်.....

နွေဆိုသော မိန်းမလှကလေးက နေရောင်အောက်တွင် အလောတကြီး လှုပ်ရှားနေသည်။ ဘေးဘယ်ညာသို့လည်းမကြည့်။ ရှေ့တည့်တည့်ကိုသာ ဦးတည်ပြီး ခြေလှမ်းမှန်မှန်နှင့် လျှောက်နေခဲ့၏။

နွေဆိုသော နွေ.....

ပညတ်သွားရာ ဓာတ်သက်ပါလေသည်များလားမသိ။

နံနက်ပိုင်းမှစ၍ လင်းတောက်ထားသော အပူက မဟာပထဝီမြေကြီးထဲ စိမ့်ဝင်နေသည်။ မြေပြင်သည် ပြာပူခင်းထားသည့်နှယ်။

ပတ်ဝန်းကျင်တစ်ခုလုံးလည်း အပူရှိန်များ ပျံ့နှံ့နေသည်။ မြေပြင်ကလည်း ပူလောင်သည်။ အထက်ကောင်းကင်ကလည်း နေကြောင့် အပူရှိန်များ ဖြာထွက်မြဲတည်း။

သည်တော့.....

လောကပတ်ဝန်းကျင်သည် နွေ၏နေအရှိန်ကြောင့် အပူလောင်တိုက်သွင်းထားသလို ဖြစ်နေသည်။ နေအရောင်ကို အကာအကွယ်ပေးသည့် တိမ်လွှာ၊ တိမ်တိုက်များကလည်း ကောင်းကင်တွင်မရှိ။ နေ၏မောင်းထုတ်ခြင်းကို ခံထားရသည်။

အပူလောင်တိုက်အသွင်းခံထားရသလို ရှိနေသည့် နေမွန်းတည့်ချိန်တွင် နွေဆိုသော မိန်းမလှကလေးက လမ်းလျှောက်နေရဆဲ။

သူမသည် ဗိုလ်ချုပ်လမ်းအတိုင်း အရှေ့မှအနောက်သို့ ဗိုလ်အောင်ကျော်လမ်းမှစပြီး လျှောက်ခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ သွားရန်ဖြစ်၏။

ခြေကျင်မလျှောက်နိုင်၍ ကားစီးမည်ဆိုပါက စီး၍မရ။ ဗိုလ်ချုပ်လမ်းသည် အနောက်မှအရှေ့သို့ တစ်လမ်းမောင်းဖြစ်သည်။ ခြေကျင်မလျှောက်နိုင်၍ ကားစီးမည်ဆိုပါက အနော်ရထာလမ်းအတိုင်း အရှေ့မှအနောက်သို့ စီးရမည်။

ခရီးရှည်အဖြစ် ကွေ့ပတ်သွားရမည်ဖြစ်၍ အချိန်ကုန်သက်သာစေရန်အတွက် နွေက ကားငှားမစီးဘဲ ခြေကျင်လျှောက်နေခဲ့ရသည်။

နွေ တစ်ယောက်တည်း.....

အဖော်မပါ၊ တစ်ကိုယ်တည်းရယ်။

နွေက မျက်လုံးကျိန်းစပ်မှုကို အကာအကွယ်ရရှိစေရန် မျက်မှန်နက်ကို တပ်ဆင်ထားသည်။ မျက်မှန်က မျက်လုံးအတွက်အ



www.burmeseclassic.com

www.burmeseclassic.com



အကာ အကွယ်ပေးနိုင်ခဲ့သည်။

နွေ၏တစ်ကိုယ်လုံးမှာ နေရောင်အောက်တွင် ငါးခြောက်လှန်းထားသလို ဖြစ်နေခဲ့သည်။ ခေါင်းတွင်လည်း ဆောင်းစရာမပါ။ အင်္ကျီက အစိမ်းရောင်ဖြစ်၍ အရောင်၏သဘောအရ အပူကိုစုပ်ယူထားသလို ဖြစ်နေပြန်သည်။

အပေါ်ပူ၊ အောက်ပူနှင့် ပတ်ဝန်းကျင်အပူကြားထဲ လျှောက်လှမ်းနေရသော နွေ၏တစ်ကိုယ်လုံးမှာ ချွေးများစို့ထွက်နေ၏။

နွေက ဗိုလ်ချုပ်ဈေးသို့ရောက်လိုဇောဖြင့် လျှောက်နေခဲ့ရသည်ဖြစ်၍ အပူဒဏ်ကိုလည်း မမှုနိုင်ခဲ့ပေ။ နွေ၏ရင်ထဲတွင် နေဆယ်စင်းမက ရောက်ရှိနေသလို ခံစားနေရ၏။

နွေ၏တစ်ကိုယ်လုံးမှာ
နေရောင်အောက်တွင်
ငါးခြောက်လှန်းထားသလို
ဖြစ်နေခဲ့သည်။
ခေါင်းတွင်လည်းဆောင်းစရာမပါ။
အင်္ကျီကအစိမ်းရောင်ဖြစ်၍
အရောင်၏သဘောအရ
အပူကိုစုပ်ယူထားသလို
ဖြစ်နေပြန်သည်။
အပေါ်ပူ၊အောက်ပူနှင့်
ပတ်ဝန်းကျင်အပူကြားထဲ
လျှောက်လှမ်းနေရသော
နွေ၏တစ်ကိုယ် လုံးမှာ......

"ဟဲ့.....နွေ"

နွေက ဘယ်ကိုမှမကြည့်။ ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်မီးပွိုင့်အရောက်တွင် အလျင်စလိုဖြင့် ကားလမ်းဖြတ်ကူးသည်။ ဆူးလေဘုရားဘက်မှ သမ္ဗတရုပ်ရှင်ရုံ ခုံးတံတားဘက်သို့ ကားတန်းက မောင်းဝင်လာသည်။

နွေက ကားတန်းကို ဂရုမစိုက်။ မီးပွိုင့်လူကူးမျဉ်းကျားမှ ရှေ့သို့ကြည့်ရင်း ဖြတ်ကူးသည်။ အရှိန်ဖြင့်မောင်းလာသော ကားများကသာ နွေ့ကိုသတိထားပြီး ရှောင်ကြရသည်။

မောင်းနှင်လာနေကြသော ကားများအနက် ခေတ်မီ အဖြူရောင်ကားတစ်စီးက လမ်းလယ်၌ပင် နွေ၏ရှေ့တည့်တည့်၌ ကန့်လန့်ခံ၍ ရပ်လိုက်သည်။

"ဟဲ့.....နွေ"

ကားထဲမှ အမျိုးသမီးကြီးတစ်ဦး၏ အော်ခေါ်သံ ထွက်လာသည်။ နွေက ကားထဲလှမ်းကြည့်ရုံကြည့်သည်။ တစ်ချိန်တည်းမှာပင် ကားထဲမှ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ပြေးဆင်းလာပြီး နွေ့ကို ဘယ်ညာညှပ်၍ ဆုပ်ကိုင်ကာ ကားထဲဆွဲသွင်းသည်။

နွေက ငြင်းသည်၊ ရုန်းကန်သည်။ အင်အားချင်းမမျှ၍ ကားထဲရောက်သွားခဲ့ရသည်။ ယာဉ်တန်းလမ်းကြောဖြစ်၍ ကားများကမောင်းနေဆဲ။

အချို့ကားများက အလိုက်သိစွာ ရပ်ပေးကြသည်။ အချို့က အရှိန်နှင့်မောင်းလာရသည်ဖြစ်၍ ကွေ့ဝိုက်မောင်းကြသည်။

တစ်ခဏအတွင်းမှာပင် မီးပွိုင့်၌ ယာဉ်ကြောပိတ်ဆို့မှု ဖြစ်သွားခဲ့ရ၏။ မီးပွိုင့်ပလက်ဖောင်းပေါ်တွင် ယာဉ်ထိန်းစောင့်ကြည့်ကင်းရုံ ရှိနေသည်။ ယာဉ်ထိန်းနှစ်ယောက် အပြေးအလွှားရောက်လာကာ အကျိုးအကြောင်းမေးခဲ့၏။

ယာဉ်ထိန်းတစ်ဦးက ယာဉ်အန္တရာယ်မဖြစ်စေရန် ယာဉ်ကြောရှင်းပေးသည်။ တစ်ဦးက အကျိုးအကြောင်းမေးသည်။

"ဘာများဖြစ်လို့လဲဟင်၊ ဘာကူညီရမလဲ"

"သူက အန်တီ့သမီးပါကွယ် စိတ်နည်းနည်းပုံပျက်နေတယ် အိမ်ကထွက်ပြေးသွားလို့ လိုက်ရှာရင်း ဒီမှာတွေ့လို့ပါ"

"ဪ....."

ယာဉ်ထိန်းရဲက က[illegible] သက်သောအကြည့်ဖြင့်ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်သွားခွင့်ပြုလိုက်သည်။ သို့သော် ကားနံပါတ်ကို မှတ်သား ထားလိုက်သည်။

ချက်ချင်း မျက်မြင်အခြေအနေကို ကွပ်ကဲရုံးသို့ သတင်းပို့လိုက်၏။ တာဝန်အရ လမ်းရှင်းအောင် ဆောင်ရွက်ပေးခဲ့ရသော်လည်း ရာဇဝတ်မှုတစ်ခုခုနှင့် ပတ်သက်နေမည်လားဆိုသည့်အတွေးဖြင့် ကွပ်ကဲသို့ သတင်းပို့လိုက်ရခြင်းဖြစ်သည်။

ကွပ်ကဲရေးမှူးရုံးက ထူးခြား ဖြစ်စဉ်သတင်းလက်ခံရရှိသည်နှင့် ဗဟန်းအဝိုင်းနားရှိ မြို့တွင်းလှည့်ကင်းအဖွဲ့ထံ အဆက်အသွယ်ယူ လိုက်သည်။

ယခုအခါ မြို့နယ်အလိုက် ယာဉ်ထိန်းတပ်ဖွဲ့စုများဖွဲ့စည်း၍ ယာဉ်ထိန်းနှင့် ယာဉ်မှုစစ်တာဝန် ယူနေရသည်။ အရေးပေါ်ကိစ္စများအတွက် အထူးလှည့်ကင်းအဖွဲ့ကိုလည်း ဖွဲ့စည်းထားသည်။

အထူးလှည့်ကင်းအဖွဲ့ရှိရာသို့ ကွပ်ကဲရေးရုံးမှ အကြောင်းကြားလိုက်သဖြင့် နွေလိုက်ပါလာသော ကားဖြတ်သန်းမောင်းနှင်ချိန်ဝယ် ယာဉ်ထိန်းဆိုင်ကယ်တစ်စီးက နောက်ယောင်ခံ၍ လိုက်နေခဲ့သည်။

နွေလိုက်ပါလာသောကားသည် ရန်ကင်းမြို့နယ်ထဲသို့ ဦးတည်၍ မောင်းနှင်နေခဲ့သည်။ ကျောက်ကုန်းရှိ ကြီးကျယ်ခမ်းနားသော တိုက်အိမ်ရှိရာ ခြံဝင်းထဲသို့ မောင်းဝင်သွားခဲ့သည်။

နောက်ယောင်ခံလိုက်လာသော ယာဉ်ထိန်းလှည့်ကင်းဆိုင်ကယ်က ခြံနံပါတ်ကို မှတ်သားပြီး



မူလနေရာသို့ ပြန်ထွက်ခဲ့သည်။ ကွပ်ကဲရေးရုံးသို့ဆက်လက်သတင်းပို့သည်။

ကွပ်ကဲရေးရုံးက မှုခင်းကြိုတင်ကာကွယ်ရေးစီမံချက်အရ နယ်မြေအပိုင်ရဲစခန်းသို့ သတင်းဖြန့်ဝေပေးခဲ့သည်။ အထူးအဖွဲ့များသို့လည်း သတင်းဖြန့်ဝေခဲ့၏။

အထူးအဖွဲ့မှ ရဲအုပ် ကျော်မိုးလွင်က သတင်းလက်ခံရရှိသည်နှင့် ဖြစ်စဉ်နှင့်ဆက်စပ်၍ ကောင်းစွာ သဘောပေါက်သွားခဲ့သည်။

နွေ ဆို သော မိန်းကလေးမှာ....

နွေ့ကို မျက်လုံးထဲမြင်အောင် အာရုံသွင်း၍ ပုံရိပ်ဖမ်းကြည့်ခဲ့သည်။

နွေက ချောသည်၊ လှသည်၊ ဘွဲ့နှစ်ခု ပိုင်ဆိုင်ထားသော ခေတ်ပညာတတ် အမျိုးသမီးဖြစ်သည်။

နွေ့ကို ရဲအုပ် ကျော်မိုးလွင်က တက္ကသိုလ်၌ ပညာသင်ယူစဉ်ကပင် စိတ်ဝင်စားခဲ့သည်။ နွေက စကား ပြောကောင်းသည်။ မည်သည့်အကြောင်းအရာကို ပြောရသည်ဖြစ်စေ ဒဿနဆန်သော



www.burmeseclassic.com

www.burmeseclassic.com



အတွေးအခေါ်ဖြင့် ပြောဆိုလေ့ရှိသည်။ အချို့သောအကြောင်းအရာများတွင် စကားပြိုင်ဆိုင်ပြောသူနှင့် အငြင်းအခုံဖြစ်ရသည်များရှိသည်။

မည်သို့ပင်ဖြစ်စေ နွေ့ဘက်က အလျှော့ပေးလေ့မရှိ။

နွေ၏အသားများမှာ ဖြူဝင်းသည်။ အဖြူရောင်သက်သက်မဟုတ်သော ဖြူဝင်းသည့် အသားအရေပိုင်ရှင်ဖြစ်၍ မြင်တွေ့ရသူတိုင်းက ချောမောလှပသူဟု တညီတညွတ်တည်း လက်ခံကြသည်။



ရုပ်ချောသူဖြစ်၍ သူမ၏အချစ်ကို ရယူပိုင်ဆိုင်လိုသူများက ဝိုင်းဝိုင်းလည်နေခဲ့သည်။

"လူကိုချစ်တာလား၊ စိတ်ထားကိုချစ်တာလား"

ချစ်ကြိုက်ကြောင်း ပြောသူတိုင်းကို နွေက ထိုကဲ့သို့ပင် မေးခဲ့လေ့ရှိသည်။

"လူကိုချစ်တာပါဆိုရင် ရုပ်ကိုတပ်မက်တာဖြစ်လို့ ကိလေသာမကင်းတဲ့စိတ်နဲ့ ချစ်တာလို့ပဲ ပြောရမယ်၊ စိတ်ကိုချစ်တာပါဆိုရင် စိတ်ကိုစိတ်ချင်း ဆက်သွယ်မိတဲ့အချစ်လို့ ပြောရမှာပဲ"

နွေက အချစ်နှင့်ပတ်သက်၍ အပေါင်းအသင်းများကို အချစ်ဦီကာ ဖွင့်ပြတတ်သည်။

အပေါင်းအသင်းများက သူမ၏အတွေးအခေါ်ကို ရှုးကြောင်ကြောင်အတွေးများဟု တီးတိုးဝေဖန်ခဲ့ကြသည်။

"စဉ်းစားကြည့်လေ၊ ရည်းစား ဖြစ်ပြီဆိုတာနဲ့ ဟိုခေါ်ဒီခေါ်နဲ့ လက်ကိုင်၊ ပါးနမ်းလုပ်ချင်တယ်၊ တစ်ဆင့်တက်ပြီး အခွင့်အရေးတောင်းချင်တယ်၊ အဲဒါဟာ ရုပ်ကိုအခြေခံတဲ့ ညစ်ညမ်း အချစ်မဟုတ်ဘူးလား"

နွေကရှင်းပြတော့ အပေါင်းအသင်းများက ဇဝေဇဝါဖြစ်ရပြန်သည်။

"အချစ်စစ်၊ အချစ်မှန်ဆိုတာ ရုပ်ကိုအသုံးချချင်တဲ့စိတ်ကို ဦးစားမပေးဘူး၊ ချစ်သူအလိုကျ လိုက်လျောတတ်တယ်၊ မဖောက်မပြန်နဲ့ သစ္စာရှိရှိရာသက်ပန်ဘဝကြင်ဖော်အဖြစ်ကိုသာ လိုလားတယ်"

နွေ၏အတွေးများက သူမဘက်မှ ခံယူချက်အမြင်ဖြစ်၍ မည်သူကမျှ မှားသည်ဟု မဆိုခဲ့ကြပေ။

နွေနှင့်ပတ်သက်၍ တွေ့ကြုံခဲ့ဖူးသော ရဲအုပ် ကျော်မိုးလွင်၏ အတိတ်ပုံရိပ်များက ယခုတိုင် သက်ဝင်လှုပ်ရှားနေသလိုပင်။

ရဲအုပ် ကျော်မိုးလွင်က နွေနှင့်ပတ်သက်၍ သိကြား၊ ကြုံဆုံခဲ့ရသမျှကို အတွေးထဲမှ ဖျောက်ကြည့်လိုက်၏။

ဖျောက်ဖျက်၍မရ။ သူက နွေ့ကို ညီမရင်းသဖွယ် ခင်မင်ခဲ့သည်။ ရိုးသားစွာ လိုအပ်သမျှ ကူညီခဲ့သည်။

ရဲအုပ် ကျော်မိုးလွင်ကို နွေက စိတ်ရင်းရိုးသားသူဟု လက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ပြီး အပေါင်းအသင်းစာရင်းသွင်းခဲ့သည်။

အိမ်ထောင်ပြုတော့မည်ဟု ဆုံးဖြတ်ချိန်ဝယ် နွေက သူမ၏ဆန္ဒကို ထုတ်ဖော်၍ တိုင်ပင်ခဲ့သည်။

နွေနှင့်လက်ထပ်ရမည့်သူမှာ ဆယ်တန်းပင်မအောင်သေးသော ပန်းချီပညာရှင်ဖြစ်သည်။ ပန်းချီရေးဆွဲရာမှ ပန်းပုပညာကိုပါ သင်ယူခဲ့၍ ပန်းပုပညာပတ်ဝန်းကျင်တွင် ကျွမ်းကျင်သူပညာရှင်အဖြစ် လက်ခံထားသူဟု သိရသည်။

ပန်းချီ၊ ပန်းပုပညာရှင် လူငယ်မှာ နွေ့တို့နေထိုင်ရာ ရပ်ကွက်အတွင်းမှဖြစ်သည်။ အလွန်သဘောကောင်း၍ စကားပြောယဉ်ကျေးသူဖြစ်သည်။ နွေ့ကိုလည်း ဘဝနှင့်ရင်း၍ တန်ဖိုးထားကာ ချစ်နေခဲ့သူဟုဆို၏။

နွေက ပန်းချီ၊ ပန်းပုပညာရှင် ကိုနှင်းဝေနှင့် လက်ထပ်ပါရစေဟု ခွင့်တောင်းသောအခါ မိဘများက သဘောမတူခဲ့ပေ။

သားသမီးတို့၏ ဝတ္တရားအတိုင်း နွေက မိဘအုပ်ထိန်းသူထံ ခွင့်ပန်သည်၊ ခွင့်မပြု၍ သူမကပင် ဦးဆောင်ပြီး ခိုးယူပေါင်းသင်းစေကာ ဘဝတစ်ခုကို ထူထောင်ခဲ့သည်။

ယခုတော့.....

နွေမှာ စိတ်မကျန်းမာသည့် ဝေဒနာရှင် ဖြစ်နေခဲ့ရပြီကို ရဲအုပ်ကျော်မိုးလွင်က သိခဲ့ရ၏။

ယနေ့ ထူးခြားဖြစ်စဉ်သတင်းအရ တာဝန်ရှိသည့်အတိုင်း စုံစမ်းပြီးသောအခါ တာဝန်ရှိသူများထံ ပြန်လည်တင်ပြခဲ့ရလေတော့သည်။

♛♛♛♛♛

အတိတ်ကာလတစ်ခုက မဝေးသေးပေ။

"ဟော့...နွေ၊ နင်ဘယ်လိုဖြစ်နေတာလဲ"

ရဲအုပ် ကျော်မိုးလွင် ရဲတပ်ဖွဲ့သို့ဝင်ရောက်ပြီး ငါးနှစ်အကြာ၌ နွေ့အား ရန်ကုန်ဆေးရုံကြီး၊ ဦးနှောက်နှင့် အာရုံကြောကုဆေးရုံတွင် မထင်မှတ်ဘဲ ဆုံလိုက်ရသည်။

ကျော်မိုးလွင်ကို တွေ့သည်နှင့် နွေက အကူအညီတောင်းတော့သည်။

"ကျော်မိုးလွင်၊ နင်က ရဲအရာရှိနော်၊ ငါ့ကို အကူအညီပေးပါဦးဟယ်"

"အကူအညီတောင်းတိုင်း ပေး လို့မရတာရှိတယ်၊ ဥပဒေအတွင်းကပဲ ကူညီနိုင်မယ်"

"ဟဲ့.....ငါက မဟုတ်တာလုပ်စားနေလို့လား၊ နင့်ဆီ အကူအညီတောင်းတယ်ဆိုတာက

နွေကပန်းချီ၊ပန်းပုပညာရှင်
ကိုနှင်းဝေနှင့်လက်ထပ်ပါရစေဟု
ခွင့်တောင်းသောအခါ
မိဘများကသဘောမတူခဲ့ပေ။
သားသမီးတို့၏ဝတ္တရားအတိုင်း
နွေကမိဘအုပ်ထိန်းသူထံ
ခွင့်ပန်သည်၊ခွင့်မပြု၍
သူမကပင်ဦးဆောင်ပြီး
ခိုးယူပေါင်းသင်းစေကာ......

တရား မျှတမှုကို ဖြစ်စေလိုတဲ့ဆန္ဒနဲ့ပါ"

"ကဲ.....ပြော၊ ဘာကိစ္စလဲ"

"နင်ကလည်းဟာ ငါ အခု ဒီဆေးရုံကို ဘာကြောင့်ရောက်လာရသလဲဆိုတာ မမေးတော့ဘူးလား"

"မေးစရာလိုလို့လား နွေရယ်၊ နင် ဒီကိုရောက်နေတာဟာ လူနာတစ်ယောက်ယောက်နဲ့ ပတ်သက်လို့ပဲပေါ့၊ အကြောင်းမဲ့ ဘယ်သူက ဆေးရုံကို လာကြမှာတဲ့လဲ"

"နင်က ရဲဆိုတော့ အတွေးနဲ့အမြင် တစ်ထပ်တည်းပဲ"

"ငါ့ထက်တော်တာက နင်ပါဟာ၊ နင်က အတွေးအခေါ်ဒဿနပညာရှင်ပါ၊ နင့်ကို ဘာကူညီရမှာလဲ"

"ဒီလိုဟာ၊ ငါ့အစ်ကိုက



www.burmeseclassic.com

www.burmeseclassic.com



ဗဟန်းမြို့နယ်ထဲမှာ ကုန်စုံဆိုင်ဖွင့်ထားတယ်၊ သူ့အိမ်ထောင်ကျပြီးကတည်းကဆိုပါတော့၊ သူ့ဆိုင်က ရောင်းအားကောင်းတယ်၊ အဲဒီတော့ သူနဲ့အပြိုင် စီးပွားရေးသမားက ငါ့အစ်ကိုကို အလိုလို မုန်းနေခဲ့တယ်တဲ့”

“ဒါကလည်း လူ့ပတ်ဝန်းကျင်မှာ တွေ့ရစမြဲကိစ္စပါ”

“အဲဒီတွေ့ရစမြဲထက် ကျူးလွန်ပြီး ညအချိန် ငါ့အစ်ကို ဆိုင်သိမ်းပြီးအပြန်မှာ ငါ့အစ်ကိုအပေါ် မနာလိုတဲ့ဆိုင်က အလုပ်သမားတွေက ချောင်းရိုက်ပြီး ထွက်ပြေးသွားလို့ ခေါင်းမှာ ဒဏ်ရာရရှိခဲ့တယ်၊ အဲဒီဒဏ်ရာကြောင့် ဒီဆေးရုံကို ရောက်ခဲ့ရတယ်”

“အဲဒီကိစ္စ ရဲစခန်းမှာ အမှုဖွင့်လေ”

“အမှုဖွင့်တယ်ဟာ၊ ရဲက မဖမ်းဘူး၊ ဒီမှာ ငါ့အစ်ကိုကလည်း မေ့နေတာ နှစ်ရက်လောက်ရှိပြီ၊ အဲဒီကိစ္စ မကျေနပ်ဘူး၊ ရဲက ဘာ့ကြောင့်မဖမ်းတာလဲဆိုတာ သိချင်တယ်”

ရဲအုပ် ကျော်မိုးလွင်က နွေနှင့်အတူ လူနာရှိရာသို့ လိုက်ကြည့်သည်။ လူနာအား အရေးပေါ်ခန်းထဲတွင် ထားရှိသည်ကို တွေ့ခဲ့ရသည်။

တာဝန်ကျဆရာဝန်က စကား ပြောခွင့်မပြု၍ ရဲအုပ် ကျော်မိုးလွင် မှာ ပြန်ခဲ့ရသည်။

“အခု ငါ့အမြင်နဲ့ပြောမယ်၊ အမှုစစ်က နင့်အစ်ကိုဆီက ထွက်ဆိုချက် မယူရသေးလို့ ဘယ်သူက ရိုက်တယ်ဆိုတာကို ဆုံးဖြတ်ချက် ချလို့မရသေးဘူး၊ မျက်မြင်သက်သေတွေဘက်က ခိုင်လုံတဲ့ ထွက်ဆိုချက် မပေးနိုင်သေးလို့ မဖမ်းတာဘဲ ဖြစ်မယ်”

> သူနဲ့ငါ ယူတော့မယ်ဆိုတော့ သဘောမတူတဲ့အထဲမှာ ငါ့အစ်ကို လည်းပါတယ်၊ ငါ့အစ်ကိုမိန်းမယူတော့ မိဘတွေက သဘောမတူလို့ ပစ်ထားကြတယ်၊ ငါ့အစ်ကိုနဲ့ငါ့ယောကျ်ားက လုံးဝစကားမပြောဘူး၊ အခုလိုကိစ္စဖြစ်တော့လည်း လူမှုရေးအမြင်နဲ့ လိုက်ဖို့ပြောတာကို.....

“အဲဒီလိုစောင့်နေရင်း ငါ့အစ်ကို သေသွားခဲ့ရင်ကော”

“ရဲက သူ့အလုပ် သူလုပ်နေမှာပါ၊ ဒါနဲ့ နင့်ယောကျ်ားက ဘာ့ကြောင့် မလိုက်လာတာလဲ”

ရဲအုပ် ကျော်မိုးလွင်က ညမိုးချုပ်စအချိန်အထိ တစ်ယောက်တည်းတွေ့ရသော နွေ့ကိုကြည့်၍ မေးလိုက်မိ၏။

“တော်ပါတော့ဟာ၊ ငါလေ လင်စံရွေး လင်ခွေးနဲ့ညားဆိုတဲ့ စကားလို ဖြစ်နေရပြီတဲ့”

“ဘာဖြစ်လို့လဲ”

“သူနဲ့ငါ ယူတော့မယ်ဆိုတော့ သဘောမတူတဲ့အထဲမှာ ငါ့အစ်ကို လည်းပါတယ်၊ ငါ့အစ်ကို မိန်းမယူတော့ မိဘတွေက သဘောမတူလို့ ပစ်ထားကြတယ်၊ ငါ့အစ်ကိုနဲ့ ငါ့ယောကျ်ားက လုံးဝ စကားမပြောဘူး၊ အခုလိုကိစ္စဖြစ်တော့လည်း လူမှုရေးအမြင်နဲ့ လိုက်ဖို့ပြောတာ ကို မလိုက်နိုင်ဘူးတဲ့”

“သူ့ဘက်က ခံစားချက် မပြေသေးလို့ နေမှာပေါ့”

“မဟုတ်ဘူး၊ အဲဒီအကြောင်း တစ်ခုတည်းကြောင့် မဟုတ်ဘူး”

ရဲအုပ် ကျော်မိုးလွင်မှာ ဒေါသ အခိုးလျှံနေသော မျက်လုံးအကြည့်ဖြင့် ပြောနေသည့် နွေ့ကိုငေး သည်မှာ မူလစိတ်မှ ရှိခဲ့လေ



www.burmeseclassic.com

www.burmeseclassic.com



ဆင်လိုက်မိ၏။

"တခြားဘာအကြောင်းရှိလို့လဲ"

"သူနဲ့ငါ အိမ်ထောင်ကျတာ လေးနှစ်ရှိပြီ၊ သမီးတစ်ယောက်၊ သားတစ်ယောက်မွေးတယ်၊ ကလေးအမေဖြစ်တဲ့ ငါကအလှမပျက်တာဟာ ငါ့ကုသိုလ်ပေါ့၊ အဲဒီကုသိုလ်က အခုတော့ အကုသိုလ်တွေဖြစ်နေရပြီ"

"ဘယ်လို.... နင်ပြောတာ ငါမရှင်းဘူး"

"သူကဟာ ငါဘယ်သွားသွား စိတ်မချဘူး၊ တစ်ဦးတစ်ယောက်နဲ့ စကားပြောမိရင်လည်း စွပ်စွဲပြီး သမုတ်တယ်၊ အပြင်ကို ကြည့်မိရင်လည်း နောက်လင်ကို မျှော်တာလို့ ပြောပြီး နှိပ်စက်တာခံရတယ်"

"လင်နဲ့မယားဆိုပြီး နှိပ်စက်လို့ မရဘူးလေ"

ရဲအုပ် ကျော်မိုးလွင်က ဥပဒေသမားဖြစ်၍ ဥပဒေအမြင်ဖြင့်ပြောသည်။

နွေက မဲ့ပြုံးဖြင့် ခေါင်းခါပြသည်။

"ငါက သူ့ကို အပြစ်မတင်မိဘူး"

"ဟ....အနာတရဖြစ်အောင် နှိပ်စက်တယ်ဆို"

"ဟုတ်ပါတယ်၊ သူ့ကို ငါက ချစ်သလို သူက အစိုးရိမ်လွန်ပြီး သဝန်တိုမှုနဲ့ နှိပ်စက်လို့ အရိုးကွဲ



အောင်ရိုက်တော့ အသည်းစွဲအောင် ချစ်မိသလို ဖြစ်နေပြီဟဲ့"

ရဲအုပ် ကျော်မိုးလွင်မှာ လင်မယားအကြားမှ ပြဿနာဖြစ်နေ၍ မည်သို့မျှ အကြံပြုပြောကြားလိုစိတ် မရှိတော့ပေ။

"သူ့ကိုငါချစ်တာက သူက ငါ့အပေါ် ချစ်တဲ့စိတ်ပါ၊ အဲဒီစိတ်နဲ့ သူ့ကိုပစ်သွားမလားလို့ စိုးရိမ်ပြီး ရန်ရှာခံရတာကြောင့် သူ့ကို မမုန်းတဲ့အပြင် ပိုလို့တောင် ချစ်နေခဲ့မိတယ်"

"ဟုတ်ပါပြီဟာ၊ ဒါက နင့်အမြင်၊ နင့်ယူဆချက်၊ နင့်ရဲ့ကိုယ်ပိုင်ဒဿနပေါ့ဟာ၊ ကဲ...အခု ငါ ဘာကူညီရမလဲ"

ရဲအုပ် ကျော်မိုးလွင်က ဆက်လက်ဆွေးနွေးရန် မဖြစ်နိုင်တော့၍ စကားစကို ဖြတ်လိုက်ရသည်။

"မိုးချုပ်လို့ မှောင်နေပြီ၊ ငါတစ်ယောက်တည်းဖြစ်နေတယ်၊ ငါ မပြန်ရဲလို့ အိမ်နားအထိ လိုက်ပို့ ခိုင်းမလို့"

"ဒါများဟာ"

ရဲအုပ် ကျော်မိုးလွင်မှာ ဆေးရုံသို့ တာဝန်အရ လာရောက်၍ လူနာတစ်ဦးနှင့် တွေ့ဆုံခြင်းဖြစ်သည်။

သူ့တာဝန် ပြီးဆုံးပြီဖြစ်၍ နွေ့ကို လိုက်ပို့ပေးခဲ့သည်။

နွေ့ကို အိမ်နားအထိ သူက လိုက်ပို့ပေးခဲ့၏။

နွေ၏အိမ်မှာ အလုပ်ခန်းနေအိမ်ဖြစ်သည်။ နွေအိမ်ပြန်ရောက်ချိန်၌ နွေ့ခင်ပွန်း ကိုနှင်းဝေမှာ အိမ်၌မရှိ။



www.burmeseclassic.com

www.burmeseclassic.com

“သား.....နင့်အဖေရော”

အိမ်၌ရှိနေသည့် သားကိုမေးသည်။ သားဖြစ်သူက ပြန်မဖြေတတ်။ ဆိုင်အလုပ်သမားကလေးက ဝင်ရှင်းပြသည်။

“အစ်မအပြင်ထွက်သွားတာဟာ တစ်ယောက်ယောက်နဲ့ သွားပြီးချိန်းတွေ့နေတာလို့ပြောပြီး အစ်ကိုက လိုက်ချောင်းဖို့ ထွက်သွားတယ် အစ်မ”

ဆိုင်အလုပ်သမားလေး၏ ပြန်ပြောပြချက်ကြောင့် ကျော်မိုးလွင်မှာ အခြေအနေအားလုံးကို နားလည်ခွင့် ရသွားခဲ့တော့၏။

ကျော်မိုးလွင်က ကြာကြာမနေသင့်တော့ဟု ယူဆ၍ နွေ့ကိုနှုတ်ဆက်ပြီး ပြန်ခဲ့တော့သည်။



ထိုညမှ သုံးရက်မြောက်နေ့တွင် ကျော်မိုးလွင်ရှိရာသို့ နွေ၏ ခင်ပွန်း ကိုနှင်းဝေ ရောက်လာ၏။

“ဘာကိစ္စများလဲ ကိုနှင်းဝေ”

“ဩော်.....ခင်ဗျားကို သတိပေးချင်လို့ဗျ”

“ဘာများလဲ”

“ကျွန်တော့်မိန်းမက မျက်နှာများတယ်၊ အပျော်မက်တယ်၊ ဂုဏ်ရှိချင်တယ်”

“အဲဒီကိစ္စနဲ့ ကျွန်တော်နဲ့ ဘယ်လိုပတ်သက်လို့လဲ”

“ဒီလိုပါ၊ ခင်ဗျားက အရာရှိဆိုတော့ သူက ခင်ဗျားကို ကပ်နေတယ်လို့ သိရတယ်၊ တန်ဖိုးမရှိတဲ့ မိန်းမကြောင့် ခင်ဗျားရဲ့ဂုဏ်သိက္ခာကို မထိခိုက်စေချင်လို့ လာပြီး သတိပေးတာပါ”

ကိုနှင်းဝေ၏စကားက လုပသည်။

တိုက်ရိုက်မစွပ်စွဲဘဲ သွယ်ဝိုက်၍ အပြစ်ကိုဖော်ထုတ်ခဲ့၏။

ရဲအုပ် ကျော်မိုးလွင်မှာ ထိန်းထားသောဒေါသကို မနည်းချုပ်တည်းထားနေရ၏။ ဒါတောင် စကားဖြင့် ချေပခဲ့မိသည်။

“ခင်ဗျားက ခင်ဗျားရဲ့မိန်းမကို တန်ဖိုးမရှိတဲ့မိန်းမလို့ ပြောထွက်နိုင်တယ်နော်၊ ခင်ဗျားမိန်းမဟာ ကြားရတဲ့ စကားတစ်ခွန်းကြောင့် ဘယ်အဆင့်အထိ နိမ့်ကျသွားခဲ့ရပြီလဲဆိုတာ ခင်ဗျားသိရဲ့လား”

“သူက အကြောင်းမဟုတ်ပါဘူး၊ ဆရာလို ဂုဏ်သရေရှိ အရာရှိတစ်ယောက်ကို ထိခိုက်မှာစိုးလို့ပါ”

“စိုးရိမ်မနေပါနဲ့ဗျာ၊ ကျုပ်တို့က ရိုးသားတယ်၊ ဖြောင့်စင်းတယ်၊ သံသယဖြစ်စရာ ဘာတစ်ခုမှ မရှိဘူး၊ လူ့ပတ်ဝန်းကျင်မှာ လူနဲ့လူချင်း ဆက်ဆံနေရတာချည်းပဲ၊ ဆက်ဆံမှုပြုတိုင်း စွပ်စွဲမယ်ဆိုရင်တော့ စွပ်စွဲသူကိုယ်တိုင် မလုံခြုံတဲ့အခြေအနေတွေ ရှိနေလို့ဖြစ်မှာပေါ့”

“ကျွန်တော့်ဘက်က ရှင်းတယ်ဗျာ၊ သူ့ကိုချစ်တာမှ မျက်စိအောက်က အပျောက်မခံနိုင်အောင်ပဲ၊ ဒါပေမဲ့ သူက ကျွန်တော့်မျက်

www.burmeseclassic.com

www.burmeseclassic.com



ကွယ်ကို မကြားခဏ ထွက်ပြေးနေတယ်၊ အဲဒါဟာ သူ့ရဲ့ အချစ်သစ်မျှော်ခြေလှမ်းတွေ ဖြစ်မှာပေါ့''

ရဲအုပ် ကျော်မိုးလွင်မှာ တစ်ဖက်သတ်အချစ်သမား၏ သဝန်တိုတတ်သော စိတ်အခြေအနေကို ကောင်းစွာသိခွင့်ရလိုက်တော့၏။

အမြင်မရှင်းမှုသည် သံသယပေါင်းများစွာကို ဖြစ်စေလျက် အကျိုးမဲ့လုပ်ဆောင်မှုများကိုလုပ်တတ်ကြောင်း ကောင်းစွာ သတိထားခဲ့မိ၏။

''ကဲ..ခင်ဗျားတို့နှစ်ယောက်ရဲ့အခြေအနေကို ကျွန်တော်ရှင်းပြမယ်''

ရဲအုပ် ကျော်မိုးလွင်က ကျောင်းသူဘဝ၌ တွေ့ရှိခဲ့ရသော နွေ၏ဒဿနများကို ရှင်းပြခဲ့သည်။

ထိုဒဿနများအတိုင်း သူမချစ်မိသော ကိုနှင်းဝေကို သဘောမတူမှုကြားထဲမှ လက်တွဲခဲ့ပုံများကို ရှင်းပြသည်။

နှစ်ယောက်အတူနေဘဝတွင် တစ်ဦးကိုတစ်ဦး အချစ်ပိုခဲ့ကြ၍ သဒ္ဓါလွန်တော့ သနား၊ သနားလွန်းတော့ ဘယာဖြစ်နေကြသည့်အတွက် သဝန်တိုစိတ်များ ပေါ်ပေါက်ကာ အမြင်မရှင်းကြပုံကို အသေအချာ ရှင်းပြခဲ့မိ၏။

''ကျေးဇူးပဲ ဆရာ၊ ဆရာ့ညီမကို ဆုံးမပေးပါ၊ ယောကျ်ားနားမှာပဲနေပါ၊ သူ့အလှကြောင့် မာနတံခွန်ထူပြီး ယောကျ်ားတွေရဲ့အသည်းကို မခွဲပါနဲ့လို့ ဆုံးမပေးပါ ဆရာ''

ရဲအုပ် ကျော်မိုးလွင်က ခေါင်းညိတ်ပြရုံမှလွဲ၍ ဘာစကားမျှ ထပ်မပြောမိအောင် သူ့ကိုယ်သူ သတိထားနေခဲ့သည်။

ကိုနှင်းဝေနှင့် နွေတို့မှာ အချစ် ကြီး၍ အမျက်ကြီးသူများ ဖြစ်လာ လေပြီလားမသိ။ ယခုတော့သူတို့ကို ဘာများပြောဖို့လိုလို့လဲဟုသာ အတွေးပိုနေခဲ့တော့၏။

♛♛♛♛♛

နှစ်ယောက်အတူနေဘဝတွင်
တစ်ဦးကိုတစ်ဦးအချစ်ပိုခဲ့ကြ၍
သဒ္ဓါလွန်တော့
သနား၊သနားလွန်းတော့
ဘယာဖြစ်နေကြသည့်အတွက်
သဝန်တိုစိတ်များ
ပေါ်ပေါက်ကာ
အမြင်မရှင်းကြပုံကို
အသေအချာ......

''နွေ ဘယ်ကပြန်လာတာလဲ''

''နွေ့ကို ဘယ်မှာတွေ့နေသလဲ''

''ခရိုင်တရားရုံးမှာလေ''

အရှေ့ပိုင်းခရိုင်တရားရုံးမှ ထွက်လာသော နွေ့ကို သက်သေခံကိစ္စဖြင့် ရောက်လာသော ရဲအုပ်ကျော်မိုးလွင်က မမျှော်လင့်ဘဲတွေ့လိုက်ရ၏။

နွေနှင့်ကျော်မိုးလွင်တို့မတွေ့မိသည်မှာ နှစ်နှစ်ခန့်ပင်ရှိနေပေပြီ။ ကျော်မိုးလွင်ဘက်မှ မတွေ့မိစေရန် သတိထားရှောင်ရှားနေခဲ့၍ဖြစ်၏။

ယနေ့တော့ တရားရုံးအဝင်အထွက်တွင် ပက်ပင်းတိုးခဲ့၏။

''ငါ ရှေ့နေလိုက်နေတယ် ကျော်မိုးလွင်''

''ဩော်...ဟုတ်သားပဲ၊ နင်နောက် ထပ် ယူ ထားတဲ့ ဘွဲ့ က ဥပဒေ ဘွဲ့ပဲ''

''ဟုတ်တယ်၊ ငါ့ဘဝ ငါရပ်တည်နေပြီ''

''ဘာ.....ဘာပြောတယ်''

''ငါလေ ကိုနှင်းဝေနဲ့ ကွာရှင်းလိုက်တယ်၊ ကွာရှင်းရတာကလည်း သူက ငါ့ကို အရွဲ့တိုက်ပြီး အရက်သောက်တယ်၊ မကောင်းတဲ့မိန်းမတွေနဲ့ ပျော်ပါးတယ်၊ သူက ငါ့ကို ခံစားရအောင် လက်စားချေတာတဲ့၊ အဲဒီလို ညစ်နက်



www.burmeseclassic.com

www.burmeseclassic.com



သန်းခေါင် သွားလာနေတဲ့ ကိုနှင်းဝေဟာ အခုတော့ အိပ်ချ်အိုင်ဗွီပိုး ဝင်နေပြီလေ”

“ဟယ်..မဖြစ်သင့်တဲ့ လက်စားချေမှုကြောင့် ဒီလိုဖြစ်ရတာပဲ”

“သူ့ကို လွတ်လွတ်လပ်လပ် နေစေချင်လို့ ဥပဒေအရ ကွာရှင်းခဲ့တယ်၊ ဒါပေမဲ့ တစ်အိမ်တည်းမှာ မောင်နှမတွေလိုပဲ အတူနေတယ်၊ ငါက သူ့ကို ချက်ပြုတ်ကျွေးမွေးတယ်၊ ငါချက်ပြုတ်ကျွေးမွေးတာကို သူက စားနေတာတွေ့တော့ ငါပျော်တယ်ဟာ”

“နှင်တို့ဆုံးဖြတ်ချက်က စိတ်မမှန်သူတွေလိုပဲ”

“အချစ်ဆိုတာ အရူးစိတ်ဆို”

“ပုံမှန်ထက်ပိုတော့ သွက်သွက်ခါအောင် ရူးကြတာပေါ့ဟာ”

“ဘာပဲဖြစ်ဖြစ် သူက ငါ့ကို မုန်းပေမယ့် ကလေးတွေအနားမှာ အဖေပါဆိုပြီး နေပြပေးတာကိုပဲ ကျေနပ်တယ်၊ သူ့ကို မြင်နေရရင် ငါ့အချစ်က ပြည့်စုံပါပြီဟယ်”

ရဲအုပ် ကျော်မိုးလွင်မှာ စိတ်ဝေဒနာရှင် ဖြစ်မှန်းမသိဘဲ ဖြစ်နေကြသော အချစ်ကြီးသူ လင်မယား နှစ်ယောက်၏အဖြစ်မှာ သူ့အတွက် ဒဏ္ဍာရီ တစ်ပုဒ်လို ဖြစ်နေခဲ့သည်။

ကျော်မိုးလွင်နှင့် နွေတို့ မတွေ့ရသည်မှာ ငါးလခန့်ကြာသွားခဲ့၏။ ကျော်မိုးလွင် သင်တန်းတက်နေ၍ဖြစ်၏။



သင်္ကြန်ပြီးမှ ပြန်ရောက်လာသည်။ ပြန်ရောက်ချိန်၌ မင်္ဂလာမရှိသောသတင်းအား ကျော်မိုးလွင်ထံသို့ ကျောင်းနေဖက်သူငယ်ချင်းဖြစ်သူက သယ်ယူလာခဲ့သည်။

“ဟော့ကောင်နွေတစ်ယောက် စိတ်မကျန်းမာလို့ ရွာသာကြီး စိတ်ကျန်းမာရေးဆေးရုံကို ပို့လိုက်ရတယ်တဲ့ကွ”

“ဟင်.....ဘယ်လိုဖြစ်တာတဲ့လဲ”

“သင်္ကြန်တွင်းမှာ နွေက မော်ဘီမှာ တရားစခန်းသွားဝင်တယ်၊ သင်္ကြန်အတက်နေ့ ညနေပိုင်းမှာ သူ့ယောကျ်ား ကိုနှင်းဝေဟာ အမျိုးသမီးတစ်စုနဲ့ သင်္ကြန်ရေပက်ခံထွက်တယ်၊ အရက်မူးနေချိန် ကား ပေါ်ကလိမ့်ကျတဲ့ဒဏ်ရာနဲ့ ဆေးရုံမှာ ဆုံးသွားတယ်”

“ဟာကွာ...ဒီလူက သူ့မိန်းမကို အရွဲ့တိုက်ပြီး လုပ်ချင်ရာကို လျှောက်လုပ်နေတာကွ၊ အရက်မသောက်ခဲ့တဲ့သူက အရက်သမားလုံးလုံးဖြစ်ခဲ့တယ်၊ အဲဒီအရက်ကြောင့် သေရတာပဲ မဟုတ်လား”

“ဒါပေါ့ကွာ၊ သူသေတာက သင်္ကြန်အတက်နေ့ကွ၊ မြန်မာ့ရိုးရာအရ နှစ်ဆန်းတစ်ရက်နေ့ကို အကူးမခံတော့ ဆေးရုံက ရင်ခွဲစစ်ဆေးချက်ယူပြီးတာနဲ့ သူ့အပေါင်း အသင်းတွေက ချက်ချင်း သင်္ဂြိုဟ်ခဲ့ကြရတယ်”

“နွေ မသိဘူးပေါ့နော်”

“နွေက တရားစခန်းမှာ တရားစခန်းက ပြန်ရောက်တဲ့နေ့မှာ သိသွားတယ်၊ အဲဒီ...တင် စိ



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ပြန်သွားတယ်၊ ဘယ်လိုမှ ထိန်းမရလို့ ရွာသာကြီး စိတ်ကျန်းမာရေးဆေးရုံကို ပို့လိုက်ရတယ်''

''အခု ဘယ်လိုနေလဲ''

''နည်းနည်းသက်သာတော့ သူ့မိဘတွေက အိမ်ကိုပြန်ခေါ်ခဲ့တယ်၊ သူက စိတ်မမှန်ပေမယ့် အရင်ကလို လှနေတုန်းပဲကွ၊ အိမ်က မကြာခဏ ထွက်ပြေးလို့ လိုက်ရှာခဲ့ကြရတယ်လို့ ကြားရတယ်''

ရဲအုပ် ကျော်မိုးလွင်မှာ ကြားရသည့် သတင်းဆိုးကြောင့် သူ့ရင်မှာ တစ်စစီ ကြေမွသလို ခံစားလိုက်ရ၏။

အချစ်ကြီးလို့ အမျက်ကြီးရ သည်၊ အမျက်ကြီး၍ အဖျက်ကြီးရသည်ဆိုခြင်းကို ပြောဖို့ပင်လိုမည် မထင်ပေ။

♛♛♛♛♛

ရဲအုပ် ကျော်မိုးလွင်မှာ ဝေဒနာ တပွေ့တပိုက်ဖြင့် သူငယ်ချင်းဖြစ်သူ နေထိုင်ရာအိမ်သို့ ဖျောင်းဖျနှစ်သိမ့်ရန် သွားခဲ့ရသည်။

နွေနေထိုင်ရာအိမ်သို့ ရောက်သောအခါ နွေက လူကောင်းပကတိအတိုင်း ကြိုဆိုခဲ့သည်။

''ကျော်မိုးလွင် နင်ဘယ်က လှည့်လာတာလဲ''

''နင့်ကိုသတိရလို့ လာတာပေါ့''

''ငါ့ကိုသတိရတဲ့ သူငယ်ချင်းတွေရှိနေလို့ ဝမ်းသာမိတယ်''

''ငါက နင့်သူငယ်ချင်းပဲဟာ၊ နင့်အတွက် ငါရှိနေတယ်ဆိုတာ မမေ့နဲ့''

''ကျေးဇူးပဲ၊



နင်ကြားပြီးရောပေါ့''

''ဘာတွေပဲဖြစ်ဖြစ် လူဆိုတာ ကံတရားရဲ့ အစီအမံအတိုင်း လိုက်နာရတာပဲ၊ နင်လည်း တရားစခန်းဝင်ပြီးသားပဲ၊ တရားသဘောနဲ့ ရှုမှတ်ရင်း ဖြစ်ပျက် ပြောင်းလဲမှုတိုင်းကို အောင်မြင်တဲ့စိတ်နဲ့ ကျော်ဖြတ်နိုင်မှာပါ''

''ဟုတ်ပါတယ်ဟယ်''

''နင့်အတွက် စဉ်းစားစရာ သားနဲ့သမီးရဲ့ နောင်ရေး ရှိသေးတယ်၊ သူတို့အတွက် နင် အသက်ရှင်နေရမယ်၊ တက်ကြွနေရမယ်၊ တက်ကြွမှုခွန်အားကို တရားသဘောနဲ့ ရှာဖွေကျင့်ကြံရမယ်''

''ဟုတ်တယ်၊ ငါ့သားသမီးတွေရဲ့ နောင်ရေးရှိသေးတယ်၊ ငါနေ့စဉ် တရားထိုင်မယ်၊ စိတ်ခွန်အားတွေ မွေးမယ်၊ သူငယ်ချင်းရယ် ငါ့ကို ပစ်မထားပါနဲ့၊ ငါ့ကို အား ပေးနေပါကွယ်''

''အေးပါသူငယ်ချင်းရာ၊ ပြောဖို့လိုလို့လား''

နွေမှာ ရဲအုပ် ကျော်မိုးလွင်၏ အားပေးစကားကြောင့် စိတ်ဓာတ်အင်အား ပြောင်းလဲသွားခဲ့သည်လားမသိ။ ချက်ချင်းဆိုသလိုပင် မျက်နှာမှာ ဝင်းပကြည်လင်နေခဲ့တော့၏။

**စာပေသစ္စာဖြင့်**

**အောင်ကျော်ဇေ**



www.burmeseclassic.com

www.burmeseclassic.com



# နံနက်မိုးမလင်းမီ တစ်ဦးတည်းတွေ့ရတဲ့ မိန်းမပျိုကို ဆိုင်ကယ်သမားက အဓမ္မပြုကျင့်ရန်ကြံစည်မှု ပဲခူးမြို့နယ်မှာဖြစ်ပွားခဲ့

ပဲခူးတိုင်းဒေသကြီး၊ ပဲခူး မြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာတွင် အလုပ်ရုံသို့သွားမည့် အစ်မဖြစ်သူကို စက်ဘီးဖြင့် လိုက်လံပို့ဆောင်ပေးပြီး နေအိမ်သို့ တစ်ဦးတည်း စက်ဘီးစီးပြန်လာသော အမျိုးသမီးငယ်အား လမ်း၌ လူတစ်ဦးက လည်ပင်းညှစ်၊ ထိုးကြိတ်၍ အနိုင်အထက်ပြုကျင့်ရန် ကြံစည်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၁၃-၂-၂၀၁၃ ရက်နေ့ မိုးမလင်းမီနံနက် ၅ နာရီအချိန်ခန့်က ပဲခူးမြို့နယ်၊ --- ကျေးရွာတောင်ဘက်ကမ်းနေ မ------(၁၆နှစ်)သည် ၎င်း၏ အစ်မဖြစ်သူ မ----------(၂၀ နှစ်)မှာ ပဲခူးမြို့ရှိ မြန်မာစတားအထည်ချုပ်ရုံသို့ အလုပ်ဆင်းရန် သွားရောက်ရမည်ဖြစ်၍ ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ အလင်းရောင်ဈေးအနီး ကားဂိတ်သို့ စက်ဘီးဖြင့် လိုက်ပို့ပေးခဲ့သည်။

ထို့နောက် မ-------- သည် ၎င်းတစ်ဦးတည်း နေအိမ်သို့ စက်ဘီးစီးပြန်လာရာ ပဲခူးမြို့နယ်၊ ကတွင်းခြံကျေးရွာ





www.burmeseclassic.com

www.burmeseclassic.com





အလွန်လမ်းသို့အရောက်တွင် ဆိုင်ကယ်ဖြင့် လူတစ်ဦးက လမ်း၌ ပိတ်ရပ်ထားသည်ကို တွေ့မြင်ခဲ့ရသဖြင့် မ----------က ထိုလူအား ကွေ့ရှောင်၍ စက်ဘီးနင်းလာစဉ် ထိုလူက မ--------- နောက်သို့ အပြေးလိုက်လာပြီး စက်ဘီးကို ဆွဲထားကာ မ----------အား မြေကြီးပေါ်သို့ တွန်းလှဲလိုက် သည်ဆို၏။

ထို့နောက် မ----------၏ ပါးစပ်အားပိတ်၍ သားမယား အဖြစ်ပြုကျင့်ရန် ကြိုးစားခဲ့ရာ မ----------က ရုန်းကန်ခဲ့သဖြင့် ထိုလူက အနုနည်းဖြင့် မရသော အခါ အကြမ်းနည်းဖြင့် မ--------၏လည်ပင်းအား ညှစ်၍ ဦးခေါင်းအား လက်သီးဖြင့် ထိုးခဲ့သည်ဆို၏။

ထိုစဉ် စိုင်တီကျေးရွာ ဘက်မှ ဆိုင်ကယ်တစ်စီး မောင်းနှင်လာသည်ကို တွေ့ရသောအခါကျမှ ထိုလူမှာ ဆိုင်ကယ်ကို မောင်းနှင်ထွက်ပြေးသွားတော့သည် ဆို၏။

ထိုအချိန်မှာ နံနက် စောစီး အချိန်ဖြစ်၍ လူများ အိပ်ရာမှမနိုးသေးဘဲ လမ်း၌ လူသူကင်းရှင်းပြီး လူအသွား အလာပြတ်သော အချိန်ဖြစ်သည်။

မ-----------က ထိုလူအား စုံစမ်းမေးမြန်းခဲ့ရာ ရွှေဘိုစုကျေးရွာနေ မင်းမင်းဆိုသူဖြစ်ကြောင်း သိရသဖြင့် ၁၆-၂-၂၀၁၃ရက်နေ့ ညနေ ၄နာရီအချိန်ခန့်တွင် ပဲခူးအမှတ်(၁)ရဲစခန်းသို့ သွားရောက်တိုင်တန်းခဲ့သည်။

ပဲခူးအမှတ်(၁)ရဲစခန်းမှ (ပ) ၁၂၇/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၇၆/ ၅၁၁အရ အမှုဖွင့် အရေးယူပြီး စခန်းမှူးရဲအုပ် ကျော်တင်ဦးက ဖြစ်စဉ်သတင်းကို ပဲခူးမြို့နယ် ရဲတပ်ဖွဲ့မှူးထံတင်ပြ၍ မြို့နယ်ရဲတပ်

www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့မှူး၏ ညွှန်ကြားချက်နှင့်အညီ ဒုရဲအုပ်နေအောင်နှင့်အဖွဲ့က ရဲစခန်းအရှေ့တောင်ဘက်၊ နှစ်မိုင်ခန့်ကွာဝေးသော အချင်းဖြစ်ပွားရာသို့ ချက်ချင်းသွားရောက်စစ်ဆေးကာ မင်းမင်းဆိုသူအား အမှုဖြင့် ဖမ်းဆီးရန် ရှာဖွေရာ အချင်းဖြစ်ပွားချိန်မှစပြီး ကြိုတင်ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

အမှုစစ်နှင့်အဖွဲ့က နယ်ထိန်းရဲတပ်ဖွဲ့များနှင့်ပူးပေါင်း၍ ဒေသခံပြည်သူလူထု၏ အကူအညီဖြင့် အမှုဖြင့် အလိုရှိနေသော ပြစ်မှုကျူးလွန်သူ မင်းမင်း(ခ)မင်းမင်းဦး (၃၇နှစ်)၊ ရွှေဘိုစုရွာ၊ ကတွင်းခြံကျေးရွာအုပ်စု၊ ပဲခူးမြို့နယ်နေသူအား ၂၈-၂-၂၀၁၃ရက်နေ့ ညနေ ၄နာရီအချိန်ခန့်က လက်ရဖမ်းဆီးရမိခဲ့၍ ဆက်လက်စစ်ဆေးအမှုတည်ဆောက်လျက်ရှိကြောင်း သတင်းရရှိသည်။



(ဥသာမောင်)

## အကြွေးသွားတောင်းသူကို အကြွေးပေးရမယ့်သူက အကြွေးမပေးဘဲ ဓားရှည်နဲ့ခုတ်ခဲ့တဲ့တို့ပြန်မှု

၁၀-၃-၂၀၁၃ရက်နေ့ ည ၁၁နာရီအချိန်ခန့်က ဒဂုံ(အရှေ့)မြို့နယ်၊ (၁၁)ရပ်ကွက်၊ ပန်းဝါ(၃)လမ်းနေ ဒေါ်နော်နန်းနွယ်(၅၀နှစ်)ရှိရာနေအိမ်သို့ ရာအိမ်မှူးဦးစိုးမင်းရောက်ရှိလာပြီး ဒေါ်နော်နန်းနွယ်၏သားမောင်ဖား(ခ)အောင်မြင့်မြတ်မှာ ဓားခုတ်ခံရ၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ရောက်ရှိနေကြောင်း လာရောက်အကြောင်းကြားသဖြင့် သားဖြစ်သူရှိရာသို့ သွားရောက်မေးမြန်းခဲ့သည်။

သားဖြစ်သူ၏ ပြောပြချက်အရ အကြွေးငွေကျပ်နှစ်သိန်းရရန်ရှိသည့် ဒဂုံ(အရှေ့)မြို့နယ်၊ (၁၀၈)ရပ်ကွက်၊ ကျွန်စစ်သားလမ်းနေ ရာကွတ်(ခ)တင်ကြည်(၄၁နှစ်)ထံသို့ အကြွေးသွားတောင်းရာမှ စကားများရန်ဖြစ်စဉ် ဓားရှည်နှင့်ခုတ်၍ ဒဏ်ရာရရှိကြောင်း ပြောပြခဲ့သည်။

မောင်ဖား(ခ)အောင်မြင့်မြတ်မှာ ဝဲလက်ဖျံ၌ ပြတ်ရှဒဏ်ရာနှစ်ချက်၊ နောက်ကျောခါးရိုးတွင် ဖူးရောင်ဒဏ်ရာ တစ်ချက်၊ ဝဲချိုစောင်းတွင် ဖူးရောင်ဒဏ်ရာ တစ်ချက်တို့ရရှိခဲ့သဖြင့် သဃ်န်းကျွန်းစံပြဆေးရုံတွင် အတွင်းလူနာ(မစိုးရိမ်ရ)ဖြင့် ဆေးကုသမှုခံယူခဲ့ရသည်။

မိခင်ဖြစ်သူက ဒေါ်နော်နန်းနွယ်က တရားလိုပြုလုပ်တိုင်ကြားသဖြင့် ဒဂုံမြို့သစ်(အရှေ့)မြို့ နယ်မြို့မရဲစခန်းမှု(ပ)၁၄၁/၂၀၁၃၊ ပြစ်မှုပုဒ်မ၃၂၆/၁၁၄ဖြင့်အရေးယူ၍ အမှုစစ် ဒုရဲအုပ်စောနေရှူးက စစ်ဆေးနေကြောင်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com






အချင်းဖြစ်အိမ်

## သူငယ်ချင်းအိမ်မှာ လာရောက်ညအိပ်သူက သူငယ်ချင်းပိုင်ငွေများခိုးမှုကို

# စမ်းချောင်းရဲက နာရီပိုင်းအတွင်း ဖော်ထုတ်အရေးယူနိုင်ခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်မြောက်ရပ်ကွက်၊ ဝေဠုဝန်အိမ်ရာ၊ တိုက်(၁၉)၊ အခန်း(----)နေ အမျိုးသားတစ်ဦး၏ နေအိမ်သို့ လာရောက် ညအိပ်ခဲ့သူ သူငယ်ချင်းက FEC (၂၁၀၀)ခိုးယူခဲ့မှုအား စမ်းချောင်းမြို့မရဲစခန်းမှ အမှုဖွင့်တိုင်ကြားပြီး နာရီပိုင်းအတွင်း ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၄-၃-၂၀၁၃ရက်နေ့ နံနက်၁၀ နာရီက စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်မြောက်ရပ်ကွက်၊ ဝေဠုဝန်အိမ်ရာ၊ တိုက်(၁၉)၊ အခန်း(---)နေ ကိုရဲဝင်း အောင်သည် ၎င်းလုပ်ကိုင်သည့် ကားလုပ်ငန်းမှ စာရွက် စာတမ်းများနှင့် FEC(၂၁၀၀) ထည့်ထားသော ခေါက်လွယ် အိတ်အား ၎င်းနေထိုင်သည့်အခန်းတွင်းရှိ ကွန်ပျူတာတင်သည့် စားပွဲ ဝဲဘက်အံဆွဲ အတွင်းထည့်ထားရာ အိတ်အတွင်းမှ ငွေများခိုးယူခံရ၍ အရေးယူပေးရန် ၅-၃-၂၀၁၃ ရက်နေ့ ည ၉နာရီအချိန်တွင် တိုင်တန်းခဲ့ရာ စမ်းချောင်းမြို့နယ်မြို့မရဲစခန်းမှ(ပ)၈၃/ ၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၈၀ဖြင့် အမှုဖွင့်အရေးယူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ၾငင်းအမှုအား အမှုစစ် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် စိုးနိုင်ဦးက တရားလိုနှင့် အချင်းဖြစ်အရပ်ကို စစ်ဆေးခဲ့သည်။ စစ်ဆေးတွေ့ရှိချက်အရ ခိုးယူသူမှာ နေအိမ်တွင် အမြဲဝင်ထွက်သွားလာလေ့ရှိသည့် အတွင်းသိသူတစ်ဦးဖြစ်ကြောင်း၊ အိမ်ရှင်ကိုရဲဝင်းအောင်၏သူငယ်ချင်းကျော် ကျော်ထက်မှာ ငွေများပျောက်ဆုံးပြီးကတည်းက အဝင်အထွက် မရှိတော့ကြောင်း သိခဲ့ရသည်။ ကျော်ကျော်ထက်နှင့်ပတ်သက်၍ စုံစမ်းခဲ့ရာ ယခုတလော တန်ဖိုးကြီးဟန်း ဆက်တစ်လုံး ကိုင်ဆောင်အသုံးပြုနေကြောင်း၊ အကြွေးများလည်း လိုက်လံဆပ်နေကြောင်း စုံစမ်းသိရှိရခဲ့သည်။

ရရှိသတင်းများကြောင့် မသင်္ကာသူ ကျော်ကျော်ထက်ကို အမှုဖွင့်စုံစမ်းပြီး နာရီပိုင်းအတွင်း ရဲစခန်းသို့ ခေါ်ယူစစ်ဆေးခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ကျော်ကျော်ထက်သည် ကိုရဲဝင်းအောင်နှင့် သူငယ်ချင်းဖြစ်၍ ၁-၃-၂၀၁၃ရက်နေ့ ညပိုင်းတွင် ကိုရဲဝင်းအောင်၏အိပ်ခန်းအတွင်း အတူအိပ်ခဲ့ပြီး နောက်တစ်နေ့ဖြစ်သည့် ၂-၃-၂၀၁၃ရက်နေ့ ညစနာရီအချိန်ခန့်တွင် အိပ်ရာမှထပြီး သူငယ်ချင်းဖြစ်သူ အိပ်ပျော်နေခိုက် နေအိမ်တိုက်ခန်းအတွင်း ကွန်ပျူတာတင်ထားသည့် စားပွဲဝဲဘက် အံဆွဲအတွင်းမှ FEC(၂၁၀၀) အား ခိုးယူခဲ့ကြောင်း၊ ဗဟန်း မြို့နယ်၊ ကမ္ဘာအေးလမ်းရှိ FECနှင့်မြန်မာ ငွေကြေးလဲလှယ်ရာနေရာတွင် သွားရောက် လဲလှယ်ခဲ့ကြောင်း၊ ရရှိသည့် ငွေကြေးများဖြင့် တန်ဖိုး ကျပ် သုံးသိန်းခွဲရှိ GALAXY GRAN(I)အမှတ်တံဆိပ် ဟန်းဆက်တစ်လုံးကို ဝယ်ယူခဲ့ကြောင်း၊ ငွေကျပ် ခြောက်သိန်း အား Junchion Squareရှိ ကမ္ဘောဇဘဏ်တွင် ငွေစုစာရင်း စာအုပ်ဖြင့် အပ်နှံခဲ့ကြောင်း၊ ကျန်ရှိငွေများအား ၎င်း၏ကိုယ်ကျိုးအတွက် သုံးစွဲခဲ့ကြောင်း၊ တချို့တစ်ဝက်အား ၎င်းက ပေးရန်ရှိသော




FEC ၂၀၀ ခိုးယူခဲ့သည့် နေရာကို ပြသစဉ်



www.burmeseclassic.com

www.burmeseclassic.com





သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများ

အကြွေးများကို ဆပ်ခဲ့ကြောင်း စစ်ဆေးသိရှိရသည်။

သက်သေခံပစ္စည်းများကို ၎င်း ဝှက်သိမ်းထားသည့် စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်းရှိ တိုက်(၁၉)အနီး၊ တွင်ခုံဆိုင်၏ နောက်ဖေးအခန်း အိပ်စင်ပေါ်မှလည်းကောင်း၊ ဘဏ်တွင် အပ်နှံထားသောငွေကို ထုတ်ယူပြီး FECငွေများကို လဲလှယ်ခဲ့သည့်ဆိုင်မှလည်းကောင်း ဥပဒေနှင့်အညီ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ခိုးမှုကျူးလွန်သူကျော် ကျော်ထက်(၂၃နှစ်)၊ သီရိမင်္ဂလာလမ်း၊ ရွာမအရှေ့ ရပ်ကွက်၊ အင်းစိန်မြို့နယ်နေသူကို အမှုစစ်ဒုရဲအုပ်စိုး နိုင်ဦးက အမြန်ဆုံး တရားစွဲဆိုတင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။ **မှုခင်းကြယ်**

## အရက်ကို အမြဲတစေ သောက်လေ့ရှိသူများ အရက်ပုလင်းအထားမှားမိမှုကြောင့် ပုလင်းမှားပြီးသောက်မိလို့ သေဆုံးခဲ့ရမှု

၁၉-၃-၂၀၁၃ရက်နေ့ ညနေ ၄နာရီအချိန်က ရန်ကုန် အနောက်ပိုင်းခရိုင်ဆေးရုံကြီး၌ အဆိပ်ပုလင်းနှင့် အရက်ပုလင်း မှားသောက်မိ၍ သေဆုံးသူတစ်ဦး ရောက်ရှိနေကြောင်း ဆေးရုံမှ အကြောင်းကြားသဖြင့် လှည်းကူးမြို့နယ်၊ ငါးဆူတောင်ရဲစခန်း တာဝန်မှူးဒုရဲအုပ်ကျော်မြင့်နိုင်က ဆေးရုံသို့ သွားရောက် စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ သေဆုံးနေသူမှာ လှည်းကူးမြို့နယ်၊ ငါးဆူတောင်ကျေးရွာ၊ တိုးချဲ့ရပ်ကွက်နေ လီရှင်းဖူး(ခ) ဝတုတ်(၂၉နှစ်)ဖြစ်၍ ၎င်းသည် နေ့စဉ်အရက်သောက်လေ့ရှိသူဖြစ်ကြောင်း၊ အရက်ကို တစ်နေကုန်သောက်လေ့ရှိကြောင်း၊ သောက်သုံးဆဲ အရက်ပုလင်းအား ကြက်မွေးမြူရေးသုံး ပိုးသတ်ဆေးများ ထားရှိသည့် ပုလင်းများ အနီးတွင် ထားရှိခဲ့ကြောင်း၊ အရက်ထပ်မံသောက်ချိန်၌ ပုလင်းချင်းမှား၍ သောက်မိသဖြင့် လှည်းကူးဆေးရုံမှ တစ်ဆင့် ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်အပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒုရဲအုပ်ကျော်မြင့်နိုင်က တရားလိုပြုလုပ်တိုင်ကြားသဖြင့် ငါးဆူတောင်ရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ်၂/ ၂၀၁၃ ဖြင့် အမှုရေးဖွင့်ကာ အဖြစ်မှန် ပေါ်ပေါက်ရေးအတွက် အမှုစစ် တရားလိုက စစ်ဆေးနေကြောင်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com



# ခိုးမှုကျောစောသတင်းရရှိသူကို

## ပြည်သူ့သတင်းအတည်ပြုချက်ဖြင့်

## ဖမ်းဆီးစစ်ဆေးရာမှ ရွှေထည်ပစ္စည်းခိုးမှုလေးမှုကို ဖော်ထုတ်နိုင်ခဲ့

၂၇-၂-၂၀၁၃ရက်နေ့ တွင် အရှေ့ပိုင်းခရိုင်အထူး မှုခင်းနှိမ်နင်းရေးဌာနစုမှ ရဲအုပ်ထွန်းလင်းနှင့် အဖွဲ့သည် ဝရမ်းဖိနှိပ်စီမံချက်အရ သဃ်န်းကျွန်း ရဲစခန်း(ပ)၈၁/၂၀၁၃၊ ပြစ်မှု ပုဒ်မ၃၈၀/၅၄အမှုမှ ဖော်ထွန်းဝင်း(ခ)ကုလား(၃၁နှစ်)၊ မရမ်းကုန်းမြို့နယ်နေသူအား ဆက်လက်စစ်ဆေးခဲ့ရာ ခိုးမှုလေးမှုကို ဆက်စပ်ဖော်ထုတ် လိုက်နိုင်ကြောင်း သိရသည်။

ဖမ်းဆီးရမိသူအား စစ်ဆေးရာ ၎င်းသည် ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလပိုင်းအတွင်း ဒဂုံ(မြောက်)မြို့နယ်၊ (၅၀)ရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်အတွင်းမှ အဆစ်တုံး ရွှေဟန်းချိန်တစ်ခုအား ခိုးယူခဲ့ပြီး ငွေကျပ် ၁,၂၀,၀၀၀ဖြင့် လှိုင်သာယာ မီးခွက်ဈေးရှိ နဝလီရွှေဆိုင်တွင် ရောင်းချခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဒဂုံ(မြောက်) ရဲစခန်းမှု(ပ)၁၃၉/၂၀၁၃၊ ပြစ်မှုပုဒ်မ၃၈၀/၅၄ဖြင့် အရေးယူခဲ့၏။

၎င်းအပြင် ၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလပိုင်းအတွင်း ဒဂုံ(အရှေ့)မြို့နယ်၊ ဒဂုံတက္ကသိုလ်မုခ်ဦးအနီး၊ တိုက်တန်းလျား အောက်ထပ်ခန်းမှ ကြိုးဆစ်ပုံ ရွှေလက်ကောက် တစ်ကွင်းအား ခိုးယူခဲ့ပြီး လှိုင်သာယာ မီးခွက်ဈေးရှိ နဝလီရွှေဆိုင်တွင် ငွေကျပ် ၁,၃၀,၀၀၀ဖြင့် ရောင်းချခဲ့ကြောင်း ပေါ်ပေါက်သဖြင့် ဒဂုံ(အရှေ့)ရဲစခန်းမှု(ပ) ၁၁၂/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၈၀/ ၅၄ဖြင့် အရေးယူခဲ့၏။

ထို့အတူ ၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလပိုင်းခန့်က မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်မှ ရွှေလက်စွပ် တစ်ကွင်း၊ ကျောက် ကိုးလုံးပါ ငွေဟန်းချိန်းတစ်ခု၊ ကျောက်သုံးလုံးပါ ငွေလက်စွပ် တစ်ကွင်း၊ ကင်မရာတစ်လုံးတို့အား ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မရမ်းကုန်း ရဲစခန်းမှု(ပ) ၁၁၀/ ၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၈၀/ ၅၄ဖြင့် အရေးယူ၍ သက်သေခံပစ္စည်းများကို သိမ်းယူခဲ့သည်။

အလားတူ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလအတွင်းက မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်ရှိ နေအိမ်တစ်အိမ်အတွင်းမှ ရွှေလက်ကောက်တစ်ကွင်း၊ ရွှေလက်စွပ်တစ်ကွင်း၊ နားကပ်တစ်ရန်၊ ရွှေကြယ်သီးတစ်ခုတို့အား ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက် သဖြင့် မရမ်းကုန်းမြို့မရဲစခန်းမှု(ပ)၁၁၁/၂၀၁၃၊ ပြစ်မှုပုဒ်မ၃၈၀/ ၅၄ ဖြင့် အရေးယူခဲ့နိုင်ကြောင်း သိရသည်။

**မှုခင်းကြယ်**



www.burmeseclassic.com

www.burmeseclassic.com



# ရည်းစားစကားပြောခဲ့သူလူငယ်က အလုပ်မှပြန်လာသူမိန်းကလေးကို အသိအိမ်ခေါ်သွားပြီးအနိုင်အထက်ပြုပြီးမှနှိပ်စက်ခဲ့လို့ ဥပဒေအရ အကာအကွယ်ယူပြီး တိုင်ကြားခဲ့ရမှု



မိန်းကလေးတစ်ယောက်အား ညကြီးအချိန် အနိုင် အထက်ပြုကျင့် နှိပ်စက်ပြီး ဆေးရုံသို့ တက်ရောက် ဆေးကုသခံရတော့မှ လိုက်လံတောင်းပန်သော လူတစ်ယောက်အား ကာယကံရှင် မိန်းကလေးက ဥပဒေနှင့်အညီ အရေးယူပေးပါရန် တိုင်တန်းမှု ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၌ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

စုံစမ်းသိရှိရသည်မှာ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ ကန်ရိုးကျေးရွာနေ မ----(၂၁ နှစ်)သည် တောင်ငူမြို့ ဗိုလ်မှူး ဖိုးကွန်းလမ်းရှိ စတိုးဆိုင်တွင် အလုပ် စတင်ဝင်ရောက်ပြီး တစ်လကျော်ခန့်အကြာ၌ စတိုးဆိုင်နှင့် မျက်စောင်းထိုးနေအိမ်တွင် နေထိုင်သော မောင်မောင်ကျင် ဆိုသူက ရည်းစား စကားလိုက် ပြောခဲ့ဖူး၍ လူကိုမြင်လျှင် မှတ်မိခဲ့သည် ဆို၏။

၃၀-၁-၂၀၁၃ရက်နေ့တွင် ည ၈နာရီခွဲအချိန်ကျမှ ဆိုင်သိမ်းရမည်ဖြစ်သော်လည်း လေ၊ မိုးများ ကျနေ၍ ည၇နာရီခွဲတွင် ဆိုင်သိမ်းပြီး မ----မှာ စက်ဘီးစီး၍ အိမ်သို့ပြန်စဉ် အောင်အရက်ဆိုင် ရှေ့အရောက်၌ မောင်မောင်ကျင်က ဆိုင်ကယ်ဖြင့်ရှေ့မှ ပိတ်ရပ်ကာ အအေးတိုက်မည်ဟု ပြောပြီး စက်ဘီးအားဆွဲကာ အောင်အရက်ဆိုင်၌ ထားခဲ့ပြီး ချမ်းမြေ့စားသောက်ဆိုင်သို့ ဆိုင်ကယ်ဖြင့် ခေါ်ဆောင်၍ အတူတကွ အအေးသောက်ခဲ့ကြကြောင်း၊ ညအချိန်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန် နောက်ကျနေပြီဖြစ်၍ မ---က အိမ်ပြန်တော့မည်ဟု ပြောကာ စက်ဘီးထားခဲ့သော အောင် အရက်ဆိုင်သို့ ပြန်လာပြီး စက် ဘီးကိုယူရာ သော့ဖွင့်၍ မရသဖြင့် မောင်မောင်ကျင်အား ရိုက်ဖွင့်ပေးရန် အကူအညီ တောင်းခဲ့သည်။

ထိုအချိန်မှာ ည၁၀နာရီ ခန့်ရှိပြီဖြစ်၍ အချိန်လင့်နေပြီဖြစ်သောကြောင့် မောင်မောင်ကျင်က ဆိုင်ကယ်ဖြင့် လိုက်ပို့ပေးမည်ဟု ပြောပြီး လိုက်ပို့ပေးခဲ့၏။

လမ်းဆုံတစ်ခုသို့ အရောက်တွင် မောင်မောင် ကျင်က လိုက်မပို့ပေးနိုင်တော့ ဘူးဟုပြောပြီး ဆိုင်ကယ်ကို ရပ်တန့်လိုက်၍ မ---က "လိုက်မပို့ပေးလည်း ကိုယ့်ဘာသာကို ပြန်မယ်"ဟုပြောခဲ့၏။

ထို အခါ မောင်မောင်ကျင်က "နင့်ဘာသာ နင်ပြန် ရင် ဆိုင်ကယ်နဲ့တိုက်သတ်မယ်"ဟု အမျိုးမျိုးခြိမ်းခြောက် ပြောဆိုပြီး ၎င်း၏သူငယ်ချင်း အိမ်ကို လိုက်ခဲ့ဟု ဇွတ်အတင်းခေါ်မှုကြောင့် လိုက်ပါသွားခဲ့ရ ပြန်သည်ဆို၏။

ထိုည မင်းကြီးညိုရပ်ကွက်ရှိ နေအိမ်တစ်ခုသို့ရောက် သွားပြီး အိမ်ခန်းကိုပိတ်၍ မ---အား မောင်မောင်ကျင်က အမျိုးမျိုးခြိမ်းခြောက်ခဲ့မှုကြောင့် ၎င်း၏အလိုကျဖြစ်စေရန် ကြောက်လန့်ပြီး လိုက်နာခဲ့ရသည်ဆို၏။

သောကြာနေ့ဖြစ်သော ၁-၃-၂၀၁၃ရက်နေ့ ည ၆ နာရီခွဲ အချိန်ခန့်၌ မောင်မောင်ကျင်က အိမ်ပိုင်ရှင်ကို ကျော်ကြီးနှင့်အတူ အပြင်သို့ ထွက်သွားခဲ့ပြီး နာရီဝက်ခန့်အကြာ၌ မောင်မောင်ကျင်ပြန်ရောက်လာခဲ့သည်။

အိမ်ရှင် လင်မယားမှာ လည်း မိဘများအိမ်သို့ ခဏပြန်ဦးမည်ဆိုကာ ထွက်သွားကြပြီးနောက် မောင်မောင်ကျင်ကခေါ်၍ အတင်းအိပ်ခိုင်းခဲ့ပြန်သည်။ မ----မှာ မောင်မောင်ကျင်ရှိရာသို့ ကြောက်ကြောက်နှင့်သွားခဲ့ရပြီး အတူတကွ အိပ်သောအခါ မောင်မောင်ကျင်က မ---၏ ဒူးပေါ်သို့ တက်ထိုင် ကာ မည်သို့မျှပြောဆိုခြင်းမပြုဘဲ မ---၏ပါးနားများကို ရိုက်ခဲ့၏။ ၎င်းနောက် "နင် ဘယ်သူနဲ့မှားခဲ့သလဲ၊ ဘယ်နှခါ မှားခဲ့သလဲ"ဟု အတင်းမေးမြန်းကာ အနီးရှိ ခွက်ဖြင့် မျက်နှာ၊ ဦးခေါင်း၊ ရင်ဘတ်တို့အား ရိုက်နှက်ခဲ့၏။

မ---မှာ မူးဝေနေ၍ မည်သို့မျှ တုံ့ပြန်နိုင်ခြင်းမပြုနိုင်ချိန်၌ မ--၏ မျက်နှာအား မောင်မောင်ကျင်က တိုင်ဖြင့်ဆောင့်မည်ပြုသောကြောင့် မ---က ရှန်းကန်ခဲ့၍ ကြမ်းပြင်နှင့်မျက် နှာကို ကိုင်ရိုက်၍ ၃×၁လက်မ တုတ်ဖြင့် ပေါင်၊ ဒူး၊ ခြေသလုံးတို့ကို ထောင်းထုပြီး သံတူးရွင်းဖြင့် ဝမ်းဗိုက်ကို ဆောင့်ထိုးခဲ့ပြန်သည်ဆို၏။

ထို့နောက် "နင့်ကို အသေသတ်မယ်"ဟုဆိုကာ မောင်မောင်ကျင်က ဓားအား လှည့်ယူစဉ် မ---မှာ အလွန်အမင်း ကြောက်လန့်သဖြင့် အိမ်ပေါ်မှ ဆင်းပြေးပြီး တွေ့ရာအိမ်သို့ ဝင်ရောက်၍ အကူအညီတောင်းကာ ပုန်းအောင်းနေခဲ့ရသည်ဆို၏။

ထိုသို့ ပုန်းအောင်းနေပြီး နာရီဝက်ခန့်အကြာ၌ အိမ်ရှင် လင်မယားနှင့်မောင်မောင် ကျင်တို့ ရောက်လာကြရာ မ--ရောက်ရှိ ပုန်းခိုနေသည့် နေအိမ်မှ လင်မယားက မောင်မောင်ကျင်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



လာသော လင်မယားအားခေါ်ပြီး အကြောင်း စုံရှင်းလင်းပြောပြသဖြင့် မ-- အား ၎င်း၏အလုပ်ရှင် အိမ်သို့ လိုက်လံပို့ဆောင်ပေးခဲ့ကြသည်။

အလုပ်ရှင်ကလည်း မ-- ရရှိခဲ့သော ဒဏ်ရာများအတွက် ဆေးကုသရန် တောင်ငူပြည်သူ့ဆေးရုံကြီးသို့ ဆိုက်ကားဖြင့် ပို့ဆောင်ပေးခဲ့သည်။

မ-----မှာ တောင်ငူ ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် သုံးရက်မျှ ဆေးကုသမှု ခံယူခဲ့ရသည်။ မောင်မောင်ကျင်ဆိုသူအား တရားဥပဒေနှင့်အညီ အရေးယူပေးရန် ရိုက်နှက်ခံရမှုကြောင့် ဒဏ်ရာရရှိခဲ့သည့် မ---က တရားလိုပြုလုပ်တိုင်ကြားသဖြင့် တောင်ငူ အမှတ် (၁) ရဲစခန်းမှ(ပ)၉၃/၂၀၁၃၊ ပြစ်မှုပုဒ်မ၃၇၆/၃၆၆/၃၂၃ဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

အမှုစစ် ဒုရဲအုပ်သက် နိုင်က စစ်ဆေးခဲ့သည်။ အချင်းဖြစ် အရပ်နှင့် တရားလိုပြသက်သေ၊ တရားလို၏ထွက်ဆို အစစ်ခံချက်၊ ပြစ်မှုကျူးလွန် သူ၏ထွက်ဆိုချက်များဖြင့် အမှုတည်ဆောက်၍ ရဲစခန်းစွဲချက်အမှတ်၁၂၄/ ၂၀၁၃ ဖြင့် ၈-၃-၂၀၁၃ရက်နေ့၌ တရားစွဲဆိုတင်ပို့ခဲ့ရာ တောင်ငူမြို့နယ်တရားသူကြီးရုံးမှ ရာကြီးအမှုအမှတ်၁၂၉၁/၂၀၁၃ဖြင့် အမှုအား စတင်လက်ခံကြားနာ စစ်ဆေးနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

(မိုးမြင့်ထွဋ်ခေါင်)

BURMESE CLASSIC .com

## စက္ကန့်ပိုင်းမျှအချိန်ကို မစောင့်နိုင်ဘဲ အလျင်စလိုပြုမိမှုကြောင့် အသက်(၆၀)အရွယ်အဘိုးအိုတစ်ဦး မြို့ပတ်ရထားပေါ်မှ ပြုတ်ကျကာ ရထားကြိတ် မိသေဆုံးခဲ့ရမှု

၁၉-၃-၂၀၁၃ရက်နေ့ နံနက်၄နာရီ ၃၀မိနစ်အချိန်ခန့်က တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ(၂)လမ်းနေ ဦးထွန်းဝင်း(၆၀နှစ်)သည် စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်မြောက်ရပ်ကွက်၊ ဟံသာဝတီဘူတာအနီး၊ မိုင်တိုင်အမှတ် ၄နှင့်၅အကြား၌ အင်းစိန်ဘက်မှ ခုတ်မောင်းလာသော ရထားသည် ဟံသာဝတီ ဘူတာမှ ထွက်စပြုနေချိန်၌ ရထားပေါ်သို့ ပြေးတက်လိုက်ရာ ခြေချော်ပြုတ်ကျပြီး ရထားအကြိတ်ခံရ၍ ဝဲခြေထောက် ပေါင်ရင်း ကျိုးကြေစုတ်ပြဲ၊ ယာခြေသလုံးရိုးကျိုးကြေ စုတ်ပြဲ ဒဏ်ရာ ရရှိခဲ့၏။

ရထားရဲတပ်ဖွဲ့မှ တပ်ကြပ်ကြီးအောင်နှင့် အဖွဲ့က ရန်ကုန်ဆေးရုံကြီးသို့ ပို့အပ်ခဲ့သော်လည်း နံနက် ၆နာရီ၂၀မိနစ်အချိန်တွင် သေဆုံးသွားခဲ့ရရှာသည်။

စမ်းချောင်းမြို့နယ်မြို့မရဲစခန်းတာဝန်မှူး ဒုရဲအုပ် ဇော်မျိုးသန့်က ဆေးရုံသို့ သွားရောက်စစ်ဆေးပြီး တရားလိုပြုလုပ်တိုင်ကြားသဖြင့် စမ်းချောင်းမြို့နယ်မြို့မရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၄/၂၀၁၃ဖြင့် အမှုရေးဖွင့်ခဲ့ကြောင်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com

# (၇) ရက်သားသမီး တစ်လတာကံကြမ္မာ

## တနင်္ဂနွေ

ဒီတစ်လအတွင်း လူမျိုးခြား၏ ဂုဏ်ပြုခြင်းခံရမည်၊ သို့မဟုတ် ငွေစနက် များစွာ ပံ့ပိုးခြင်းခံရမည်။ လက်ရှိလုပ်ငန်းမှ တခြားတစ်နေရာသို့ ပြောင်းရွှေ့ကိန်းမြင်သည်။ လောလောဆယ် လုပ်ငန်းပြောင်းရန် မသင့်ပါ။ အိမ်တွင်းရေး စိတ်သောကဗျာပါရ ကြုံမည်။ နိုင်ငံခြား ခရီးဝေးသွားရတတ်သည်။ အဖွဲ့အစည်းနှင့်ဖြစ်မည်။

ဝတ်ဆင်ရမည့်အရောင်။ ။ စကားဝါရောင်ထဲမှာ ခရမ်းပွင့်ပါစေ။
အချစ်ရေး။ ။ နှလုံးသားအလိုမလိုက်နှင့်၊ ဒုက္ခတွေ့တတ်သည်။
အိမ်ထောင်ရေး။ ။ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာမည်။
ကျန်းမာရေး။ ။ နှလုံးမူးဝေ၊ အာရုံကြောရောဂါရတတ်သည်။
ထီထိုးရန်။ ။ (က) ၆–၄၊ (ခ) ၆–၉၊ (ဂ) ၆–၂
ယတြာ။ ။ မွေးနံ့ထောင့်တွင် ဥနှဲညွှန့် ၅ ညွှန့်၊ သပြေ ၄ ညွှန့် ကပ်လှူပါ။

BURMESE CLASSIC .com

## တနင်္လာ

ဒီတစ်လအတွင်းမှာ တိုက်၊ကား၊ခြံ၊မြေ ရောင်း/ဝယ်ရေးလုပ်ငန်းဖြင့် စီးပွားတိုးတက်ကိန်းမြင်သည်။ ဘာပဲလုပ်လုပ် သတိနှင့်ယှဉ်၊ ဉာဏ်နှင့်မြင်ပါ။ တစ်ဖွတ်ထိုး စိတ်လိုက်မာန်ပါ မလုပ်သင့်။ အမှားတွေ့မည်။ တန်ဖိုးကြီးသော ရှေးဟောင်းပစ္စည်း အရောင်းအဝယ်မှ အမြတ်ပေါ်တတ်သည်။ ရွှေ၊ ငွေ လာရောက်ငှားရမ်းလျှင် လုံးဝမပေးပါနှင့်။ ရန်ဖြစ်၊ အမှုအခင်းဖြစ်ကိန်းမြင်သည်။

ဝတ်ဆင်ရမည့်အရောင်။ ။ ဆင်စွယ်ရောင်၊ မိုးပြာရောင်ဝမ်းဆက်
အချစ်ရေး။ ။ ချစ်သူနှစ်ဦး စိတ်ကောက်ပြီး မခေါ်မပြောဖြစ်နေတတ်သည်။
အိမ်ထောင်ရေး။ ။ တူနှစ်ကိုယ် သာသနာပြုခရီးအဖြစ် ဗုဒ္ဓဂါယာသွားရမည်။
ကျန်းမာရေး။ ။ နှလုံးတုန်၊ ရင်ခုန်၊ မောပန်းရောဂါရတတ်သည်။
ထီထိုးရန်။ ။ (စ) ၉–၂၊ (ဆ) ၉–၁၊ (ဇ) ၉–၆
ယတြာ။ ။ အိမ်ဘုရားတွင် ကြက်သားပေါက်စီ သုံးလုံးကပ်လှူပါ။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါ

ဒီတစ်လအတွင်း ဝန်ထမ်းဘဝမှ ကိုယ်ပိုင်လုပ်ငန်း၊သို့မဟုတ် စပ်တူရှယ်ယာလုပ်ငန်း လုပ်ရတတ်သည်။ ဆန်၊ ဆီ၊ ဆေး၊ စက်မှုလက်မှု၊ ရတနာလုပ်ငန်းတို့ဖြစ်နိုင်သည်။ လုပ်ပါ။ ကံကောင်းနေမည်။ အိမ်ရှိ သော့ပျက်၊ ထီးပျက်၊ ဖိနပ်စုတ်တို့ကို လွှင့်ပစ်လိုက်ပါ။ အိမ်မှာလာဘ်ပိတ်နေသည်။ ဘာပဲလုပ်လုပ် ရတနာသုံးပါ၊ အနန္တငါးပါး မမေ့သင့်ပါ။

ဝတ်ဆင်ရမည့်အရောင်။ ။ အနီထဲမှာ အဖြူပွင့်ရိုက်၊ မိုးပြာရောင် ဝတ်ဆင်ပါ။

အချစ်ရေး။ ။ အမည်တွင် ခင်၊ ဝင်း၊ မြင့် ပါသူတို့နှင့် ချစ်သူဖြစ်တတ်သည်။

အိမ်ထောင်ရေး။ ။ ရန်ဖြစ်လေ၊ စီးပွားတက်လေဟု မှတ်ထားပါ။

ကျန်းမာရေး။ ။ ဦးခေါင်းကိုက်ခဲ၊ နှလုံး၊ ဇက်ကြောတက် သတိပြုပါ။

ထီထိုးရန်။ ။ (ဠ) ၃-၆၊ (ဋ) ၃-၉၊ (ဍ) ၃-၅

ယတြာ။ ။ မွေးနံထောင့်တွင် ဒံပေါက်ဆွမ်း သုံးထုပ်ကပ်လှူပါ။ (ပုံသက္ကူ)

BURMESE CLASSIC .com

## ဗုဒ္ဓဟူး

ဒီတစ်လအတွင်း စိတ်ပင်ပန်း၊ လူပင်ပန်း ဖြစ်နေတတ်သည်။ ငွေဝင်ပြီး စိတ်မချမ်းမသာဖြစ်နေမည်။ မိဘဆွေမျိုးတို့အတွက် စိတ်သောကဗျာပါရကို လျှော့ပါ။ သူတစ်ပါးကို ကူညီပါက မိမိအကျိုး အထူးဖြစ်ထွန်းမည်။ ထီပေါက်ကိန်းရှိသည်။ ထီမှန်မှန်ထိုးပါ။ ပညာရေး အထူးဂရုစိုက် သင်ကြားပါ။

ဝတ်ဆင်ရမည့်အရောင်။ ။ အညိုဝမ်းဆက်၊ အပြာ/အဖြူရောယှက်

အချစ်ရေး။ ။ ချစ်သူနှစ်ဦး ကြည်နူးရွှင်ပျ မင်္ဂလာအခါသမယဖြစ်သည်။

အိမ်ထောင်ရေး။ ။ ကြာလေကောင်းလေ၊ ဟောင်းလေသစ်လေပါပဲ။

ကျန်းမာရေး။ ။ ဆီးစပ်ကိုက်ခဲ၊ သားအိမ်ရောဂါဖြစ်တတ်သည်။

ထီထိုးရန်။ ။ (တ) ၅-၄၊ (ထ) ၅-၂၊ (ဒ) ၅-၆

ယတြာ။ ။ အိမ်ဘုရားတွင် ကရေကရာမုန့် ငါးခု လှူပေးပါ။ မရေရာ၊ မသေချာသောကိစ္စ ရေရေရာရာဖြစ်ပါစေဟု ဆုတောင်းပါ။

## ကြာသပတေး

ဒီတစ်လအတွင်း မိမိအိမ်/မိန်းမနှင့် သားသမီးထံသို့ ပြန်လာချင်စိတ်ပေါ်ပေါက်တတ်သည်။ မိန်းမနှစ်ယောက်ကြား ဗျာများပြီး စိတ်ဒုက္ခကြုံတတ်သည်။ အားမငယ်ပါနှင့်။ ရှေ့မှာ ရောင်နီရှိပါသည်။ အမှားသိလျှင် အမှန်ပြင်လိုက်ပါ။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားတို့ကို ကန်တော့ပြီးမှအိပ်ပါ။

ဝတ်ဆင်ရမည့်အရောင်။ ။ ကာကီရောင်ဝမ်းဆက်၊ နက်ပြာဝမ်းဆက်

အချစ်ရေး။ ။ ချစ်လေနစ်လေ ဖြစ်တတ်သည်။ ရှောင်လိုက်ပါ။

အိမ်ထောင်ရေး။ ။ ခင်ပွန်းကို သံသယဝင်နေတတ်သည်။ သံသယဖျောက်လိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေး။ ။ မကြာခဏ ဗိုက်အောင့်တတ်သည်။ သတိထားပါ။

ထီထိုးရန်။ ။ (ပ) ၄–၄၊ (ဏ) ၅–၅၊ (ဒ) ၈–၈

ယတြာ။ ။ မွေးနံ့ထောင့်တွင် နာနတ်သီး တစ်လုံး ကပ်လှူလိုက်ပါ။

ဒီတစ်လအတွင်း ရာထူး၊ လုပ်ငန်း၊ နေရာ၊ ဌာန ရွှေ့ပြောင်းရကိန်းမြင်သည်။ ကံကောင်းလိမ့်မည်။ ဌာနဆိုင်ရာ အကြီးအကဲ၏ မ,စခြင်းခံရမည်။ လုပ်ငန်းစီးပွားတွင် စနေနံ၊ အင်္ဂါနံ၊ ဗုဒ္ဓဟူးနံတို့ အထူးအကျိုးပေးတတ်သည်။ အထည်အလိပ်၊ စက်မှုလက်မှု၊ ရွှေတို့ကို ဆိုလိုပါသည်။ ရန်အတိုက်အခိုက်၊ အနှောင့်အယှက် ကြုံတတ်သည်။ ခေတ္တသာဖြစ်သည်။ ရန်ကို အောင်မြင်ချိန်ဖြစ်ပါသည်။

ဝတ်ဆင်ရမည့်အရောင်။ ။ ညိုပြာ၊ ကြည်ပြာ ဝမ်းဆက်

အချစ်ရေး။ ။ သံယောဇဉ်ကြိုး ခိုင်မြဲ၍ ကံကောင်းပါသည်။

အိမ်ထောင်ရေး။ ။ တစ်နေ့ရာစီ အိပ်ရာခွဲအိပ်လိုက်ပါ။

ကျန်းမာရေး။ ။ သွေးသားဓမ္မတာရောဂါ သတိထားပါ။ မစိုးရိမ်ရပါ။

ထီထိုးရန်။ ။ (ဒ) ၇–၂၊ (ဓ) ၇–၅၊ (န) ၇–၁

BURMESE CLASSIC .com

ယတြာ။ ။ အိမ်ဘုရားတွင် ကွဲကောသီးနှစ်လုံး ကပ်လှူပေးပါ။

ဒီတစ်လအတွင်း ဘာပဲလုပ်လုပ် မုချအောင်မြင်မည်။ ခရီးသွားခြင်းရှောင်ပါ။ ဘေးရန်ရှိသည်။ လုပ်ငန်းစီးပွားရေးသင့်၍ လူမှုရေးကောင်းပြီး ကျန်းမာရေးညံ့နေမည်။ နှလုံးသွေးကြောကျဉ်း၊ အစာအိမ်လေအောင့်ခြင်းဖြစ်လိမ့်မည်။ ဆရာဝန်ပေးသောဆေးကိုသောက်ကပျောက်သွားလိမ့်မည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေး ပူဆွေးကြောင့်ကြ ဗျာပါရဖြစ်နေလိမ့်မည်။ ပညာရေးကောင်းပါသည်။

ဝတ်ဆင်ရမည့်အရောင်။ ။ နို့သာရောင်၊ စိမ်း၊ဝါ၊ပြာ ရောယှက်ဝမ်းဆက်

အချစ်ရေး။ ။ ချစ်သူနှစ်ဦး ပြုံးပျော်ရမည့်ကာလဖြစ်သည်။

အိမ်ထောင်ရေး။ ။ အိမ်ထောင်ရေးအထူးသာယာမည်။

ကျန်းမာရေး။ ။ သတိထားရမည့် လအခါဖြစ်ပါသည်။

ထီထိုးရန်။ ။ (က) ၆–၃၊ (ခ) ၆–၉၊ (င) ၆–၄

ယတြာ။ ။ မွေးနံ့ထောင့်တွင် ကွာစေ့၊ ပီကေ သုံးထုပ်၊ သုံးခုစီကပ်လှူပါ။

**စမ်းလိုအေး၍ ပန်းလိုမွှေးပါစေ**

**သစ္စာ၊ မေတ္တာ ဆရာထွန်းလင်းအောင်**

**နက္ခတ်ဗေဒင် လက္ခဏာပညာရှင်**

www.burmeseclassic.com